# ဗန်းမော်ဆရာတော်



**MMCP PDF Creater Group**

မှတင်ဆက်သည်။

**မျက်နှာဖုံးသရုပ်ဖော် ပန်းချီ**

**သက်နိုင်စိုး**

**စာစီရိုက်သူ – တွိတီ (TweetyPie)**

**PDF Book Design – စုချစ် (SuuChit)**

မြန်မာကျူးပစ်ဖိုရမ် @ www.myanmarcupid.net


**SuuChitThu.blogspot.com**

မြန်မာအီးဘုတ်ခ်အဖြစ်

ပထမအကြိမ်

၁၃ – ၀၇ – ၂၀၁၀

www.myanmarcupid.net




ပထမအကြိမ်
၁၉၇၂–ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၃၀၀၀
တအုပ် သုံးကျပ်

www.myanmarcupid.net

ဦးကျော်ဦးပြုစုသည့်

# မန်းမော်ဆရာတော်

# ၏

# ဟာသ–ရသ

# ကဗျာ–ပုံပြင်များ

www.myanmarcupid.net

# စာရိုက်သူ၏အမြင်

ကုန်းဘောင်ခေတ်တွင် ကျော်ကြားခဲ့သည့် စာဆိုအကျော်အမော် စလေဦးပုညကို ယနေ့ခေတ်လူငယ်တော်တော်များများ သိရှိကြလိမ့်မည်ဟု ယုံကြည်ပါသည်။ စာဆိုတော်ဦးပုည၏ ခပ်ထေ့ထေ့အရေးအသား စာ၊ ကဗျာများနှင့် ရေသည်ပြဇာတ်မှာ နာမည်ကျော်ကြား လူကြိုက်များ လှပါသည်။

ထို့ပြင် ကုန်းဘောင်ခေတ်ပုဂံမင်း၊ မင်းတုန်းမင်းမှစ၍ သီပေါမင်း တိုင်အောင် ထင်ရှားခဲ့သောဆရာတော်တပါးဖြစ်သည့် သင်္ဂဇာဆရာတော် မှာလည်း တရားဟောသည့်နေရာတွင် သူမတူအောင် ကျော်ဇောခဲ့ပါသည်။ ဆရာတော်၏ ပုံတိုပတ်စများ၊ စကားပုံများနှင့် ဥပမာ ဥပမေယျများ၊ စကားကြွယ်ဝပုံများမှာ မည်သူမျှလိုက်မမှီအောင် ထင်ပေါ်ခဲ့ပါသည်။

ထိုစာဆိုတော် အကျော်အမော်တို့၏ဆရာတဆူဖြစ်ခဲ့သော ဗန်းမော်ဆရာတော် အကြောင်းကို ယခုခေတ်လူငယ်များ ဖတ်ရှု ကြနိုင်စေရန် ရည်သန်၍ ၁၉၇၂ခုနှစ်ထုတ် ဦးကျော်ဦးပြုစုသည့် ဗန်းမော်ဆရာတော်၏ ဤ–ဟာသ–ရသ၊ ကဗျာ–ပုံပြင်များစာအုပ်ကို စာရိုက်၍ ဖြန့်ဖြူးလိုက်ပါသည်။

သို့ရာတွင် ဗန်းမော်ဆရာတော်မှာ သူသဘောမတွေ့၊ မကြိုက်နှစ်သက်သည့် အရာများကို ပက်ပက်စက်စက် ပြောတတ်သည့် ဉာန်၊ သဘာဝ ရှိသောကြောင့် ဤစာအုပ်ပါ အချို့စကားလုံးများမှာ အလွန်ကြမ်းတမ်းကောင်း ကြမ်းတမ်း နိုင်ပါသည်။

ဗန်းမော်ဆရာတော်၏စာချိုးများတွင် အချို့ကြမ်းတမ်းလှသည့် စကားလုံးများကို (–)ခံ၍ ဖော်ပြသွားမည်ဖြစ်ပြီး၊ ဖော်ပြ၍လည်း အကျိုးမရှိဟု ထင်သည့်စာပိုဒ်များ ဖြတ်တောက်ချန်လှပ်ထားခဲ့ပါသည်။

www.myanmarcupid.net

ဆရာတော်၏ ဂါမဒေါသသင့်အောင် ရေးတတ်သော စာ၊ ကဗျာများကို ဗဟုသုတရဖွယ် ဖတ်ရှုနိုင်စေရန်နှင့် ဤမျှ စာပေတွင်နှံ့စပ်ကာ ထက်မြက်လှသော ရှေးခေတ်ဆရာတော်တပါးအကြောင်းကို သိရှိလေ့လာနိုင်ကြစေရန် ရည်ရွယ်၍ တင်ပြလိုက်ရပါသည်။ စာလုံးပေါင်းများမှာလည်း မူရင်းစာအုပ်ပါ သတ်ပုံအတိုင်း ကူးရေးထားပါသည်။ ကြမ်းတမ်းသော စကားလုံးများ မတော်တဆ ပါဝင်နေလျှင် ခွင့်လွှတ်နိုင်ကြပါရန် လေးစားစွာ ကြိုတင် တောင်းပန်အပ်ပါသည်။

မေတ္တာဖြင့်

တွိတီ၊ စုချစ်

(www.myanmarcupid.net)

(suuchitthu.blogspot.com)

www.myanmarcupid.net

# မာတိကာ


ဇန်းမော်ဆရာတော် ........................................................ ၁

ဇန်းမော်ဆရာတော်၏ ထူးခြားချက်များ.............................. ၃

ဇန်းမော်ဆရာတော်၏ အကြောင်း....................................... ၅

ကိုရင်ဘဝ ရှင်လှသော ကဗျာ .............................................. ၇

ဇန်းမော်ဆရာတော် စာကြိုးစားပုံ ........................................ ၉

အစက ပဏ္ဍိတလို ကျက်ခဲ့ပါလား...................................... ၁၁

ရှင်ပဏ္ဍိတ၏ တခ်ဏုပ္ပတ္တိဥာဏ် ........................................ ၁၃

ဇန်းမော်ဆရာတော်ဖြစ်လာခြင်း ......................................... ၁၇

သေဘေားတွင်းမှ ကဗျာဥာဏ်............................................. ၂၀

မင်းတုန်းမင်း စိတ်ကတော့ ဘုန်းကြီးပါ ............................ ၂၃

သုဓမ္မာဆရာတော်များသို့ ဝေဘန်ချက်ကဗျာ....................... ၂၇

ဇန်းမော်သို့ အပို့ခံရသည့်ကိစ္စကြီး..................................... ၃၁

ထပ်၍စာချိုးပြန်ခြင်း........................................................ ၃၆

လေ့ပေါ်မှ ကဗျာတပုဒ် ...................................................... ၃၈

ဇန်းမော်ဆရာတော် ပုဂံဘုရားများဖူးလိုခြင်း....................... ၄၁

ပညာကိုအယူမှားလို့ ရှမ်းမယားဖြစ်ရသောပုံပြင် .................. ၄၆


www.myanmarcupid.net

ဆုတဆယ့်ငါးပါးရသော တကာမကြီး..............................၄၉

ဇန်းမော်ဆရာတော်ကို အရေးယူ ဇန်းမော်သို့ ပို့ရသနည်း ....၅၃

နေပြည်တော်သို့ပြန်ပင့်ခြင်း ..........................................၅၇

စစ်ကိုင်းဘက်သို့ မဟာဒဏ်ဝန် သွားရောက်ပင့်ခြင်း ..........၆၁

ဇန်းမော်ဆရာတော်အပေါ် သံယောဇဉ်ကြီးလှပုံ...................၆၄

ဘယ်မအေ့လင်တွေကပြောသလဲ........................................၆၇

ဇန်းမော်မရောက်မီက ဖြစ်ရပ်၂ခု ...................................... ၇၂

ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့ကို စာချိုးခြင်း.. ၇၆

ဇန်းမော်ဆရာတော်၏ သဘာဝကဗျာ................................ ၇၉

ထွဋ်ခေါင်ဆရာတော်သို့ စာချိုးခြင်း .................................. ၈၂

ဇန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်း .........................၈၅

အခြေခံကောင်းဘို့လိုကြောင်းပုံပြင် .....................................၉၆

ထိုးကွင်းကြီးနဲ့မိန်းမကြီးပုံပြင် ...........................................၁၀၁

သုံးခွန်းသောစကားပုံပြင် ....................................................၁၀၅

မြွေပွေးအမျိုးကိုင်သူ ဥပမာပုံပြင်.......................................၁၁၀

အရမ်းမငြင်းကြနဲ့ ပုံပြင် .....................................................၁၁၃

အထက်ပေါက်နဲ့ အောက်ပေါက်ပုံပြင် ..............................၁၁၆

ကြက်ကုပ်ပေမယ့် တိုက်ပွဲသွင်းရမှာဘဲ .............................၁၂၁

www.myanmarcupid.net

ငယ်ပါကိုတောင် မြင်နိုင်ပုံ ........................................ ၁၂၅
မှားရုံသာမှား ဆက်မမိုက်နဲ့........................................ ၁၂၇
ဖိုးသူတော်ပုတီးစိတ်သလို ........................................ ၁၃၂
မုဆိုးမအိမ်ပေါ်က သူခိုးအကြောင်း ........................................ ၁၃၅
ငါ့မကြိုက်နဲ့ ........................................ ၁၃၈
ဥဒက–ဗက ပုံပြင် ........................................ ၁၄၂
မောင်ဟိန်း ဘီလူးကြိမ်းသလိုပုံပြင် ........................................ ၁၄၅
အဖေနဲ့သား ရန်များရတော့မလို........................................ ၁၄၈
လမင်းကို သက်သေတည် ပုံပြင် ........................................ ၁၅၁
ရှုဝံကြယ် တောင်ဘက်ရွှေ့သွားပြီ ........................................ ၁၅၅
တယောက်တည်း တဲ့အောင်နေ ........................................ ၁၅၈
ပျင်းရုံသာပျင်း မဖျင်းနဲ့........................................ ၁၆၃
အမိုက်တရား ဟောကြားတော်မူခြင်း ........................................ ၁၆၉
မိုးဗေဒင်ကောင်အကြောင်း ........................................ ၁၇၃
သတ်ပုံမှားလို့ သက်သာပေတော့ ........................................ ၁၇၇
အစေ့ကြီးတဲ့ အုန်းသီး ........................................ ၁၈၁
ထုံးကွင်းပြောင်းမှတ် အရပ်လွဲသလိုပုံပြင် ........................................ ၁၈၆
ချေဥ်သယ် မိအေးလို ဖြစ်မှာစိုးလို့ ........................................ ၁၉၁

www.myanmarcupid.net

သူများအပြစ်ကိုချည့် မကြည့်နဲ့ ........................................ ၁၉၇

တူရွှင်းစောက်ဟင်းခါး ........................................ ၂၀၁

အံ့ပါရဲ့ကွာ ........................................ ၂၀၆

ကျမလင် ယောင်သုံးဆယ် ........................................ ၂၀၉

အနီးဆုံးရန်သူ ဘယ်သူလဲ ........................................ ၂၁၃

အလောသုံးဆယ် ........................................ ၂၂၃

နင့်စိတ်ကူးကြောင့် ငါ့ကျောအောင့်တယ် ........................................ ၂၂၆

နို့ထမင်းဆိုတာ ကွေးကွေးလေးပါလား ........................................ ၂၃၀

များများလှူမှ ကျိန်းသေရမှာ ........................................ ၂၃၃

ငွေပါမှ မယားကကြည်သာမယ် ........................................ ၂၃၆

နိဗ္ဗာန်ကိုရောက်မှာတောင် အိမ်တခေါက်ပြန်ချင်တဲ့မောင်ဆောင် ၂၄၁

ရှေ့နေဆိုတော့ စကားတတ်တာကိုး ........................................ ၂၄၆

ပညာရှိမောင်ထင် ဆင်မမြင်ဘူးသလို ........................................ ၂၄၉

သီလခံယူတယ်ဆိုတာ နပန်းချတက်မှ ........................................ ၂၅၂

နိဂုံးချုပ်ပါရစေတော့ ........................................ ၂၅၈


www.myanmarcupid.net

**This eBook is for the use of anyone anywhere at no cost.**

**Commercial use of this book will be at your OWN RISK!**

www.myanmarcupid.net

# ဖန်းမော်ဆရာတော်



မြန်မာလူမျိုးဟူ၍ ရှိနေသမျှ မြန်မာစာပေဟူ၍ ရှိနေမည်။ မြန်မာစာပေရှိနေသမျှ ဖန်းမော်ဆရာတော်၏ အမည်သည် ဘယ်တော့မှ တိမ်ကောပပျောက်၍ သွားလိမ့်မည်မဟုတ်၊ နာမည်မသေနိုင်သော ပုဂ္ဂိုလ်တပါး ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း။ ဖန်းမော်ဆရာတော်သည် အလွန် "ထက်" သော ပုဂ္ဂိုလ် ဖြစ်သည်။

ပိဋကတ်သုံးပုံနှင့်တကွ ကျမ်းဂန်အရပ်ရပ်တို့တွင် အထူးပင်နှံ့စပ် ကျွန်းကျင်တတ်မှုလေသည်။

ဝိနည်းဘက်တွင် မယှဉ်သာအောင် ကျွမ်းကျင်တော်မူသည်။ (ဝိနည်းဘက်တွင် ပြိုင်ဘက်ကင်းသော သာသနာပိုင် ဗားကရာဆရာတော်၏



www.myanmarcupid.net

အထံတွင်နေ၍ ဗားကရာဆရာတော်ဘုရားကြီး စီရင် ဆုံးဖြတ်ခဲ့သမျှ ဝိနည်းစီရင်ထုံး မှန်သမျှကို ရေးမှတ်ရသော ဖြတ်ထုံးရေး ရဟန်း ဖြစ်ခဲ့ဘူးသည်။ ဤအတွေ့အကြုံများက ဝိနည်းဘက်တွင် အထူးကျွမ်းကျင်တော်မူသည့် အခွင့်ရေးကို ရခဲ့သည်။)

ထိုမျှသာမက ရဟန်းစာဆိုလည်းဖြစ်သည်။

(ဗားကရာဆရာတော် စာချစဉ် ဆရာတော်မိန့်သမျှကို အနီးမှနေ၍ တလုံးချင်း လိုက်၍ဆိုရသော စာဆိုရဟန်းဖြစ်သည်။ ယင်းစာဆိုရဟန်းမှာ သာမည၌ာဏ်ရည်နှင့် မဖြစ်နိုင်ပေ။)

ဤသို့ပညာတတ်ရုံမျှ ပညာရှိရုံမျှ မြန်မာ့စာပေသမိုင်းတွင် ချွင်းချန်၍မရနိုင်သည့် ပုဂ္ဂုလ်ထူးတပါးဟု မခေါ်ဆိုနိုင်သေးပေ။ ပညာဉာဏ်ထက်မြက်သည်။ ပိဋကတ် ဝိနည်း ကျွမ်းကျင်သည် ဆိုသည်တို့ထက် ပို၍ကျော်ကြားရသော အကြောင်းကား မြန်မာ့စာပေသမိုင်းတွင် ရှိရှိသမျှသော ပုဂ္ဂိုလ်အပေါင်းတို့ထက် ထူးခြားသောအကြောင်းများရှိ၍ဖြစ်သည်။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်၏ ထူးခြားချက်များ

မဟုတ်လျှင် နဲနဲမျှမခံတတ်၊

အမြင်မတော်လျှင် ဆော်ထဲ့သည်၊

မင်းအလိုလိုက် မင်းအကြိုက်မဆောင်၊

သာသနာပိုင်များဟူ၍ အညှာမပေး၊

အရွဲ့တိုက်ရာတွင် ကြောက်စရာကောင်းသည်။

ကန့်လန့်လုပ်ရာတွင်လည်း မည်သူ့မျှမကြောက်၊

ရေးစရာရှိလျှင် အတုံးလိုက် အတစ်လိုက် ရေးသည်။

နှိုက်နှိုက်ချွတ်ချွတ် ခတ်ကြမ်းကြမ်းရေးတတ်သည်။

မိမိမှန်သည်ထင်လျှင် ပြောရ ရေးရမှ ကျေနပ်လေ့ရှိသည်။

စာယ ကဗျာအရေးအသား၌ “ဂါမဒေါသ” သင့်အောင်ရေးသည်။

အပြောအဆို ရင့်သီးသည်။

အနေအထိုင် ကြမ်းတမ်းသည်။

အစားအသောက် ကြမ်းရာ၌လည်း မည်သူမျှ မမှီနိုင်အောင် ကြမ်းသည်။ (ဆန်ဖြူ တခွက်ချက် “နို့ဆီဗူး လေးလုံးချက်”၊ စာကလေး

www.myanmarcupid.net

တပိဿာချက်၊ ဝက်သား တပိဿာချက်၊ အမဲသား တပိဿာချက်၊ ဟင်းချို ဇလုံကြီးနှင့် သုံးလုံးကို ဘုဉ်းပေးတော်မူပြီး တဆက်ထည်းပင် မုန့်ဆီကြော်ကြီးသုံးယုက်၊ နံ့သာပုငှက်ပျော ခြောက်ဖီး၊ မန်ကျည်းဖျော်ရည် သုံးပိဿာတို့ကို တထိုင်ထည်း တဆက်ထည်းနှင့် ကုန်အောင် ဘုဉ်းပေးတော်မူနိုင်လေသည်။)

အမြင်မတော်သည်များရှိလျှင်လည်း စာချိုးတတ်သည်။ ကဗျာစပ်လေ့ရှိသည်။ သာသနာပိုင်သော ရှင်ဘုရင်သော အမျိုးသမီးသော ဘာကိုမျှမရှောင်၊ စိတ်မထင်လျှင် မထင်သလို ပက်ပက်စက်စက် ရေးတတ်သည်၊ ပြောတတ်သည်။

ထို့ပြင် ယခုခတ်အခေါ် (ငှက်ခါးပုံစာ) ပစ်စာ အလုပ်တွင်လည်း ဝါသနာပါလှသည်။ ရှေ့အခဏ်းများတွင် တွေ့ရပါလိမ့်မည်။

ဇန်းမော်ဆရာတော်သည် ကြောက်စိတ်လုံးဝမရှိ၊ အပြစ်ပေးသော်လည်း ပြုံးပြုံးပင်ခံသည်။ ထို့ကြောင့် ဇန်းမော်ဆရာတော်အား "ပရစ်" နှင့်တူသည်။ ရှင်စဉ်ကလည်း မျက်လုံးပြူးပြူး၊ သေတော့လည်း မျက်လုံးပြူးပြူးဟု သာသနာပိုင်ဆရာတော်ဘုရားက မိန့်ဘူးသည်။

ဤအချက်များကပင် ဇန်းမော်ဆရာတော်၏ ကျော်ကြားခြင်းတွင် ထိပ်ဆုံးက ဖြစ်လာရသည်။ ထိုခေတ် ထိုအခါက ဇန်းမော်ဆရာတော်အား သာသနာပိုင်မှအစ ရှင်ဘုရင် ဝန်ကြီးများပါ မကျန် ရွံ့ကြောက်ကြပြီး ဆိုးသတင်းများဖြင့်သာ ကျော်ကြားခဲ့သည်။ ယခုခေတ်တွင်မူ ဇန်းမော်ဆရာတော်၏ စာများသည် ကြမ်းတမ်းသည်ဆိုသော်လည်း ဟာသရသဖြင့် ထင်ရှားနေသည်။ ထို့ကြောင့်လည်း မြန်မာစာပေသမိုင်းတွင် တဘာသာ သီးခြားထင်ရှားနေသော ပုဂ္ဂိုလ်ဖြစ်၍ မြန်မာစာပေ မကွယ်မပျောက်သမျှ ဇန်းမော်ဆရာတော်၏ ဟာသရသ ကဗျာများသည်လည်း ထင်ရှားနေမည်သာ ဖြစ်ပေသည်။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်၏ အကြောင်း

ဗန်းမော်ဆရာတော်ဟူ၍ ထင်ရှားနေသည်မှာ ဗန်းမော်မြို့၏ ဖွားရာဇာတိဖြစ်၍ မဟုတ်ပေ၊ ဘိုးတော်မင်းတရား၏မိဖုရား ဝေသာလီမင်းသမီး ဗန်းမော်မြို့စားဥပေါါတရာ ဆောက်လုပ် လှူဒါန်းသော ဗန်းမော်ကျောင်းတိုက်တွင် သီတင်းသုံးသောကြောင့် ဗန်းမော်ဆရာတော် ဟုတွင်သည်။

ဗန်းမော်ဆရာတော်သည် ရွှေတောင်မြို့ ကွပ်ညှပ်စင်ရွာ၌ သက္ကရာဇ် ၁၁၆၈–ခုနှစ်တွင်ဖွားမြင်သည်။ ငယ်မည်မောင်ဖြူဝင်းဖြစ်သည်။ ရဟန်းဘွဲ့ ဦးပဏ္ဍိတဖြစ်သည်။ မင်းတုန်းမင်းတရားကြီးက ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ဗန်းမော်ဆရာတော်သည် ဥပဓိရုပ် အလွန်ထူးခြားသည်။ လွန်စွာ ကြံ့ခိုင် ခန့်ညားသည်။ အသံတော်မှာလည်း နက်ကြယ်ပြတ်သား၍ ရူပလက္ခဏာနှင့် သဒ္ဒလက္ခဏာ လွန်စွာကောင်းလှသည်။ ဆရာတော်ကို

www.myanmarcupid.net

ဖူးတွေ့၍ အသံတော်ကိုကြားရလျှင် လွန်စွာလေးစားလာရသည်။ ထိုခေတ်တွင် အသံရော လက္ခဏာပါထူးခြားကောင်းမွန်သော ပုဂ္ဂိုလ်နှစ်ဦး ပေါ်ခဲ့သည်။ မင်းတုန်းမင်းနှင့် ဇန်းမော်ဆရာတော်တို့ဖြစ်သည်။

ဆရာတော်လို ပုဂ္ဂိုလ်မျိုးကား ရှာမှရှားလှသည်။ လောကကြီးတခုလုံးကိုထီမထင်ပဲ ဟုတ်တိုင်းမှန်ရာအတိုင်းသာ သဘောထားတတ်သည်မှာ သူ၏ပင်ကိုယ်စိတ်ဓါတ်ပင် ဖြစ်ဟန်ရှိသည်။ အမှန်တရားဘက်မှစုံရပ်၍ စိုးစဉ်းမျှမကွယ်မထောက် မချုပ်တည်း မမျိုသိပ်ပဲ ရက်ရက်စက်စက်ရေးတတ်သည်။

ဇန်းမော်ဆရာတော်သည် ပြတ်သားရဲရင့်လှသော ပုဂ္ဂိုလ်ဖြစ်သည်။ အမှန်စင်စစ် ဆရာတော်တို့ခေတ်တွင်၊ ဆရာတော် လေ့လာဆည်းပူးထားသည့် ပညာရပ်များနှင့်ဆိုလျှင် အခေါင်အဖျားအထိ ကျော်ကြားသင့်ပေသည်။ သို့သော် မင်းလိုလိုက် မင်းကြိုက်မဆောင်၍ သာသနာပိုင်အဖွဲ့တွင် ပါဝင်သင့်သောပုဂ္ဂိုလ်ဖြစ်ပါလျှက် မပါဝင်ခဲ့ရပေ၊ သို့သော် ဆရာတော်ကား မမှု။

ဆရာတော်ကား ကဗျာအရာတွင် ထူးခြားပြောင်မြောက်တော်မူလေသည်။ ဟာသဉာဏ်၊ ဇဝနဉာဏ် ထက်မြက်တော်မူသည်။ ကဗျာအရာတွင် မယှဉ်သာအောင် ပြောင်မြောက်သော စလေဦးပုညပင် ဇန်းမော်ဆရာတော်၏ အထံတော်၌ ကဗျာနည်းများ ခံယူခဲ့ဘူးသည်။

*************

www.myanmarcupid.net



# ကိုရင်ဘဝ ရွှင်လှသော ကဗျာ

ဗန်းမော်ဆရာတော်သည် သာမဏေဘဝကပင် ကဗျာစာစပ်ရာ၌ တော်လှသည်။ ရှင်ပဏ္ဍိတသည် သာမဏေ ဘဝမှ ခေတ္တလူထွက်၍ ရွှေတောင်မြို့ရှိအိမ်သို့ ပြန်လာရာ ငယ်သူငယ်ချင်းများနှင့် ရွာထဲသို့ လည့်တ်ကြသည်။ ရွာလယ်တွင် ကြီးမားလှသော ညောင်ပင်ကြီးတပင်ရှိသည်။ ရွာထဲမှလူငယ်လူရွယ်တို့သည် အရိပ်ကောင်းလှသော ညောင်ပင်ကြီးအောက်တွင် စုရုံးကာ ကစားခြင်း၊ အေးဆေးစွာထိုင်၍စကားပြောခြင်းတို့ကို ပြုလုပ်ကြသည်။

ကိုရင်လူထွက်ပဏ္ဍိတသည် သူပိုးပန်းနေသော မမင်းမိုန်နှင့် အပျိုဖော်တစု ညောင်ပင်အောက်တွင် ရှိနေသဖြင့် ရစ်သီရစ်သီလုပ်နေသည်။ မမင်းမိုန်ကိုသာ ဂရုတစိုက်နှင့် မလှမ်းမကမ်းမှာ စကားပြောနေသည်။ ဤသို့ စကားပြောနေစဉ် မမင်းမိုန်သည် အန္တရယ်မအောင့်နိုင်ပဲ "လေလည်" လိုက်သည်ကို ကြားလိုက်ရသဖြင့် ကဗျာဉာဏ် ဝါသနာကြီးလှသော ကိုရင်လူထွက်မှာလည်း မအောင့်နိုင်တော့ပဲ စာချိုးတပုဒ်ကို ရုတ်တရက်စပ်လိုက်သည်။

www.myanmarcupid.net

ရွှေညောင်ပင် သာသည့်ကုန်း၊

စုရုံး၍နေကြရာ၊

မမင်းမိုန် အပျိုကြီးရယ်၊

အီးညှစ်လို့ပါ။

ဟူ၍စာချိုးလိုက်ရာ ကာလသားများ “ဝါးကနဲ” ပွဲကျ၍ ရယ်မောလိုက်ကြသည်။ ထိုကာလသားများတွင် မမင်းမိုန်၏မောင်တော်သူ ငစွန်က သူ့အစ်မလေလည်သည်ကို လူပုံအလယ်တွင် အရှက်ကွဲအောင် စာချိုးရမလားဟု ဒေါသမာန်ပွားကာ ကိုရင်လူထွက် ပဏ္ဍိတကို ဆဲဆိုလေသည်။ ထိုအခါ ကိုရင်လူထွက် ပဏ္ဍိတသည် ရုတ်ချည်းကောက်၍ စာချိုးလိုက်ပြန်သည်မှာ

မလိမ္မာ ဗာလနာ မိုက်ခဲ။

သူ့အစ်မ စအိုတွန်လို့၊

မောင်ငစွန် မျက်မာန်ရှတယ်၊

ဒေါသနဲ့ဆဲ။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော် စာကြိုးစားပုံ

ဗန်းမော်ဆရာတော်သည် ကိုရင်ဘဝနှင့် မန္တလေးမြို့ မြင်းဝန်တိုက်တွင် စာသင်ကြားသည်။ ထိုခေတ် ထိုအခါက မင်းတုန်းမင်းတရားကြီး ကိုယ်တိုင် နှစ်စဉ်ပင် စာပြန်ပွဲတော်ကို တခမ်းတနားကျင်းပ၍ ဘွဲ့တံဆိပ်များ ကပ်လှူပူဇော်လေသည်။ နယုန်လစာပြန်ပွဲတော်မှာ အလွန်ပင်ကြီးကျယ်ခမ်းနားလှပေသည်။ ဘုရင်ကိုယ်တိုင် ကြီးမှူး၍ကျင်းပသော စာပြန်ပွဲတော် ဖြစ်သဖြင့်လည်း မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ ဝန်ကြီးမှူးမတ်များပါမကျန်၊ စာပြန်ပွဲတော်တွင် ရဟန်း သာမဏေများကို ရွေးချယ်၍ တင်သွင်းရသည်။ မိမိတို့၏ ရဟန်း သာမဏေများ စာပြန်ပွဲတွင် ထူးချွန်စွာ အောင်မြင်သလောက် ဂုဏ်ရှိကြသည်ဟု အယူရှိကာ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ကြသော ပွဲကြီးလည်းဖြစ်သည်။

မြင်းဝန်မင်းသည် ခရီးထွက်နေရ၍ စာပြန်ပွဲဝင်ရဟန်းတပါး စာရင်းတင်သွင်းရန် နောက်ကျ၍နေလေရာ မိမိ၏ဆရာတော်အား စာပြန်ပွဲဝင်ရန် ရဟန်းတပါး ချီးမြှင့်သနားပါရန် လျှောက်ထားလေသည်။

www.myanmarcupid.net

မြင်းဝန်တိုက်ဆရာတော်ဘုရားလည်း ကိုရင်ပဏ္ဍိတ၏ အလားအလာကို ရိပ်မိသိရှိသည်နှင့်အညီ မြင်းဝန်မင်းအား ပဥ္စင်းများတော့ တင်သွင်းရန်မရှိ၊ ကိုရင်ပဏ္ဍိတမှာ အလားအလာရှိသည်ဟု မြင်သည်။ သို့အတွက် ကိုရင်ပဏ္ဍိတကိုသာ စာရင်းတင်သွင်းလိုက်ပေတော့ဟု အမိန့်ရှိလိုက်သည်။ မြင်းဝန်မင်းသည် ကိုရင်ပဏ္ဍိတအား စာရင်းတင်သွင်း၍ ဆွမ်းကွမ်းစသည်တို့ကို လိုလေသေးမရှိအောင် လှူဒါန်း၍ ထားလေသည်။

ရှင်ပဏ္ဍိတသည် လှူဒါန်းသမျှကိုအဝစားကာ အိပ်၍သာနေသဖြင့် ဆရာတော်က စာကျက်ရန် တိုက်တွန်းရပေသည်။

ကိုရင်ပဏ္ဍိတ စာကျက် စာအံသည်မှာ အလွန်ပင်ဖွဲ့ကောင်းလှသည်။ နားသည်ဟူ၍မရှိ၊ ရေချိုးရာ ကုဋီတက်ရာမှာပင် ပါးစပ်မှ ဒလစပ် စာရွတ်၍နေတော့သည်။

ကိုရင်ပဏ္ဍိတမှာ အစားကြီး၍ ငိုက်မြည်းတတ်သော အလေ့ရှိရာ ဆွမ်းစားပြီးသည်နှင့် ရေတွင်းနှုတ်ခမ်းပေါ်တွင် လူတကိုယ်စာ ပျဉ်ပြားတချပ်တင်၍ ထိုပျဉ်ပြားပေါ်တွင် အိပ်ရင်းစာကျက်လေသည်။ ဤသို့စာကျက်နည်းမှာ စာကျက်ရင်း ငိုက်မြည်းလျှင် ရေတွင်းထဲသို့ ကျမည်ဖြစ်၍ ရေတွင်းထဲသို့ မကျရန် သတိထားနေရလျှင် ငိုက်မြည်းခြင်းပြေပျောက်သွားရန်ဟု စိတ်ကူး၍ ရေတွင်းနှုတ်ခမ်းပေါ်တွင် စာကျက်ခြင်းဖြစ်သည်။

*************

www.myanmarcupid.net



# အစက ပဏ္ဍိတလို့ ကျက်ခဲ့ပါလား

နယုန်လရောက်၍ စာပြန်ပွဲတော်ကျင်းပမည့်ရက်တွင် မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တွင် စာဖြေ သံဃာတော်များအတွက် ဆွမ်းကွမ်းကိစ္စ စီမံကြသလိုပင် စာဖြေမည့် သံဃာများသည်လည်း နီးရာသစ်ပင်ရိပ်များ၌ ပုရပိုက် ပေစာထုတ်များကို ပြန်လည်ကြည့်ရှုကာ မေးမည်ထင်သမျှကို ပြန်လည် ကျက်မှတ်ခြင်းများလည်း ပြုလုပ်နေကြလေသည်။

စာစစ် သံဃာတော် ဆရာတော်များသည်လည်း စစ်မေးရန် ရှိသမျှ စာပြန်ပွဲဝင် ပုဂ္ဂိုလ်များကို မဟာဒဏ်ဝန်၏ ပင့်ဘိတ်ချက်အရ တပါးပြီးတပါး စစ်မေး၍ နေကြလေသည်။ ရှင်ပဏ္ဍိတ အလှည့်သို့ ရောက်လေလျှင် မဟာဒဏ်ဝန်က...

"မြင်း၀န်တိုက်မှ ရှင်ပဏ္ဍိတ ကြွပါဘုရား" ဟု အသံကျယ်လောင်စွာဖြင့်ဟစ်၍ လျှောက်ထားလေသည်။ အသားမဲမဲ၀၀တုတ်တုတ် ကိုရင်ပဏ္ဍိတသည် ပရိတ်သတ် ဗိုလ်ပုံအလယ်တွင် ရဲဝံ့စွာ လျှောက်၍သွားသည်။ စာမေးပွဲစစ်သည့် ဆရာတော်များက ဖြေဆိုရမည့်အခန်းကို ညွှန်ပြ၍ ရွတ်ဆို ဖြေကြားရန် မိန့်တော်မူသည့်အခါ ကိုရင်ပဏ္ဍိတသည် မြင်းကောင်း ပြေးသကဲ့သို့ မနားတန်းရွတ်ဆို၍သွားလေသည်။ အသံသြဇာမှာလည်း အံ့သြလောက်အောင် နက်ကျယ်ကောင်းမွန်လှသဖြင့် မဟာဒဏ်၀န်နှင့်တကွ ဆရာတော် သံဃာတော်များ စာဖြေပုဂ္ဂိုလ်တို့မှစ၍ သုဓမ္မာဇရပ်တွင်ရှိသမျှ ပရိတ်သတ် အပေါင်းတို့မှာ ကိုရင်ပဏ္ဍိတ အပေါ်တွင် အာရုံ၀င်စား၍ ဆိတ်ငြိမ်စွာ နားထောင်နေကြတော့သည်။

မြင်းကောင်းပြေးသကဲ့သို့မေးသမျှတို့ကို ပုဒ်ပါဠိပြင်ကျနစွာ ရွတ်ဆိုသည့်ကြားမှ လျှင်မြန်လွန်းအားကြီးသဖြင့် ပုရပိုက်ကို လိုက်၍ဖတ်သော စာစစ်ဆရာတော် များသည် ကိုရင်ပဏ္ဍိတ၏ရွတ်သံကို မီအောင်မဖတ်နိုင်ပဲ ပုရပိုက်တချပ်လှန်တိုင်း ကျန်ခဲ့သဖြင့်...

"ဟဲ့... ကိုရင် ရပ်အုံး"ဟု အမိန့်ရှိသည့်တိုင်အောင် မရပ်မနားဆက်၍ရွတ်နေရာ စာစစ်ဆရာတော်တို့က "ရပ်အုံးဆိုတာ မကြားရဘူးလား" ဟု ငေါက်ငန်းလေသဖြင့် ကိုရင်ပဏ္ဍိတသည် စာကိုရွတ်နေရာက ရပ်တန့်၍

"ဘာခုမှရပ်အုံးလဲ အစကပဏ္ဍိတလို ကျက်လာခဲ့ပါလား" ဟု စာစစ်ဆရာတော်တို့ကိုပင် ပြန်လည် ငေါက်ငန်းလေသည်။ ပရိသတ်တို့မှာ "ဝါး"ကနဲပွဲကျသလောက် ကိုရင်ပဏ္ဍိတသည်လည်း ထင်ရှား၍သွားသည်။ မြင်း၀န်မင်းကိုရင်ဖြစ်၍လည်း မြင်း၀န်မင်းမှာ အများ၏ အာရုံစိုက်ခြင်းခံရသဖြင့် ကိုရင်ပဏ္ဍိတအား များစွာ ကျေနပ်နှစ်သိမ့်လေသည်။

*************

www.myanmarcupid.net



# ရှင်ပဏ္ဍိတ၏ တခ်ဏုပွတ္တိဥာဏ်

တခါကဖောင်းကွဲရွာတွင် အသားအလွန်မဲသော ကျောင်းသားငယ် တဦးရှိသည်။ ထိုကျောင်းသားငယ်သည် နွား၊ မြင်းစသော သတ္တဝါများကိုမစီးဘဲ ဆိတ်ကိုသာစီး၍ ဆော့ကစားတတ်သည်။ အခြားကလေးငယ်များနှင့်မတူပဲ မျောက်ရှုံးအောင် ဆော့တတ်သည်။ တနေ့တွင် ဆိတ်သိုးတကောင်ကိုစီးရာ ဆိတ်သိုးကခါချသဖြင့် မြေပြင်သို့ကျပြီး လက်တချောင်းကျိုးလေသည်။ ကျောင်းနေ ဦးပဥ္စင်းများက ရှင်ပဏ္ဍိတအား စာတပုဒ်ချိုးပါဟု ဆိုလေလျှင် ချင်ခြင်းပင်ကောက်၍ စာစပ်သည်မှာ....

ဆိတ်စီးလို့ လက်ကျိုး၊

အနက်မျိုး ဖေါင်းကွဲ၊

တချောင်းထဲကျန်တော့တယ်။

ဦးပဥ္စင်းများမှာ သဘောကျ၍အားရပါးရရယ်ကျလေ၏။

ရှင်ပဏ္ဍိတသည် ဦးပဥ္စင်းဘဝသို့ ရောက်ပြီးနောက် မန္တလေးမြို့တွင် နံနက်တိုင်း ဆွမ်းခံထွက်ရလေသည်။ သံဃာတော်များသောမြို့ဖြစ်၍ ဆွမ်းလောင်းနေကြ အိမ်ရှေ့များတွင် စီတန်း၍ ဆွမ်းခံကြရလေသည်။

www.myanmarcupid.net

ဆွမ်းချက်ခြင်း ဆွမ်းလောင်းခြင်းအမှုကို မိန်းမကြီးများ မိန်းမပျိုကလေးများ၏ တာဝန်ဖြစ်သည်၊ ဇလုံများ ယွန်းအုပ်များတွင် ဆွမ်းထည့်၍ ကြေးဇွန်းကြီးများဖြင့်ခပ်၍ လောင်းလှူရှိကြသည်။ ဦးပဥ္စင်းငယ် ဦးပဏ္ဍိတသည် ဇလုံကြီး၊ ကြေးဇွန်းကြီးတို့ဖြင့် ဆွမ်းလောင်းနေသည်ကိုတွေ့၍ ကမန်းကတန်း အမှီပြေးလေရာ မိန်းကလေးများက ပဥ္စင်းပျို ဦးပဏ္ဍိတကျမှ ကန်တော့ဆွမ်းပါဟူ၍ ပြောလိုက်လေသည်။

ဦးပဏ္ဍိတသည် မကျေမချမ်းဖြစ်သွားလေသည်။ အဘယ်ကြောင့် ငါ့ကျမှကန်တော့ဆွမ်းရသလဲဟု စဉ်းစားသည်။ အမှန်မှာ ဆွမ်းကိုလိုချင်ဇောဖြင့် အပြေးကလေးသွားမိရာတွင် သင်္ကန်း ဘိုသည်ဘတ်သီနှင့် ကာယိန္ဒြေပျက်လောက်အောင် ဖြစ်သွား၍ ကန်တော့ဆွမ်းလိုက်ရကြောင်း ပြန်ပြောင်း၍ပေါ်လာသည်။ သို့ကြောင့် ကျောင်းသို့ရောက်လျှင် အောင်ပါတေးထပ်ကို ရေးစပ်လိုက်လေတော့သည်။

“မန်းမြို့သူသောက်ကျင့်၊ ထောက်ချင့်၍စာနာ

ဆွမ်းကိုဖြင့်မခံလိုပါ၊ တန်ပါပြီသာရီး၊

မစားဘဲအငတ်နေမည်၊ သေချင်သေမှတ်ဟဲ့အပြီး၊

ဟိုနေ့ကအိမ်တအိမ်မှာ၊ ပြည့်စုံစွာဖန်တည်း၊

ကျယ်ဝန်းစွာဇလုံကြီးရယ်နဲ့၊ မောက်လုနီးဆွမ်းတွေ

လောင်းလိမ့်မည့်ထင်အမှတ်နဲ့၊ ဝင်ကပ်လို့ရပ်မိသလေ

ပဏ္ဍိတခေါင်းပြောင်ကို၊ လောင်းပေါင်ဆို ကိုရင်ကြီးရယ်လို့

ကန်တော့ဆွမ်းဆီးလို့သူဆို၊ သူ့ရဲ့လင်လို

မကျေဘူးကမ္ဘာပြိုတောင်၊ ငါရွှေကိုယ်နာလွန်းလို့လေး၊”

*************

www.myanmarcupid.net

## တွေ့မရှောင် အကုန်စားတယ်

ပဥ္စင်းပျိုဦးပဏ္ဍိတသည် အလုံမြို့သို့ ခရီးထွက်ရာ ကြမ်းပြဲရွာသို့ အရောက်တွင် ဘုန်းကြီးကျောင်းသို့ဝင်၍ တည်းခိုလေသည်။ ကျောင်းပေါ်သို့ရောက်လျှင် ဆရာတော်အား ဦးချ၍ကန့်တော့ကာ ဂါဝရပြုပြီးနောက် စာသံပေသံဖြင့် လျှောက်ထားလေသည်။

ကျောင်းထိုင်ဘုန်းတော်၊ မထေရ်ကျော်၊ ဝါတော်မည်မျှရှိပြီနည်း။

ဆရာတော်မှာ ဦးပဥ္စင်းငယ်၏ ကဗျာသံစာသံကို လွန်စွာ သဘောကျ၍...

"လေးဆယ့်နှစ်ဝါ သိက္ခာရပြီ" ဟု မိန့်ကြားတော်မူသည်။ ထိုအခါစာဆိုရှင် ပဥ္စင်းငယ်ဦးပဏ္ဍိတသည် ချက်ချင်းပင်ကောက်၍ စာစပ်လိုက်ပြန်သည်။

ဝါလေးဆယ်နှစ်၊ ရသည်ဖြစ်ရာ၊ အပြစ်တောင်လိုမို့လတံ့။

ဆရာတော်မှာ ကဗျာဉာဏ်ရွှင်လှသော မောင်ပဥ္စင်းကို သဘောကျသွားသည်။

*************

## ဟဲ့သာပေါ် ကွမ်းအစ်ယူခဲ့စမ်း

ဆရာတော်မှာ ဖျားနေရင်းကပင် ကျောင်းသားကလေးအား ဆွမ်းပြင်ခိုင်းသည်။ ဆရာတော်သည် မောင်ပဥ္စင်းနှင့်အတူ ဆွမ်းဘုန်းပေးသည်။ ဆရာတော်မှာ ဖျားနေလျက်နှင့်ပင် ဆွမ်းဘုန်းပေးရာ၊ တဲ့သည် မတဲ့သည်ကို အမှုမထား၊ ဆွမ်းဟင်းများကို ကုန်အောင်စားလေသည်။ အစားကြမ်းသော ဦးပဏ္ဍိတမှာ အစားကြမ်းသောဆရာတော်နှင့်တွေ့ရသဖြင့် လက်လျှော့လိုက်ရသည်။ ဆရာတော်က ဆွမ်းစားရင်ပြောသည်။ ကောင်းစွာမကျန်းမာ မကြာခဏ အဖျားတက်လေ့ ရှိသည်ဆိုသော်လည်း အစားတွင် တဲ့သည်

www.myanmarcupid.net

မတဲ့သည်ဟူ၍မကြည့် ရှိသမျှအကုန်စားပြီးသည့်အပြင်၊ အချိုပွဲဆက်ကပ်ရာ၌လည်း ဆက်လက်ဘုန်းပေးပြန်သည်။ ဆွမ်းစားပြီးနောက် ဆရာတော်က ဦးပဏ္ဍိတအား…

"မောင်ပဥ္စင်းက ကဗျာစာပေ တော်တော် ဝါသနာပါတယ်ထင်တယ်"

"မှန်ပါ့ဘုရား… တပည့်တော် လေ့လာနေဆဲပါဘုရား"

ဆရာတော်လည်း စကားပြောနေရာမှ ကျောင်းသားတယောက်သို့ လှမ်း၍…

"ဟဲ့သာပေါ် ကွမ်းအစ်ယူခဲ့စမ်း" ဟု ခိုင်းလိုက်လေသည်။ ကျောင်းသားကလေးသည် ပြာပြာသလဲနှင့် ယူလာသည့် ကွမ်းအစ်ကိုကပ်လေသည်။ ဆရာတော်ကဆက်၍…

"ငါ့မလဲ အဲဒီ တူကလေးတယောက်ရှိတယ်၊ လက်တိုလက်သုံးခိုင်းနေရတာ၊ ငါ့ကျောင်းမှာ ကျောင်းသားလဲမမြဲ ကိုရင်လဲမမြဲ" ဟုအမိန့်ရှိသည်။ ဦးပဏ္ဍိတသည် ဆရာတော်အားစေ့စေ့ကြည့်၍ နေသည်။ ဆရာတော်သည် ကွမ်းကိုကိုယ်တိုင်ယာ၍ ဝါးရင်း ဒူးပေါ် ပေါင်ပေါ် ထိုင်နေသည်။ ထို့နောက်…

"ဦးပဥ္စင်း ကျုပ်အကြောင်းကို စာတပုဒ်လောက်စပ်စမ်းပါ" ဟုပြောသည်။ ဦးပဏ္ဍိတသည် ရုတ်ချည်းပင် ကောက်၍ စာစပ်လိုက်သည်။

ကွမ်းအစ်ကြီး နီတာရဲနှင့်၊ ကြမ်းပြင်မှာသူပျော်၊ သာပေါ်တို့တူအရီး၊

ထိုးကွင်းမှင်ကြောင်နဲ့၊ တွေ့မရှောင်အကုန်စားတယ်၊ ဖျားတဲ့ခင်ကြီး။

ဟူ၍ စပ်လိုက်လေသည်။ ကြမ်းပြင်ဆရာတော်မှာ လွန်စွာ သဘောကျလေသတည်း။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်ဖြစ်လာခြင်း

ဦးပဏ္ဍိတသည် ပုဂံမင်းတရား၏ သာသနာပိုင် ဗားကရာဆရာတော် ဘုရားကြီးထံတွင် ပညာရှာမှီးရန် ရောက်ရှိလာသည်။ ဗားကရာဆရာတော်သည် ဝိနည်းအဆုံးအဖြတ်တွင် နာမည်ကျော် လှသည်။ ဗားကရာဆရာတော်၏ ဝိနည်းအဆုံးအဖြတ်များကို ဖြတ်ထုံးများအဖြစ် ရေးသားရန် ရှိသည့်အခါတိုင်း ဦးပဏ္ဍိတကိုပင်ဆရာတော်ကခိုင်းသည်။ ဤအချက်ကိုထောင့်ချင့်၍ ဗန်းမော်ဆရာတော်လောင်းဦးပဏ္ဍိတသည် လက်ရေးလက်သား လှသည်။ ပုရပိုက်အရေးအသားမြန်ဆန်သည်ဟု ယူဆရမည် ဖြစ်သည်။

ထိုမှျသာမက စာဆိုရဟန်းအဖြစ်လည်း ဗားကရာဆရာတော်က ရွေးချယ်သည်။ စာဆိုရဟန်းဆိုသည်မှာ စာသင်သားသံဃာပေါင်း များစွာတို့အနက်မှ တပါးသားလျှင်ရွေးချယ်ခံရခြင်းဖြစ်သည်။ စာဆိုသည့်နေရာတွင် ဉာဏ်ရည်အလွန်ရှင်ပြီး အသံကြည်လင်

www.myanmarcupid.net

ပြတ်သားလှသောကြောင့် စာလိုက်၊ စာနာ သံဃာတော်များမှာ အလွန်သဘောတွေ့ကြသည်။

(မှတ်ချက်။ ။ ရဟန်းတော်များ စာတက်စာသင်ပြုလုပ်ရာတွင် စာဆိုဟူ၍၎င်း၊ စာနာဟူ၍၎င်း နှစ်မျိုးရှိသည်။ စာချဘုန်းကြီး နောက်မှတပါးတည်းလိုက်ဆိုရသူကို စာဆိုဟုခေါ်ပြီး၊ စာဆိုရဟန်း၏စာသံကို စိတ်ထဲက မှတ်ရှုသာမှတ်နေရသော အခြားသံဃာတော်များကို စာနာသံဃာ၊ စာလိုက်သံဃာတော်များဟု ခေါ်ဆိုလေသည်။)

ဇန်းမော်ဆရာတော်လောင်းဦးပဏ္ဍိတသည် ဤအချိန်အခါကပင် ထူးချွန်၍ ဗားကရာဆရာတော်ဘုရားကြီး၏လက်စွဲဖြစ်သည်။ ဇန်းမော်မြို့စား (ဘိုးတော်မင်းတရား၏မိဖုရား) ဝေသာလီမင်းသမီးက ကျောင်းဆောက်လှူဒါန်းရာ "ဇန်းမော်ကျောင်း"ဟု အမည်တွင်သည်။ ထိုဇန်းမော်ကျောင်းတွင် ဦးပဏ္ဍိတကျောင်းထိုင်ဆရာတော် ဖြစ်လာသောအခါ "ဇန်းမော်ဆရာတော်"ဟုတွင်သည်။

ဇန်းမော်ဆရာတော်သည် သာသနာရေး၊ တိုင်းပြည်ရေးတို့တွင် အမှုမဲ့ အမှတ်မဲ့နေလေ့မရှိ၊ တပါးသူတို့၏ ကောင်းကျိုး ဆိုးပစ်များကို အမြဲဆင်ခြင် သုံးသပ်လေ့ရှိသည်။

စိတ်ထဲမှန်သည်ထင်လျှင် ပြတ်ပြတ်သားသား ပြောချတတ် သောကြောင့်လည်း၊ သုဓမ္မာဆရာတော်များစာရင်းတွင် ဇန်းမော်ဆရာတော် မပါဝင်ခဲ့ပေ။

ဇန်းမော်ဆရာတော်အား မင်းတုန်းမင်းသည် မပစ်ပယ်ပေ။ ဇန်းမော်ဆရာတော်၏ ဝေဖန်စာ၊ ပစ်စာများ သောင်းကျန်းသောအခါ၊ ဆရာတော်အား ဇန်းမော်မြို့သို့ မင်းမိန့်ဖြင့်ပို့လိုက်ရသည်။ နောင်တွင် ပြန်၍ပင့်သော်လည်း မင်းနေပြည်တော်တွင် မနေ၊ တဘက်ကမ်း မင်းကွန်းနှင့် စစ်ကိုင်းမှာပင် နေလေသည်။ ပညာမာန လွန်ကဲသော ပုဂ္ဂိုလ်ဖြစ်၍

www.myanmarcupid.net

ဘုရင်ကိုးကွယ်မခံရသည်ကို မမှုသော ဆရာတော်ဖြစ်သည်။ ရှေ့အခဏ်းများတွင် ဆက်လက်ရှုပါလေ။

*************

www.myanmarcupid.net



# သေဘားတွင်းမှ ကဗျာဉာဏ်

တနေ့တွင် မြစ်ကမ်းနဖူးကျောင်းတကျောင်း၌ ရဟန်းခံပွဲတခုရှိသည်။ ပဋိသန္ဓေတည်နေသည့်နေ့မှစ၍ အသက်၂၀ဖွားပြီးနောက် ၁၉နှစ်၃လ ရဟန်းခံနိုင်သည့် အရွယ်ရောက်နေသည့် ရှင်သာမဏေတပါးကို ရဟန်းခံပေးရမည့် ဥပသမ္ပဒကံဆောင်ပွဲ၊ ရဟန်းခံပွဲဖြစ်သည်။ ထိုကံဆောင်ပွဲမှာ အနည်းဆုံး ရဟန်းတော်ငါးပါးရှိမှ ကံမြောက်သည်။ ရဟန်းခံပွဲပြီးမြောက်သည်။ ဗန်းမော်ဆရာတော်အပါအဝင် သင်္ဂဇာဆရာတော်ဦးအဂ္ဂနှင့် အခြားဆရာတော်ဦးဂန္ဓမာ၊ ဆရာတော်ဦးသောဘိတ၊ ဆရာတော်ဦးသြဘာသ တို့လည်း ပါဝင်သည်။

အဆိုပါမြစ်ကမ်းနဖူးကျောင်းတွင် မြေပေါ်၌သမုတ်(သတ်မှတ်)ထားသော သိမ်မရှိပဲ၊ မြစ်ကမ်းစ ကျောက်ချရပ်တန့်ထားသည့် ဝါးဖောင်ကို ရေသိမ်အဖြစ် သတ်မှတ်ကာ ရဟန်းခံပွဲကျင်းပသည်။ ရဟန်းခံပွဲ(ဥပသမ္ပဒကံဆောင်ပွဲ) စတင်ကျင်းပနေပြီဖြစ်၍ ဗန်းမော်ဆရာတော်အပါအဝင် ဆရာတော်ငါးပါးနှင့် ရဟန်းလောင်း ရှင်သာမဏေကြီးပါ ဝါးဖောင်(ရေသိမ်)ပေါ်သို့ ရောက်ရှိ နေကြပြီးဖြစ်သည်။

www.myanmarcupid.net

ဆရာတော်များက ရှင်သာမဏေကြီးအား ရဟန်းမဖြစ်မြောက်နိုင်သည့် ရောဂါများနှင့်တကွ ကြွေးမြီဘေးရန်တို့ ရှိ၊ မရှိ ထုံးစံအတိုင်းမေးပြီး ဥပသမ္ပဒကံဆောင်ရန် ကမ္မဝါစာချပ်များကို ကိုင်ဆောင်နေကြသည်။ ကမ္မဝါဖတ်ထားရန် ဆရာတော်များက "နမောတဿ" သုံးခေါက် ရွတ်ဖတ်ပြီးအဆုံးတွင် မမြော်လင့်ဘဲ အရပ်လေးမျက်နှာမှ တိုက်ခိုက်လာသည့် မိုးသက်လေပြင်းဒဏ်ကို အပြင်းအထန် ခံလိုက်ရတော့သည်။ ဤတွင် ဝါးဖောင်မှာ လေဒဏ်လှိုင်းဒဏ်ကြောင့် ပျက်စီးသွားရသည်။ ကမ္မဝါဆရာတော်များမှာ မြစ်လယ်တွင် လက်ပြစ်ကူး၍ အသက်ကိုလုနေကြရတော့သည်။

ဗန်းမော်ဆရာတော်သည် အသက်ကိုလုနေရသည့်အတွင်း ခံစားချက်တခု ပေါ်ထွက်လာပြန်သည်။ ကဗျာဆရာတို့သည် ခံစားချက်တွေ့ထိတိုင်း ကဗျာဖြစ်ပေါ်လေ့ရှိသည့်အတိုင်း ဗန်းမော်ဆရာတော်သည် သူ့ခံစားချက်ကို အသက်ဘေးကြားထဲမှ အောက်ပါကဗျာအချိုးကို ရွတ်ဆိုလိုက်လေသည်။

ဒို့သားအမိကံတော်ဆိုး၊
ရေရှိုးမှာတဲ့မျောတော့မယ်၊
ကျန်ရစ်သူ မိတ်ဆွေများရယ်၊
တားကြနှင့်ကွယ်၊
အင်-ဂန်-သော နှင့် ဩဘာတသွယ်၊
ဒီတခါ သည်ရေမြစ်တွင်၊
သေဖြစ်ရှာတော့မယ်။

www.myanmarcupid.net

ဟုရွတ်ဆိုလိုက်လေသည်။ ကမ်းနဖူးပေါ်မှ ပရိတ်သတ်များ ရှုတ်ရှုတ်သဲသဲ ရှိနေစဉ်မှာပင် တံငါလှေများက ဆရာတော်များကို အသက်ဘေးမှ ကယ်ဆယ်လိုက်ရတော့သည်။

*************

www.myanmarcupid.net



# မင်းတုန်းမင်း စိတ်ကတော့ ဘုန်းကြီးပါ

ဇန်းမော်ဆရာတော်သည် ပြောစရာရှိလျှင် မည်သူ့မျက်နှာကိုမှ မထောက်ထား၊ မိမိအား ကိုးကွယ်ဆည်းကပ်နေသည့် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်း၏ မျက်နှာကိုပင်မငဲ့ညှာခဲ့ပေ။ မင်းတုန်းမင်းသည် ကာမဂုဏ်ခံစားရာတွင် နှစ်ယောက်မရှိသော မင်းဖြစ်ခဲ့သည်။ မိဖုရားပေါင်း ၆၀ကျော်နှင့်ခံစားသည်။ တဖက်ကမိဖုရား "များသည်"ဟု ဆိုရသော်လည်း သာသနာရေးဘက်တွင် အလွန်အကျူး အားပေးတော်မူသော မင်းတပါး ဖြစ်သည်။

တနေ့သောအခါ မင်းတုန်းဘုရင်မင်းမြတ်က ဇန်းမော်ဆရာတော်အား နန်းတော်သို့ပင့်ပြီး ဆွမ်းကပ်တော်မူသည်။ သင်္ကန်းစသော ပရိက္ခရာပစ္စည်းများကိုလည်း လှူဒါန်းပူဇော်လေသည်။ တရားမနာမီ ဆွမ်းဘုန်းပေးအပြီး မင်းတုန်းမင်းနှင့် ဇန်းမော်ဆရာတော်တို့ အလွှာပ–သလ္လာပ ပြောဆိုလျှောက်ထားနေကြစဉ် မင်းတုန်းမင်းက "တပည့်တော်တို့ လူ့လောက ဝတ်ကြောင်ပုဆိုးတွေ ကောင်းကျိုးမပေးပါလားဘုရား။

www.myanmarcupid.net

အဖေါ်မမှီး တကိုယ်တည်း ဆိတ်ငြိမ်ရာအရပ်သို့ တောထွက်ရ ကောင်းမလားပင် တွေးတောမိပါသည်ဘုရား” ဟုလျှောက်ထားလိုက်ရာ ...

ဇန်းမော်ဆရာတော်က ကွမ်းဝါးရင်းပြုံးတော်မူသည်။ နောက်အတန်ငယ်ကြာမှ မင်းတုန်းမင်းဘက်လှည့်ပြီး “ဒကာတော်က စိတ်ကဘုန်းကြီး၊ (ရှီး ) က ဒမြဖြစ်နေတယ်၊ တောထွက်နိုင်ပါ့မလား” ဟု ဇန်းမော်ဆရာတော်က ကွမ်းဝါး၍ ပြုံးရင်းက ပြန်လှန်မေးခွန်းထုတ်လိုက်ရာ မင်းတန်းမင်းမှာ အတော်မျက်နှာပျက်သွားလေသည်။ နန်းတွင်းသူ နန်းတွင်းသားများလည်း မျက်နှာပျက်သွားကြလေသည်။ မင်းတုန်းဘုရင်ကြီးသည် ဇန်းမော်ဆရာတော်က အမှန်သဘာဝကို ပြောဆိုခြင်းသာဖြစ်သည်ဟု အောင်မေ့ပြီး မချိတင်ကဲ ပြုံးတော်မူရသည်။ အခြား နန်းတွင်းသူ နန်းတွင်းသားများမှာလည်း ဘုရင့်မျက်နှာတော်ကို ကြည့်၍ ပြုံးလာကြရသည်။

ဇန်းမော်ဆရာတော်သည် ဤသို့ပင် မိမိအား ကိုးကွယ်ဆည်းကပ်သည့်မင်းဟု မျက်နှာမထောက်ပဲ စိတ်ထဲ ထင်လာမြင်လာသည်ကို မချန်မထိန် ဒဲ့ဒိုးပြောဆို မိန့်ကြားခဲ့လေသည်။

*************

## *ဝန်ကြီးလေးပါးသို့ ဝေဘန်ချက်ကဗျာ*

တိုင်းပြည်ရေးရာနှင့် ပါတ်သက်၍လည်း ဇန်းမော်ဆရာတော်သည် အမှုမဲ့ အမှတ်မဲ့မနေ၊ လျစ်လျူရှု၍မထား၊ ဝေဘန်သင့်သည်ကို ဝေဘန်၊ သတိပေးသင့်သည်ကို သတိပေးသည်။ သို့သော် ဆရာတော်သည် မင်းပေါင်စိုးပေါက်မဟုတ်၍ ထိုဝေဖန်ချက်ကဗျာကို နန်းတော်ရင်ပြင်ထဲ၌ ပစ်ချထားလေသည်။

www.myanmarcupid.net

မင်းတုန်းမင်းလက်ထက်တွင် ဝန်ကြီးလေးပါးရှိလေသည်။ လွှတ်တော်ဝန်ကြီးများဖြစ်သော ပုခန်းမြို့စား ဝန်ရှင်တော်မင်းကြီးသည် လေနာရောဂါစွဲကပ်နေသောကြောင့် အမှုအခင်းများကို ကောင်းစွာ မဆုံးဖြတ်နိုင်။

လောင်းရှည်မြို့စား ဝန်ရှင်တော်မင်းကြီးမှာကား မြင်ကွန်းမြင်းခုန်တိုင်အရေးတွင် ဓါးဒဏ်ရာရရှိ၍ ကောင်းစွာမသန်စွမ်း ချိနဲ့နေသဖြင့် အမှုကိစ္စများကို ကောင်းစွာမဆောင်ရွက်နိုင်။

ခမ်းလတ်မြို့စား ဝန်ရှင်တော်မင်းကြီးကလည်း နားထိုင်းနေ၍ အမှုကိစ္စဆောက်ရွက်ရာတွင် များစွာအခက်အခဲရှိသည်။

ရေနံချောင်းမြို့စားမင်းကြီးတပါးသာလျှင် ကျန်းကျန်းမာမာ ရှိသည်ကို ဇန်းမော်ဆရာတော်တွေ့မြင်သည်။ ပြည်ရေးပြည်ရာကို စီရင်ဆုံးဖြတ်ရသော တိုင်းပြည်၏ကြိုးကိုင် ဝန်ကြီးလေးပါးတွင် သုံးပါးမှာ ရောဂါသည်များဖြစ်နေ၍ တိုင်းရေးပြည်မှုများတွင် အင်အားချိနဲ့နေသည်ကိုမြင်၍ ဤသို့ သတိပေးဟန်တူပေသည်။ ထိုကဗျာမှာ...

> ပုခန်းမှာ....လေ၊
> 
> လောင်းရှည်မှာ....ဓါး၊
> 
> ခမ်းလတ်မှာ....နား၊
> 
> ရေနံတတိုင်ချင်း လင်းပါ့မလား။

ဤကဗျာမှာ အတိုဆုံးနှင့် အဓိပ္ပါယ် အထိရောက်ဆုံး တာအသွားဆုံး တိုင်းပြုပြည်ပြု ကဗျာတပုဒ်ပင်ဖြစ်သည်။ သို့သော် ဇန်းမော်ဆရာတော်သည်ကား တိုင်းပြည်အတွက်စေတနာရှိ၍ သတိပေးသော်လည်း မျက်နှာကောင်းမရပေ။ တိုင်းပြည်ထိပ်သီး လေးဦးရှိသည့်အနက် သုံးဦးတို့၏ အပြစ်အနာကို ခံခဲ့ရသည်။

www.myanmarcupid.net

ဆရာတော်ကား မည်သူကပင်မုန်းစေ၊ ဂရုမစိုက်သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ သို့သော် ဗန်းမော်ဆရာတော်သည် ပစ်စာသဖွယ်ရေးပေးသည့်အတွက် အဘိုးတန်သော်လည်း တန်ဘိုးမရှိဖြစ်လေသည်။ ထိုကဗျာနှင့် ထိုပစ်စာကို မြင်ကတည်းက ဗန်းမော်ဆရာတော်ဟု သိကြလေသည်။

*************

www.myanmarcupid.net



# သုဓမ္မာဆရာတော်များသို့ ဝေဘန်ချက်ကဗျာ

ဇန်းမော်ဆရာတော်သည် ဘုရင်နှင့်ဝန်ကြီးများကိုသာ ဟုတ်တိုင်းမှန်တိုင်း ဟောဟောဒိုင်းဒိုင်းနှင့် ရေးတတ်, ပြောတတ်သည်မဟုတ်သေး။ သာသနာတော်ပိုင်ဆရာတော်များကိုပင်လျှင် ချမ်းသာပေးတတ်သူမဟုတ်။ သုဓမ္မာဆရာတော် စာတတ်, ပေတတ် အကျော်အမော်များကိုလည်း ချမ်းသာပေးခဲ့သူမဟုတ်ပေ။ သုဓမ္မာဆရာတော်များမှာ ရှစ်ပါးရှိသည်။ သုဓမ္မာဆရာတော်ရှစ်ပါး၏ စည်းဝေးဆုံးဖြတ်ချက်များသည် သာသနာရေးကိစ္စတွင် အတည်ဖြစ်ရသည်။ ထိုသုဓမ္မာဝင် ဆရာတော်ရှစ်ပါးမှာ…

၁။ ပြည်ဆရာတော်၊ မဏ္ဍလာရာမတိုက်

၂။ မတ္တရာဆရာတော်၊ အရှေ့မတ္တရာတိုက်

၃။ မောင်းထောင်ဆရာတော်၊ မင်္ဂလာရာမတိုက်

www.myanmarcupid.net

၄။ သက်ပန်းဆရာတော်၊ သက်ပန်းတိုက်

၅။ စလင်းဆရာတော်၊ အရှေ့စလင်းတိုက်

၆။ စံကျောင်းဆရာတော်၊ စံကျောင်းတိုက်

၇။ သင်္ဂဇာဆရာတော်၊ အရှေ့သင်္ဂဇာတိုက်

၈။ ပုခန်းဆရာတော်၊ မဟာဝိသုဒ္ဓါရာမတိုက်

ဤသို့လျှင် သုဓမ္မာဆရာတော်ရှစ်ပါးရှိရာ လျော့သွားလျှင် ထပ်မံဖြည့်စွက်ရသည်။

ဇန်းမော်ဆရာတော်မှာလည်း အထက်ပါ ဆရာတော်ကြီးများကဲ့သို့ပင် ဘွဲ့ရဆရာတော်တပါးဖြစ်သော်လည်း မဟုန်လျှင်မခံမှန်ရာကို ဒဲ့ဒိုးပြောတတ်၍ မည်သူ့ကိုမျှမညှာ အမှန်တရားကိုလိုလားသော ပုဂ္ဂိုလ်ဖြစ်ရာ၊ သုဓမ္မာတွင် ထည့်သွင်းပါက အကော်အကပ်များနှင့် ဆုံးဖြတ်ချက်တခုကျရန် အတော်ပင်ကြိုးပမ်းယူရမည်ဟု ထင်မြင်ကြသောကြောင့် သုဓမ္မာအဖွဲ့တွင် မထည့်သွင်းခြင်း ဖြစ်ဟန်တူသည်။

ဤတွင် အလျဉ်းသင့်သဖြင့် ဝိဝါဒတရပ်ကိုဖော်ပြလိုပေသေးသည်။ ဤအချက်မှာ...

ဇန်းမော်ဆရာတော်၏ ဘွဲ့တော်မှာ "ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဖြစ်ကြောင်းကို မှတ်တမ်းအသီးသီးတွင် တူညီပေသည်။ သို့သော်ဤဘွဲ့တံဆိပ်တော်ကို မင်းတုန်းမင်း ဆက်ကပ်သည်ဟူ၍၎င်း၊ ပုဂံမင်းဆက်ကပ်သည်ဟူ၍၎င်း၊ ဝိဝါဒကွဲပြားခဲ့ကြသည်။ ဤအချက်ကိုပြန်လည်သုံးသပ်လျှင် မင်းတုန်းမင်း နန်းတက်ချိန်တွင် ဇန်းမော်ဆရာတော်သည် ပုဂံမင်း၏မိဖုရားဥပေါ်တရာ ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော် ဖြစ်၍နေပေသည်။ မင်းတုန်းမင်းခေတ်တွင် ဇန်းမော်မင်းသမီး၏ ကျောင်းတိုက်ကိုအမှီပြု၍ ဇန်းမော်ဆရာတော် ဟူ၍လည်း

www.myanmarcupid.net

တွင်နေခဲ့လေသည်။ သို့ဖြစ်၍ မင်းတုန်းမင်းက ဆက်ကပ် လှူဒါန်းသော ဘွဲ့တံဆိပ်တော်လော၊ ပုဂံမင်းက ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်လောဟု ဆန်းစစ်သုံးသပ်လျှင် ပုဂံမင်းဆက်ကပ်သော ဘွဲ့တံဆိပ်တော်ဖြစ်မည်က ပို၍နီးစပ်ပေသည်။

သာသနာရေးကိစ္စတွင် ထိပ်တန်းကနေသော သာသနာ့အာဏာပိုင် ဆရာတော်များဖြစ်ကြ၍ သုဓမ္မာဆရာတော်ကြီးများကိုပင် မလွတ်တန်းဝေဘန်၍ စာချိုးခဲ့ဘူးလေသည်။

မောင်သက်ပန်းက တသန်းဝေဝေ၊

မောင်လှထွေမှာ စာပေနတ္ထိ၊

မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်၊

မင်းနန်မှာလူနှင့်နှော့တယ် သောသောညံ၏၊

မဏ္ဍလာ မူချင်းရာမစုံစမ်းခင်က ငေါက်ငန်းပါ၏။

ဤကဗျာ၏အဓိပ္ပါယ်မှာ "မောင်သက်ပန်းက တသန်းဝေဝေ" ဟုဆိုသည်မှာ သက်ပန်းဆရာတော်ဘုရား တရားသဘင် စီရင်သောအခါ၌ တရားသဘင်၌ စိတ်မဝင်စား၊ ထိနမိဒ္ဓများ၍ တသန်းသန်း, တဝေဝေနှင့် ငိုက်မြည်းလေ့ရှိကြောင်း။

"မောင်လှထွေမှာ စာပေနတ္ထိ" ဟူသည်မှာ လှထွေဆရာတော်သည် စာပေမတတ်ကြောင်းကို အတိအလင်းဖော်ပြထားလေသည်။ "မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်" ဟူသည်မှာ စလင်းဆရာတော်သည် တရားသဘင်စီရင်ရာ၌ ဝိနည်း အထောက်အထား၊ ကျမ်းဂန် အကိုးအကားတို့ကို ရှာဖွေတိုက်ဆိုင် ကြည့်ရှုရာ၌ အခြားဆရာတော်များကိုသာလွှဲအပ်၍ စလင်းဆရာတော်က ဝိနည်းပိဋကတ် ကျမ်းဂန် အထောက်အထားကို ရှာဖွေကြည့်ရှုရမှာ အလွန်ပျင်းလှကြောင်း။

www.myanmarcupid.net

"မင်းနန်မှာလူနှင့်နှောတယ် သောသောညံ၏" ဟူသည်မှာ ပုခန်းဆရာတော် ဦးနန္ဒကို မင်းနန်ဟုတင်စား၍ ထိုပုခန်းဆရာတော်မှာ လူဒါယကာများနှင့် အရောတဝင်နေ၍ စကားကိုဖေါင်လောက်အောင် ပြောတတ်ကြောင်း။

"မဏ္ဍလာ မှုချင်းရာမစုံစမ်းခင်က ငေါက်ငန်းပါ၏" ဟူသည်မှာ မဏ္ဍလာရာမဆရာတော်သည် အမှုအခြင်းအရာကို မစုံစမ်းသေးဘဲ ကြိုတင် ငေါက်ငန်းတတ်ကြောင်းဟူ၍ဖြစ်သည်။

ဤကဗျာကို သုဓမ္မာဇရပ်တွင်ကပ်ထားသည်ကိုတွေ့ကတည်းက ဇန်းမော်ဆရာတော်၏ လက်ချက်မှန်းကို သိလိုက်ကြသည်။ သုဓမ္မာဆရာတော်တို့မှာ အဘယ်မျှမခံချင်စရာဖြစ်ချေမည်နည်း။ ကဗျာ၏ "ရသ" အားဖြင့် အပေါ်လွင်ဆုံးနှင့်ထိထိမိမိ ရှိလှသည်။ ပုဂ္ဂိုလ်တပါးစီ၏ စရိုက်ကို ကွင်းကွင်းကွက်ကွက်မြင်နိုင်သည်။ သို့သော်ဇန်းမော်ဆရာတော်ကား မျက်နှာကောင်းရမည်မဟုတ်ဘဲ အငြိုး အငြင် ခံရမည်မှာ သေချာသည်။

*************

www.myanmarcupid.net



# ဗန်းမော်သို့ အပို့ခံရသည့်ကိစ္စကြီး

ဗန်းမော်ဆရာတော်သည် ကြီးစွာသော အကြပ်အတည်းတခုနှင့် ရင်ဆိုင်လာရပြန်သည်။ ဆရာတော်သည် သူ၏အထုံဝါသနာအတိုင်း မည်သည့်တိုင်းရေးပြည်ရေး၊ သာသနာရေးကိစ္စမဆို ထေ့လုံး ငေါ့လုံးများဖြင့် ရေးလေ့ရေးထ ချိုးလေ့ချိုးထ ရှိသည်။ ဗန်းမော်ဆရာတော် အကြပ်တခုနှင့် ရင်ဆိုင်လာရသည်မှာ မင်းတုန်းဘုရင်မင်းမြတ်သည် ပိဋကတ်သုံးပုံနှင့် ဝိနိစ္ဆယတို့၌ အထူးကျွမ်းကျင်သော ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒအား ရဟန်းသာမဏေများ ဝိနည်းတော်နှင့်အညီ ကျင့်ကြံနိုင်ရန် အမိန့်ပြန်တမ်းတခု ရေးသွင်းစေလေသည်။

ရှမ်းကလေးကျွန်းဆရာတော်က နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ်အပါအဝင် သေခိယကျင့်စဉ် "နဥပါဟန" "နစတ္တ" သိက္ခာပုဒ်များအရ ရဟန်းတော်နှင့် သာမဏေများ ရွာတွင်းမြို့တွင်းဝင်ရောက်ရာတွင် ထီးမဆောင်းရ၊ ဘိနပ်မစီးရကြောင်း "အမိန့်ပြန်တမ်း" တစောင်ကို ဘုရင်မင်းမြတ်ထံ ရေးသွင်းဆက်ကပ်လေသည်။

ထိုအမိန့်ပြန်တမ်းကို မင်းတုန်းဘုရင်မင်းမြတ်က သုဓမ္မာဆရာတော် ရှစ်ပါးအား ပင့်ဖိတ်ပြီး ဆက်ကပ်အတည်ပြုစေသည်။ သုဓမ္မာဆရာတော်များကလည်း အချင်းချင်းညှိနှိုင်းဆွေးနွေးပြီး

www.myanmarcupid.net

ဝိနည်းတော်များနှင့်ညီညွတ်၍ ထိုအမိန့်ပြန်တမ်းကို အတည်ပြုစေတော့သည်။

မဟာဒဏ်ဝန်က သာသနာပိုင်ဆရာတော်ထံ ဆက်ကပ်ပြီး လေးခွင်လေးရပ်နှင့်တကွ တိုင်းလုံးပြည်လုံးအနှံ့ ထိုအမိန့်ပြန်တမ်းကို ထုတ်ဆင့်လေသည်။

ဇန်းမော်ဆရာတော်သည် ထိုအမိန့်ပြန်တမ်းကို တွေ့ရှိဖတ်မိတော့သည်။ ဇန်းမော်ဆရာတော်၏စိတ်ထဲတွင်လည်း ရိုးတိုးရွတလှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ရှမ်းကလေးကျွန်း ဆရာတော်မှာ "ကသည်း"လူမျိုးဖြစ်သည်။ "ကသည်း" လူမျိုးများသည် နေဒဏ်လေဒဏ်နှင့်တကွ အပင်ပမ်း ဆင်းရဲအမျိုးမျိုးကို ခံနိုင်စွမ်းရှိသည်။ ဒါကြောင့် မပြောပလောက်သည့် လဟုက အာပတ်လေးကို ရေးကြီးခွင့်ကျယ်လုပ်၍ "ထီးမဆောင်းရ၊ ဘိနပ်မစီးရ" ဟူသော အမိန့်ပြန်တမ်းကို ထုတ်ဆင့်ခြင်းဖြစ်သည်ဟု ဇန်းမော်ဆရာတော်က ယူဆသည်။

နောက်ပြီး ဇန်းမော်ဆရာတော်က မြန်မာလူမျိုး ရဟန်းသာမဏေများသည် "ကသည်း"လူမျိုး ရဟန်း သာမဏေများလောက် အပင်ပမ်း အဆင်းရဲ ခံနိုင်စွမ်းမရှိ "ဂရုက အာပတ်" ကြီးလေးသည့် ဝိနည်းပညတ်ချက်များကိုသာ မကျိုးမပေါက်အောင်အလေးဂရုပြုသင့်ကြောင်း၊ ထီး၊ ဘိနပ်မစီး မဆောင်းမှု၍ မြို့တွင်းရွာတွင်းသွားမိပါက ဥတုသပ္ပါယ မမျှပဲ ရောဂါဘယထူပြောနိုင်ကြောင်း၊ သာသနာတော်အရှည်လေးမြင့်စွာ ထမ်းရွက်နိုင်မည်မဟုတ်ကြောင်း သဘောတော်ရရှိလေသည်။

ထို့ကြောင့်ပင် ဇန်းမော်ဆရာတော်သည် နန်းတော်တွင်းရှိ လှေသင်းအတွင်းဝင် ဦးချိန်၏ အိမ်အနီးသို့ အောက်ဖော်ပြပါ အဆုံးသတ်ပါရှိသော ပြန်တမ်းသိမ်းအမှုငြိမ်း "ဝိနစ္ဆယသြဝါဒ" စာချိုးတပုဒ်ကို ပစ်ခဲ့လေသည်။

www.myanmarcupid.net

ရာဇဝင်ထုံးတမ်း၊ လှမ်းလိုက်သည့် ပြန်တမ်းတော်မှာ၊

စာများတွေဗလချာနှင့်၊ အရာရာပြဆိုချက်ဒို့ရှက်ပါဘိ၊

စာစပ်တဲ့ဝိနည်းကျယ်၊ လယ်ချင်လှမောင်ရှမ်း၊

ထွက်ခဲ့နော် ဘက်ပေါ်လျှင် အမြန်ဖြုတ်မယ်၊

ရှုံးထိပ်ပုတ်တမ်း။ ။

ဤသို့ဖြင့်ဗန်းမော်ဆရာတော်သည် နန်းတွင်းသိအောင် ပစ်စာကို ပစ်သည့်အပြင် ရှမ်းကလေးကျွန်းဆရာတော် သီတင်းသုံးသည့် ကျောင်းဝန်းအတွင်းသို့လည်း အောက်ပါ ရှည်လျားသည့် စာချိုးတပုဒ်ကိုပစ်ခဲ့လေသည်။

တောတွင်းကနကျစ်သိုး၊ ချိုကျိုးမနော်

တော်ရုံတွင်မတွန်ဘဲ၊ ရဲဇာနည် တောဆီကကျော်မလား။

နိုင်ငံတော်တလွှားမှာ ပြိုင်ဘက်ကရှား၊

တက်မယ်လား၊

ထွက်ပါတော့လား၊

မထွက်ဝံ့ ဒို့အနားမှာ၊

ဘာပြုလို့ တွန်သလား၊

မြစ်ကမ်းယံ ရေနားက၊

လူ့ပြည်မှာ ငါတကားဟု

စိတ်ထားကြီးတဲ့တောရဝါ၊ မှားချက်ကနှာ၊

မောင်တို့အဖြစ်ကား ကိုယ်စားရှက်လှပါ။

နောက်များကိုပါ လူ့ဘုံကိုမသိလာချင်နဲ့၊

ခင်တို့ဟာနေရာမြဲမို့၊



www.myanmarcupid.net

နောက်တော်ပါ ဖေါ် သဟဲနှင့်၊

ပြေးရော့တကတဲ။

ဆရာတော်ဆိုလိုသည့်အဓိပ္ပါယ်မှာ ရှမ်းကလေးကျွန်းဆရာတော်ကို နွားနှင့်နှိုင်း၍ ကိုယ်နှင့်တန်ရာတန်ရာမတွန်ပဲ ဤအမိန့်တော်ပြန်တမ်းကို အဘယ်ကြောင့် အဝေးမှနေပြီး တွန်နေပါသလဲ။

ငါနှင့် ရဲဝံ့စွာ ပြိုင်လိုလျှင် အမြန်ထွက်လာပါ၊ မြစ်ကမ်းယံရေနားက လူ့ပြည်မှာ ငါတကားဟု စိတ်ထားကြီးတဲ့တောတွင်းက ရဟန်း သင်မှားနေပြီ၊ သင်တို့ကိုယ်စားရှက်လှသည်။ နောက်များကို လူ့ပြည်လူ့ရွာ မလာချင်ပါနှင့်၊ ဒို့ဒီမှာအမြဲရှိနေတယ်၊ သင့်အဖေါ်အပေါင်းတွေနှင့် ပြေးပေရော့ဟု ဆိုလိုပေသည်။

မင်းတုန်းမင်းကြီးသည် ဤကိစ္စမှာသေးငယ်သောကိစ္စမဟုတ်၊ မိမိကိုယ်တိုင်မှာ သုဓမ္မာဆရာတော်များနှင့် တိုင်ပင်၍ပြုလုပ်ထားသော ပြန်တမ်းဖြစ်သည်။ မိမိကိုယ်တိုင်က မလျှောက်ထားလို၊ သာသနာပိုင်ထံလျှောက်ထား၍ ဤစာများရေးမရေးကို သာသနာပိုင်ဆရာတော်က မေးမြန်းပါရန် မင်းတုန်းမင်းက လျှောက်ထားလေသည်။

သာသနာပိုင်ဆရာတော်က ဗန်းမော်ဆရာတော်အား ခေါ်ယူစစ်မေးသောအခါ ဗန်းမော်ဆရာတော်ဖြေကြားပုံမှာ...

"ပဏ္ဍိတံပညာရှိကို ညေယျ သိရာ၏" ဟူ၍ဖြစ်သည်။ သာသနာပိုင် ဆရာတော်၏ဘွဲ့မှာ ဦးညေယျဖြစ်သည်။

သာသနာပိုင်ဆရာတော်က သုဓမ္မာက လက်ခံထားသော ဝိနိစ္ဆယစာတမ်းကို ဗန်းမော်ဆရာတော် မကျေမချမ်းဖြစ်၍ စာချိုးရေးပြီးကပ်ထားသည်မှာ ဗန်းမော်ဆရာတော်ပင် မဟုတ်ပါလောဟု မေးလေလျှင် ဗန်းမော်ဆရာတော်က....

www.myanmarcupid.net

"ပဏ္ဍိတမရေး" ဟူ၍ ငုံးတိတိဖြေသည်။

သာသနာပိုင်ဆရာတော်က ဗန်းမော်ဆရာတော်၏စကားကို အချက်ပိုင်ပိုင် မရနိုင်သေး၍ လက်ဆုတ်လက်ကိုင် မိစေရန်...

"ပဏ္ဍိတမရေးရင် နှုတ်နဲ့ကော ပြောပေးတာမဟုတ်လား" ဟုမေးသည့်အခါ...

"ပဏ္ဍိတ မသိ" ဟူ၍ငုံးတိတိဖြေကြားတော်မူသည်။ သာသနာပိုင်ဆရာတော်လည်း ညစ်ကျယ်ကျယ်လုပ်နေသော ဗန်းမော်ဆရာတော်အား လက်လျှော့လိုက်ရလေသည်။

***********

www.myanmarcupid.net



# ထပ်၍စာချိုးပြန်ခြင်း

ဗန်းမော်ဆရာတော်သည် ကျောင်းသို့ပြန်ရောက်လျှင် ရောက်ခြင်း ကဗျာတပုဒ်ကို ချက်ခြင်းရေးကာ နန်းတော်ထဲသို့ သွား၍ချထားစေလေသည်။

"တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ကိုမိပြီမှတ်လို့၊ ညာလက်ခတ်တီး၊
ဗုံးစေ့ကိုလှန်၊ အဆံကိုတူနဲ့ထုလို့၊ သေလုအောင် ဘယ်လိုစစ်တော့၊
ပစ်စာရှင်ပညာကြီးကို (–)မှမိဘူး"။

ဟူ၍ ပစ်ပစ်ခါခါ နှစ်နှစ်ကာကာကြီး ရေးလိုက်လေသည်။ ထိုမျှသာမက နောက်ထပ်တပုဒ်လည်း စပ်ဆိုသေးသည်။

"တိုင်းလုံးငယ်ကျော်၊ ဗန်းမော်ဖမ်းလို့စစ်တယ်၊
သည်ခေတ်ဝယ် ကမ္ဘာဆုံးစေတော့၊ သီကုံးသူ ပစ်စာရှင်းကို မင်းတို့သိဘူး"

ဟူ၍ဖြစ်သည်။

www.myanmarcupid.net

မင်းတုန်းမင်းလည်း သာသနာပိုင်ပင်မနိုင်သော ဇန်းမော်ဆရာတော် အတွက် ရှည်ရှည်ဝေးဝေး တွေး၍ တွေး၍ မနေတော့ပေ။

"ဇန်းမော်မြို့သို့ လှေနှင့်ပို့စေ" ဟု အမိန့်တော်ချမှတ်သည်။ မဟာဒဏ်ဝန်တို့လည်း အမိန့်တော်အရ ဇန်းမော်ဆရာတော်အား ဇန်းမော်မြို့သို့ ပို့ရမည့်အကြောင်း လျှောက်ထားလေရာ၊ လျှောလျှောရှူရှူပင် လက်ခံတော်မူသည်။ အကြောင်းမူကား ဇန်းမော်ဆရာတော်သည် သာသနာပိုင်ဆရာတော်ဘုရားနှင့် သုဓမ္မာဆရာတော်များပင် လက်လျှော့ထားရသောသတင်းသည် မြို့တွင်းမြို့ပြင် ဟိုးလေးတကျော် ပျံ့နှံ့နေသောကြောင့် ဇန်းမော်ဆရာတော်၏အထံသို့ ဝင်ထွက်သွားလာဝံ့သူများ နည်းပါးလာတော့သည်။ ဇန်းမော်ဆရာတော်ဆိုလျှင် ဘုရင်ငြိုငြင်သောပုဂ္ဂိုလ်တဦးအနေနှင့် အဝေးမှ ရှောင်ရှားကြတော့သည်။ မှန်ရာကိုမှန်သည့်အတိုင်း ရေးသည် ပြောသည် ဆိုစေကာမူ ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်ကြသဖြင့် ဇန်းမော်ဆရာတော်အတွက် ထောက်ခံဝံ့သည့် ဘက်တော်သားများမရှိသလောက် ဖြစ်သွားရလေသည်။ ထို့ကြောင့်ပင် ဇန်းမော်သို့ လှေနှင့် စုန်ခါနီး၌ စာချိုးတပုဒ် ရေးသားစပ်ဆိုလိုက်သေးသည်။

"ငါ့ကံနယ်ဆိုးပါဘိ၊
နှင့်အမေ(–)တဲ့ကံရယ်၊
ငါ့ (လဆီး ) ပါမှ...
ငါ့ချည့်သာကျန်တော့တယ်"

နောက်ဆုံးတွင်ကား ဇန်းမော်ဆရာတော်သည် ဇန်းမော်မြို့သို့ နယ်နှင်ဒဏ်ခံရလေတော့သည်။

***********

www.myanmarcupid.net



# လှေပေါ်မှ ကဗျာတပုဒ်

ဗန်းမော်ဆရာတော်အား ဗန်းမော်မြို့သို့ မင်းတုန်းမင်းဘုရင်က နယ်နှင်ဒဏ်ပေးလိုက်သည်တွင် ဘုရင်မင်းမြတ်အမိန့်တော် သတ်မှတ်သည့်အတိုင်း လှေသင်းအတွင်းဝန် ဦးချိန်က အစစ အရာရာ လိုလေးသေးမရှိရအောင် စီမံခန့်ခွဲရလေသည်။

ရွက်တိုက်လှေကြီးတစင်း၊ လှေထိုးသား ၃ဦး၊ ကပ္ပိယ ၂–ဦး၊ လမ်းတွင် ချက်ပြုတ်ဆက်ကပ်ရန် ဆွမ်း၊ ဆန်၊ ဆီ၊ ငရုတ်၊ စသည့် ရိက္ခာများကို လိုလေသေးမရှိအောင် လှေသင်းအတွင်းဝန် ဦးချိန်က အသင့်စီမံထားလေသည်။

မဟာဒဏ်ဝန်နှင့် မဟာဒဏ်ဝန်စာရေးတို့က အစီအစဉ်ရှိသည့်အတိုင်း နာရီစောင့်ပြီး ဗန်းမော်ဆရာတော်ကို ပင့်ဆောင်ခဲ့ကြလေသည်။

ဆရာတော်၏တပည့်တပန်းများဖြစ်ကြသည့် ရဟန်းသာမဏေများ၊ ဗန်းမော်ဆရာတော် ဗန်းမော်မြို့သို့ ကြွရတော့မည်ဟု ကြားသိကြရသည့် ဆွမ်း ကွမ်း “ဂေါစရဂါမ်” တပည့် တကာ တကာမများ ကျမျက်ရည်များ သိမ်းဆီးကာ ဆရာတော်၏ နောက်မှ လိုက်ပါပို့ဆောင်ကြလေသည်။

www.myanmarcupid.net

ထိုခေတ်တွင် မြင်းရထားယာဉ် အနည်းငယ်ရှိသော်လည်း ဆရာတော်သည် မြင်းရထားယာဉ်စီးတော်မမူပဲ မြို့လူထု တကာ တကာမများ အကြည်ညိုခံပြီး ဘုရင်မင်းမြတ်၏ နယ်နှင်ဒဏ်ကို ပြုံးရွှင်စွာခံယူတော်မူပြီး မဟာဒဏ်ဝန်နှင့် မဟာဒဏ် စာရေးတို့ပင့်ဆောင်ရာသို့ လိုက်ပါကြွချီခဲ့လေသည်။

ဗန်းမော်ဆရာတော် ကြွလာသည်ကို မြင်လျှင် လှေသင်းအတွင်းဝန်ဦးချိန်က မိမိအပြည့်အစုံစီမံထားသည့် လှေကြီးပေါ်သို့ လက်အုပ်ကလေးချီကာ “ဆရာတော် ကြွတော်မူပါဘုရား... အားလုံး အပြည့်အစုံစီမံပြီး ဖြစ်ကြောင်းပါဘုရား” ဟု လျှောက်ထားပြီး ပင့်ဆောင်လေသည်။

ဆရာတော်သည် ပင့်ဆောင်ရာ လှေကြီးပေါ် သို့ ပြုံးရွှင်စွာတက်ရောက်ခဲ့လေသည်။ လိုက်ပါပို့ဆောင်ကြသည့် တပည့်သံဃာတော်များနှင့် တကာ တကာမများ၏ မျက်နှာမှာ ညိုးငယ်နွမ်းလျ မရွှင်ပြသလောက် ဆရာတော်၏မျက်နှာမှာ ကြည်လင်ရွှန်းပလျက် ရှိလှသည်။ ဆရာတော်၏မျက်နှာမှာ အခါတိုင်းထက်ပင် ပြုံးရွှင်နေသည်ဟု ထင်ရသည်။

လှေထွက်ရန် နာရီစေ့ပြီဖြစ် လှေသင်းအတွင်းဝန် ဦးချိန်က စိုက်ထားသည့် ဝါးတိုင်မှ လှေကြိုးကိုအသာဖြေပြီး လှေပေါ်သို့ ပစ်တင်လိုက်သည်။ လှေထိုးသားတို့သည် တက်မကိုယ်စီကိုင်၍ လှုပ်ရှားအားယူနေကြတော့သည်။ လှေထွက်စတွင် ဆရာတော်က လှေသင်းအတွင်းဝန်အား “မင်းတို့မင်းမြတ်က ဘာများသတ်မှတ်မှာလိုက်သေးသလဲ” ဟုမေးရာ...

“မှန်ပါ... လမ်းခုလပ်ဆိုက်ကပ်မည့်မြို့များက တန်ခိုးကြီးဘုရားများ ဆရာတော်ဖူးလိုပါက လှေထိုးသားများ ဆိုက်ကပ်ပေးရန် မှာကြားလိုက်ကြောင်းပါဘုရား” ဟုလျှောက်ထားလေသည်။

www.myanmarcupid.net

ဆရာတော်က "ငါ့ပြောတာမှမဟုတ်ပဲ လှေထိုးသား ပြောတာပဲကွာ" ဟုမိန့်ခဲ့လေသည်။

မိုးလအကုန် ဆောင်းလအကူး တန်ဆောင်မုန်းလထူး၏ နံနက်ခင်းမှာ နှင်းမှုန်ရည်မပျောက်တပျောက်နေရောင် မရောက်တရောက် အချိန်ဖြစ်သည်။ လှေကြီးကား ကမ်းနားမှရွေ့လျား၍ ထွက်ခွါနေပေပြီ။

ဇန်းမော်ဆရာတော်သည် လှေထွက်၍ မလှမ်းမကမ်းအရောက်တွင် စာချိုးတပုဒ်ပါရှိသည့် ပေလိပ်ကလေးကိုလှေသင်းအတွင်းဝန်အနီးသို့ ပစ်ချခဲ့လေသည်။

ထိုစာချိုးမှာ...

ဇန်းမော်ကိုနှင်
မောင်လွင်လူမိုက်က
မုန်းလိုက်ပါဘိ၊
နေရစ်ကြနော်
နောင်ခါသော်
မှားပီဘုရားလို့
ကြားယောင်ပါ၏။

ဟူသတည်း။

မင်းတုန်းဘုရင်၏ ငယ်နံမည်မှာ မောင်လွင်ဖြစ်သည်။ ဇန်းမော်ဆရာတော် လှေပေါ်မှာ စပ်သော ကဗျာတွင်ပင် ဘုရင်ကို ငယ်နာမည်ခေါ်၍ နှက်လိုက်သော သတ္တိကား အာဂသတ္တိပင်တည်း။

************

www.myanmarcupid.net



# ဗန်းမော်ဆရာတော် ပုဂံဘုရားများဖူးလိုခြင်း

ဗန်းမော်ဆရာတော်သည် ဗန်းမော်မြို့သို့ ဆန်တက်ခဲ့ရာတွင် မင်းတုန်းမင်းက ဆရာတော် အစားအသောက်ကောင်းကြောင်းနှင့် အလွန်ဘုန်းပေးနိုင်ကြောင်း ကြိုတင်သိပြီးတဲ့အတိုင်း လိုလေးသေးမရှိအောင် စီမံစေခဲ့ရာ ဆရာတော်မှာ လမ်းခရီး၏ ရှုခင်းများကိုကြည့်၍ ကြည်နူးခြင်းများစွာ ကျေနပ်နှစ်သိမ့်တော်မူသည်။

ဤသို့ အေးချမ်းငြိမ်သက်လှသော ခရီးတွင် ဆရာတော်သည် ကဗျာဉာဏ် ကွန့်မြူးမိမှာမလွဲပေ။ သို့သော် ဤသို့သာယာသော ရှုခင်းများကို စပ်ဆိုသောကဗျာများသည် မှတ်တမ်းအဖြစ်မရှိခဲ့ပေ။ ဆရာတော်၏အတိုက်အခိုက် အနောက်အပြောင် ကဗျာများသာ ထင်ရှားနေခဲ့သည်မှာ အံ့သြစရာကောင်းလှသည်ထက် စဉ်းစားဘွယ်တရပ်ဖြစ်ပေသည်။

ဤသို့နှင့် စိတ်ချမ်းမြေ့ဘွယ်ရာသော ရေလမ်းခရီးကို ၁၀ညအိပ်မျှ ဆန်တက်မိသည်နှင့်ပဲ့နင်းကြီးက ဆရာတော်အား လျှောက်ထားသည်။

"ဆရာတော်ဘုရား ညောင်းညာတော်မူသလားဘုရား့"



www.myanmarcupid.net

"မသွောင်းပါဘူးကွာ၊ အလွန်ပဲစိတ်ချမ်းသာလှတယ်။ နေပြည်တော်မှာဆိုရင် ဟိုအကြောင်းကြားရ၊ သည်အကြောင်းကြားရနဲ့ စိတ်မချမ်းသာဘူးကွ၊ အခုတော့ နားလဲ ချမ်းသာတယ်၊ စိတ်လဲချမ်းသာတယ်"

"မှန်လှပါဘုရား... နက်ဖြန်ညနေဆိုရင် ဇန်းမော်မြို့ကို ရောက်တော့မှာပါဘုရား"

"ဟေ...ဟုတ်လား၊ ဒီလိုဆို ဇန်းမော်မရောက်ခင် ဘုရားဖူးချင်သေးသကွာ"

"မှန်ပါဘုရား အမိန့်တော်ပါပါတယ်။ ဇန်းမော်မရောက်ခင် ဆရာတော် ဖူးချင်တဲ့ ဘုရားကို ဖူးခွင့်ပြုဘို့ပါဘဲဘုရား"

"အေး... ဟန်ကျတယ်ကွ၊ ငါကလဲ တခေါက်မှ မရောက်ဘူးလို့မို့ ပုဂံဘုရားတွေ ဖူးချင်နေတာကြာနေပြီ၊ ငါ့ကို ပုဂံဘုရားဖူးရအောင်ပို့ပေးစမ်းကွာ"

ပွဲနင်းကြီးသည် မျက်လုံးများပင် ပြူးသွားလေသည်။

"မှန်လှပါ၊ ပုဂံဘုရားများမှာ မန္တလေးအောက်ဘက်ကို စုန်ဆင်းရမှာပါဘုရား၊ အလွန်ဝေးကွာလှပါတယ်"

ဇန်းမော်ဆရာတော်က မျက်နှာတင်းမာစွာဖြင့်....

"ငါ့ကို ပုဂံဘုရားဖူးရအောင် ပို့မှာသာပို့ကွာ"

ပွဲနင်းကြီးသည် မျက်စေ့မျက်နှာ ပျက်ပျက်နှင့်...

"မှန်လှပါဘုရား၊ နေပြည်တော်ကို ဖြတ်ကျော်စုန်ဆင်းသွားရင် တပည့်တော်တို့ ရာဇဒဏ်ထိမှာ သနားတော်မူပါဘုရား"

ဇန်းမော်ဆရာတော်သည် ပိုရှဲဒေါသဖြစ်လာဟန်ဖြင့်....

"ဟေ့...တကာ၊ မင်းတို့ဘုရင်က ဘယ်လိုအမိန့်ပေးလိုက်သလဲ"

www.myanmarcupid.net

"မှန်လှပါ၊ ဗန်းမော်မရောက်ခင် ဆရာတော်ဘုရား ဖူးမျှော်ချင်တဲ့ ဘုရားများကို ဖူးမျှော်ခွင့်ပေးပါလို့ အမိန့်တော်ပါပါတယ်ဘုရား"

"အေး... ငါ ဗန်းမော်ရောက်ပြီလား"

ပွဲနင်းကြီးသည် တုန်လှုပ်စွာဖြင့် "နက်ဖြန်ရောက်ပါတော့မယ်ဘုရား"

ဆရာတော်သည် ပို၍ဒေါသဖြစ်ဟန်ဖြင့် အော်ငေါက်ကာ...

"ရှင်းရှင်းဖြေစမ်းပါကွာ၊ အခု ငါ ဗန်းမော်ရောက်ပြီလား"

"မရောက်သေးပါဘုရား"

"မင်းတို့ ဘုရင့်အမိန့်ကဘာတဲ့"

"ဗန်းမော်မြို့ကိုမရောက်မီအတွင်းပါဘုရား"

"ဘယ်ဘုရားကိုပို့ရမယ် သတ်မှတ်သေးသလား"

"ဘယ်ဘုရားကိုမှ သတ်မှတ်မပေးပါဘုရား၊ အရှင်ဘုရား ဖူးချင်တဲ့ဘုရားလို့ အမိန့်တော်ပေးပါတယ်ဘုရား"

"အေး... ငါ အခု ဗန်းမော်မရောက်သေးဘူး၊ ငါဖူးချင်တဲ့ ဘုရားက ပုဂံဘုရား၊ မင်းတို့ဘုရင့်အမိန့်အရ ငါပြောတာဘဲ၊ ငါ့ကို ပုဂံလိုက်ပို့ ဒါဘဲ"

ဆရာတော်သည် ဤသို့ မိန့်တော်မူပြီး သပ်ရပ်စွာ ပြုပြင်ထားသော အိပ်ဆောင်သို့ ဝင်သွားလေသည်။ ပွဲနင်းကြီးသည် ဆရာတော်ထံမှ ထွက်လာခဲ့ပြီး လှေထိုးသားများအား အကျိုးအကြောင်းပြောပြရာ၊ လှေထိုးသားများမှာ ရာဇဝတ်ဘေးနှင့် မုချတွေ့ရတော့မည်။ ဆရာတော်ကို အသနားခံ လျှောက်ထားမည်ဟု တိုင်ပင်ကြကာ ဆရာတော်ဘုရား၏ အိပ်ခန်းဆောင်အနီးတွင် ရုံးစုရုံးစုနှင့် ဆရာတော် အိပ်ရာမှ ထမည့်အချိန်ကို စောင့်မျှော်နေကြသည်။ ဆရာတော်သည် လူသံသူသံများကြားသဖြင့် အိပ်ဆောင်မှထွက်လာပြီး...

"ဟေ့... ဘာဖြစ်နေကြတာလဲကွ"

www.myanmarcupid.net

"မှန်လှပါ၊ တပည့်တော်တို့ ရာဇဝတ်ဘေးကို သနားသဖြင့် ကယ်တင်တော်မူပါဘုရား"

"ဘာဖြစ်လို့ ရာဇဝတ်သင့်ရမှာလဲကွ၊ မင်းတို့ဘုရင့်အမိန့်အတိုင်း လုပ်ရတာဘဲ"

"မှန်လှပါ၊ နေပြည်တော်ကိုဖြတ်ကျော်ပြီး စုန်ဆင်းရင် အမှန်ပင် ရာဇမာန်ရှမှာ ကြောက်ရပါတယ်ဘုရား။ တပည့်တော်တို့ကို သနားတော်မူပါဘုရား" ဟု အလွန်ထိတ်လန့်သော မျက်နှာများနှင့် ဝိုင်းဝန်းလျှောက်ထားလေလျှင် ဆရာတော်သည် အတန်ငယ်တွေဝေနေပြီးမှ...

"အေး... မင်းတို့ကို သနားလို့ ငါအလျှော့ပေးလိုက်မယ်။ ရှင်ဘုရင့်အမိန့်ဆိုတာ တိတိကျကျရှိရတယ်ကွ၊ ပေါ့ပေါ့ဆဆ မလုပ်ရဘူး၊ ငါလဲ အဲဒီလိုပြောမိလို့ ဗန်းမော်အပို့ခံရတာဘဲ" ဟု ပြုံးရွှင်စွာပြောလေသဖြင့် ပဲ့နင်းကြီးနှင့်တကွ လှေထိုးသားများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသတည်း။

*************

www.myanmarcupid.net

## ငယ်ပါလိုမနေတတ်လို့ပုံပြင်

ဗန်းမော်ဆရာတော်သည် လေ့ထိုးသားများအား တဆက်ထည်းပင် မိန့်ကြားသည်မှာ...

"အေး.. ငါ့မလဲ သူများတွေသာ ဆုံးမနေရတာ၊ ငါ့ဟာငါကျတော့ ငယ်ပါလို မနေတတ်လို့ အခုလို ဗန်းမော်အပို့ခံရတာပေါ့ကွာ" ဟု ရယ်ရယ်မောမော ပြောဆိုလေသဖြင့် ပဲ့နင်းကြီးနှင့်တကွ လေ့ထိုးသားများမှာ ဆရာတော်အပေါ် ပြောရဲဆိုရဲ ရှိလာကြသဖြင့်...

"မှန်လှပါ၊ ငယ်ပါလိုမနေတတ်လို့ ဆိုတဲ့ အကြောင်း တပည့်တော်တို့ မှတ်သားရအောင် အမိန့်ရှိပါဘုရား"

"ဟ... ဘာခက်လို့လဲ၊ မင်းတို့ စဉ်းစားကြည့်ပါလား၊ ငယ်ပါများကိုကြည့်စမ်း... ထိုင်နေနေ၊ ထနေနေ၊ အိပ်နေနေ၊ ပြေးနေနေ၊ ဂျွမ်းထိုးနေနေ၊ သူ့ကိုမထိမခိုက်အောင်နေတတ်တယ် မဟုတ်လား"

"အေး... ငါကတော့ ငယ်ပါလို မနေတတ်လို့ ဗန်းမော်အပို့ခံရတာပေါ့ကွာ"ဟု ပြောပြလေရာ ပဲ့နင်းကြီးနှင့် လေ့ထိုးသမားများမှာ သဘောပေါက်စွာဖြင့် တဟားဟား ရယ်မောရလေတော့သည်။

************

www.myanmarcupid.net



# ပညာကိုအယူမှားလို့ ရှမ်းမယားဖြစ်ရသောပုံပြင်

ဆရာတော်က ဆက်လက်၍မိန့်တော်မူသည်မှာ "မင်းတို့ ရှင်ဘုရင်မသေမချာလုပ်တိုင်း ငါပြောနေရတော့ ငါ့ကို လူဆိုးလို့ ထင်ကြတယ်။ လွှတ်တော်ဝန်ကြီးလေးပါးမှာ ချိုကြိုးနားရွက်ပဲ့တွေထားတာ၊ သုဓမ္မာဆရာတော်တွေကို သူထင်ရာခန့်တာ၊ ရှမ်းကလေးကျွန်းဆရာတော် ဝိနိစ္ဆယစာတမ်းကို ထုတ်ပြန်တာတို့၊ သူမသေချာသမျှ ငါပြောရတာ ငါအဆိုးကျတယ်၊ အခုလဲကြည့်ပါလား၊ ပညာကိုအယူမှားလို့ ရှမ်းမယားဖြစ်ရသလို မင်းတို့ကိုပေးလိုက်တဲ့ အမိန့်အတိုင်းသာ ငါလုပ်ရရင် ငါလဲလူဆိုးဖြစ်၊ မင်းတို့လဲ ရာဇဒဏ်သင့်မှာ အမှန်ဘဲ" ဟု ညွှန်ကြားရာ ပရိတ်သတ်များက...

"အရှင်ဘုရား အမိန့်ရှိတဲ့ ပညာကို အယူမှားလို့ ရှမ်းမယား ဖြစ်ရတဲ့ ပုံပြင်ကို တပည့်တော်တို့ကို မှတ်သားရန် မိန့်တော်မူပါဘုရား"

www.myanmarcupid.net

ဟုလျှောက်ထားပြန်ရာ ဆရာတော်က စိတ်ရှည်လက်ရှည် အောက်ပါပုံပြင်ကို မိန့်တော်မူလေသည်။

ရှေးအခါက ရွာတရွာတွင် နေထိုင်ကြသော လင်မယားနှစ်ယောက်ရှိလေသည်။ အခါတပါးတွင် လင်သားသည် စီးပွားရေးအတွက် အောက်ပြည်အောက်ရွာသို့ ခရီးထွက်ရမည် ရှိသောအခါ မယားအား တကြိမ်တခါမှခွဲ၍ မသွားဘူးသဖြင့် အစစမှာကြားနေလေသည်။

မှာကြားသောစကားများမှာ များပြားလွန်းသဖြင့် မယားမှာ မမှတ်မိနိုင်လောက်အောင်ဖြစ်နေသည်။ မမှတ်မိတိုင်း လင်သားကိုမေး၍ မေး၍နေရာ ခရီးထွက်မည့် အာရုံတက်အချိန်သို့ပင် တိုင်လေသည်။

လင်သားမှာ မကြာခဏ ရှင်း၍ရှင်း၍ပြနေရသဖြင့် စိတ်မရှည်နိုင်တော့ဘဲ လိုရင်းကို တိုတိုပင်မှာခဲ့သည်။

"ကဲ...ကဲ... အတိုချုပ်မှတ်ထား၊ ပညာနဲ့သာ အမြဲနေ" ဟု ခတ်တိုတိုပင် မှာခဲ့တော့သည်။

လင်ယောကျ်ား ခရီးထွက်သွားပြီးနောက် လင်၏စကားကို မြေဝယ်မကျ နားထောင်လိုသော မယားက (ပညာနဲ့သာ အမြဲနေ) ဟူသော မှာစကားအတိုင်း မိမိလင်ယောကျ်ား ပြန်လာလျှင် မှာကြားသည့်အတိုင်း ပညာနဲ့မနေပါလျှင် မိမိအပေါ် အပြစ်တင်တော့မည်ကိုစိုးရိမ်သဖြင့် အိမ်နီးနားချင်းဖြစ်သည့် ရှမ်းလူမျိုးကိုပညာကို တောင်းတောင်းပန်ပန် အိမ်ပေါ်သို့ ခေါ်ထားပြီး ရှမ်းလူမျိုး ကိုပညာနှင့် သွားအတူ၊ လာအတူ၊ စားအတူမှုမက အိပ်အတူပင် ဖြစ်နေကြတော့သည်။ လင်သား၏အတိုချုပ်စကား မှတ်သားမိသောမယားမှာ ပညာကိုအယူမှားလို့ ရှမ်းမယား ဖြစ်ရလေတော့သည်။

ဆရာတော်၏ပုံပြင်ဆုံးသဖြင့် ပရိတ်သတ်မှာ ပြုံးရယ်ကြရတော့သည်။ ဆရာတော်က ဆက်လက်၍အမိန့်ရှိသည်မှာ....

www.myanmarcupid.net

"မင်းတို့ဘုရင် မသေမချာမှာတဲ့ စကားအတိုင်း ငါလိုက်လုပ်ရရင် မင်းတို့ဘဲ ရှမ်းမယားဖြစ်မလား၊ ငါဘဲ ရှမ်းမယား ဖြစ်မလားတော့ မသိဘူး" ဟု ရယ်မောရင်းမိန့်တော်မူသည်။

*************

www.myanmarcupid.net



# ဆုတဆယ့်ငါးပါးရသော တကာမကြီး

ဗန်းမော်မြို့သို့ ရောက်လေလျှင် နေပြည်တော်မှ ပညာတတ်ထေရ်အကျော် ဆရာတော်တပါးဖြစ်၍ ကိုးကွယ်သည့်သူ အလွန်များပြားလေသည်။ အခါတပါးတွင် ဒါယကာမကြီးတယောက် ဆွမ်းအုပ်များလာ၍လှူဒါန်းရာ ဆရာတော်က...

"များများကုသိုလ်ရအောင် များများစားရတာပ"

ဟုအမိန့်ရှိပြီး အားပါးတရ ဘုဥ်းပေးတော်မူလေသည်။ ဆရာတော် အားပါးတရ ဘုဥ်းပေးသည်ကို မြင်ရသော ဒါယကာမကြီးမှာ များစွာကျေနပ်၍...

"အရှင်ဘုရား... များများဘုဥ်းပေးတော့ တပည့်တော်မ ဝမ်းသာတာဘဲဘုရား၊ နက်ဖြန် ဆွမ်းအုပ်လာပို့ပါဦးမယ်၊ ဒီထက်များများကြီး ချက်ခဲ့မယ်ဘုရား များများကြီး သုံးဆောင်ပါဘုရား"

"အေး... များများလှူတော့ များများကုသိုလ်ရတာပေါ့"

နောက်တနေ့တွင် ဒါယကာမကြီးပင် ဆွမ်းနှင့် ဆွမ်းဟင်းများကို များများကြီးချက်ခဲ့ရာ ဆရာတော်မှာ ကုန်အောင်ပင် ဘုဥ်းပေးတော်မူသဖြင့် ဗန်းမော်သူ ဒါယကာမကြီးက "တပည့်တော်မ ကုသိုလ်များများ လိုချင်လို့

www.myanmarcupid.net

များများကြီးချက်ခဲ့တာ၊ ဆရာတော် အားပါးတရ ဘုဉ်းပေးတော့ တပည့်တော်မ သိပ်ပြီးဝမ်းသာတာဘဲ ဘုရား၊ တပည့်တော်မကို ဆုတွေ များများကြီး ပေးတော်မူပါဘုရား"

ဆရာတော်မှာ ဒီတခါမှ မျက်လုံးပြူးချေပြီး...

"အင်း... တကာမကြီး ဆွမ်းတွေများများ ဘုန်းပေးထားတော့ ဆုတွေ များများကြီးပေးစေချင်တာလဲ ဟုတ်ပါရဲ့၊ ကျုပ်ကလဲ များများကြီးပေးချင်ပါရဲ့၊ ဒါပေမဲ့ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဆွမ်းအကျိုးက ငါးပါးဘဲရှိတော့ ကျုပ်ကပိုပေးချင်လို့ မရဘူး တကာမကြီးရဲ့၊ အဲဒီတော့ ဘုရားဟောခဲ့တဲ့ ဆွမ်းအကျိုး ငါးပါးကို တကာမကြီး ရမှာက အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ ဉစ္စာပစ္စည်းများခြင်း စတဲ့ အကျိုးငါးပါးနဲ့ တလုံးတဝတည်း ပြည့်စုံစေဗျား"

ဗန်းမော်သူဆွမ်းအမကလည်း ဆုငါးပါးကို အားရကျေနပ်စွာပင် ဆွမ်းအုပ် ဆွမ်းအိုးတို့ကို တောင်း၌ထည့်ပြီး ကျောင်းအောက်ထပ်၌ တအောင့်တနား နားနေလေသည်။

မကြာမှပင် အခြားတကာမတဦးသည် ရေအိုးတလုံးရွက်လာပြီး ဆရာတော်အားလာရောက်၍ လှူဒါန်းပြန်သည်။ ဆရာတော်က ရေလှူရသောအကျိုးမှာ ဆယ်ပါးသောအကျိုးကို မတောင်းဘဲနှင့်ရသည်။ ရေသည် အရေးကြီးသော ပစ္စည်းဖြစ်၍ အကျိုးဆယ်ပါးကို မတောင်းဘဲနှင့်ရသည်။

၁၊ စင်ကြည်ခြင်း

၂၊ လျှင်မြန်ခြင်း

၃၊ ကျော်စောခြင်း

၄၊ မွတ်သိပ်ခြင်းမှ ကင်းခြင်း

၅၊ အခြံအရံများခြင်း

www.myanmarcupid.net

၆၊ အသက်ရှည်ခြင်း

၇၊ အဆင်းလှခြင်း

၈၊ ခွန်အားကြီးခြင်း

၉၊ ပညာကြီးခြင်း

၁၀၊ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝခြင်း **စသော အကျိုးဆယ်ပါး ရရှိ ကြောင်း ဟောကြားတော်မူလိုက်လေသည်။**

ဗန်းမော်သူဆွမ်းတကာမသည် ရေလှူသူဆင်း၍အသွားကျောင်းပေါ်သို့ပြန်တက်လာပြီး ဆရာတော်ရှေ့၌ ဆောင့်ကြီးအောင့်ကြီးထိုင်၍...

"ဆရာတော်ဘုရား မတရားဘူးဘုရား"

ဗန်းမော်ဆရာတော်မှာ ဘာများဖြစ်လာပါလိမ့်ဟု အံ့သြ၍ နေသည်။

"တပည့်တော်မမှာ ချက်လိုက်ရတဲ့ဆွမ်း၊ ချက်လိုက်ရတဲ့ဆွမ်းဟင်း၊ များများလှူရင် များများရတယ်ဆိုလို့ များများကြီးချက်လာတော့လဲ ဆရာတော်ဘုရားက ဆုငါးပါးထဲပေးတယ်။ တပည့်တော်မ ကျေနပ်ပါတယ်ဘုရား။ ဒါပေမဲ့ မပင်မပန်း ငွေမကုန်ပဲ ကန်ထဲက အလကားရတဲ့ရေခပ်ပြီး လှူတာတော့ အရှင်ဘုရားက ဆုတွေဆယ်ပါးတောင် ပေးလိုက်တယ်၊ ဒါ တရားသလား ဘုရား"

ဆရာတော်မှာ ထိုအခါမှ သဘောပေါက်ကာ ပြုံးနိုင်ရယ်နိုင်လာတော့သည်။

"တကာမကြီး ရေအကျိုးဆယ်ပါးက မတောင်းဘဲနှင့်ရတာ၊ တကာမကြီး ဆွမ်းချက်တော့ ရေနဲ့မချက်ရဘူးလား"

"ရေနဲ့ချက်မှ ဆွမ်းဖြစ်မှာပေါ့ဘုရား"

"ဆွမ်းဟင်းချက်တော့ ရေမပါဘူးလား"

"ရေပါရတာပေါ့ဘုရား"

www.myanmarcupid.net

"တကာမကြီး ရေနွေးကြမ်းကပ်တော့ကောရေကိုဘဲ ကြိုချက်ပြီး လှူရတာဘဲ မဟုတ်လား"

"မှန်ပါ့ဘုရား"

"အဲဒီတော့ တကာမကြီး ဆွမ်း၊ ဆွမ်းဟင်းချက်တုန်းက ရေပါခဲ့တာရယ်၊ ရေကို ကြိုချက်ပြီးကပ်တာရယ်၊ အဲဒီ ရေအကျိုးဆယ်ပါးက မတောင်းဘဲနဲ့ ရပြီးသားဘဲ၊ ဆွမ်းအကျိုးငါးပါး ထပ်ပေါင်းလိုက်တော့ တကာမကြီးမှာ အကျိုး တဆယ့်ငါးပါးတောင်ရနေပြီဘဲ"

ဇန်းမော်သူ တကာမမှာ ထိုအခါမှ သဘောကျစွာ ပြုံးရယ်လာပြီး...

"ဒီလိုဆို တော်သေးတာပေါ့ ဘုရား"

ဟုကျေနပ်စွာ ပြောဆိုရင်း ဝတ်ပြု၍ ကျောင်းပေါ်မှ ဆင်းသွားတော့သည်။ နေပြည်တော်တွင် စွာခဲ့သမျှ ဇန်းမော်ကျမှ ဆုဆယ့်ငါးပါးရအောင် ကြံဖန်၍ပေးလိုက်ရသော မိမိ၏အဖြစ်ကို မိမိတွေးမိရင်း တပါးတည်း ပြုံးမိလေသတည်း။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်ကို အရေးယူ ဗန်းမော်သို့ ပို့ရသနည်း

မင်းတုန်းမင်းတရားကြီးသည် သာသနာရေး ဘက်တွင်၎င်း၊ ပညာရှိများကို ဆည်းကပ်ကိုးကွယ်မှုတွင်၎င်း၊ အလွန်ချီးကျူးဘွယ်သော မင်းတပါးပင်ဖြစ်သည်။ ဗန်းမော်ဆရာတော်နှင့် မင်းတုန်းမင်းတို့သည် သက်တော်မတိမ်းပင် ရှိကြလေသည်။ ဗန်းမော်ဆရာတော် (၁၁၆၈–၁၂၃၉) နှင့် မင်းတုန်းမင်း (၁၁၇၆–၁၂၄၁) တို့ ဖြစ်ကြသည်။

မင်းတုန်းမင်းသည် ဗန်းမော်ဆရာတော်၏အကြောင်းကိုငယ်သိ၊ အစင်းသိဖြစ်သည်။ နော်တော်ပုဂံမင်းလက်ထက် သာသနာပိုင်ဆရာတော်ဘုရား၏ ဖြတ်ထုံးရေးရဟန်း၊ စာဆိုရဟန်းဖြစ်၍ ဗန်းမော်ဆရာတော်သည် ရဟန်းပျိုဘဝကပင် ထူးခြားသောပုဂ္ဂိုလ်ဖြစ်၍ ထင်ရှားသောကိုယ်တော် ဖြစ်ရသည်မှာ မလွဲပေ။ ဗန်းမော်ဆရာတော်၏တိကျပြတ်သားစွာ ဆန့်ကျင်တတ်သောသဘောကြောင့်၊ သုဓမ္မာဆရာတော်များ အဖွဲ့တွင် မထည့်သွင်းဝံ့၍သာ မထည့်သွင်းခြင်းဖြစ်ပေလိမ့်မည်။

www.myanmarcupid.net

ဇန်းမော်ဆရာတော်အားကိုးကွယ်မှု၊ ဇန်းမော်ဆရာတော်အပေါ် သည်းခံမှုတို့ကိုကြည့်ရှုလျှင် ဇန်းမော်ဆရာတော်က ကိုယ်ရေးကိုယ်တာ၊ လူကဘုန်းကြီး (–) ကခါးပြပြဟူ၍ ပြစ်ပြစ်နှစ်နှစ် ဆိုလိုက်ခြင်းကိုလည်း ပြုံးပြုံးကြီးသာ ခံခဲ့သည်။ လွှတ်တော်ဝန်ကြီးများအား ချိုကျိုးနားရွက်ပဲ့များဖြစ်အောင်ဖော် ထုတ်မှုတွင်၎င်း၊ သုဓမ္မာဆရာတော်များကို ပျက်ရယ်ပြုရာတွင်၎င်း၊ မင်းတုန်းမင်းသည် ခတ်မဆိတ်နေခဲ့ခြင်း၊ ဇန်းမော်ဆရာတော်အား ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း မလျော့ပါးကြောင်းကိုထောက်၍ သိသာပေသည်။

*************

## *အဘယ်ကြောင့် ဇန်းမော်သို့ ပို့ရသနည်း*

သို့ဖြစ်လျှင် ဇန်းမော်ဆရာတော်အား အဘယ်ကြောင့် နယ်နှင်ဒဏ်ပေးလိုက်သနည်း။ ဤအချက်သည် အရေးကြီးပေသည်။ မင်းတုန်းမင်းကိုယ်တိုင်က ရှမ်းကလေးကျောင်းဆရာတော်အား ပြုစုစေခဲ့သော ဝိနိစ္ဆယစာတမ်းကို သုဓမ္မာဆရာတော်များ စစ်ဆေးကြည့်ရှုအတည်ပြု၍ သာသနာပိုင်ဆရာတော်၏ အတည်ပြုချက်ထပ်မံရယူပြီး တိုင်းပြည်ရှိ ရဟန်းသံဃာအားလုံးကို လိုက်နာရန် ထုတ်ပြန်လိုက်သော အချိန်ကျခါမှ ဇန်းမော်ဆရာတော်က ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းမှာ မင်းတုန်းမင်း၏ဂုဏ်သိက္ခာကို၎င်း၊ သုဓမ္မာဆရာတော်များ၏ ဂုဏ်သိက္ခာကို၎င်း၊ များစွာကျဆင်းစေသည့် ကိစ္စဖြစ်လာသည်။ ထိုကိစ္စအတွက် မင်းတုန်းမင်းတွင် သော်၎င်း၊ သုဓမ္မာဆရာတော်များတွင် သော်၎င်း၊ ဂုဏ်သိက္ခာကျဆင်းမှုအတွက် အဖတ်ဆယ်ရန် ဇန်းမော်ဆရာတော်အား ဝန်ခံတောင်းပန်စေရလျှင် ဇန်းမော်ဆရာတော်မှာလည်း ဂုဏ်သိက္ခာကျဆင်းသွားမည်မဟုတ်ဘဲ၊ မင်းတုန်းမင်းနှင့်တကွ သုဓမ္မာဆရာတော်များ၏ သိက္ခာကို ဆယ်နိုင်ပေလိမ့်မည်။ သာသနာပိုင်ဆရာတော်အား တွေ့ဆုံ စစ်ဆေးမေးမြန်း၍ မိမိရေးကြောင်း ဝန်ခံစေရန် စီမံခဲ့သော်လည်း



www.myanmarcupid.net

ဗန်းမော်ဆရာတော်သည် ဝန်မခံရုံမျှမက သာသနာပိုင်ဆရာတော်အား လျှင်ပင်...

"တိုင်းလုံးငယ်ကျော်၊
ဗန်းမော်ကိုမိပြီမှတ်လို့၊
ညာလက်ခတ်တီး၊
ဖေးစေ့ကိုလှန်၊
အဆံကိုတူနဲ့ထုလို့၊
သေလုအောင် ဘယ်လိုစစ်တော့၊
ပစ်စာရှင်ပညာကြီးကို
(–)မှမိဘူး"။

ဟူ၍ပင် သာသနာပိုင်ဆရာတော်ဘုရားအား ပြန်လှန်၍ ကော်လိုက်သောအခါ မင်းတုန်းမင်း၊ သုဓမ္မာဆရာတော်များသာ မကတော့ပဲ၊ သာသနာပိုင် ဆရာတော်ဘုရားပင်လျှင် ဂုဏ်သိက္ခာ ကျဆင်းရပေတော့သည်။

ဤသို့ပင်မည်သူမျှ မနိုင်နိုင်အောင် မည်သူမျှပင် မကြောက်၊ ဂရုမစိုက်၊ ရိုသေမှု၊ လေးစားမှု၊ ဂါဝရမရှိတော့သော ဗန်းမော်ဆရာတော်ကို နေပြည်တော်တွင် ဆက်လက်ရှိနေပါက ရှေ့အဘို့သာသနာရေးကိစ္စ၊ တိုင်းပြည်ကိစ္စတို့တွင် ဘာမျှလုပ်၍ ရနိုင်တော့မည် မဟုတ်တော့ချေ။ ဤအချက်မှာ မင်းတုန်းမင်းဘက်မှနေ၍ တွက်ကြည့်ရသောအချက်ပင်ဖြစ်သည်။

သာသနာပိုင်ဆရာတော်ဟူသည်မှာ သံဃာ့ရာဇာ သံဃာတို့၏ ဘုရင်ပင် ဖြစ်ရပေမည်။ မင်းတုန်းဘုရင်သည် လူပုဂ္ဂိုလ်တို့အား ဥပဒေအမိန့်ဖြင့် ကွတ်ညှပ်ထုတ်ဆင့် အပြစ်ဒဏ်ပေးသော် သင့်လျော်၏။ ရဟန်းသံဃာများအား မင်းသည် မအုပ်ချုပ်ထိုက် ဟူ၍ သံဃာတော်တို့၏မင်းအဖြစ် သာသနာပိုင်ဆရာတော်တပါး



www.myanmarcupid.net

ရွေးချယ်ခန့်ထားခဲ့ခြင်း ဖြစ်သည်။ အကြောင်းရှိလျှင် တိုင်းပြည်အုပ်ချုပ်သော မင်းသည်ပင်လျှင် သာသနာပိုင် ဆရာတော်၏ သြဝါဒကိုနာခံရပေမည်။ သေပြစ်၊ သေမိန့် ကျပြီးသော ရာဇဝတ်သားများကိုပင် သာသနာပိုင် ဆရာတော်၏ အမိန့်ဖြင့် သေပြစ်၊ သေမိန့်မှ ကင်းလွတ်ခွင့် ပေးနိုင်ပေသည်။

ဤသို့ပင် သံဃာ့ရာဇာဖြစ်သော သာသနာပိုင်ဆရာတော်ကိုပင် ပျက်ရယ်ပြုရုံမျှမက ရန့်ရင်းသောစာချိုးဖြင့် သရော်ပြောင်လှောင်ခြင်း ခံရသည့်အခါတွင် သံဃာတို့အား အုပ်ချုပ်မှု ပျက်ပြားစရာ အကြောင်းတပါး ဖြစ်လာတော့သည်။ ထို့ကြောင့်သာလျှင် ဗန်းမော်ဆရာတော်အား နေပြည်တော်မှ ဝေးရာသို့ နယ်နှင်ဒဏ် ပေးလိုက်ရခြင်း ဖြစ်ပေလိမ့်မည်။

ဤသို့ဗန်းမော်ကိုပို့လိုက်ရသော်လည်း အစစ၊ အရာရာ လိုလေသေးမရှိ ဆွမ်း၊ ကွမ်းမှစ၍ ပြည့်စုံအောင် စီမံပြီးမှ ပို့လိုက်ခြင်းဖြစ်သည်ကိုထောက်၍ ရာဇဝတ်ပြစ်ဒဏ်ဖြင့် ဗန်းမော်သို့ ပို့ခြင်းမဟုတ်၊ သာသနာပိုင်ဆရာတော်၏ဂုဏ်သိက္ခာနှင့် အခြားသံဃာများအပေါ် သြဇာမကျဆင်းစေခြင်းငှာသာလျှင် ဗန်းမော်ဆရာတော်အား ဗန်းမော်သို့ပို့ခြင်းဖြစ်ဟန်တူသည်။ သို့ဖြစ်၍ ဗန်းမော်ဆရာတော်အား ဗန်းမော်သို့ပို့ခြင်းမှာ ပြစ်ဒဏ်အနေနှင့် ပို့ခြင်းမဟုတ်ဘဲ၊ နေပြည်တော်အတွင်းရှိ သံဃာတော်များကို ထိန်းသိမ်းမှုရစေရန်နှင့် ခဏတဖြုတ်မျှ နားအပူသက်သာစေရန် ရည်ရွယ်ဟန်တူပေသည်။

*************

www.myanmarcupid.net



# နေပြည်တော်သို့ပြန်ပင့်ခြင်း

ဖန်းမော်ဆရာတော်သည် လောကဓံကိုလည်းမကြောက်၊ ကြံ့ကြံ့ခံနိုင်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဖန်းမော်မြို့သို့ ရောက်သည့်အခါ၌လည်း ဖန်းမော်မြို့ရှိ ဒါယကာ၊ ဒါယိကာမများနှင့် ပျော်ရွှင်စွာပင်နေခဲ့ကြောင်း ရှေ့ပိုင်းမှ အရိပ်အမြွက်မျှ ဖေါ်ပြခဲ့ပေပြီ။

မင်းတုန်းမင်းလည်း ဖန်းမော်ဆရာတော်အား ဖန်းမော်မြို့သို့ ပို့ခဲ့သည့်ကာလမှာ တန်လောက်ပေပြီဟု သဘောတော်ရရှိ၍ လေသင်းအတွင်းဝန်အား အစီအစဉ် ပြုလုပ်စေပြီးကာ လှေဒါန်းဘွယ်ရာများနှင့်တကွ နေပြည်တော်သို့ ပြန်လည်ပင့်ခဲ့ရန် စေလွှတ်လိုက်လေသည်။

လေသင်းအတွင်းဝန်လည်း ကိုယ်တိုင်ပင်လျှင်ဖန်းမော်မြို့သို့ သွားရောက်ခါ ဖန်းမော်ဆရာတော်အား ဘုရင်မင်းမြတ်က နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရန် အမိန့်တော်ရှိ၍ ရောက်လာခဲ့ရပါကြောင်း လှေတော်များဖြင့်ကြွရောက်ပါရန် လျှောက်ထားသည်။ ဖန်းမော်ဆရာတော်သည် ရှောရှောရှူရှူပင် လှေပေါ် သို့လိုက်ပါခဲ့သည်။

www.myanmarcupid.net

သို့သော်ဇန်းမော်ဆရာတော်သည် မင်းတုန်းမင်းအား အခဲကျေဟန်မတူ။ မင်းတုန်းမင်းနှင့် မျက်နှာချင်းမဆိုင်လို။ မန္တလေးသို့ရောက်ခါမှ လှေပေါ်မှမဆင်းဘဲ စစ်ကိုင်းဘက်သို့ ပို့ပေးရန် လှေသင်းအတွင်းဝန်အား အမိန့်ရှိတော်မူသည်။

လှေသင်းအတွင်းဝန် အခက်ကြုံပေပြီ။

"ဘုရင်မင်းမြတ်က နေပြည်တော်သို့ပင့်ဆောင်လာခဲ့ရန် အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်ထားရပါသောကြောင့် ဂေါဝန်ဆိပ်မှသာ တက်ကြွတော်မူပါရန်" လျှောက်ထားရသည်။

ဇန်းမော်ဆရာတော်က "ဟေ့ မင်းတို့ဘုရင်က မင်းတို့ကိုသာ မန္တလေးပင့်ခဲ့ဘို့ အမိန့်ပေးတာ ငါ့ကိုပင့်တာမဟုတ်ဘူး။ ဒါကြောင့်ငါမလိုက်နိုင်ဘူး။ ငါ့ကို စစ်ကိုင်းဘက်ရောက်အောင်ပို့" ဟု ခတ်ပြတ်ပြတ်ပင် အမိန့်ရှိလိုက်သည်။

ဇန်းမော်ဆရာတော်သည် မင်းတုန်းမင်းအပေါ်တွင် ချစ်ခင်ဟန်၊ လေးမြတ်ဟန်တူပေသည်။ အဘယ်ကြောင့်ဆိုသော် မင်းတုန်းမင်း၏မှားယွင်းချက်များ ရှိသည့်အခါတိုင်း အမြဲတန်း သတိပေးလေ့ရှိသည်။ ဥပမာအားဖြင့် မင်းတုန်းမင်းသည် သာသနာရေး၌ အလွန်ပင်အားထုတ်တော်မူသော်လည်း ကာမဂုဏ်ဘက်၌ မိဖုရားဖါဝကျော် ထားရှိခြင်းကြောင့် မင်းတုန်းမင်း၏နမူနာကိုယူ၍ သားတော်၊ ဝန်ကြီး၊ မှူးမတ်များနှင့် မင်းဆွေ၊ မင်းမျိုးများသည် တလင်တမယားစနစ်ကို လျှစ်လျူရှု၍ သားမယားများ အပြိုင်အဆိုင်ယူကြသော ခေတ်ကြီးဖြစ်နေသည်ကို သတိပေးလို၍ အခွင့်သာသည်နှင့်တပြိုင်နက် မင်းတုန်းမင်းအား "လူကဘုန်းကြီး (–)က ခါးပြ" ဟူ၍ သတိပေးခဲ့သည်။

ထို့ပြင် သုဓမ္မာဆရာတော်များ ခန့်ထားရာတွင် အရည်အချင်း မပြည့်စုံသော ပုဂ္ဂိုလ်များ ရှိနေကြောင်းကို…

www.myanmarcupid.net

မောင်သက်ပန်းက၊ တသန်းသန်းတဝေဝေ၊
မောင်လှထွေမှာ စာပေမသိ၊
မောင်စလင်းမှာတော့ ပျင်းလို့ စာမကြည့်၊
မင်းနန်မှာလူနှင့်နှောတယ် သောသောညံဘိ၊
မဏ္ဍလာ မှူချင်းရာမစုံစမ်းခင်က ငေါက်ငန်းပါဘိ။

ဟူ၍ သက်ပန်းဆရာတော်သည် တရားစီရင်ရာ၌ သန်းဝေတတ်ကြောင်း၊ လှထွေဆရာတော် စာမတတ်ကြောင်း၊ စလင်းဆရာတော် စာမကြည့်ကြောင်း၊ ပုခန်းဆရာတော်ဦးနန္ဒမှာ လူဒါယကာတို့နှင့် အရောတဝင်နေ၍ သောသောညံအောင် စကားပြောလေ့ရှိကြောင်း၊ မဏ္ဍလာရာမဆရာတော်မှာ အမှုအကျိုးအကြောင်းကို မစစ်ဆေးမီကပင် ငေါက်ငန်းလေ့ရှိကြောင်း မင်းတုန်းမင်း သိအောင် ပြောပြခဲ့ပေသည်။

ထို့နောက် လွှတ်တော်ဝန်ကြီးလေးပါးနှင့်ပတ်သက်၍လည်း၊

ပုခန်းမှာ....လေ၊
လောင်းရှည်မှာ....ဓါး၊
ခန်းလတ်မှာ....နား၊
ရေနံတတိုင်ချင်း လင်းပါ့မလား။

ဟူ၍ သတိပေးခဲ့ပြန်သေးသည်။ မင်းတုန်းမင်းသည် တိုင်းပြည်အုပ်ချုပ်ကြရမည့် လွှတ်တော်ဝန်ကြီးလေးပါးရှိရာတွင် ပုခန်းမြို့စားဝန်ရှင်တော်မင်းကြီးမှာ လေနာရောဂါသည်ကြီး ဖြစ်သည်။ လောင်းရှည်မြို့စား ဝန်ရှင်တော်မင်းကြီးမှာမြင်ကွန်း မြင်းခုန်တိုင်အရေးတော်ပုံတွင် ဓါးဒဏ်ရာရှိပြီး မစွမ်းမသန်သူဖြစ်သည်။ ခန်းလတ်မြို့စားဝန်ရှင်တော်မင်းကြီးသည် နားထိုင်းသူဖြစ်၍ လွှတ်တော်ဝန်ကြီးလေးပါးရှိသည့်အနက် သုံးပါးစလုံး တိုင်းပြည်အုပ်ချုပ်မှုတွင် တင်းပြည့်ကျပ်ပြည့် တိုင်းပြည့်တာဝန်ကို ထမ်းဆောင်နိုင်မည်မဟုတ်၊ ရေနံချောင်းမြို့စား



www.myanmarcupid.net

ဝန်ရှင်တော်မင်းကြီးတဦးတည်းနှင့် တိုင်းပြည်ကိစ္စများ ဆောင်ရွက်နိုင်ပါ့မလားဟု သတိပေးခဲ့သည်။

ယခုလည်း မင်းတုန်းမင်းသည် ဗန်းမော်ဆရာတော်ကိုပင့်ရာတွင် အကယ်ပင်နေပြည်တော်သို့ကြွရောက်လိုပါက မင်းတုန်းမင်းကိုယ်တိုင် ပင့်လျှောက်လွှာတစောင်ရေးသား၍ လေ့သင်းအတွင်းဝန်မင်းနှင့် ပေးအပ်ထိုက်သည်။ ယခုမူ လေ့သင်းအတွင်းဝန်အား ဗန်းမော်ဆရာတော်ကို ပင့်ချေဟုစေခိုင်းလိုက်ခြင်းမှာ မင်းတုန်းမင်းဘုရင်၏ ပေါ့ဆမှုဖြစ်ကြောင်းကို ထင်ရှားစေလို၍...

"ဟေ့ မင်းတို့ဘုရင်က မန္တလေးကိုပင့်ခဲ့ဘို့ မင်းတို့ကိုမှာတာ၊ ငါ့ကို မန္တလေးကြွဘို့ ပင့်တာမဟုတ်ဘူး၊ ဒါကြောင့် ငါသွားချင်တဲ့ဆီသွားမယ်၊ ငါ့ကိုစစ်ကိုင်းသာပို့" ဟုမိန့်တော်မူသဖြင့် လေ့သင်းအတွင်းဝန်မှာ ရှင်ဘုရင်ပင်ကြောက်နေရသော ဗန်းမော်ဆရာတော်၏အမိန့်ကို မလွန်ဆန်ဝံ့၍ စစ်ကိုင်းဘက် ဆိပ်ကမ်းသို့ ပို့ဆောင်ရတော့သည်။ ဗန်းမော်ဆရာတော်သည် စစ်ကိုင်းတောင်ရိုးတွင်ပင် ပျော်မွေ့စွာ သီတင်းသုံးတော်မူသည်။

*************

www.myanmarcupid.net



# စစ်ကိုင်းဘက်သို့ မဟာဒဏ်ဝန် သွားရောက်ပင့်ခြင်း

ဇန်းမော်ဆရာတော်သည် စစ်ကိုင်းဘက်သို့ ကြွရောက်သီတင်းသုံးလိုသဖြင့် စစ်ကိုင်းဘက်သို့ပို့ပေးရန် အမိန့်ရှိ၍ လေှသင်းအတွင်းဝန်မှာ အလွန်ဆန်နိုင်ဘဲ စစ်ကိုင်းဆိပ်ကမ်းသို့ ပို့ပေးရကြောင်း မင်းတုန်းဘုရင်နှင့်မိဖုရားကြီးတို့ သိရှိရလျှင် များစွာစိတ်မကောင်းကြပေ။

ဇန်းမော်ဆရာတော်သည် တိုင်းပြည်အကျိုးကို ဒိုးဒိုးဒေါက်ဒေါက် တိတိကျကျ ပြတ်ပြတ်သားသား ခပ်ကြမ်းကြမ်းပင် ဝေဖန်ပြောဆိုတတ်ကြောင်းကိုသိသည်။ ဘုရင်နှင့်မိဖုရား အပေါ်တွင် စေတနာထားရှိ၍ ပြောဆိုခြင်းဖြစ်ကြောင်းကိုလည်း ဘုရင်နှင့်မိဖုရား နှစ်ပါးစလုံးသိကြသည်။

မိမိတို့က မန္တလေးမြို့သို့ ပင့်ဆောင်သော်လည်း မကြွလာဘဲ စစ်ကိုင်းဘက်သို့ ကြွသွားခြင်းမှာ မိမိတို့ ဇန်းမော်သို့ ပို့သည်ကို အခဲမကြေဖြစ်နေသေးသည်ထင်ပြီး ကိုယ်တိုင်လည်း သွားရောက်မပင့်ရဲကြပေ။ တစုံတရာ ပက်ပက်စက်စက် ပြောလိုက်မှာကို စိုးရွံ့ဟန်တူသည်။ သို့ဖြစ်၍ မဟာဒဏ်ဝန်ကို ပင့်ဆောင်ရန် စေလွှတ်ရသည်။

www.myanmarcupid.net

## အာဏာပါးကွက်သား ဥပမာနှင့် ထင်ဟတ်၍ မိန့်ကြားပုံ

မင်းတုန်းမင်း၏အမိန့်အရ မဟာဒဏ်ဝန်သည် လှူဒါန်းတွယ်တန်းရန် ပစ္စည်းများနှင့်တကွ ဇန်းမော်ဆရာတော်ထံသို့ ဝင်ရောက်ဖူးမျှော်သည်။ ဇန်းမော်ဆရာတော်က အလာပသလ္လာပစကားများ ပြောကြားပြီးနောက် မဟာဒဏ်ဝန်က လျှောက်ထားသည်။

"ဘဝရှင်မင်းတရားကြီးနှင့်မိဖုရားကြီးက ဆရာတော်၏ ဆုံးမဩဝါဒများကို နာကြားလိုပါ၍ ဆရာတော်အား ဖူးမျှော်လိုပါသောကြောင့် မန္တလေးသို့ ကြွရောက်သီတင်းသုံးခါ အဖူးအမျှော်ခံစေလိုပါသတဲ့ဘုရား"

ဇန်းမော်ဆရာတော်က ရုတ်တရက်မိန့်ကြားသည်မှာ...

"အေးကွဲ့... မင်းပြစ်မင်းဒဏ်နဲ့ ဇန်းမော်ကို အပို့ခံရတဲ့ ရာဇဝတ်သားပေကိုးကွ၊ အခုတော့ မင်းပြစ်မင်းဒဏ်က အလွှတ်ခံရတော့ အစဉ်အလာအတိုင်းဆိုရင် အာဏာပါးကွက်သား ဖြစ်ရပေမပေါ့ ဟုတ်ရဲ့လား"

မဟာဒဏ်ဝန်သည် ဘာကိုမျှမလျှောက်ရဲ၊ ငြိမ်သက်၍သာနေသည်။ ဆရာတော်ကဆက်၍...

"ပြောစမ်းပါဦး မဟာဒဏ်ဝန်ရဲ့၊ မင်းပြစ်မင်းဒဏ် သင့်တဲ့သူများ မင်းပြစ်မင်းဒဏ်က လွှတ်တော်မူပါဘုရား၊ ကောင်းမွန်စွာနေပါ့မယ်၊ ခိုင်းစေရာလုပ်ပါ့မယ်လို့ ကတိခံလို့ အပြစ်ဒဏ်က လွှတ်ပေးရင် ဘာလုပ်ရသလဲကွဲ့"

"အာဏာပါးကွက်သား အလုပ်တာဝန်ကို ဆောင်ရွက်ရပါတယ်ဘုရား"

"အေး... အဲဒီရာဇဝတ် အာဏာပါးကွက်သားများဟာ မြို့ဝန်ရဲ့နောက်နားက ဓါးဆွဲပြီး အမြဲလိုက်နေရတယ်မဟုတ်လား"

မဟာဒဏ်ဝန်သည် ဇန်းမော်ဆရာတော် ဤမျှစကားချီနေခြင်းမှာ ရှင်ဘုရင်အားနက်လို၍ အကွက်ဆင်နေခြင်းဖြစ်ကြောင်းကို

www.myanmarcupid.net

ကြိုတင်ရိပ်မိသော်လည်း မည်သည့်အချက်တွင် အကွက်ဆင်၍ နှိပ်လိုက်မည်ကို ကြိုတင်မရိပ်မိနိုင်သဖြင့် ဇန်းမော်ဆရာတော်၏ စကားပရိယာယ်ထဲတွင် မိမိတရားခံအဖြစ် ငြိစွန်းပါဝင်နေမည်ကို စိုးရိမ်ကာ ခတ်ဆိုင်းဆိုင်းပင် ဖြစ်နေသဖြင့် ဇန်းမော်ဆရာတော်က...

"အာဏာပါးကွက်သားဟာ မြို့ဝန်မင်းနောက်နားက ခါးဆွဲပြီးလိုက်နေရတယ်မဟုတ်လား" ဟုထပ်မံမေးမြန်းပြန်သဖြင့်...

"မှန်ပါ့ဘုရား"ဟု ခတ်လေးလေး လျှောက်ထားလိုက်သည်။

ဇန်းမော်ဆရာတော်ကဆက်၍...

"အာဏာပါးကွက်သားများ၊ မင်းမိဖုရား၊ မင်းဆွေ၊ မင်းမျိုးတွေရဲ့ အရိပ်ကို မတော်တဆနင်းမိရင် ဘာလုပ်ရသလဲကွဲ့"

"မှန်ပါ.. ဖျဉ်ဖြူ ဖျဉ်နီ ကန်တော့ပွဲနဲ့ ကန်တော့ရပါတယ်ဘုရား"

ဇန်းမော်ဆရာတော်က ခတ်ပြုံးပြုံးမိန့်တော်မူသည်။

"အေး... မင်းတို့ ရှင်ဘုရင်ကိုပြောလိုက်စမ်းကွယ်၊ ငါက နယ်နှင်ဒဏ်ခံရပြီး၊ အပြစ်ဒဏ်ကလွတ်လာတဲ့ ရာဇဝတ်သားလကွဲ့၊ ငါနေပြည်တော်ပြန်နေရင် မင်းညီမင်းသားတွေရဲ့ အရိပ်ကိုနင်းမိလို့ ဖျဉ်ဖြူ ဖျဉ်နီကန်တော့ရမှာစိုးလို့ နေပြည်တော်ကို မလာချင်တော့ဘူးလို့ ပြောလိုက်ပါလကွယ်"

မဟာဒဏ်ဝန်လည်းတစုံတရာ ပြန်လည်မလျှောက်ထားဝံ့ဘဲ ဝတ်ဖြည့်၍သာပြန်လာခဲ့ရသည်။ မင်းတုန်းဘုရင်နှင့် မိဖုရားခေါင်ကြီးတို့သည် မဟာဒဏ်ဝန်ထံမှ ထိုစကားကို ကြားရသောအခါ အသဲမာလှသော ဇန်းမော်ဆရာတော်အတွက် များစွာစိတ်မကောင်း ဖြစ်ကြရတော့သည်။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်အပေါ် သံယောဇဉ်ကြီးလှပုံ

မင်းတုန်းမင်းသည် ပဉ္စမသင်္ဂါယနာတင်မင်းအဖြစ် ကျော်ဇောထင်ရှားသည်မှာ သာသနာရေးတွင် အလွန်ဦးစားပေးသည်။ ရဟန်းသံဃာတော်များကို အလွန်ကြည်ညိုလေးမြတ်သည်။ မင်းတုန်းမင်း၏မိဖုရားခေါင်ကြီးမှာ ပုဂံမင်း၏နှမတော် "သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ"ဘွဲ့ခံ မိဖုရားခေါင်ကြီးဖြစ်သည်။ ပိဋကတ်ဗေဒင် ကျွမ်းကျင်လိမ္မာတော်မူသည်ဖြစ်၍ ရဟန်းသံဃာတော်များကို အလွန်လေးမြတ်တော်မူသည်။ ၁၂၃၃ခုနှစ်တွင် ပိဋကတ်သုံးပုံကို ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ကျောက်ပြား၇၂၉ချပ်ပေါ်တွင် ကမ္ဗည်းအက္ခရာတင်၍ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် စိုက်ထားကိုးကွယ်သည်။ ပထမပြန်စာမေးပွဲများကိုလည်း မင်းတုန်းမင်းတြားကြီး လက်ထက်တွင် ကျင်းပပေးခဲ့သည်။

ပိဋကတ်သုံးပုံ ကျောက်ချပ်ရေ ၇၂၉–ချပ်ကို အရှည်တည်တန့်စေရန် အတွက် အုဋ်ဂူ၇၂၉–ခု ပြုလုပ်ထားသည်။ မင်းတုန်းမင်းသည် သက္ကရာဇ် ၁၁၇၆–ခုနှစ်တွင် ဖွားမြင်သည်။ ဗန်းမော်ဆရာတော်သည် ၁၁၆၈–ခုနှစ်တွင် ဖွားမြင်သည်။ သို့ဖြစ်ရာ ဗန်းမော်ဆရာတော်က အသက်၁၂–နှစ်ကြီးသည်။

www.myanmarcupid.net

ဗန်းမော်ဆရာတော်သည် မင်းတုန်းမင်း၏ နောင်တော် ပုဂံမင်း လက်ထက် သာသနာပိုင်ဆရာတော် ဗားကရာဆရာတော်ထံတွင် စာဆိုပဉ္စင်း ဝိနည်းဖြတ်ထုံးရေး တာဝန်ယူနေစဉ်ကာလတွင် ဗန်းမော်ဆရာတော်လောင်း ဦးပဉ္စင်းသည် သာသနာပိုင်ဆရာတော်၏ အတွင်းရေးမှူးရာထူးတမျှ ရရှိနေသောကြောင့် ၁၀နှစ်၊ ၁၅နှစ်သားအရွယ် မင်းတုန်းမြို့ကို မစားရသေးမီက မင်းညီမင်းသားဘဝကပင် ဗန်းမော်ဆရာတော်အား ရှိသေလေးစားမည်မှာ မလွဲပေ။

ထိုနည်းတူစွာ မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး ရတနာဒေဝီ သည်လည်း ပုဂံမင်း၏ နှစ်မတော်အဖြစ် ပိဋကတ်သုံးပုံ ဗေဒင်အရာ၌ ကျွမ်းကျင်လှသည်ဟု ရာဇဝင်များအဆိုအရရှင်း၊ မင်းတုန်းမင်း၏ အသက်တော်နှင့် ခန့်မှန်းရလျှင် မိဖုရားခေါင်ကြီးပညာသင်ယူချိန်၌ ဗန်းမော်ဆရာတော်သည် ပဉ္စင်းပျိုဘဝ သာသနာပိုင်ဆရာတော်၏ အတွင်းရေးမှူးတမျှ တွင်ကျယ်နေသည့်ကာလတွင် ပညာသင်ယူချိန်နှင့် တိုက်ဆိုင်နေ၍ ဗန်းမော်ဆရာတော်အား ကြည်ညိုရင်းစွဲရှိမည်မှာ မလွဲပေ။ သို့ဖြစ်၍ ဗန်းမော်ဆရာတော်အပေါ် မင်း မိဖုရား နှစ်ပါးစလုံးပင် ငယ်စဉ်က ကြည်ညိုခဲ့ရသော ကိုယ်တော်ဖြစ်၍ သံယောဇဉ် ကြီးမားလှသည်မှာ သဘာဝကျလှပေသည်။

သို့ကြောင့်လည်း ဗန်းမော်ဆရာတော်အား ဗန်းမော်မြို့မှ သွားရောက်ပင့်ခေါ်သည်တွင် မိဖုရားခေါင်ကြီး၏ လျှောက်ထားမှုကြောင့် ပင့်ခေါ်ရသည်ဟု အဆိုရှိကြသည်။ ဗန်းမော်မြို့သို့ မပို့မီကာလကလည်း မင်းတုန်းမင်းကြီးကိုယ်တိုင် ဗန်းမော်ဆရာတော်အားကိုယ်တိုင်ပင့်ဘိတ်ပြီး တရားရေအေး တိုက်ကျွေး၍ အဆုံးအမ သြဝါဒပေးရန် လျှောက်ထားခံရသော ပုဂ္ဂိုလ်ဖြစ်သည်။

မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီး နှစ်ပါးစလုံးပင် ဗန်းမော်ဆရာတော်အား ဗန်းမော်မြို့မှ ပြန်လည်ပင့်ဆောင် လာသော်လည်း မင်းတုန်းဘုရင်ကို စိတ်နာ၍ စစ်ကိုင်းမြို့မြောက်ဘက် ပိတောက်ချောင်သို့



www.myanmarcupid.net

(အချို့မှတ်တမ်းများ၌ မြင်းကွန်းဘက်ကမ်း ဇန်းမော်ချောင်ဟုအဆိုရှိသည်။) ကြွရောက် သီတင်းသုံးနေသဖြင့် များစွာစိတ်ချမ်းမြေ့ကြဟန်မတူပေ။

သို့ဖြစ်၍ ဆရာတော်အား မန္တလေးသို့ကြွပါရန် မဟာဒဏ်ဝန်အား စေလွှတ်ပင့်ဆောင်စေရာတွင် (အရိပ်ကိုနင်းမိမှာစိုးလို့)ဟူသော ခနဲ့တဲ့တဲ့ ဥပမာစကားဖြင့် ငြင်းပယ်တော်မူခဲ့သည်။ ထိုမျှသာမက ဇန်းမော်ဆရာတော် အထံသို့ ဝန်ကြီးများ၊ အမတ်လိမ္မာများကိုစေလွှတ်၍ အကြိမ်ကြိမ် ပရိယာယ်ဆင်ကာ ပင့်ဆောင်ပါသော်လည်း မန္တလေးဘက်သို့ ကြွလာခြင်းမရှိရုံမျှမက၊ မင်းတုန်းမင်းတြားကြီး၏ မကောင်းသတင်း များကိုသာ မိန့်ကြားလျက်ရှိနေကြောင်း မင်းတုန်းမင်းကိုယ်တိုင် ကြားသိရ၍လည်းများစွာ စိတ်မချမ်းမြေ့ဟန် တူပေသည်။

***********

www.myanmarcupid.net



# ဘယ်မအေ့လင်တွေကပြောသလဲ

မင်းတုန်းမင်းကြီးသည် ဗန်းမော်ဆရာတော် မိမိအပေါ်တွင် မည်မျှပင် မကောင်းပြောခဲ့သော်လည်း စိတ်ဆိုးခြင်း ရှိဟန်မတူ။ ဗန်းမော်ဆရာတော် မန္တလေးသို့ ကြွလာရေးအတွက် ဖွဲလုံ့လမလျှော့ဘဲ ကြံစည်မြဲကြံစည်လျက်ရှိနေသည်။

တနေ့သော် မင်းတုန်းမင်းတွင်အကြံတခုရလာသည်။ ကဗျာ့ပါရဂူ၊ ကဗျာ့ဝိဇ္ဇာခိုရ်အဖြစ် ယနေ့ခေတ်တွင် ကျော်ဇောထင်ရှားလှသော စလေဦးပုညသည် ဗန်းမော်ဆရာတော်ထံတွင် ကဗျာနှင့်ပတ်သက်၍ ပညာဆည်းပူးခဲ့သည်။ ဗန်းမော်ဆရာတော်သည် စလေဦးပုညအား များစွာလိုလားချစ်ခင်တော်မူသည်ကို မင်းတုန်းမင်းကြား သိရှိတော်မူသည်။ သို့ဖြစ်၍ စလေဦးပုညအား ဗန်းမော်ဆရာတော်ထံ စေလွှတ်၍ ဥပါယ်တမည်ဖြင့် လျှောက်ထားပင့်ဆောင်ရန်နှင့် အကယ်၍ နေပြည်တော်သို့ ကြွရောက်လိုခြင်း မရှိပါကလည်း

www.myanmarcupid.net

မင်းတုန်းမင်းတြား၏ မကောင်းသတင်းများကို ပြောကြားခြင်း မပြုပါရန် လျှောက်ထားပေးဘို့ စေလွှတ်လိုက်လေသည်။

စလေဦးပုညသည် စစ်ကိုင်းဘက်သို့ကူး၍ ဆရာတော်ထံ ပညာဆည်းပူးရန်နှင့် ဝတ်ကြီး ဝတ်ငယ်ပြုရန် အကြောင်းပြ၍ လှူဘွယ်တန်းရန်များနှင့်သွားရောက်လေသည်။ ဆရာတော်ဘုရားထံတွင် ၄–၅ရက်မျှနေ၍ ဝတ်ကြီး ဝတ်ငယ်ပြုနေသည်။

ထိုစဉ်အတွင်း စကားအလျဉ်းသင့်သလို နေပြည်တော်သို့ ကြွရောက်သီတင်းသုံးရန် အကြိမ်ကြိမ်လျှောက်ထားသော်လည်း စကားကိုလက်မခံ ငြင်းပယ်တော်မူရုံမျှမက မင်းတုန်းမင်းအား ထိပါးပုတ်ခတ် ပြောဆို၍သာ နေလေသဖြင့် ဦးပုညလည်း လက်လျှော့ရလေတော့သည်။

သို့ဖြင့် ၄–၅ရက်ကြာပြီး နောက်တနေ့တွင် မန္တလေးဘက်ကမ်းသို့ ကူးတော့မည်ဟု လျှောက်ထားရင်း...

"အရှင်ဘုရား... တကာတော် မင်းတုန်းမင်းဘုရားက ဆရာတော်အား လျှောက်ကြားရန်မှာကြားပါသေးသည်။ မန္တလေးမြို့သို့မကြွလိုသော် စိတ်ချမ်းမြေ့ရာစံတော်မူပါ။ သို့ရာတွင် ဘဝရှင်မင်းတြားအပေါ် မကောင်းသတင်း ပြောကြားနေခြင်းများ ရပ်စဲတော်မူပါရန် လျှောက်တင်ခဲ့ဘို့မှာကြားလိုက်ပါသည်ဘုရား"

ဇန်းမော်ဆရာတော်က မျက်ခုံးကိုပင့်ကာ ကွမ်းပတ်ကိုထွေးရင်း...

"ဟေ့... မင်းတို့ရှင်ဘုရင်က ငါဒီဘက်ကမ်းက သူ့အကြောင်းမကောင်းပြောတာ ဟိုဘက်ကမ်းကနေကြားသတဲ့လား"

"မှန်လှပါ... ကြားသိရကြောင်းပါဘုရား"

"နေပါအုံးကွ၊ မင်းတို့ဘုရင်ရဲ့ မိဖုရားခေါင်ကြီး မကျန်းမာတုံးက ခွေးအူသံတွေကြားရတာ နားငြီးတယ်ဆိုပြီး၊ ဟိုဘက်ကမ်းကခွေးတွေ ဒို့စစ်ကိုင်းဘက်ကမ်းပို့ခဲ့ဘူးတယ် မဟုတ်လား"

www.myanmarcupid.net

"မှန်ပါ… ပို့ထားခဲ့ဘူးကြောင်းပါဘုရား"

"အေး.. အဲဒီတုံးက ဘိုးသူတော်ဦးမင်းစာစပ်ခဲ့တာ မင်းမှတ်မိရင် ဆိုပြစမ်း"

"ဒီနှစ်တွင် ကြံပြြန်ရ၊ ကျားမ နှင့် ဂမ္ဘီ။
မောင်ကြီး ကြိုးတွေသိုင်းပါလို့
စစ်ကိုင်းဆို ဇေယျာမြို့ကို
ကူးပို့ပြန်ပြီ။
ယင်းရဲ့ ကျောက်ဆောင်ဆိပ်ဆီက
လွမ်းစိတ်နဲ့ မယ်တို့ဆီ
မျှော်ပြီကွဲ့… ဂူး။
မောင့်နည်းတူပင်
မောင်ကြီးလှေငယ်တင်၍
ကူးပြန်လျှင် မနေစိမ့်ပါနှင့်
သောတာပန်ဆိုတဲ့ ဆိပ်ကိုကွယ်
(အို …ရှင်) လှိုင်းတိတ်မှကူး။ ပါတဲ့ ဘုရား…"

"အေး..ဟုတ်ပြီ၊ အဲဒီလို သူ့မိဖုရားခေါင်ကြီး မကျန်းမာလို့ ခွေးတွေကို စစ်ကိုင်းပို့ထားခဲ့တော့ ဒီဘက်ကမ်းက ခွေးဟောင်သံကို မင်းတို့ ဘုရင်ရော မိဖုရားခေါင်ကြီးပါ ကြားရသလားကွဲ့"

"မှန်ပါ…မကြားရကြောင်းပါဘုရား"

"အေး.. အဲဒီတုံးက ဒီဘက်ကမ်းကခွေးဟောင်သံကိုမှ မကြားဘဲနဲ့ အခုငါပြောမှ ကြားတယ်ဆိုတော့၊ မင်းတို့ဘုရင်ကို ဘယ်အမေ့လင်တွေက

www.myanmarcupid.net

သွားပြီး သံတော်ဦးတင်လို့လဲ” ဟု မိန့်တော်မူလေရာ၊ ဦးပုညသည် ဆက်လက် မလျှောက်ထားရဲတော့ဘဲ ငြိမ်သက်၍သာနေတော့သည်။

*************

## မိန်းမတွေပေါင်ခြားထဲကရှင်ဘုရင်

စလေဦးပုညသည် ဆက်လက်မလျှောက်ထားရဲတော့သဖြင့် ငြိမ်သက်၍နေစဉ်ပင် ဗန်းမော်ဆရာတော်က ဆက်လက်၍...

“မင်းတို့ဘုရင်က ဒါတင်ဘဲမှာလိုက်သလားကွ၊ ဘာတွေများ မှာလိုက်သေးသလဲ”

ထိုအခါမှ စလေဦးပုညသည် ဦးခေါင်းကိုဖေါ်နိုင်ပြီး မော်၍ဖူးမျှော်ပြီး လျှောက်ထားပြန်သည်။

“ဘုရင်မင်းမြတ်က ဆရာတော်ဘုရား နေပြည်တော်ကြွရောက်၍ ပရိယတ္တိသာသနာ ဖွံ့ဖြိုးအောင် ဆောင်ရွက်တော်မူပါ။ အကယ်၍ နေပြည်တော်သို့ မကြွလိုဘဲ စစ်ကိုင်းတောင်ရိုးတွင်သာ သီတင်းသုံးမည်ဆိုပါကလည်း ပဋိပတ္တိသာသနာ ကမ္မဋ္ဌာန်း ဘာဝနာများ အားထုတ်၍ တရားအလုပ်နှင့် ပျော်မွေ့တော်မူပါလျှင် တကာတော်တို့များစွာ အားရရွှင်လန်း ရှိပါမည်ဘုရားဟု သတင်းစကားလျှောက်ထားခဲ့ရန် မှာကြားလိုက်ပါသည်ဘုရား...”

ထိုအခါဗန်းမော်ဆရာတော်ကဒေါပွ၍သွားပြန်သည်။ မင်းတုန်းဘုရင်က မိမိအပေါ် ဆရာလုပ်သည်ကို မခံချင်သောစိတ်ထားဖြင့် မိန့်ကြားတော်မူလေသည်မှာ...

“အံမာ... ကြီးကျယ်လိုက်တာကွာ မိန်းမတွေ ပေါင်ခြားထဲနေတဲ့ မင်းတို့ဘုရင်က တောင်ခြားထဲနေတဲ့ ငါ့ကိုများ တရားအားထုတ်ခိုင်းတာများ အံ့ပါ့ကွာ၊ အဲဒီအတိုင်း ငါပြောလိုက်တယ်လို့သာ လျှောက်လိုက်ပေတော့”

www.myanmarcupid.net

ဟုမိန့်တော်မူလိုက်ရာ စလေဦးပုညမှာ ဘာကိုမျှ မလျှောက်ရဲတော့ဘဲ ဝတ်ချကာ ပြန်လာခဲ့ရလေတော့သတည်း။

*************

www.myanmarcupid.net



# ဗန်းမော်မရောက်မီက ဖြစ်ရပ်၂ခု

ဗန်းမော်ဆရာတော်အပေါ် သံယောဇဉ်ကြီးလှ၍ အကြိမ်ကြိမ် ပင့်စေသော်လည်း မကွေးရောက်ရုံမျှမက မင်းတုန်းမင်းအပေါ်တွင် အမျိုးမျိုး အဖုံဖုံ ပြောဆို၍နေလေသဖြင့် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့မှာ များစွာပင် စိတ်မချမ်းမြေ့စွာ နေထိုင်၍ လက်လျှော့ကာ သွားကြလေသည်။

ဗန်းမော်ဆရာတော်သည် အလွန်"ထက်"သော ပုဂ္ဂိုလ်ထူးဖြစ်ပေသည်။ နေပြည်တော်ရှိ ပညာကျော်ပုဂ္ဂိုလ် ဂုဏဝန်၊ သီလဝန် မထေရ်ကျော်တို့အလယ်တွင် မျက်နှာမငယ်ဘဲ တင့်တယ်စွာ ရှိပေသည်။ သာသနာရေးကိစ္စနှင့်ပတ်သက်လာလျှင် ဗန်းမော်ဆရာတော် မပါလျှင်မပြီး ပင့်ဘိတ်ရသည်ချည့်ပင် ဖြစ်သည်။

ဗန်းမော်ဆရာတော်ကလည်း မဟုတ်တာမြင်လျှင် စာချိုးချင်သည်။ သို့သော် တပည့်ရင်း သင်္ဂဇာဆရာတော်၏ ပျက်ရည်ပြုခြင်းကိုမူ သည်းခံ၍ သဘောကျတော်မူသည်။

ထိုစဉ်ကာလကပင် သင်္ဂဇာဆရာတော် ခေါင်းဆောင်သည့် သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဆရာတော်ခေါင်းဆောင်သည့် ရွှေကျင်ဂိုဏ်းနှင့် အုတ်ဖိုဆရာတော် ဦးဥက္ကံသခေါင်းဆောင်သည့် ဒွါရဂိုဏ်းတို့ ဂိုဏ်းကွဲများအဖြစ် ပေါ်ပေါက်လာရန် အခြေခံအစပျိုးနေပြီဖြစ်သည်။

www.myanmarcupid.net

သုဓမ္မာဂိုဏ်း၏ ဦးစီးဦးဆောင်ဖြစ်သည့် သင်္ဂဇာဆရာတော်ဦးအဂ္ဂမှာလည်း ဗန်းမော်ဆရာတော်၏ တပည့်ဖြစ်သည်။ ဒွါရဂိုဏ်းကိုစတင်တည်ထောင်သော အုတ်ဖိုဆရာတော်ဦးဥက္ကံသ မှာလည်း ဗန်းမော်ဆရာတော်ထံ ပညာဆည်းပူးခဲ့ဘူးလေသည်။ ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့ ပရိဝါသ်ပြုမှု၊ မာနတ်ပြုမှု အကျင့်စသော ဝတ်ပြုမှုတို့တွင် စတင်၍ သဘောထားကွဲလွဲကြရာမှ တဘက်နှင့်တဘက် အငြင်းအခုန် ဖြစ်ခဲ့သည်။

ဤသည်တို့မှာ ဗန်းမော်ဆရာတော်ကို ဗန်းမော်မြို့သို့ မပို့မှီကပင် သုဓမ္မာနှင့် ရွှေကျင်ဂိုဏ်းကွဲကြမည့် အခြေအနေများ ဖြစ်သည်။ ဗန်းမော်ဆရာတော်သည် ဤအချက်ကိုလည်း ကြိုတင်၍ စာချိုးဖြင့် သတိပေးခဲ့သည်။

*************

## ***သင်္ဂဇာဆရာတော်ကိုချီးကျူးခြင်း***

ဗန်းမော်ဆရာတော်အားမဟုတ်မခံ ဇတ်ဇတ်ကြဲနှံတတ်သောပုဂ္ဂိုလ်ဟု ထင်ရသော်လည်း နေရာတကာတွင် နှံသူမဟုတ်၊ သည်းခံသောအခါတွင်လည်း သည်းခံတတ်သေးကြောင်းတွေ့ရသည်။

စကားအရာတွင် ဥပမာ၊ ဥပမေယျ ထုံးတမ်းပုံပြင် စုံလင်စွာဖြင့် ဟောကြားတတ်သော သင်္ဂဇာဆရာတော်သည်၊ ဗန်းမော်ဆရာတော်ထံ ပညာရင်နို့ သောက်စို့ခဲ့ရဘူးသည်။ တနေ့တွင် သုဓမ္မာဇရပ်၌ ဆရာတော်များစုံညီခိုက် သင်္ဂဇာဆရာတော် အဖူးအမျှော်ရောက်ရှိ၍ ဆရာတော်များအား ကန်တော့လေသည်။ ထိုစဉ်အခိုက် မောင်းထောင်ဆရာတော်ကြီးက အမိန့်ရှိသည်မှာ…

"သင်္ဂဇာတို့များ စကားအရာ ကျွမ်းကျင်လိမ္မာတယ်လို့ နာမည်ကြီးနေလိုက်တာ ဗန်းမော်ဆရာတော်ရဲ့တပည့် ပီသပါပေတယ်"

ထိုအခါ သင်္ဂဇာဆရာတော်က လျှောက်ထားသည်မှာ…

www.myanmarcupid.net

"မှန်လှပါ... တပည့်တော် ဖန်းမော်ဆရာတော်၏ ကျေးဇူးတော်ဂုဏ်ကြောင့် ဤမျှပင် ထုံးတမ်းပုံပြင်များကို ပြောဟောခြင်းပြုနိုင်ခဲ့ရပါသည်။ သို့ဖြစ်၍လည်း နေ့စဉ်ပင် ဖန်းမော်ဆရာတော်ရှိရာ အရပ်ကိုရည်မှန်းလျက် ကန်တော့ပါသည်။"

သင်္ဂဇာဆရာတော်သည်၊ ဖန်းမော်ဆရာတော်အား လက်အုပ်ချီပြီး ဖန်းမော်ဆရာတော် အရှေ့အရပ်၌ သီတင်းသုံးသည်ဟု သိရပါလျှင် တပည့်တော်သည် အရှေ့အရပ်သို့ ရည်မှန်း၍ ကန်တော့ပါသည်။ ဖန်းမော်ဆရာတော် အနောက်အရပ်တွင် သီတင်းသုံးသည်ဟု သိရပါလျှင် တပည့်တော်သည် အနောက်အရပ်သို့ ရည်မှန်း၍ ဦးချပါသည်။ ဖန်းမော်ဆရာတော် တောင်အရပ်၌ သီတင်းသုံးသည်ဟု သိရပါလျှင် တပည့်တော် တောင်အရပ်သို့ ရည်မှန်း၍ ကန်တော့မြဲဖြစ်ပါသည်။ ဖန်းမော်ဆရာတော် မြောက်အရပ်၌ သီတင်းသုံးသည်ဟု သိရပါလျှင် မြောက်အရပ်သို့ ရည်ရှန်း၍ ကန်တော့ပါသည်။

သင်္ဂဇာဆရာတော် ဤသို့ရှည်လျားစွာ စကားကိုချီနေသည်နှင့် စလင်းဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ ခင်မကန်ဆရာတော်တို့သည် နားစွင့်၍ နေကြပေသည်။

သင်္ဂဇာဆရာတော်က ဆက်လက်၍...

"ဖန်းမော်ဆရာတော် ဘဝနတ်ထံစံလွန်လျှင် တပည့်တော်သည် အောက်အရပ်မြေကြီးကိုသာ ရည်မှန်း၍ ကန်တော့ရပါတော့မည်" ဟုပြုံးရွှင်စွာ လျှောက်ထားလိုက်သည့်အတွက် ဆရာတော်အားလုံး သဘောတော်တွေ့ကာ ပြုံးရွှင်စွာ ရယ်မော်တော်မူကြလေသည်။

ဆရာတော်များသည် ဖန်းမော်ဆရာတော်က မည်သို့များ ပြန်၍ နက်လေမည်နည်းဟု ဖန်းမော်ဆရာတော်သို့လှမ်း၍ ကြည့်ကြရာ၊ ဖန်းမော်ဆရာတော်သည် ပြုံးရယ်၍သာ နေတော်မူသဖြင့် မောင်းထောင်ဆရာတော်က ဖန်းမော်ဆရာတော်၏စိတ်ကို ဆွပေးလိုသဖြင့်...

www.myanmarcupid.net

"ဒီလိုဆို သင်္ဂဇာက မင်းဆရာဗန်းမော် ပျံလွန်တော်မူရင် မဟာအဝီစိငရဲကျမှာဘဲလို့ ဆိုလိုသပေါ့" ဟု ဗန်းမော်ဆရာတော်၏စိတ်ကို ဆွပေးသော်လည်း ပြုံးရယ်မြဲသာ ပြုံးရယ်၍ သည်းခံတော်မူလေမှ သင်္ဂဇာဆရာတော်က...

"တပည့်တော်၏ဆရာကို ဤသို့ မဆိုရဲပါ၊ တပည့်တော်ပညာရင်နို့ သောက်စို့ခဲ့ရသော ဆရာဖြစ်ပါ၍ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးတမျှ ကြီးမားလှသော ကျေးဇူးတော်ကိုရည်မျှော်၍ အောက်အရပ် မြေကြီးကို ကန်တော့ခြင်းသာ ဖြစ်ပါသည်ဘုရား" ဟုလျှောက်ထားလေသည်။

ထိုအခါမှ ခပ်မဆိပ်နေခဲ့သော ဗန်းမော်ဆရာတော်သည် သင်္ဂဇာဆရာတော်အား ပြုံးပြုံးကြီးကြည့်ကာ...

"အင်း.. သင်္ဂဇာတို့များ စကားမရှားလှဘူးဗျ"

ဟု ကျေနပ်စွာပင် ချီးကျူးတော်မူလေသည်။

*************

www.myanmarcupid.net



# ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့ကို စာချိုးခြင်း

ဤခေတ်တွင် သင်္ဂဇာဆရာတော်ဦးအဂ္ဂနှင့် ရွှေကျင်ဆရာတော်တို့ နှစ်ပါးမှာ ပရိဝါသ်–မာနတ် ဝတ်ပြုမှုကိစ္စနှင့် ပတ်သက်၍ အယူအဆသဘောထားကွဲလွဲနေကြသည်။ ဘုရားကြီးဆရာတော်၊ စလင်းဆရာတော်၊ သက်ပန်းဆရာတော် စသည်ဖြင့် ဆရာတော်ကြီးများက ဝင်ရောက်ဖြန်ဖြေကြသည်။

ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့မှာ နှစ်ပါးစလုံး စာတတ်အကျော်အမော်များ ဖြစ်ကြလေရာ၊ နှစ်ဘက်စလုံးကမိမိတို့ အယူအဆမှန်ကန်ကြောင်း အကိုးအကား အထောက်အထား ခိုင်လုံစွာတင်ပြကြလေသည်။ နှစ်ဘက်စလုံးမှာလည်း အခိုင်အမာများဖြစ်သော်လည်း တပါး၏တင်ပြချက်ကို တပါးကလက်မခံ၊ တပါး၏အကိုးအကားကို တပါးကမကြိုက်ဖြင့် အညီအညွတ်မဖြစ်ဘဲ ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်းဟူ၍ ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော်တို့ နှစ်ဘက်သံဃာများ ဂိုဏ်းကွဲလုမတတ်ရှိနေတော့သည်။

ဗန်းမော်ဆရာတော်သည် ဤအချက်ကိုမြင်ပြင်းကပ်လှသည်နှင့် စာတပုဒ်ချိုး၍ ဘုရားကြီးဆရာတော်ထံ အပို့လွှတ်လိုက်လေသည်။

www.myanmarcupid.net

ရွှေကျင်ဆရာတော်မှာ မန္တလေးတောင် မြောက်ဘက်၌ သီတင်းသုံးတော်မူသည်။ သင်္ဘောဆရာတော်၏ဘွဲ့အမည်မှာ ဦးအဂ္ဂဖြစ်သည်။ ထို့ကြောင့်ပင်...

မန်းတောင်တော် မြောက်စောင်း၌၊

ခိုအောင်းတဲ့ ထိုဆရာနှင့်၊

သင်္ဘော မောင်ရွှေအဂ်ကယ်တို့၊

မှားချက်ကနာ၊

ဝတ်နေမှုငယ်နှင့်၊

အခြေပြု သမောဓာန်မှာ၊

ဉာဏ်ဗလချာက ရှုပ်စပ်ပြဲ၊

ယူမမှန်၊

ဆူသံကအလွန်ပြင်းတယ်၊

ကွဲချက်ကကြီး။

ဟူ၍စာစပ်ပေးလိုက်ရာ ဘုရားကြီးဆရာတော်က ပြုံးရယ်တော်မူပြီး "ဗန်းမော်တို့များ ဘယ်ဟာမှ ချန်မထားဘူး မြင်မြင်သမျှ စာချိုးတော့တာဘဲ" ဟု မိန့်တော်မူလေသည်။

## စစ်ကိုင်းချောင်မှ စာချိုးများ

ဗန်းမော်ဆရာတော်သည် စစ်ကိုင်းသို့ ရောက်နေသော်လည်း စာချိုးမှုတွင် ဝါသနာအရ အလျှော့ပေးသည်မရှိပေ။

တချိန်တွင် ဆရာတော်သည် ဦးပဥ္စင်းနှစ်ပါးနှင့်အတူ ပိတောက်ချောင်မှ ဆင်း၍လာရာ သီလရှင်များနေထိုင်သော ဇရပ်များကို တွေ့လေသည်။

www.myanmarcupid.net

ထိုဇရပ်များပေါ်တွင် ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ကျောင်းတိုက်မှ သီလရှင်တို့ နေထိုင်ကြလေသည်။

ထိုစဉ်ကာလက စစ်ကိုင်းချောင်မှာ လူသူစည်ကားခြင်းမရှိသေးပေ။ တောရမှီသော ပုဂ္ဂိုလ်များသာလျှင်ရှိကြလေသည်။ သို့ဖြစ်၍ လူအသွားအလာနီးသော ဇရပ်များပေါ်တွင် နေထိုင်ကြသည့် သီလရှင်များမှာ လူတို့သဘာဝ လွတ်လွတ်လပ်လပ် နေကြဟန်တူသည်။ အိပ်သူကအိပ်၊ အလုပ်လုပ်သူကလုပ်၊ စကားပြောသူကပြောနှင့် ရှိနေကြသည်ကို ဗန်းမော်ဆရာတော်သည် အဝေးမှလှမ်းမြင်မိပေသည်။ ကဗျာရှင် စာရှင် ပုဂ္ဂိုလ်ကြီးဖြစ်၍ စာချိုးလိုက်ချင်သည်မှာ အာယားရှိနေတော့သသည်။ ထို့ကြောင့်လည်း ဦးပဥ္စင်းနှစ်ပါးကိုစောင့်၍ သစ်ပင်အောက်မှ ရပ်ကာ ...

"ဟော့... ဟိုမှာကြည့်စမ်း၊ ထွင့်ခေါင်ရဲ့ ကြက်ဖြူမတွေ" ဟုမိန့်ကြားလိုက်ပြီး...

"နားထောင်ကြအုံးကွာ၊ ငါစာတပုဒ် ချိုးလိုက်အုံးမယ်"

ဟုဆိုကာ အောက်ပါစာတပုဒ်ကို ရေးလိုက်သဖြင့် ဗန်းမော်ဆရာတော်၏သမိုင်းမှတ်တမ်းဝင် စာတပုဒ်ဖြစ်၍ လာလေသတည်း။

ဒူးနှစ်ဘက် အပေါ်ထောင်၊
တော်ပေါင်ကွဲ့ တနဲ၊
ဘဝင်စိတ်ကယ်တုံ၊
နင်အိပ်ပုံ အလွန်ဆိုးတယ်၊
ဂျိုကင်လိုဘဲ။

ဤကဗျာမှာ ဟာသရသ ကဗျာ ဖြစ်သည်။ ကြားရသူတို့ အတွက် ရွှင်မြူးစေရသော ကဗျာမျိုးဖြစ်သည်။

www.myanmarcupid.net



# ဗန်းမော်ဆရာတော်၏ သဘာဝကဗျာ

ဗန်းမော်ဆရာတော်သည် သီလရှင်များနှင့်ပါတ်သက်၍ သဘာဝ ကဗျာတပုဒ်ကို စပ်ဆိုထားခဲ့သေးသည်။ ထိုကဗျာမှာ အောက်ပါအတိုင်းဖြစ်သည်။

မကျွမ်းတဲ့မကျင်၊
ဇရပ်ပေါ် မယ်သီလကို၊
ခွန်းစလိုက်ချင်၊
အသွေးငယ်ယဉ်၊
အသွင်ကပျော့ပြောင်း၊
သူဝတ်လေ ဖြူဆွတ်ကယ် လျှော်တေပ၊
တောင်ခြေမှာ ကျင့်တရားငယ်နှင့်၊
ဖွားသီလကျောင်း။

www.myanmarcupid.net

## တောထွက်ကြီး စာမပီ၍ ဖွဲ့ဆိုသောကဗျာ

စစ်ကိုင်းပိတောက်ချောင်တွင် သီတင်းသုံးနေခိုက် ဗန်းမော်ဆရာတော်၏ကျောင်းသို့ တောထွက် ဦးပဉ္စင်းကြီးတပါး ရောက်ရှိနေလေသည်။ ထိုဦးပဉ္စင်းကြီးအမည်မှာ ဦးကဲဟူ၍ လူဘဝကအမည်ကိုပင် ခေါ်ကြသည်။ ဦးကဲသည် လူဘဝတွင်ရှိစဉ်က စာပေပရိယတ္တိ သင်ကြားဘူးခြင်းမရှိပေ။ ထို့ကြောင့်လည်း အသက်ကြီးမှ ရဟန်းပြုသောအခါ၊ ပုဒ်–ပါဠ် အက္ခရာများကို မှန်အောင်မရွတ်နိုင်ဘဲ ရှိလေသည်။ အထူးအားဖြင့် ရ–ကောက်သံကိုပီအောင် မရွတ်နိုင်ဘဲ ယ–ပက်လက်အသံသာ ထွက်နေသည်။ (တိသရဏေန)ကို အကြိမ်ကြိမ်သင်ပေးသော်လည်း (တိသဏေန) ဟူ၍ ယပက်လက်သံချည့်သာဖြစ်နေသည်။

ဗန်းမော်ဆရာတော်ကိုယ်တိုင်မရလျှင် မနေဟု ထို (တိသရဏေန) ကိုပင် ထပ်ခါတလဲလဲ ရွတ်ဆိုစေ၍ သင်ကြားပေးရာ သင်ကြားစဉ်ကအခါက ရ–ကောက်သံနှင့်ရွတ်နိုင်သော်လည်း နောက်တနေ့တွင် ယ–ပလက်အသံနှင့်သာ ဖြစ်လာပြန်သည်။ ငယ်စဉ်ကပင် နှုတ်ကြိုး၍ ယပလက်အသံကိုသာ စွဲ၍နေရာ ဗန်းမော်ဆရာတော်သည့်င်လျှင် လက်လျှော့ရတော့သည်။

သို့သော် ဝါသနာကြီးလှသော စာချိုးခြင်းဖြင့် တောထွက်ဦးပဉ္စင်းကြီး ဦးကဲအား မှတ်တမ်းတင်လိုက်သည်။

တိသရဏကို (သယဏ) လို့ သူကဆို၊

နဂိုက ဟုတ်ပါဘဲ၊

နံနက် တကျော်ကျော်နှင့်၊

ကျောင်းပေါ်မှာ အခံခက်တယ်၊

တောထွက်ခင်ကြီး။ ။

www.myanmarcupid.net

(ဦးကဲနှင့်ပါတ်သက်၍ ဆရာတော်ဟောကြားသော ပုံပြင်ကို နောက်ပိုင်း ပုံပြင်အခဏ်းတွင် ရှုပါ) ။

*************

www.myanmarcupid.net



# ထွင့်ခေါင်ဆရာတော်သို့ စာချီးခြင်း

ထွင့်ခေါင်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိနှင့် ပြည့်စုံ၍ မင်းတုန်းဘုရင်ကြီးက အလွန်ပင် ကြည်ညို ကိုးကွယ်ထားသော်လည်း မန္တလေးနေပြည်တော်တွင် နေတော်မမူဘဲ စစ်ကိုင်းတောင်ရိုးရှိ ပိတောက်ချောင်တွင် အရညဝါသီ တောမှီ ကျင့်သုံးတော်မူသည်။

ထွင့်ခေါင်ဆရာတော်မှာ ကမ္မဋ္ဌာန်းတရား ဟောကြား ပြသရာတွင် အလွန်နာမည်ကြီးလှ၍ တောရမှီသည့် ယောဂီများနှင့် သီလရှင်များပါ ထွင့်ခေါင်ဆရာတော်နှင့် နီးရာတွင် ဇရပ်များ ဆောက်လုပ်၍ ဆည်းကပ်ကိုးကွယ်နေကြသည်။

ဗန်းမော်ဆရာတော်လည်း ထွင့်ခေါင်ဆရာတော်နှင့် မနီးမဝေး ပိတောက်ချောင်တွင်ပင် သီတင်းသုံးသည်ဖြစ်ရာ ထွင့်ခေါင်ဆရာတော်ထံ

www.myanmarcupid.net

မကြာခဏ အဖူးအမျှော် ရောက်ခဲ့လေသည်။ ထွင့်ခေါင်ဆရာတော်မှာ ဗန်းမော်ဆရာတော်ထက် ဝါတော်ကြီးသည် ဖြစ်၍ ဗန်းမော်ဆရာတော်က ဆည်းကပ်ကိုးကွယ်ခြင်းပင်ဖြစ်သည်။

သို့သော်လည်းဗန်းမော်ဆရာတော်၏ အမြင်တွင် သီလရှင်များ ဝိုင်းရံနေသောအဖြစ်ကို မမြင်လို မကြည့်လိုပေ။ သို့သော် သက်ကြီးဝါကြီးပုဂ္ဂိုလ်ဖြစ်၍ အောင့်အီး၍နေရပေသည်။ ဝါသနာဆိုသည်ကား စွန့်ခဲလှပေသည်။ ဗန်းမော်ဆရာတော်၏ ဝါသနာကို သိခဲ့ပြီးအတိုင်းပင် မျက်စိထဲ အမြင်မတည့်လျှင် စာချိုးချင်သောဝါသနာ၊ ပစ်စာပစ်လိုသော ဝါသနာမှာ ဒွန်တွဲ၍ နေလေသည်။

ထို့ကြောင့်ပင် တနေ့တွင် ဗန်းမော်ဆရာတော်က အောက်ပါအတိုင်း စာချိုး၍ ထွင့်ခေါင်ဆရာတော်၏ ကျောင်းဝင်းအတွင်းသို့ ညအခါ တိတ်တဆိတ် စာပစ်၍ထားခဲ့သည်။

စိတ်ပုတီးနှင့် ရိပ်မိုးတဲ့ထွင့်ခေါင်၊
ဦးရွှေညို သီလချောရယ်နှင့်၊
တောခိုသည့်ချောင်။
ခန္ဓာကောင်၊
ရုပ်ဆောင်တဲ့ရှင်ထွင့်၊
သီလဆို ဖြူဖြူဆွတ်ကို၊
အားရအောင်ချွတ်။

ထွင့်ခေါင်ဆရာတော်၏ကျောင်းအနီးသို့ ချထားသောစာချိုးကို နံနက်စောစော တံမြက်လှဲသော ကိုရင်ကြီးက ကောက်ရသဖြင့် ဖတ်ကြည့်ပြီး ဆရာတော်အားဆက်ကပ်လေသည်။

ထွင့်ခေါင်ဆရာတော်သည် ထိုစာချိုးကို ဖတ်ရှုပြီး ကိုရင်ကြီးအား...

www.myanmarcupid.net

"ဇန်းမော်ဆရာတော်ကို ငါက ဆွမ်းစားပင့်တယ်လို့ လျှောက်ချေပါကွယ်" ဟု မိန့်တော်မူလိုက်သည်။

ကိုရင်ကြီးသည် ဇန်းမော်ဆရာတော်ထံ သွားရောက်လျှောက်ထားရာ "အေး..အေး...ငါ အခုလာခဲ့မယ်" ဟုပြောဆိုလိုက်ပြီး ချက်ခြင်းပင် နောက်ကလိုက်၍သွားလေသည်။ ထွင့်ခေါင်ဆရာတော် ကျောင်းပေါ်သို့ ရောက်လေလျှင် ဇန်းမော်ဆရာတော်က ဝတ်ဖြည့်၍ ရိုသေစွာထိုင်သည့်အခါ ထွင့်ခေါင်ဆရာတော်က...

"ဘယ်နှယ်လဲ ကိုဇန်းမော် ကျုပ်ကို သီလရှင်တွေနဲ့ ပြောင်လှောင်ပြီး စာချိုးတာလား"

ဇန်းမော်ဆရာတော်က...

"သီလရှင်တွေနဲ့ စွပ်စွဲတာ မဟုတ်ပါဘုရား၊ ဆရာတော်အပေါ် အကြည်ညို သဒ္ဓါပွား၍ စာချိုးမိကြောင်းပါ ဘုရား"

"သယ်... မင်းက စကားလွှဲပြောပြန်ပြီ၊ ဦးရွှေညို သီလချောရယ်နဲ့ဆိုတာ ငါ့နံမည်က ဦးရွှေညိုဆိုတော့ ငါ့ကိုသီလရှင်ချောချောနဲ့ ပေးစားပြီး စာချိုးတာ မဟုတ်လား"

"မဟုတ်ရပါဘုရား... သီလချောဆိုတာ အရှင်ဘုရား၏ သီလတော် စင်ကြယ်ချောမွတ်ခြင်းကို ရည်ရွယ်စပ်ဆိုခဲ့တာပါဘုရား"

ထွင့်ခေါင်ဆရာတော်က ပြုံးတော်မူ၍ "တန်စမ်းပါ ဇန်းမော်ရယ်.. မင်းဆိုလိုတာ ဒါ မဟုတ်ပါဘူး၊ မင်း ငါ့ကို နှစ်စွယ်နှစ်ဝ အခိပ္ပါယ်ရတဲ့ စကားနဲ့ စပ်ထားတာ မဟုတ်လား" ဟု မေးမြန်းလေမှ ဇန်းမော်ဆရာတော်လည်း ခတ်ပြုံးပြုံးလုပ်၍ နေလေတော့သတည်း။

*************

www.myanmarcupid.net



# ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်း

မြန်မာစာပေသမိုင်းတွင် ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့၏ အကြောင်းမှာ အထင်ရှားဆုံးသော စာဆိုနှစ်ဦးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တဦးနှင့်တဦး စာချိုးကြရာမှာ အညှာမပေးတတ်သော ကဗျာပဂေးနှစ်ဦး ဖြစ်၍၎င်း၊ "ဂမ္ဘီရ" သင့်အောင်ပင် စာစပ်ကြသောကြောင့်၎င်း၊ ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့ သတင်းမှာ ယနေ့တိုင်ထင်လင်းနေပေသေးသည်။

ဗန်းမော်ဆရာတော်သည် ဘုန်းကြီးလောကတွင် ထင်ရှားခဲ့သလောက် သီလရှင်မယ်ကင်းမှာလည်း သီလရှင်လောကတွင် အလွန်ထင်ရှားသော ဆရာတဆူအဖြစ် ဂုဏ်ရှိန်ကြီးမားသော ပုဂ္ဂိုလ်တဦးပင်ဖြစ်သည်။ သီလရှင်မယ်ကင်းဟု အဖျားဆွတ်၍ လွယ်လွယ်ပင်ခေါ်ခဲ့ကြသော်လည်း အမှန်မှာ ဆရာကြီး ဆရာကင်းပင်ဖြစ်သည်။ ကစ္စည်းသဒ္ဒါကြီး၊ သင်္ဂဟနှင့် ဋီကာကျော်များ၊ အဋ္ဌသာလိနီ အဋ္ဌကထာနှင့်၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာများ၊ ညဝါနှင့် အဋ္ဌကထာများ သင်ကြားတတ်မြောက်ခဲ့သူ ဖြစ်ပေသည်။

www.myanmarcupid.net

သီလရှင်မယ်ကင်းမှာ ကသည်းလူမျိုးဖြစ်သည်။ ငယ်ဖြူဖြစ်၍ လူမှုကိစ္စအဝဝတို့နှင့် ကင်းကွာခဲ့လေသည်။ ငယ်စဉ်ကပင် စာပေပရိယတ် လေ့လာလိုက်စားမှုကိုသာ အစဉ်မပြတ် အချိန်ရှိသမျှ သင်ကြားခဲ့ခြင်းကြောင့် ထိုခေတ်ထိုအခါတွင် စာတတ်ပေတတ် စာရင်းတွင် ပေါ်လွင်ထင်ရှားခြင်းဖြစ်လေသည်။

စစ်ကိုင်းတောင် ဂူတလုံးချောင်တွင် တောရဆောက်တည်နေထိုင်၍ ထွဋ်ခေါင်ဆရာတော်ထံတွင် ညဝါနှင့် အထကဋ္ဌာများ သင်ကြားခဲ့သည်။ ထို့ကြောင့်လည်းဆရာကင်းသည် မိမိသင်ကြားတတ်မြောက်သည့် ပညာများကို သီလရှင်တပည့်များနှင့် ဝါသနာပါသူ လူဝတ်ကြောင်မိန်းကလေးများကို သင်ကြားပို့ချ၍ ပေးခဲ့လေသည်။ ပရိယတ္တိစာပေ သင်ကြားပို့ချသည့်အတွက်လည်း ကျောက်ထီးကန္တ အလေးပြုအပ်သည့် ဆရာကြီးတဆူအနေဖြင့် စာတတ်ပေတတ်သီလရှင်အများအပြားကို မွေးထုတ်ပေးခဲ့ပြီး သီလရှင်လောကကြီး စည့်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သောပုဂ္ဂိုလ် ဖြစ်ပေသည်။

ထိုမှတပါးလည်း သုဓမ္မာဝင်ဖြစ်သည့် ရှမ်းကလေးကျွန်း ဆရာတော်သည် ဆရာကင်း၏ မောင်အရင်း ဖြစ်သည်။ ရှမ်းကလေးကျွန်းဆရာတော်အရှင်နန္ဒမှာ သုဓမ္မာဝင် ဆရာတော်များထည်းတွင် ကျော်ဇောထင်ရှားသည့် ပုဂ္ဂိုလ်တဦး ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ လေးစားကြည်ညိုမှုကို ခံယူရသည်။ ထိုရှမ်းကလေးကျွန်းဆရာတော်၏ ဝိနိစ္ဆယပြန်တမ်း အတွက် ဗန်းမော်ဆရာတော် ဗန်းမော်မြို့သို့ အပို့ခံရခြင်းဖြစ်သည်။

ဆရာကင်းသည် မင်းတုန်းဘုရင် ကြည်ညိုလေးစားသော ရှမ်းကလေးကျွန်းဆရာတော်၏ အစ်မအရင်း ဖြစ်၍တကြောင်း၊ ကိုယ်တိုင်ကလည်း စာတတ်ပေတတ် ပုဂ္ဂိုလ်အကျော်ဖြစ်၍ တကြောင်း သီလရှင်သာသနာကို ကြီးမားပြန့်ပွားအောင် ဆောင်ရွက်နေသူ

www.myanmarcupid.net

ဖြစ်၍တကြောင်း မင်းတုန်းမင်းသည် ဆရာကင်းကို အလွန်ပင်လေးစားလေသည်။

စစ်ကိုင်းချောင်တွင် ကျော်ဇောထင်ရှားသည့် သီလရှင်ကြီးတပါး ရှိသေးသည်။ ထိုသီလရှင်ဆရာကြီးမှာ ဆရာမယ်နတ်ပေးဖြစ်သည်။ ဆရာမယ်နတ်ပေးသည် ပဋ္ဌိပတ္တိ ကမ္မဋ္ဌာန်းဘာဝနာဘက်၌ ကြိုးပမ်းအားထုတ်တရားပြသမှုတွင် ထင်ရှားကျော်ကြားသည်။ ၁၂၂၁–ခုနှစ်တွင် ဆရာကင်းနှင့် ဆရာမယ်နတ်ပေးတို့ကို နေပြည်တော်သို့ ပင့်ဆောင်လေသည်။ မင်းတုန်းမင်းကြီး ပင့်ဆောင်သည့်အခါတွင် ဆရာကင်းတို့က မင်းတုန်းမင်းထံ ကတိသုံးချက် တောင်းခံသည်။

၁။မိမိသည် မိန်းမသားဖြစ်၍ ဆရာတော် သံဃာတော်များကို ရိုသေလေးစားရပါမည်။ သို့ဖြစ်၍ ပြသာဒ်၊ ဘုံဆောင်အဆင့်ပါသည့် ကျောင်းဇရပ်များ ဆောက်လုပ်လှူဒါန်းခြင်းမပြုပါရန်။

၂။မည်သည့်ဘွဲ့တံဆိပ်တော်မှ ဆက်ကပ်လှူဒါန်းခြင်းမပြုပါရန်။

၃။ဆွမ်းဝတ် ဆွမ်းအုပ်များ မလှူဒါန်းရန်တို့ ဖြစ်သည်။

ဤကတိသုံးချက်ရသဖြင့် နေပြည်တော်သို့ လိုက်ပါခဲ့လေသည်။ နန်းတွင်းရှိ မိဖုရားများ၊ သမီးတော်များ၊ နန်းတွင်းသူများကို စာပေပရိယတ္တိ ပို့ချပေးလေသည်။ ဆရာကင်းသည် နန်းတွင်းနန်းပြင်၌ ထင်ရှားသည့် ရှမ်းကလေးကျွန်း ဆရာတော်နှင့် ဆရာကင်းတို့မှာ မောင်နှမလည်းဖြစ်၍ မင်းတုန်းဘုရင်အပေါ် သြဇာသက်ရောက်၍ မင်းနှင့်အကျွမ်းတဝင်နေကြသဖြင့် အချို့သော ဆရာတော် သံဃာတော်များမှာ လိုလား နှစ်သက် ကြဟန်မရှိပေ။ ထိုအထဲတွင် ဇန်းမော်ဆရာတော်က ထိပ်တန်းက ပါနေမည်မှာ မလွဲပေ။ ဇန်းမော်ဆရာတော်၏ ပင်ကိုယ်သဘောကပင်လျှင် အခွင့်ထူးခံသူများ၊ ဘုရင့်အနီးတွင်နေပြီး ဘုရင့်စိတ်ကြိုက် လိုက်၍နေသူများကို ရွံရှာမုန်းတီးသည့်သဘော ရှိပေသည်။ ထို့ကြောင့်လည်း ဆရာကင်းနှင့်ပတ်သက်လာလျှင် ဇန်းမော်ဆရာတော်သည်

www.myanmarcupid.net

အညှာမပေး။ ပက်ပက်စက်စက် ရက်ရက်စက်စက် တွယ်လေ့ရှိပေသည်။ မြန်မာစာပေတွင် ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့၏ အပြန်အလှန် စာချိုးများမှာ ထင်ရှားလှပေသည်။

တခါတွင် သီလရှင်ဆရာကင်းက သံဝေဂတေးထပ် တပုဒ်ကို ရေးစပ်လေသည်။ ထိုတေးထပ်မှာ...

ဘိက္ခုနီဆရာကင်းက တဏှာကွင်းပစ်ပယ်၊
ဗလာကျင်းခေတ်နှယ် ချစ်စဖွယ်ဟန်နွဲ့၊
ဂူမွေ့လို့ လူတွေ့ရှောင်တယ်၊
မြူရွှေတောင် အားသစ်လို့ခဲ။
ကမ္ဗဋ္ဌာန်းနှင့် မဂ်လမ်းချူတယ်၊
တက်လမ်းမှု တနဲ၊
မထိတ်သာ စိတ်ရဲလို့ မိတ်ဖေါ်လဲမပါ၊
ဘာဝနာဘိညာဉ်ကွန် တိမ်ယာဉ်ညွန့်စီးတော့မည့်ခါ
ပုတီးနှင့် အပြီးပါတယ်၊ မညည်းရာစျာန်ရိပ်နှင့်၊
ပန်စိတ်တဲ့သီလသယ် ထူးတဲ့အံ့ဘွယ်၊
တောခလို့ လောဘပယ်တယ်၊
မောဟကွယ် ရှိဘူးထင့်လေး။

ဆရာကင်း၏ အထက်ပါတေးထပ်ကို ဗန်းမော်ဆရာတော် တွေ့သောအခါတွင် အောက်ပါအတိုင်း အရွဲ့တိုက်၍ ရေးလိုက်လေသည်။

ဘိက္ခုနီဆရာကင်းက တဏှာကွင်းစွတ်ဖယ်၊
ဗလာကျင်းဝတ်ထည်ကို ချွတ်မယ်လို့ ကုန်ဖွင့်၊
ကူပွေ့လို့ လူတွေ့ခံတယ်၊

www.myanmarcupid.net

မြူရွှေဟန် ဆိုတဲ့ အကျင့်။
ပြာတဆုပ်နှင့် မင်္ဂလာသုတ်သင်တယ်၊
စက်ဆုပ်ချင်သထင့်၊
မန်းသေလာတောင်မြင့်မှ ဖော်မလင့် ဧကစာ၊
လင်မြော်ခါ ဖန်ရည်ရိပ်ကယ်နှင့်၊
ကြံစည်စိတ်များလှတော့တာ၊
ပုတီးသုံးလို့ လူပုန်းရှာတယ်၊
သူနုံးခါငြိမ်သက်နှင့်၊
ကြံရက်တဲ့သီလသယ် ထူးပေ့အံ့ဘွယ်၊
လောဘနှင့် မောဟတွယ်သည်၊
တောခတယ် မယ်ကင်းတဲ့လေး။ ။

အထက်ပါတေးထပ်နှစ်ပုဒ်မှာ အချိန်ကာလ ဖော်ပြထားခြင်းမရှိပေ။ အချို့ကဆိုကြသည်။ ဤတေးထပ်နှစ်ပုဒ်အကြောင်းမှာ ဇန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့ ပျိုရွယ်စဉ်က အပြန်အလှန် ရေးခဲ့ကြသည်ဟု ဆိုသည်။ ဇန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့ ငယ်စဉ်က ပညာသင်ဘက်ဖြစ်ခဲ့ကြသည်။ တဦးနှင့်တဦး ရည်ငံခဲ့ကြဟန်တူသည်။ ဇန်းမော်ဆရာတော်လောင်းက ပဉ္စင်းတက်မည်ရှိသောအခါ သီလရှင်မယ်ကင်းထံ "ဘယ်နှယ်လဲ ပဉ္စင်းတက်ရတော့မှာလား" ဟုမေးသည်ဆိုသည်။ ထိုအခါ သီလရှင်မယ်ကင်းက အထက်ပါတေးထပ်ဖြင့် အကြောင်းပြန် လိုက်သည်ဟု ဆိုသည်။ ထိုအခါ ဇန်းမော်ဆရာတော်လောင်း မောင်ပဉ္စင်းလောင်းက စိတ်နာနာနှင့် ပြန်လည်ချေပသော တေးထပ်ဖြစ်သည်ဟု အဆိုရှိခဲ့သည်။

*************

www.myanmarcupid.net

## *မယ်ကင်းတေးထပ် သုံးသပ် ဝေဖန်ချက်*

ဤတေးထပ်နှစ်ပုဒ်ကို ပြန်လည်သုံးသပ်ကြည့်ပါလျှင် ပထမတေးထပ်သည် ဆရာကင်းစစ်ကိုင်းချောင် တွင်နေစဉ်က ရေးသောတေးထပ်၊ သို့မဟုတ် စစ်ကိုင်းတောင်တွင် နေစဉ်က ရေးသောတေးထပ်ဖြစ်ဖွယ်ရှိသည်။ တေးထပ်ပါ အချက်အလက်တို့ကို ပြန်လည်သုံးသပ်လျှင် ဆရာကင်း၏တေးထပ်၌ (ဂူမွေ့လို့ လူတွေ့ရှောင်တယ်) ဟူသောအချက် (ကမ္မဋ္ဌာန်းနှင့် မဂ်လမ်းချူတယ်) ဟူသောအချက် (မထိပ်သာ စိတ်ရဲလို့ မိတ်ဖေါ်လဲမပါ) ဟူသောအချက် (တောခလို့ လောဘပယ်တယ် မောဟကွယ် ရှိဘူးထင့်လေး) ဟူသော အချက်တို့ကို ထောက်ထားလျှင် ဆရာကင်းသည် မင်းတုန်းဘုရင်က နေပြည်တော်သို့ ပင့်ပြီးမှရေးသော တေးထပ်မဟုတ်နိုင်၊ တောသံ တောင်သံ ဂူအောင်းသံတွေပါနေသဖြင့် ဆရာကင်းအဖြစ် ထင်ရှားပြီးမှ ရေးသောတေးထပ် မဟုတ်နိုင်။

ထို့အပြင် စစ်ကိုင်းတောင်တွင် ဆရာကင်းအဖြစ် ထင်ရှားသည့်အခါ စာပေပရိယတ္တိပို့ချနေစဉ်ကာလတွင် သို့မဟုတ် ဇန်းမော်ဆရာတော် စစ်ကိုင်းချောင်သို့ ရောက်ပြီးမှ ရေးသောစာ မဖြစ်နိုင်ပေ၊ အကြောင်းမူကား ဆရာကင်း၏တေးထပ်နှင့် ဆရာကင်းအဖြစ် ထင်ရှားနေသော လက်တွေ့ဘဝမှာ ကွာဟ ကွဲလွဲနေသောကြောင့်ဖြစ်သည်။ ဆရာကင်း၏တေးထပ်သည် (လူများကိုမတွေ့လို ဂူထဲတွင် ပျော်မွေ့လိုသည်) ဟူ၍၎င်း၊ (ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ၍ မဂ်လမ်းကို တက်လှမ်းရန် ရည်ရွယ်သည်) ဟူ၍၎င်း၊ (အဖေါ်မပါဘဲ စိတ်ကို ရဲဆေးတင်၍ မထိပ်သာ မလန့်သာ ဘာဝနာ ပွားများတော့မည်) ဟူ၍၎င်း တွေ့ရပေရာ ဆရာကင်း၏ လက်တွေ့ဘဝမှာ ပဋိပတ္တိ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှုထက် ပရိယတ္တိ စာပေပို့ချမှုဘက်ကိုသာ အားထုတ်၍ သီလရှင် တပည့်တပန်းများစွာနှင့် စည်ကားသိုက်မြိုက်စွာ စစ်ကိုင်းချောင်တွင် နေထိုင်ကြောင်း တွေ့ရပေမည်။ (ဆရာကင်း၏ တေးထပ်ကို တဖန်ပြန်လည်ဖတ်ရှု၍ သုံးသပ်ကြည့်စေလိုပါသည်။)

www.myanmarcupid.net

ထိုအချက်များထက် (မထိပ်သာစိတ်ရဲလို့ မိတ်ဖေါ်လဲမပါ) ဟူသောအပိုဒ်သည် အားငယ်သံပါနေ၍ ငယ်စဉ်က ရေးသော တေးထပ်ဖြစ်ဘို့ဘက်က များလေသည်။

*************

## ဗန်းမော်ဆရာတော်၏ တေးထပ် သုံးသပ်ချက်

ဗန်းမော်ဆရာတော်၏ ပြန်လည်ချေပထားသော တေးထပ်ကို ဝေဘန်သုံးသပ်ကြည့်လျှင် (မန်းသေလာတောင်မြင့်မှာ ဖေါ် မလင့် ဧကစာ) ဟူသော အပိုဒ်တပိုဒ်တည်းကိုသာ ဝေဘန်သုံးသပ်လျှင် အဖြေတခု သို့မဟုတ် ဗန်းမော်ဆရာတော်က ပြန်လည်ချေပသည့် တေးထပ် ရေးစပ်သည့်ကာလကို ခန့်မှန်းနိုင်လိမ့်မည် ထင်ပါသည်။

"မန်းတောင်ရိပ်သေလာမှာ ဧကစာ ကျင့်သုံးလို့ " ဟူသော အပိုဒ်အရ ဆရာကင်းသည် စစ်ကိုင်းတောင်ရိုးသို့ မရောက်သေး၊ သို့မဟုတ် ဆရာကင်းကို မင်းတုန်းမင်း မန္တလေးသို့ပင့်ဆောင်ပြီးနောက်မှ ရေးသောတေးထပ်ဖြစ်ရပေမည်။ ဗန်းမော်ဆရာတော်၏ ချေပချက်တေးထပ်တွင် (မန္တလေးတောင်)ဟူ၍၎င်း "ဖေါ်မလင့် ဧကစာ" ဟူသော အပိုဒ်အရ အဖေါ်မပါဘဲ မန္တလေးတောင်တွင် တဦးတည်း ကျင့်ကြံအားထုတ်မှုဟူသော အဓိပ္ပါယ်ကို ဖေါ်ပြနေပေရာ ဗန်းမော်ဆရာတော်၏ တေးထပ်အရတွင်လည်း ဆရာကင်း ငယ်ရွယ်စဉ်ကာလတွင် ချေပရေးသားထားသောတေးထပ် ဖြစ်ကြောင်း ယူဆရန်ဘက်က အလေးသာနေပေသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကင်း မန္တလေးတွင်ရှိနေကြောင်း ထင်ရှားသည့်အချက်က တချက်၊ ထို့နောက် မင်းတုန်းမင်းပင့်ပြီးမှ နန်းတွင်းသူများကို စာပေ ပို့ချနေစဉ်ကာလ၊ တပည့်တပန်း မြောက်များစွာ ရှိနေသော ကာလမဟုတ်ဘဲ (အဖေါ်မပါ ဧကစာ) ကျင့်သည့်အကြောင်း ဗန်းမော်ဆရာတော်၏ တေးထပ်က ဖေါ်ပြနေပေသည်။

www.myanmarcupid.net

## *ဗန်းမော်နှင့် မယ်ကင်းချစ်ကြိုက်ဘူးသလော*

သို့ဖြစ်၍ ဤတေးထပ်နှစ်ပုဒ်ကို ဆန်းစစ်ကြည့်လျှင် ကာလအပိုင်းအခြားကို ခန့်မှန်းရသလောက် စစ်ကိုင်းချောင်အကြောင်း အရိပ်အမြွက်မျှ မပါခြင်း၊ တပည့်တပန်း အသင်းအပင်း အသိုင်းအဝိုင်းများအကြောင်း တေးထပ်နှစ်ပုဒ်စလုံးတွင် မပါရှိကြခြင်း၊ တကိုယ်တည်း ဇကစာကျင့်ကာ ဘာဝနာပွားများမည်ဟု တေးထပ် ဆိုထားပါလျှက် ဆရာကင်း၏ လက်တွေ့ဘဝမှာ တပည့်တပန်းများစွာနှင့် စာပေပို့ချမှုစခန်းတွင်သာ ကျင်လည်နေခဲ့ရခြင်းတို့ကြောင့် ဤတေးထပ် နှစ်ပုဒ်စလုံးမှာ ပျိုရွယ်စဉ်က ရေးသားခဲ့ကြသော တေးထပ်များ ဖြစ်သည်ဟုပင် ကောက်ချက်ချရပေတော့မည်။

သို့ဖြစ်လျှင် ဗန်းမော်ဆရာတော်နှင့် သီလရှင်မယ်ကင်းတို့မှာ ငယ်စဉ်ကပင် သိကျွမ်းနေကြကြောင်း ထင်ရှားပေသည်။ ဤမှတဆင့်တက်၍တွေးလျှင် ငယ်စဉ်က ရေးကြသော တေးထပ်နှစ်ပုဒ်စလုံး အပြန်အလှန် သုံးသပ်ကြည့်လျှင် ဆရာကင်း၏တေးထပ်မှာ (လောဘပယ်၍ မောဟမတွယ်တော့ပါ) (ဇကစာ ကျင့်သုံး၍ မဂ်လမ်းကိုရှာပါမည်) ဟု ရိုးရိုးသားသား ကိုယ့်ရည်မှန်းချက်ကို ကိုယ်ရေးစပ်ထားသော တေးထပ်ဖြစ်ပါလျက် ဗန်းမော်ဆရာတော်က ဒေါသတကြီး ပက်ပက်စက်စက် တနည်းဆိုရလျှင် ဆဲရေးတိုင်းထွာ၍ ပြန်လည်ချေပ ရေးသားရသနည်း။ ပုဂ္ဂိုလ်တဦး၏ အဆိုအမိန့်အတိုင်း စာသင်ဘက် ပျိုရွယ်စဉ်ဘဝက ချစ်ကြိုးသွယ်မိကြပြီး တကယ့်အရေးကျမှ ငြင်းပယ်လိုက်သော တေးထပ်ဖြစ်၍ စိတ်နာနာနှင့် ပက်ပက်စက်စက် ဆဲရေးတိုင်းထွာပြီး ပြန်လည်ချေပခြင်း ဖြစ်ရာသည်ဟု ယူဆရန်ပင် ရှိတော့သည်။

*************

www.myanmarcupid.net

## ဦးပဍ္ဍင်းဘဝက ရေးစပ်သည်ဆိုသော တေးထပ်

ဗန်းမော်ဆရာတော်၏ စာပေများတွင် ဖေါ်ပြထားခြင်းမရှိသော်လည်း ဗန်းမော်ဆရာတော် ပဍ္ဍင်းတက်ကာစကရေးသော တေးထပ်ဟုဆိုသည့် တေးထပ်တပုဒ်မှာ အချို့စာအုပ်များတွင် ကြိုးကြားကြိုးကြား တခါတရံ တွေ့ရပေသည်။ ဗန်းမော်ဆရာတော်၏ စာပေစာစုများ၌ မတွေ့ရသည်မှာ ဖေါ်ပြရန်မသင့်ဟု ယူဆသောကြောင့် ဖြစ်ဟန်တူပေသည်။

အထက်ပါ တေးထပ်မှာ ရုန့်ရင်းကြမ်းတမ်းသည် ဆိုရသော်လည်း နောက်ထပ် ဗန်းမော်ဆရာတော်နှင့် မယ်ကင်းတို့ အပြန်အလှန်ရေးသော စာချိုးနှစ်ပုဒ်ထက်တော့ ဆိုးလိမ့်မည် မထင်ပေ၊ တေးထပ်ဟန်မှာ ဗန်းမော်ဆရာတော် မဟုတ်သည့်တိုင်အောင် ဗန်းမော်ဆရာတော်၏ လက်ရာနှင့် အတော်ပင်နီးစပ်သော တေးထပ်ပင် ဖြစ်သည်။

တေးထပ်၏ အဓိပ္ပါယ်ကလည်း...

"မနှစ်က ယခုတိုင်အောင် ချစ်ပါချစ်ပါဟု တောင်းဆိုသော်လည်း အပျိုထွားက နေနိုင်ရက်သည်။ နဂိုကစပြီး ယခုမှ ရက်စက်တော့သည်။ မမုန်လျှင် မကြဲပါနှင့်။ ယခုမှ မင်းဘာကြောင့် ငိုရသလဲ" ဟူသော အဓိပ္ပါယ်ပါရှိနေသည်ကို ထောက်၍ (နဂိုကတော့စပြီး ချစ်ပါဆိုတော့လဲ မချစ်နိုင်၊ အခုလိုငြင်းပယ်တာဟာ ရက်စက်အားကြီးပါတယ်၊ မင်းငြင်းပယ်လို့ ငါပဍ္ဍင်းခံပြီးခါမှ ဘာပြုလို့ ငိုရတာလဲ) ဟူ၍သာ အဓိပ္ပါယ်ကောက်ယူရန် ရှိပေတော့သတည်း။

## ဗန်းမော်နှင့် မယ်ကင်း စစ်ကိုင်းမှာတွေ့ခြင်း

ဗန်းမော်ဆရာတော်သည် မင်းတုန်းမင်းကို စိတ်နာ၍ စစ်ကိုင်း ပိတောက်ချောင်မှာနေစဉ် သီလရှင်မယ်ကင်းမှာလည်း တပည့်တပန်း များစွာနှင့် စစ်ကိုင်းချောင်တွင် စာပေပို့ချနေသည်။

တနေ့တွင် သီလရှင်မယ်ကင်းက မိမိချောင်အတွင်း၌သီးသော သဘော်သီးလုလုကြီးတလုံးရ၍ တပည့်သီလရှင်များအား

www.myanmarcupid.net

ဗန်းမော်ဆရာတော်ထံ ကပ်လှူစေခိုင်းလိုက်ပြီး သီလရှင်နှစ်ဦးကို အမှာစကားပါးလိုက်သေးသည်။

"ဗန်းမော်ဆရာတော်ကများ မင်းတို့ဆရာက သဘော်သီးကြီးလှူပြီး ဘာဆုကို တောင်းလိုက်သေးသလဲ မေးခဲ့ရင် (ဘုရားဆုကို တောင်းပါတယ်) လို့ လျှောက်ပါဘိ"ဟူ၍မှာကြားလိုက်သည်။

ဗန်းမော်ဆရာတော်ထံ ရောက်၍ သဘော်သီးကို သီလရှင်ဆရာကင်းက အကပ်ခိုင်းကြောင်းလျှောက်ထားသည့်အခါ ထင်သည့်အတိုင်းပင် ဆရာတော်က မေးတော့သည်။ သီလရှင်များကလည်း ဆရာကင်းက မှာသည့်အတိုင်းပင် လျှောက်တင်လိုက်လေသည်။

ဗန်းမော်ဆရာတော်၏စိတ်တွင် ကြီးကျယ်လိုက်တာဟု ထင်တော်မူသည်လား မပြောတတ်၊ ရုတ်ချည်းပင်...

"အေး... နင်တို့ဆရာကို ပြောလိုက်၊ ဘုရားဆုလိုချင်ရင် ငါ့ပေါင်ကြားထဲကဟာ နင့်ပေါင်ကြားထဲရောက်အောင် အရင်ဆုတောင်းအုံး" ဟု မှာကြားလိုက်လေသည်။

ဆရာတော်၏ဆိုလိုရင်းမှာ ဘုရားဆုကိုပန်လျှင် ယောက်ျားဘဝကိုရအောင် အရင်တောင်းအုံး၊ ယောက်ျားဘဝရမှ ဘုရားဆုပန်လို့ရမှာဟူ၍ ဆိုလိုဟန်ရှိပေသည်။

*************

## *ဝက်ဝက်ကွဲစာချိုး နှစ်ပုဒ်*

သီလရှင်များ ဆရာကင်းထံ ပြန်ရောက်လေလျှင် ဆရာတော်၏စကားကို ပြန်လည်ပြောကြားလေတော့သည်။ ဆရာကင်းမှာလည်း မာနတံခွန် ထူနိုင်သည့်ကာလမို့ စပ်စပ်ထိမခံ အမှန်ကိုမဆင်ချင်နိုင်ဘဲ ရုတ်တရက် ဒေါသအိုးပေါက်ကွဲကာ ဒွေးချိုးတပုဒ် ရေးစပ်၍ တပည့်များကို အပို့ခိုင်းလိုက်တော့သည်။

www.myanmarcupid.net

ထိုဒွေးချိုးမှာ...

"အဖျားရယ်ပေ၊ အနားခွေ မခိုင်ပြန်ခါမှ၊ မြိုင်ရပ်ကိုမှီး။
စိတ်ပုတီးနဲ့ ယပ်ကြီးကိုင်၊ မဂ်လမ်းကို ဘယ်လိုဆိုင်ပ
ဝတ်သင်းပိုင် မုန်ယိုကွက်တွေနှင့် တောထွက်ခင်ကြီး။"

ဇန်းမော်ဆရာတော်သည် သီလရှင်မယ်ကင်း၏ ဒွေးချိုးကိုဖတ်ရသောအခါ ဒေါပွသွားဟန်တူသည်။ တသက်လုံးက သူများကိုချည့်ချလာခဲ့၍ တယောက်တလေမှ ပြန်၍ မလှန်ရဲခဲ့သော ဇန်းမော်ဆရာတော်အဖို့ ယခုပထမဆုံးအကြိမ် သီလရှင်မယ်ကင်းက ပြန်၍နှံလိုက်သောအခါ ခပ်စပ်စပ် နာသွားဟန်တူသည်။ အရင့်သီးဆုံး စကားလုံးများဖြင့်ပြီးသော ဒွေးချိုးကို ပြန်လှန်ရေးစပ်၍ ပေးလိုက်လေသည်။

ဤသည်တို့ကား ဇန်းမော်ဆရာတော်၏ ဟာသရသ ကဗျာများကို ကိုရင်ဘဝမှ နောက်ဆုံး အချိန်ထိ အစဉ်အတိုင်း ဖော်ပြ၍ပြီးပါပြီ။ သို့သော်စုံလင်ပြီဟူ၍ကား မဆိုနိုင်သေးပါ။ ကျန်ရှိနေဦးမည်သာ ဖြစ်ပါသည်။ စုဆောင်းရသမျှ ဖော်ပြရဖြင်းပင်ဖြစ်ပါသည်။

ယခုဆက်လက်၍ ဇန်းမော်ဆရာတော် ဟောကြားခဲ့သော ဥပမာ ပုံပြင် ဝတ္ထုများကို သီးသန့်ခွဲခြား၍ ဖော်ပြပါဦးမည်။ ဥပမာ သမ္မုဟဂီရက္ကမကျမ်းတွင်ပါရှိသော ဥပမာ ပုံပြင် ဝတ္ထုအစုစုတို့ကို ဖတ်ရှုလေ့လာတော်မူကြပါကုန်။

ဤဥပမာ ပုံပြင် ဝတ္ထုတို့ကို ဖော်ပြရာတွင် ခေတ်အစဉ်အတိုင်း မဟုတ်မူဘဲ အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါကြောင်း။

*************

www.myanmarcupid.net



# အခြေခံကောင်းဘို့လိုကြောင်းပုံပြင်

တနေ့တွင် မင်းတုန်းမင်းတြားကြီးသည် ဇန်းမော်ဆရာတော်အား နန်းတော်သို့ပင့်ကာ ဆွမ်းလုပ်ကျွေးပြီး တရားဒေသနာ နာကြား၍ အပြီးတွင် လျှောက်ထားသည်မှာ...

“တပည့်တော်အနေဖြင့် စိတ်ထဲတွင် မရှင်းလင်းသည့် ကိစ္စတရပ်ကို အခွင့်သင့်တုန်း လျှောက်ထားလို ပါသည်”

“မြတ်စွာဘုရားသည် သတ္တဝါများအား ကျောသားရင်သား မခွဲခြားဘဲ တရားရေအေးတိုက်ကျွေးပါလျှက် အချို့ပုဂ္ဂိုလ်တို့သည် သရဏဂုံသာ တည်၍ အချို့မှာ သောတာပန်၊ အချို့မှာ အနာဂါမ် တည်ကြသည်မှာ အဘယ်ကြောင့်ပါနည်း” ဟု

“တပည့်တော်စဉ်းစား၍ မရနိုင်သဖြင့် အရှင်ဘုရား ရှင်းလင်းမိန့်ကြားပါရန် လျှောက်ထား အပ်ပါသည်ဘုရား”

ထိုအခါ ဇန်းနော်ဆရာတော်ကပြုံးရယ်တော်မူပြီးနောက်

“တကာတော်သိလိုသည့်အချက် အကွက်ကျကျ ဥပမာပြောရလျှင် ရှေးအခါက ရွာတရွာမှာ သူငယ်ချင်းနှစ်ယောက် ဗေဒင်ပညာကို

www.myanmarcupid.net

အထူးပင်ဝါသနာပါ၍ ဒီသာပါမောက္ခဆရာထံ ဗေဒင် ပညာ သင်ယူဆည်းပူးရန်တိုင်ပင်၍ အတူပင်သွားကြလေသည်။

စွယ်စုံပညာကို သင်ကြားပေးနိုင်သည့် ဒီသာပါမောက္ခဆရာကြီးက ရောက်ရှိလာကြသည့် တပည့် နှစ်ဦးအား....

" မင်းတို့... ဘာပညာများ သင်ယူကြမှာလဲ"

ဟုမေးလေသည်။ ထိုအခါ တပည့်နှစ်ဦးက...

"ဗေဒင်ပညာကို အဓိကထားပြီး သင်ယူလိုပါသည်"

ဟုပြောလေရာ၊ ဆရာကြီးက ဗေဒင်ပညာကိုအသားပေးပြီး သင်ကြားပေးလေသည်။ တပည့် နှစ်ဦး တို့သည် ဗေဒင်ပညာကို တစ်နှစ်ကျော်မျှ သင်ယူမိကြသောအခါ အတော်ကျေနပ်သောက် အောင်ပင် သင်ယူမိကြလေသည်။

ထို့နောက်သူငယ်ချင်းနှစ်ယောက်တို့သည် ဒီသာပါမောက္ခ ဆရာကြီးအား ခွင့်ပန်ပြီး မိမိရွာသို့ ပြန်လာခဲ့ကြသည်။ ဆရာကြီးကလည်း ဆုများပေးပြီး ပြဿနာရှိလျှင် လာခဲ့ကြဟု မှာကြားလေသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် မိမိရွာသို့မရောက်မီ လမ်းခုလပ်အကြား ရွာတရွာသို့ နေဝင် ဖြိုးဖြ ရောက်ရှိသွားကြလေသည်။ ထိုရွာတွင် မိတ်ဆွေအသိ တစ်ယောက်ရှိသည်နှင့် ဝင်ရောက်တည်းခို ကြသည်။ ၄င်းအသိမိတ်ဆွေအိမ်တွင် မိန်းမဗေဒ္ဒသည်တစ်ယောက်လည်း ရောက်ရှိနေသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် အိမ်ခံမိတ်ဆွေနှင့် စပ်မိစပ်ရာ ပြောကြရင်းက မိမိတို့သင်ယူလာသည့် ဗေဒင်ပညာအကြောင်း ရောက်ရှိသွားကြသည်။

ထိုအခါ မိန်းမဗေဒ္ဒသည်ကလည်း (အပျိုရှာကညာတွေ့၊ အချိုရှာသကာတွေ့) ဖြစ်သွားလေသည်။

www.myanmarcupid.net

"နေပါအုံး... ဆရာလေးတို့ရဲ့ ကျမမေးစမ်းပါရစေအုံး" ဟု မိန်းမဧည့်သည်က ကြားဖြတ်၍ မေးလိုက်လေသည်။

"ဟုတ်ကဲ့... မေးပါ... အလိုရှိတာကို မေးနိုင်ပါတယ်"

ဖိုးဖြေချင်... ဖိုးတွက်ချင် ဖြစ်နေကြသည့် လက်သစ်ဗေဒင်ဆရာ နှစ်ဦးတွင် တဦးကပြောလိုက်ရာ...

"ကျမခင်ပွန်း အရပ်တပါးသို့ စီးပွားရှာသွားတာ နှစ်ခါလည်ကျော်သွားပြီ ဆရာလေးတို့ရဲ့၊ အဲဒါစာလဲမလာ လူလဲမရောက်ဖြစ်နေလို့ ဆရာလေးတို့တွက်ပေးစမ်းပါ"

ဟုပြောဆိုသည်။

ခုနစ်သင်္ကရာဇ် နေ့ရက်များမေးပြီး ပထမသူငယ်ချင်းက တွက်ချက်၍ "ခင်ဗျားခင်ပွန်းသေပြီ" ဟု ပြောလိုက်လေသည်။

ဒုတိယသူငယ်ချင်းကလည်း သူ့နည်းသူ့ဟန်နှင့်တွက်ချက်ပြီး "ခင်ဗျားခင်ပွန်း သေတာမှ ကမ်းနားမှာ ကျားခဲလို့သေပြီ" ဟု ပြောလိုက်လေသည်။

ထိုမိန်းမသည် နောက်တနေ့နံနက်တွင် ဗေဒင်ကိန်းအရ ကမ်းနားသို့သွားရှာရာ တကယ်ပင် မိမိခင်ပွန်း ကျားစားထားသည်ကို ကမ်းနားစပ်တွင် တွေ့ရတော့သည်။

ဤတွင် ပထမသူငယ်ချင်းသည် သူ၏ဟောချက် မတိကျမရေရာ၍ များစွာမကျေမနပ်ဖြစ်သွားသည်။

"ဟော့... သူငယ်ချင်း ဆရာကြီးက ဗေဒင်ပညာကို မင်းကိုပိုပြီးသင်ပေးတယ်ကွ၊ ငါ့ကျတော့ မရေရာဘူး" ဟု ပြောလိုက်လေသည်။

"ဟ... သင်ပေးတာတော့ အတူတူရှိမှာပါပဲကွ၊ ငါ့ပိုပြီး သင်ပေးမယ် မဟုတ်ပါဘူး" ဟု ဒုတိယ သူငယ်ချင်းက ပြောလေရာ...

www.myanmarcupid.net

"သင်ပေးတဲ့ အချိန်လဲအတူတူ၊ လက်ဆောင်အသပြာပေးရတာလဲ အတူတူ၊ ငါတော့မကျေနပ်ဘူးကွာ၊ ဆရာကြီးထံပြန်ပြီးမေးကြမယ်" ဟု ပြောပြီး သူငယ်ချင်းနှစ်ယောက်တို့သည် ဒီသာပါမောက္ခ ဆရာကြီးထံ ပြန်လည်၍ သွားကြလေသည်။

ဒီသာပါမောက္ခဆရာကြီးသည် တပည့်နှစ်ယောက် ပြန်လည်ရောက်ရှိလာသည်ကို အကဲခတ်မိလေသည်။ ဆရာကြီးက တပည့်တို့အား

"မင်းတို့... ခရီးလဲပမ်းလာကြတယ်၊ နားနားနေနေပေါ့ကွာ၊ မနက်လင်းမှပဲ စကားစံမည်ပြောကြတာပေါ့၊ ကဲအိပ်ကြအုံး၊ အိပ်ကြအုံး" ဟု ပြောလိုက်သည်။

နံနက်ခင်း ဝေလီဝေလင်း လက်ကြားမမြင့်တမြင့်အချိန်တွင် ဆရာကြီးက "ရော့... ဟောဒီ အရွယ်တူညီသည့်အိုးနှင့် မြေပေါ်မခသေးတဲ့ နှင်းရည်ကို ပြည့်အောင်ခတ်ခဲ့ကြ" ဟုပြောပြီး အရွယ်တူသည့် အိုးကလေးနှစ်လုံးကို တလုံးစီပေးလိုက်လေသည်။

တပည့်နှစ်ယောက်တို့သည် ရေးကြီးသုတ်ပြာ အိုးကိုယ်စီယူပြီး နှင်းရည်များသွားခံကြသည်။ ပထမတပည့်က နှင်းရည်အမြန် ရလိုဇောဖြင့် သစ်ပင်တပင်မှတပင်ကူးပြီး အိုးကို အောက်ကခံကာ သစ်ကိုင်းများကို လှုပ်ချလေသည်။

ဒုတိယတပည့်မှာမူ ခေါင်းမှပုဝါကိုချွတ်၍ ငှင်းပုဝါနှင့်ပင် မြက်၊ သစ်ပင်တို့အပေါ်မှ နှင်းရည်ကို စိုစွတ်စေပြီး အိုးထဲသို့ ညှစ်ထည့်လေသည်။

နေခြည်ရောက်၍ နှင်းပျောက်လာသည့်အခါ နှင်းရည်များကို ယူ၍မရတော့ချေ။ တပည့်နှစ်ဦးတို့သည် မိမိတို့ရရှိသည့် နှင်းရည်ကို တဦးကိုတဦးအား အသိမပေးဘဲ ဆရာကြီးထံပြန်၍ နှင်းရည် အိုးများ ပေးအပ်ကြလေသည်။ အိုးနှစ်လုံးထဲတွင် ပထမလူ၏ နှင်းရည်ကနည်း၍ ဒုတိယတပည့်၏ နှင်းရည်အိုးမှာ ပြည့်လုမတက် ရလာလေသည်။

www.myanmarcupid.net

ဤတွင်ဆရာကြီးက "မင်းတို့ကို ပညာပေးတဲ့နေရာမှာတော့ အတူတူပေးတာပဲ၊ ပညာခံယူတဲ့ တပည့်ရဲ့ ဉာဏ်အပေါ်မှာသာ အဓိကဘဲ" ဟုပြောပြီး တပည့်နှစ်ဦးအား ပြန်လွှတ်ပေးလိုက်လေ သည်။

"ဒီဥပမာအတိုင်းဘဲ တကာတော်ရေမြေ့ရှင်ရဲ့၊ ဟောကြားတဲ့ တရားကတော့ အတူတူပါပဲ၊ နာယူမှတ်သားတဲ့ ပုဂ္ဂိုလ်ရဲ့ အဈာသယကသာ အဓိကဘဲ" ဟု ဇန်းမော်ဆရာတော်က မင်းတုန်းမင်း တရားကြီးအား မိန့်ကြားလိုက်ရာ ဘုရင်မင်းမြတ်သည် များစွာ ကျေနပ်နှစ်သိမ့်သွားလေသည်။

*************

www.myanmarcupid.net



# ထိုးကွင်းကြီးနဲ့မိန်းမကြီးပုံပြင်

ဗန်းမော်ဆရာတော်သည် မျက်နှာကြီးငယ်မရွေး ဆက်ဆံ ဖော်ရွေသည်။ မင်းတုန်းမင်းကြီးနှင့်သာ အကျွမ်းတဝင်ဖြစ်သည်။ မင်းညီမင်းသား၊ နန်းတွင်းသူ၊ နန်းတွင်းသားများနှင့်သာ ဆက်ဆံသည်ဟု အထင်ရှိကြသော်လည်း အမှန်မှာ ဆင်းရဲ၊ ချမ်းသာမရွေး ဆက်ဆံပြီး ဆင်းရဲသူ၊ ဆင်းရဲသား၊ တကာ၊ တကာမများ ကျောင်းရောက်လျှင်လည်း စပ်မိစပ်ရာ ပုံဝတ္ထုများနှင့်သာ တရားသဘောများ ပြောဟောသော အလေ့အထရှိသည်။

ဗန်းမော်ဆရာတော်သည် မင်းနှင့်တကွ နန်းတွင်းအကြောင်း၊ တိုင်းရေးပြည်ရေးအကြောင်း၊ ထင်ရှားသော ဆရာတော်များ အကြောင်းတို့ကို သူမြင်တွေ့ရသည့် ရှုဒေါင့်မှနေ၍ ဟာသဉာဏ်နှောကာ စာချိုးသည့် အလေ့များရှိသောကြောင့် ဂုဏ်သရေရှိမင်းညီမင်းသား၊ ဂုဏ်သရေရှိဆရာတော်များနှင့်သာ ဆက်ဆံသည်ဟု ထင်ရသည်။

အမှန်မှာ ဆရာတော်သည် မျက်နှာကြီး၊ ငယ်မရွေး ဆက်ဆံသည်။ ဆင်းရဲ၊ ချမ်းသာမရွေး ဖေါ်ရွေသည်။ နေ့စဉ်ပင် မည်သည့် တကာ၊ တကာမ

www.myanmarcupid.net

ရောက်ရောက် စပ်ဆိုင်သလို ပုံဝတ္ထုများနှင့်ပြောဟောခြင်း။ စာသင်သား ရဟန်းသာမဏေများကို နေ့ဝါ၊ ညဝါစာပေပို့ချခြင်း တို့ဖြင့်သာ အချိန်ကိုကုန်လွန်စေသည်။

တနေ့တွင် တပည့်စာသင်သား ရဟန်း၊ သာမဏေများသည် "ကောကော" ဟူသောပုဒ်ကို အမျိုးမျိုး ဝိဂြိုဟ်လုပ်၍ အငြင်းထုတ်နေကြသည်။ အချို့က "ကောကော" ဟူသောပုဒ်ကို ကုနိပါတပုဗ္ဗ ကရဓါတ်၊ ကွိ၊ ပစ္စည်းကြံ၍ " ဘာဇနာဒိသုကုစ္ဆိတေ ဝစ္စာဒိကေ ကရောတိတိကာကော" ဟု ဝိဂြိုဟ်ပြုကြသည်။ အချို့က ရန်သူတို့၏ လေး၊ မြှားသံကို နားထောင်တက်သည့် ဗျူပွတ်ကိုထောက် ၍ ဝိဂြိုဟ်ပြုကြသည်။

ဤသို့အငြင်းထုတ်နေကြသည့် အနားသို့ဗန်းမော်ဆရာတော် ရောက်သွားလေရာ "မင်းတို့... အရင်က ကျောင်းသားတစ်ယောက်လိုဘဲ၊ ရေးတေးတေးတော့ အရှိသား၊ ထိုးကွင်းကြောင့် ခက်သကွယ် ဆိုတာလို ဖြစ်နေကြအုံးမယ်" ပြောပြီး အောက်ပါပုံဝတ္ထုကို ပြောပြလေသည်။

*************

ရှေးအခါက ရွာတရွာတွင် စည်ကားသိုက်မြိုက်သော ကျောင်းကြီးတကျောင်းရှိသည်။ ထိုကျောင်းကြီးမှာ ကိုးကွယ်ဆည်းကပ်သည့် တကာ၊ တကာမများလည်း အလွန်ပေါများ၍ သုံးဆင့်လယ်ပေါ် ကျောင်းကြီးဖြစ်လေသည်။ ကျယ်ပြန့်သောကျောင်းဝင်း ခြံကြီးထဲတွင် ဥယျာဉ်ဗိမာန်နှင့် ကြီးမားသော ရေကန်ကြီးတကန်လည်းရှိသည်။ ထိုရေကန်တွင် ကြာရိုး၊ ကြာရွက်တို့ဖြင့်လည်း ပြည့်နှက်နေသည်။

တနေ့သော် ခရီးသွားယောက်ျားတဦးသည် မောကြီးပမ်းကြီးနှင့် ထိုကျောင်းအနီးသို့ ရောက်ရှိလာသည်။ နေကလည်းပူလှသဖြင့် ကျောင်းဝင်းအတွင်း ဝင်ရောက်တည်းခိုမိရာမှ ကျောင်းဝင်းအတွင်း ဖြစ်၍ ဘိနပ်ချွတ်ရတော့သည်။

www.myanmarcupid.net

ထိုအခါ ခရီးသွားယောကျာ်းသည် မထူးပါဘူးဆိုပြီး အရိပ်အာဝါသကောင်းသည့် ကျောင်းကြီးအောက်ကျအောင်ပင် ဝင်ရောက်သွားတော့သည်။

ထိုအခါကျောင်းကြီးပေါ်ရှိ ဘုန်းတော်ကြီးသည် ကျောင်းသားကလေး တစ်ယောက်ကိုခေါ်၍ ကျောင်းအောက် ရောက်လာသည့်တကာကို "ဘယ်ကလဲ ဘယ်သူတုံးလို့ သွားမေးစေစမ်း" ဟု ခိုင်းလိုက်လေသည်။

ကျောင်းသားကလေးကို ဘုန်းကြီးကခိုင်းလိုက်သည့်အသံကို ကျောင်းအောက်ရောက်နေသည့်တကာက ကြားလိုက်ရသည်။ ခရီးသွားတကာကလည်း ကြောက်အားလန့်အားနှင့် ကျောင်းဝင်း အတွင်းရှိ ရေကန်တည်းမှ ကြာရွက်တွေကွယ်ကာ ဝင်ရောက် ပုန်းအောင်းနေသည်။ ထိုတကာ ပုန်းအောင်း နေရာသို့ ကျောင်းသားလေးသည် သွားရောက်ကြည့်ရှုသည်။

ကျောင်းသားလေးမှာ တကာမှန်း၊ တကာမမှန်း၊ ယောကျာ်း၊ မိန်းမ မသဲကွဲပေ။ ပုန်းအောင်းနေသည့် ခရီးသွားယောကျာ်းကလည်း ကျောင်းသားလေးအနီးအနားသို့မရောက်ခင် သေချာအောင် နေရာရွှေ့ပြောင်း၍ ပုန်းအောင်းလေသည်။

ထိုအခါ ဦးခေါင်းမှ ခေါင်းပေါင်းမှာ ပြေလျှော၍ ပုခုံးပေါ်သို့ကျလာသည်။ ကပြာသီနှောင်ပင် ကျလာသည့် ခေါင်းပေါင်းကိုလည်း ထိန်းချုပ်၊ အောက်က ပုဆိုးကိုလည်း မတင်ပြီး နေရာပြောင်း၍ ပုန်းအောင်းသည်။

ကျောင်းသားလေးသည် မြင်ခဲ့သည့် အချင်းအရာအတိုင်း ကျောင်းပေါ်ရှိ ဘုန်းတော်ကြီးထံ သွားရောက် လျှောက်ထားသည်။

ဘုန်းတော်ကြီးက ကျောင်းသားလေး ကျောင်းပေါ်ရောက်လာ သည်နှင့်....

www.myanmarcupid.net

“ဘယ်သူတုန်းကွ၊ ဘယ်ကလာတာတဲ့တုံး” ဟုမေးလေရာ ကျောင်းသားလေးက...

“ဘယ်ကလာတာမှန်းလဲ မသိဘူးဘုရား၊ မိန်းမကြီးတယောက် ကြာရွက်တွေအောက်မှာ ပုန်းနေတယ်ဘုရား” ဟု လျှောက်ထား လေသည်။

“ဟာ... မင်းဟာ မိန်းမကြီးတယောက်တော့ မဟုတ်တန်ရာ၊ ခရီးသွားတယောက်ဖြစ်မှာပေါ့ကွ”ဟု ဘုန်းတော်ကြီးကပြောသောအခါ ကျောင်းသားလေးက...

“ဟုတ်သမှဘုရား မိန်းမကြီးမှမိန်းမကြီးအစစ်ပါဘုရား” ဟု လျှောက်ထားလေသည်။

“ဟ... မင်း ဘာအမှတ်အသားတွေ့ရလို့ မိန်းမကြီးလို့ပြောရတာလဲ”

“မှန်ပါ ပေါင်မှာထိုးကွင်းတွေ မြင်လိုက်ရပါတယ်ဘုရာ့”

“ထိုးကွင်းတွေ မြင်လိုက်ရရင် ယောကျ်ားဖြစ်မှာပေါ့”

“မဟုတ်ဘူးဘုရာ့ မိန်းမကြီးမှ မိန်းမကြီးအစစ်ပါဘုရာ့” ဟုကျောင်းသားလေးက ပြန်လည်၍ လျှောက်ထားနေလေရာ ....

“မိန်းမဆိုတာ ရေးတေးတေးဘဲ၊ ထိုးကွင်းပါနေတာက ခက်သကွယ်” ဟုပြောဆိုလိုက်လေသည်။

ဗန်းမော်ဆရာတော်က တပည့်၊ ရဟန်း၊ သာမဏေများအား ဤပုံပြင်ပြောပြပြီး “မင်းတို့လဲ ကာကောပုဒ် ဝိဂြိုလ်ကြံနေတာ ရေးတေးတေးဖြစ်နေကြဦးမယ်။ ယောကျ်ားဘဲ၊ မိန်းမဘဲ ကွဲအောင်လုပ်၊ ဘာဓါတ်ဘဲ၊ ဘာပစ္စည်းသက်ပြီး ဝိဂြိုဟ်ဘယ်နှစ်မျိုး လုပ်နိုင်မယ်ဆိုတာ ကွဲအောင် လုပ်ကြ” ဟု ပြောဆိုဆုံးမပြီး စကြိန်လျှောက်သွားလေတော့သည်။

*************

www.myanmarcupid.net



# သုံးခွန်းသောစကားပုံပြင်

မင်းတုန်းမင်းကြီးသည် ဇန်းမော်ဆရာတော်အား နန်းတွင်းသို့ မကြာမကြာပင့်ပြီး ဆွမ်းကပ်လေ့ရှိ သည်။

"ဆရာတော်ဘုရား... တပည့်တော်လဲ ရွှေရုံသင်းပင်းများစွာနှင့် ထီးနန်းစည်းစိမ်ကို ခံစားနေရပေမဲ့ အရွယ်ဟိုင်းလို့ ဇရာပိုင်းရောက်လာသည့်အတိုင်း လောကီနယ်ကထွက်ပြီး လောကုတ္တရာနယ်ထဲ ရောက်နိုင်မဲ့ တရားထူးလေးများရှာပြီး ဟောပါအုံးဘုရား" ဟု မင်းတုန်းမင်းက ဇန်းမော်ဆရာတော်အား လျှောက်ထားလေသည်။

ထိုအခါ ဇန်းမော်ဆရာတော်က မင်းတုန်းမင်းကြီးအား

"တကာတော်ရေမြေ့ရှင် လျှောက်ထားတဲ့ အကြိမ်ပေါင်းလဲများလှပြီ၊ ဟောရတဲ့တရားလဲ များလှပါပြီ၊ ကဲ... ဒီတခါ ဥပမာတခုပေးကာ ဟောရအုံးမှာပေါ့" ဟု မိန့်တော်မူပြီး အောက်ပါပုံပြင်တခုကို ထုတ်ဆောင်၍ ဟောကြားလေသည်။

*************

www.myanmarcupid.net

ရှေးအခါက ရွာတရွာတွင် အိမ်ထောင်ဦးစီးတယောက်မှာ သားကျွေးမှု၊ မယားကျွေးမှု ပြုလုပ်နေရာ၊ ဘာပညာမှလည်း တက်ကျွမ်း နားလည်မှုမရှိ၍ အခက်အခဲတွေ့နေရသည်။ မယားလုပ်သူကလည်း "သားကလေးကလဲကြီးလာဘီ၊ ရှင်ပြုရတော့မယ်၊ စီးပွားဥစ္စာကလဲ လုံးပါးပါးနေတယ်၊ တော် ဒီအတိုင်းနေလို့ မဖြစ်ဘူး တခုခုလုပ်မှဖြစ်မယ်" ဟု လင်သားအပေါ်မှာ ဆူပူကြိမ်းမောင်း လေသည်။

လင်ဖြစ်သူသည် စိတ်ညစ်ညစ်နှင့် ရှိစု၊မဲ့စု ငွေကလေးများစုဆောင်းပြီး အသာပြာ၃၀ဝိ ပိုက်၍ မယားကျွေးမှု၊ သားကျွေးမှုအတွက် အရပ်တပါးသို့ ပညာရှာရန်ထွက်ခဲ့လေသည်။

သို့နှင့် တရွာဝင်တရွာထွက် ပညာရှာထွက်ခဲ့ရာ သုံးနှစ်ကျော် အချိန်အထိ ဘာပညာမှမရသေးဘဲ ရှိနေခဲ့သည်။ နောက်ဆုံး ပညာရနိုင်သည့်နေရာ ရှာဖွေစူးစမ်းရာ ဒီသာပါမောက္ခဆရာကြီးထံ ရောက်သွားလေသည်။

ဆရာကြီးက ဤပုဂ္ဂိုလ်၏ ကံအင်လက္ခဏာကြည့်၍ တကြောင်း၊ အသက်အရွယ်ထောက်၍ တကြောင်း၊ အချိန်တိုစနစ်နှင့် ပညာသင်ပေးမှဖြစ်မည်ဟု ကြံစီတွေးတောပြီး၊ အောက်ပါစကား သုံးခွန်းကို သင်ကြားပေးလေသည်။

ဒီသာပါမောက္ခဆရာကြီးသည် ထိုပညာမဲ့တပည့်အား ကြည့်ကာ "မင်းမှာ ဥာဏ်ပူဇော်ခအသပြာကောပါရဲ့လား" ဟုမေးလေသည်။

"ဟုတ်ကဲ့ဆရာကြီး ရှိစုမဲ့စုကလေးစုလာတဲ့ အသပြာ၃၀ဝိတော့ ပါပါတယ်ခင်ဗျား" ဟုပြန်ပြောလေသည်။

"ကဲ ၃၀ဝိနဲ့တန်အောင်တော့ ပညာပေးရသေးတာပေါ့ကွာ စကားသုံးခွန်းသင်ပေးမယ် နားစိုက်ထောင်နော်" ဟုပြောပြီး အောက်ပါစကားသုံးခွန်းကို သင်ကြားပေးလေသည်။

(၁) ကုလားသေ၊ ကုလားမော မအိပ်ရာ ပေးကွဲ့ငွေတရာ။

www.myanmarcupid.net

ဟုသင်ပေးရာ "ဟုတ်ကဲ့ပါဆရာကြီး" ဟု ပြောပြောဆိုဆို အိတ်ထဲက အသပြာ၁၀ဝိ ကို ထုတ်ပေးလေသည်။ထို့နောက် ဆရာကြီးက...

(၂) ရေချိုးဆိပ်မှာ မချိုးရာ ပေးကွဲ့ငွေတရာ။

ဟုဆရာကြီးက သင်ပေးပြန်ရာ "ဟုတ်ကဲ့ပါဆရာကြီး" ဟု ပြောပြောဆိုဆိုပင် အိတ်ထဲမှ ငွေတရာ ကိုထုတ်ပေးပြန်သည်။

(၃) မစူးစမ်းမဆင်ချင်မပြုရာ ပေးကွဲ့ငွေတရာ။

ဟု သင်ပေးပြန်လေသည်။

ထိုအခါ ပညာမဲ့တပည့်က ပညာရ၍ အားရကျေနပ်စွာဖြင့် အိတ်ထဲမှ ကျန်နေသည့်ငွေတရာကို ထုတ်၍ ပူဇော်လိုက်သည်။ ပညာမဲ့တပည့်သည် ပညာရ၍ အားရဝမ်းသာနှင့်ဆရာကြီးအား ပြန်ရန်ကန်တော့ရာ ဆရာကြီးက "မင်း... အဲဒီသုံးခွန်းသောစကား မြဲမြဲသာမှတ်ထား" ဟုပြောပြီး ပြန်လွှတ်လိုက်လေသည်။

လမ်းခုလတ် ရွာတရွာတွင် နေကလည်းဝင်သွားပြီဖြစ်၍ အချိန်မရသည်နှင့် ထိုရွာ၏အနီးရှိ ဇရပ်တဆောင်ပေါ်သို့ တက်ရောက်တည်းခိုပြီး အိပ်မည်ဟု ကြံစည်လေသည်။

ဆရာကြီးသင်ပေးလိုက်သည့် စကားများကို စိတ်ထဲကတွေးတောမိပြီး၊ ခရီးကလည်းပမ်းလာသည်ဖြစ်၍ အနည်းငယ် သက်သာရာရရုံ မှိန်း၍သာ နေလေသည်။

သန်းခေါင်ကျော်အချိန်တွင် ဇရပ်ပေါ်ရှိ လူသားစားဘီးလူးမ တကောင်သည် ထိုလူသားအား စားမည် အပြုတွင်.....

အိပ်မပျော်သောလူသားက ဘီးလူးမ၏လက်ကို တအားဆွဲ၍ ကျောကိုထောင်းထုတော့သည်။ ဘီးလူးမသည် အပွဲပွဲနွဲ့လာပြီး သည်တပွဲကျမှ ခံလိုက်ရခြင်းဖြစ်၍ ကြောက်အား၊ လန့်အားနှင့် "အသက်ချမ်းသာပေးပါ၊

www.myanmarcupid.net

ဟောဒီ ရွှေသုံးပိသာယူပါ" ဟု တောင်းပန်ပြောဆိုမှ ဘီလူးမကို လွှတ်လိုက်လေသည်။ ထိုသူသည်မိုးစင်စင်လင်းအထိ မအိပ်တော့ပေ။

ဤတွင်လုလင်သည် ဆရာကြီးသင်ပေးလိုက်သည့် "ကုလားသေ၊ ကုလားမောမအိပ်ရာ" ဟူသော စကားအလွန်မှန်ကန်ကြောင်းသဘောပေါက်ပြီး ရွှေသုံးပိသာပိုက်၍ နောက်တနေ့တွင် ခရီးဆက်ခဲ့လေသည်။

လမ်းခုလပ် မြစ်ကမ်းပါးအနီး ရေချိုးဆိပ်သို့ရောက်လျှင် ရေချိုးရန်စိတ်ကူးထားလေသည်။ လူအများရေချိုးရာ ရေဆိပ် ဖြစ်၍ ရေချိုးသူတွေ ရှုတ်ထွေးနေသည်ကိုလည်း တွေ့ရပြန်သည်။ ထိုအခါ ဆရာကြီးမှာလိုက်သည့် "ရေချိုးဆိပ်မှာ မချိုးရာ" ဟူသော စကားကိုပြေး၍ သတိယမိပြန်သည်။ ထို့ကြောင့် ထိုလူပေါများသည့်ရေဆိပ်တွင် ရေမချိုးတော့ဘဲ အခြားလူမရှိသည့် မြစ်အထက်ဘက်သို့သွားရောက်ပြီး ရေချိုးလေသည်။ ရေချိုးအပြီး အိမ်သို့အမြန်ရောက်ချင်ဇောဖြင့် အဝတ်လဲ၍ ခတ်သုတ်သုတ် ခရီးဆက်ခဲ့သည်။ ခရီးအတော်လှမ်းလှမ်းရောက်သွားမှ ရေချိုးသည့် နေရာတွင် ရွှေသုံးပိသာကျန်ရစ်ခဲ့ကြောင်း သိရတော့သည်။ ဤတွင်မှ ကပြာကသီပြေး၍ ရေချိုးသည့်နေရာပြန်ကြည့်ရာ ရွှေသုံးပိသာမှာ နေရာမပျက်တွေ့ခဲ့ရသည်။ "ရေချိုးဆိပ်မှာ မချိုးရာ" ဟူသော ဆရာ့စကား အလွန်မှန်ကန်ကြောင်း တွေ့ရပြန်သည်။

ဆရာကြီးသင်ပေးလိုက်သည့် စကားများကို အမြဲနှလုံးသွင်း၍ အိမ်သို့အမြန် ပြန်ရောက်ရန်ခရီး ဆက်ခဲ့ပြန်သည်။ အိမ်ဝင်း အနီးသို့ရောက်ခဲ့ပေပြီ။ မယားအလှကို ရွှေစများပြချင်နေ၍ အိမ်ပေါ်သို့ လှမ်းကြည့်ရာ ခလေးသံနှင့် ဆူညံသံသာ ကြား နေရသည်။ ခတ်လှမ်းလှမ်းကမို့ ခလေးရော လူကြီးပါ မတွေ့ရသေးပေ။ အိမ်ပေါ်သို့တက်ရောက်မိသည်နှင့် ပုဏ္ဏားကွယ် (ရင်ဖုံးကဲလား) ကွယ်နေသည့် အခန်းတွင်းဝယ် ချစ်မယားသည် ကာလသားလူငယ်တယောက်နှင့် အတူတွဲအိပ်နေသည်ကို မြင်လိုက်ရာ၊

www.myanmarcupid.net

ထိုသူမှာ "မျက်စပ်ပိုးဝင် ဆံတပင်တင်း ချစ်ခြင်းမယား" ဟူသကဲ့သို့ ဒေါသဖြစ်သွားကာ ဒုတ်ဆွဲ၍ ရိုက်မည်ပြုလိုက်လေသည်။

ဤတွင်ထိုသူသည် ဆရာကြီးသင်ကြားလိုက်သည့် "မစူးစမ်းမဆင်ချင်မပြုရာ" ဟူသောစကားကို သွား၍ သတိရပြန်သည်။ နောက်စုံစမ်းမေးမြန်းကြည့်တော့မှ ၁၃–နှစ်သားက ထားခဲ့သည့် အကြီးဆုံးသားဖြစ်နေကြောင်း သိရတော့သည်။ နောက်တွင်ကား အကြောင်းစုံသိရပြီး ပါလာသည့် ရွှေသုံးပိသာနှင့် မိသားစုအားလုံး ပျော်ရွှင်မဆုံးဖြစ်ကာ သာတောင့်သာယာ နေထိုင် သွားကြတော့သည်။

အဲဒီဥပမာကို နမူနာယူပြီး အိမ်ထောင်သားမွေး ကိစ္စတွေနဲ့ စာရှုတ်ထွေးနေရသည့်သူသည် စကားသုံးခွန်းကို မဏ္ဍိုင်ထား သကဲ့သို့ တကာတော်ရေမြေ့ရှင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို ပွားများပြီးသာနေပါဟု ဗန်းမော်ဆရာတော်က မင်းတုန်းမင်းကြီးအား မိန့်ကြားပြောဆိုလေရာ မင်းတြားကြီးမှာ များစွာကျေနပ်သွားလေတော့သည်။

*************

www.myanmarcupid.net



# မြွေပွေးအမျိုးကိုင်သူ ဥပမာပုံပြင်

ဗန်းမော်ဆရာတော်သည် ဥပုသ်နေ့ စာဝါနားသောနေ့တနေ့တွင် စာကြည့်နေလေသည်။ ထိုသို့ စာကြည့်နေစဉ် တကာတယောက်သည် ကျောင်းပေါ်ရောက်လာပြီး ဆရာတော်အား ဝတ်ချကန်တော့ လေသည်။

"ဘာ... အကြောင်းထူးများ ရှိလို့လဲတကာ" ဟု စာကြည့်ရင်းမှ မေးလိုက်သည်။

"မှန်ပါ... တပည့်တော်တို့ တကာအချင်းချင်း အငြင်းပွားနေတဲ့ အကြောင်းတခုရှိတာနဲ့ ဆရာတော်ထံ လာခဲ့ရခြင်းပါဘုရား"

"ဆိုစမ်းပါအုံးကွ... ဘာတွေများငြင်းနေကြတာလဲ"

"မှန်လှပါ... အရက်သေစာကို ရိုးရိုးရေအဖြစ်နဲ့ စိတ်ကမှန်းပြီး သောက်ရင် အပြစ်ရှိတယ်၊အပြစ်မရှိ ဘူး ငြင်းနေကြပါတယ်ဘုရား"

"ကောင်းပြီ... ပြောရသေးတာပေါ့၊ အမေးရှိတော့လဲ အဖြေရှိရသေးတာပေါ့ကွာ" ဟု ဆရာတော်က ပြောပြောဆိုဆိုနှင့်ပင် လာလျှောက်သည့်တကာအား ပြန်လည်မေးခွန်းထုတ်လေတော့သည်။

www.myanmarcupid.net

"တကာ... အရက်သေစာဆိုတာ အပြစ်ရှိတာပေါ့ကွ၊ ရေအဖြစ်နဲ့စိတ်က မှန်းသောက်ရုံနဲ့ ဘယ် အပြစ်က လွတ်ပါ့မလဲ၊ အပြစ်မလွတ်ဘူးကွ၊ အရက်သေစာဆိုတာ သောက်မိရင် မတွေဝေ မယစ်မူးဘူးလား"

"မှန်လှပါ တွေဝေယစ်မူးပါတယ်ဘုရား"

"အေး... အရက်သေစာဆိုတာ သောက်မိတာနဲ့ တပြိုင်နက် မေရယဆိုတဲ့ အာနိသင်အကျိုးဆက်နဲ့ တွဲဘက်နေလို့ တွေဝေစေတယ်၊ မိန်းမောစေတယ်၊ ယစ်မူးစေတယ်၊ ကုသိုလ်တရားတို့၌ မေ့လျော့ပြီး အကုသိုလ်မှုတွေကို ဆက်တိုက်ပြုမူတက်တယ် တကာရဲ့ "

"ကဲ... ဆက်၍ ဥပမာတင်ပြီး မေးလိုက်ရအုံးမယ်၊ ပိုးဖလံမျိုးမီးကိုတိုး ကိုယ်ကျိုးနည်းလှသည်ဆိုတာကို ကြားဘူးတယ်မဟုတ်လား"

"မှန်ပါ... ကြားဘူးရုံမဟုတ်ပဲ ပိုးဖလံကောင်တွေ မီးကိုတိုးနေတာ မြင်တွေ့ဘူးပါတယ်ဘုရား"

"အေး... ပိုးဖလံကောင်တွေဟာ မီးရောင်ကိုရွှေတောင်မှတ်ပြီး တိုးနေတာဘဲကွ၊ ရွှေရောင်ထင်ပြီး မီးရောင်ကိုတိုးနေတဲ့ ပိုးကောင်တွေ မသေဘူးလား"

"မှန်ပါ... သေပါတယ်ဘုရား"

"အေး... နောက်တခုဆက်မေးရအုံးမယ်"

"မှန်ပါဘုရား"

"မြွေပွေးကိုမြက်ရှောလို့ စိတ်ကထင်မှတ်ပြီး အမြီးသွားကိုင်ရင် မကိုက်ဘူးလား"

"မှန်ပါ... သေသေချာချာ ကိုက်ပါတယ်ဘုရား "

"အေး... ကိုက်မိရင် အဆိပ်မတက်ဘူးလား "

"အဆိပ်တက်ပါတယ်ဘုရား "

www.myanmarcupid.net

"အဆိပ်တက်ရင် သေတာပေါ့ကွ၊ အေး... ဒီဥပမာလိုဘဲ သေတက်တယ်ဆိုတာ သိရက်နဲ့တော့ မြွေပွေးအမျိုး မကိုင်မိကြဘို့ အရေးကြီးသပေါ့ကွာ၊ အရက်သေစာဆိုတာလဲ သောက်စားမိရင် မှောက်မှားတက်တဲ့ အရာမှန်သမျှကို လွယ်လွယ်ကူကူနဲ့ ပြုမူတက်တယ်။ တစတစ ရှောင်ကြဉ်နိုင်အောင် ကြိုးစားကြပေါ့ကွာ"

"မင်းတို့ငြင်းကြတဲ့ မိတ်ဆွေအချင်းချင်းလဲ ဒီဥပမာပုံပြင် ပြောပြပေါ့ကွာ" ဟု ဗန်းမော်ဆရာတော်က ပြောဟောဆုံးမပြီး ကြည့်လက်စစာကို ဆက်လက်ကြည့်ရှုတော်မူသည်။

လာရောက်လျှောက်ထားသည့် တကာလည်း အသာကန်တော့ပြီး ပြန်သွားလေတော့သည်။

*************

www.myanmarcupid.net



# အရမ်းမငြင်းကြနဲ့ ပုံပြင်

မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တွင် သံဃာတော်များသည် ပရိယတ်၊ ပဋိပတ်နှင့် စပ်လျဉ်း၍သော်၎င်း၊ အခြားအဆုံးအဖြတ် တခုခုပြုလုပ်ရန်သော်၎င်း လပြည့်နေ့တိုင်း စည်းဝေးတိုင်ပင်ပြီး ဆုံးဖြတ်လေ့ရှိသည်။

ထိုဆွေးနွေးတိုင်ပင်နေကြသည့် သံဃာများတည်းမှ ဆရာတော် နှစ်ပါးသည် အကြောင်းအရာတခုကို မူတည်ပြီး အကြီးအကျယ် အငြင်းပွားနေကြသည်။ တပါးနှင့်တပါး ဒေါသပွားပြီး အနိုင်မခံ အရှုံးမပေးဘဲ အကြိတ်အနယ် ငြင်းခုံနေကြခြင်းဖြစ်၍ အသံဗလံများလည်း ဆူညံစွာ ထွက်ပေါ်နေသည်။

ဗန်းမော်ဆရာတော်သည် အကြောင်းတခုဖြင့် သုဓမ္မာဇရပ်အနီးသို့ ချဉ်းကပ်ရောက်ရှိသွားသည်။ ငြင်းခုံနေသည့် ဆရာတော် နှစ်ပါးနှင့်တကွ အခြားဆရာတော်များပါ ဗန်းမော်ဆရာတော် ကြွရောက်လာနေသည်ကို ခပ်လှမ်းလှမ်းတွင် တွေ့မြင်နေကြရသည်။ သံဃာတော်များသည် ဗန်းမော်ဆရာတော် ကြွရောက်လာသည်ကို မြင်ကတည်းကပင် ငြင်းခုံနေသည့် ကိုယ်တော်နှစ်ပါးကလည်း မိမိတို့အငြင်းအခုံစကားများကိုရပ်၍

www.myanmarcupid.net

အခြားသံဃာတော်များကလည်း မိမိတို့ ပြောလက်စစကားများကို ဖြတ်ပြီး တရားဓမ္မခန်နှင့် စပ်လျဉ်းသော စကားများကိုသာ ပြောဆိုနေကြသည်။

ဗန်းမော်ဆရာတော်သည် ကိုယ်တော်နှစ်ပါး ဆူညံစွာ ငြင်းခုံနေသံများကို ခပ်လှမ်းလှမ်းမှပင် ကြားခဲ့ရသည်။ ဗန်းမော်ဆရာတော် သုဓမ္မာဇရပ်ပေါ် ရောက်ပြီးနောက် မထေရ်ကြီးများအား ဝတ်ပြုပြီး မထေရ်ငယ်များက ဗန်းမော်ဆရာတော်အား ဝတ်ပြုကြသည်။ ထို့နောက် ဗန်းမော်ဆရာတော်က ......

"အခုန ကိုယ်တော်တို့ ငြင်းခုံနေသံကြားတယ်။ ဘာတွေ ငြင်းခုံနေကြတာလဲ " ဟု မေးလေသည်။

နောက်တဆက်တည်းပင် ဗန်းမော်ဆရာတော်က "ကိုယ့်ဟာမှ အမှန်ဆိုပြီး သိတ်လဲ အငြင်းသန် မနေကြနဲ့အုံး၊ အရင်က တရားဟောတဲ့ဘုန်းကြီးနဲ့ တရားနာတဲ့ တကာတယောက်လိုလဲ ဖြစ်နေကြအုံးမယ်" ဟု ပြောဆိုလေသည်။

ငြင်းခုံနေကြသည့် ကိုယ်တော်နှစ်ပါးနှင့်တကွ အခြားဆရာတော်များပါ ဗန်းမော်ဆရာတော်၏ ပုံပြင်ကို နားထောင်လိုကြ၍ "ဆရာတော်ရဲ့ တရားဟောဘုန်းကြီးနဲ့ တရားနာတကာ အငြင်းသန် နေကြတဲ့အကြောင်း ပုံကလေးကို အမိန့်ရှိပါအုံးဘုရား" ဟု လျှောက်ကြလေသည်။ ထိုအခါ ဗန်းမော်ဆရာတော်က အောက်ပါအတိုင်း ပြောပြလေသည်။

*************

ရှေးက ရွာတရွာမှာ ဘုန်းကြီးတပါး ကျောင်းထိုင်နေရာ သာရေး၊ နာရေး အကြောင်းကိစ္စဟူသမျှ ၄င်းဘုန်းကြီးကချည့် တရားဟော ဓမ္မကထိက ပြုလုပ်နေပေသည်။ တနေ့ ဆွမ်းတရားနာတခုတွင် ဘုန်းကြီးက ဆိုင်ရာဆွမ်းတရား ဟောကြားပြီး နောက်ဆုံး အဘိဓမ္မာသတ်ရာတွင် (ကုသလာဓမ္မာ အကုသလာဓမ္မာ) ဟု အဘိဓမ္မာသတ်လေသည်။

www.myanmarcupid.net

ထိုတရားနာ ပရိတ်သတ်တည်းတွင် အတော်အတန် သိရှိနားလည်သည့် လူတယောက်ကထပြီး "ကိုယ်တော် အဘိဓမ္မာသတ်တာ လွဲမှားနေပြီ၊ တပည့်တော် ကြားဘူးတာကတော့ (ကုသလာဓမ္မာ အကုသလာဓမ္မာ) ဟုသာ ကြားဘူးပါသည်ဘုရား" ဟု လျှောက်ထားပြောဆိုလေသည်။

ဤတွင် တရားဟောဘုန်းကြီးသည် လူများစုရှေ့တွင်လည်းဖြစ်၍ ရှက်လည်းရှက်လှသည်နှင့်...

"ဟေ့ တကာ မင်းဘာနားလည်လို့လဲ ငါရွတ်တာ အမှန်ဘဲကွ၊ ငါအထောက်အထားပြရမလား" ဟု ဒေါသတကြီးမေးတော့သည်။ တကာကလည်း အတော်အတန်သိပြီးဖြစ်၍ "ကိုယ်တော်မှားကို မှားနေတာ အထောက်အထားရှိရင်ပြစမ်းပါ" ဟု လျှောက်လေသည်။ ဘုန်းကြီးသည် ကျောင်းက ပေထုပ်ကို ထုတ်ပြလေသည်။ ပေစာထုပ်မှာ ပိုးရွခြပုန်းကိုက်ထား၍ အချို့နေရာများတွင် စုပ်ပြဲနေ သည်။ ဘုန်းကြီးယူပြသည့် ပေထုပ်မှာ (ကုသလာဓမ္မာ အကုသလာဓမ္မာ) ဟူသော စာသားအမှန်တွင် ပိုးရွခြပုန်းများကိုက်ထား၍ ကုတွေမှာ တချောင်းငင်တွေမရှိတော့ဘဲ (ကသလာဓမ္မာ အကသလာဓမ္မာ) ဟုသာ ရှိတော့သည်။ ကိုယ်တော်တို့လဲ တရားဟောဘုန်းကြီး တချောင်းငင်ပြုတ်နေသလိုလဲ ဖြစ်နေကြအုံးမယ်" ဟု ဗန်းမော်ဆရာတော်က ပြောလိုက်ရာ သုဓမ္မာဇရပ်ပေါ်ရှိ ကိုယ်တော်များမှာ များစွာရယ်မောပြီး တသောသောဖြစ်နေကြတော့သည်။

*************

www.myanmarcupid.net



# အထက်ပေါက်နဲ့ အောက်ပေါက်ပုံပြင်

ဗန်းမော်ဆရာတော်သည် မန္တလေးနေပြည်တော်တွင် အလွန်တရာ နာမည်ကြီးလှသည်။ မင်းတုန်းမင်းကြီး ကိုးကွယ်သည့် ဆရာတော်အဖြစ်၄င်း၊ စာပေအရာတွင်လည်း နာမည်ကြီးလှ၍ ဗန်းမော်ဆရာတော်မှာ အလွန်ထင်ရှား ကျော်ကြားလှသည်။ ဆင်းရဲနွမ်းပါးသူများက ဗန်းမော်ဆရာတော်အား အိမ်အရောက်ပင့်ပြီး ဆွမ်းကပ်ချင်ကြသော်လည်း ကြွလိမ့်မည်ဟု စိတ်ကမထင်ကြပေ။ အမှန်မှာ ဗန်းမော်ဆရာတော်အား မည်သူတစုံတယောက်ကပင့်ပင့် ဆင်းရဲချမ်းသာ၊ မျက်နှာကြီး မျက်နှာငယ်မရွေး ကြွရောက်သည်ချည့်သာဖြစ်သည်။

တနေ့တွင် ဆင်းရဲနွမ်းပါးလှသည့် တကာတယောက်သည် ဗန်းမော်ဆရာတော်အား အိမ်အရောက်ပင့်ပြီး ဆွမ်းကပ်လှူဒါန်းလို၍ ဆရာတော်ထံ လာရောက်လျှောက်ထားသည်။

"တပည့်တော်တို့ကဲ့သို့ ဆင်းရဲနွမ်းပါးသည့် တကာအိမ် ဆရာတော် မကြွဘူးအောင့်မေ့ခဲ့၍ ဆရာတော်ကို မပင့်ရဲဘဲ နေလာခဲ့တာ အခုမှ ဆရာတော်သည် မည်သူကပင့်ပင့် ကြွကြောင်းသိရ၍ ဆရာတော်ထံ

www.myanmarcupid.net

လာရောက်လျှောက်ထားရခြင်းပါဘုရား” ဟု ဇန်းမော် ဆရာတော်အား သွားရောက်လျှောက်ထားလေသည်။

ဇန်းမော်ဆရာတော်က.....

“အေး.... ငါက မင်းတုန်းမင်းမွေးစားတဲ့ မွေးစားသားမှ မဟုတ်တဲ၊ ဘယ်သူကပင့်ပင့် လိုက်တာချည့်ပါဘဲကွ” ဟု မိန့်ကြားလိုက်လေသည်။

“မှန်ပါ့ဘုရား။ တပည့်တော်တို့အိမ်သို့ အခု ဝါဆိုလပြည့်နေ့ နံနက် ၅နာရီအချိန်တွင် ဆရာတော်နှင့်တကွ ကျောင်းတိုက်အတွင်းရှိ သံဃာတော်အားလုံး ဆွမ်းအလှူခံ ကြွရောက်ချီးမြှင့်ပါရန် လျှောက်ထားအပ်ပါသည်ဘုရား” ဟု ဆွမ်းဒါယကာသည် ဇန်းမော်ဆရာတော်အား လျှောက်ထားတော့သည်။

“အေး.... အစားတော့ ကောင်းသဟေ့၊ များများသာချက်ထား” ဟု မှာကြားလိုက်လေသည်။

“မှန်ပါဘုရား” ဟု လျှောက်ထားပြီး ဆွမ်းဒါယကာလည်း ပြန်သွားလေသည်။

ဆွမ်းဒါယကာသည် ဆွမ်းကပ်ရမည့်အဝင်နေ့တွင် တက်အားသရွေ့နှင့် ထက်ထက်သန်သန် စီမံဖန်တီးလေသည်။ အကောင်းဆုံးစီမံထားသည့် ဟင်းလျာမှာ ချဉ်ပေါင်ရွက်နှင့် ဝက်သားရောချက် ရန်စီမံထားသည်။

ဆွမ်းဒါယကာသည် မိမိစီမံထားသည့် ချဉ်ပေါင်ရွက်၊ ဝက်သားရောချက်သည့် ဆွမ်းဟင်းလျာကို ဆရာတော် ဘုဉ်းပေးပါ့မလားဟု တွေးတောမိပြန်သည်။ သို့နှင့် ဆွမ်းဒါယကာသည် ဆွမ်းကပ်ရမည့် နေ့အဝင်ဖြစ်သည့် အကြိုနေ့ နေ့လည်ဘက်တွင် ဆရာတော်ထံရောက်သွားပြန်သည်။

“ဆရာတော်ဘုရား နက်ဖြန်မနက်တော့ ဆွမ်းဟင်းအတွက် ချဉ်ပေါင်ရွက်နှင့်ဝက်သားရောချက်ဘို့ စီမံခဲ့ပါတယ်ဘုရား...

www.myanmarcupid.net

ဆရာတော်ဘုဉ်းပေးပါ့မလားဟု အောက်မေ့ပါသည်ဘုရား" ဟု လျှောက်ထားလေရာ၊ ဆရာတော်က "မင်း.... စကားဆိုက်လာပြန်တော့လဲ ပြောရသေးတာပေါ့ကွာ" အစချီကာ အောက်ပါပုံပြင်ကို ပြောပြလေသည်။

*************

## ***အထက်ပေါက်ကြောက်ကာမှ အောက်ပေါက်နဲ့တွေ့***

ရှေးအခါက အညာဒေသရှိ ရွာတရွာတွင် ဦးပဉ္စင်းလေးတပါးသည် ကျောင်းထိုင်ဘုန်းကြီးအဖြစ် ခံယူနေသည်။ ရပ်ရွာတည်းမှ တကာမတဦးသည် အခြားသူများထက်ပို၍ ဆွမ်းအုပ်ကို နေ့မှန်၊ ရက်မှန် ချက်ပြုတ်လှူဒါန်းလေသည်။

ထိုဆွမ်းတကာမမှာ ပေါက်ပွင့်သုပ်ကို လက်ကိုင်ပြု၍ နေ့စဉ်လှူဒါန်းလေသည်။ ကျောင်းထိုင် ကိုယ်တော်လေးသည် ပေါက်ပွင့်သုပ်ကို နေ့စဉ်ပင်မှီဝဲနေရသည်။ နှစ်ရှည်လများ ဖြစ်လာသော် ပေါက်ပွင့်ကိုမုန်းလာတော့သည်။ သို့ဖြစ်၍ ကိုယ်တော်လေးသည် စားရဖန်များလာပြီး စိတ်ညစ်၍ နေသည်။

ရက်ပေါင်း ကြာညောင်းလာသည့်အခါ ဦးပဉ္စင်းလေးသည် ထိုရွာမှ တိတ်တဆိတ် အောက်ပြည် အောက်ရွာသို့ စုန်ဆင်းခဲ့တော့သည်။

ငါးပိငါးခြောက်ပေါသည့် အောက်ပြည်၊ အောက်ရွာ တရွာတွင် ပထမအာဂန္တု ဧည့်သည်အဖြစ်နေရသည်။ နောက် အကြောင်းအပေါင်းသင့်ပြီး၊ ထိုရွာမှာပင် ကျောင်းထိုင်ဘုန်းကြီးဖြစ်၍ လာရပြန်သည်။

ထိုရွာတွင်လည်း ဆွမ်းတကာမတဦး အခြားသူတို့ထက် ထူးခြား၍ ပေါ်ထွက်လာပြန်သည်။ ကျောင်းထိုင်ကိုယ်တော်လေးကတော့ ငါးပိ၊ ငါးခြောက်ပေါသည့် အောက်ပြည်၊အောက်ရွာ ရောက်လာရ၍ အညာကပေါက်ပွင့်နဲ့တော့ လွဲပြီဟု ထင်မှတ်ထားသည်။ ထိုရွာမှ ထူးခြားစွာပင် ဆွမ်းတကာမတဦးသည် နေ့မှန်၊ ရက်မှန် ဆွမ်းအုပ်ကို

www.myanmarcupid.net

ချက်ပြုတ်လှူဒါန်းပြန်သည်။ ထိုဆွမ်းတကာမကလည်း နေ့စဉ်ပင် ပေါက်ပွင့်သုပ်ကို ပင်တိုင်ဟင်းအဖြစ် အသုံးပြုပြန်လေသည်။

ကျောင်းထိုင်ပဉ္စင်းလေးသည် ငါတော့ပေါက်ပွင့်သုပ်နှင့်ပင် လာတိုးရပြန်ပြီဟု စိတ်ညစ်ရပြန်သည်။ သုံးကျောင်းပြောင်း၍တော့ မဖြစ်တော့ဘူး၊ အခြားတရွာ ပြောင်းရွှေ့သွားပါက ၄င်းပေါက်ပွင့်သုပ်သော်မှ မစားရဘဲနေချေမည်ဟု တွေးတောမိပြီး၊ ဆွမ်းအုပ်ချက်သည့် တကာမအား ဟင်းပြောင်းချက်ရန်ပြောမှပဲဟု စဉ်းစားထားလေသည်။ အတော်အတန်ရင်းနှီးလာသည်ဖြစ်၍ ပြောရဲဆိုရဲလည်း ရှိလာသည်။

နောက်တနေ့ ဆွမ်းအုပ်ချက်သည့်တကာမကျောင်းသို့ ဆွမ်းအုပ်လာအပို့တွင်...

"တကာမကြီး.... ဒီနေ့တော့ဘာဟင်းချက်ခဲ့သလဲ" ဟု ကိုယ်တော်လေးက ပေါက်ပွင့်သုပ်နဲ့ လွဲပါရစေဟု အောက်မေ့ပြီး မေးလေသည်။

"မှန်ပါ ပေါက်ပွင့်သုပ် ပင်တိုင်ဟင်းပေါ့ဘုရား"

ဟုလျှောက်ထားလိုက်သည်။

ဤတွင် ကိုယ်တော်လေးသည် မထိန်မချန်တော့ဘဲ ဟင်းပြောင်းချက်ရန် ပြောပြတော့သည်။

"ဟင်းတော့ပြောင်းချက်အုံးမှဘဲ တကာမကြီး၊ ကျုပ်အထက်အညာ ကျောင်းထိုင်တုန်းကလဲ ပေါက်ပွင့်သုပ် နေ့စဉ်စားနေရတာနဲ့ စိတ်ညစ်ပြီး၊ အောက်ပြည်၊ အောက်ရွာ ထွက်လာခဲ့တော့၊ အခုလဲ တကာမကြီးတို့ အောက်ပြည်အောက်ရွာမှာ ဒီပေါက်ပွင့်သုပ်နဲ့ဘဲ လာတိုးရပြန်ပြီ " ဟု ပြောဆိုလေသည်။

ဆွမ်းတကာမသည် ကိုယ်တော်လေးမျက်နှာကိုကြည့်၍...

www.myanmarcupid.net

"ဒါဖြင့် ကိုယ်တော် အထက်ပေါက်နဲ့ အောက်ပေါက် ဘယ်ဟာကပိုကောင်းသလဲ " ဟု မေးလေ သည်။ ဦးပဥ္စင်းလေးသည် ခတ်ပြုံးပြုံးနှင့်ပင် အောက်ပေါက်ကသာ ကောင်းကြောင်းပြောလိုက်ရ လေသည်။ ထိုသို့မပြောလျှင် ချက်လက်စ ပေါက်ပွင့်သုပ်တောင်မစားရဘဲ နေမည်ဟု တွေးမိပြီး ပြောလိုက်ခြင်း ဖြစ်သည်။

အခုလဲ တကာ အမွှန်အမြတ်စီမံချက်ပြုတ်ထားသည့် ချဉ်ပေါင်ရွက် ဝက်သားရောချက်ဟာ "အောက်ပေါက်ကသာတယ်ဘဲ ပြောရမှာပေါ့" ဟု ကွမ်းစားရင်းခတ်ပြုံးပြုံးပြုလုပ်ကာ ဗန်းမော်ဆရာတော်က ပြောပြလိုက်တော့သည်။

ဆွမ်းဒါယကာလည်း ဗန်းမော်ဆရာတော်၏ ပြောဟောသောပုံပြင်ကို သဘောတွေ့ကာ အိမ်သို့ ပြန်ခဲ့လေတော့သည်။

*************

www.myanmarcupid.net



# ကြက်ကုပ်ပေမယ့် တိုက်ပွဲသွင်းရမှာဘဲ

ဗန်းမော်ဆရာတော်သည် တပည့်၊ ရဟန်း၊ သာမဏေများကို အမြဲမပြတ် သွန်သင်ဆုံးမတက်သော အလေ့ရှိသည့်အတိုင်း ဥပုသ်နေ့ ညတည ဘုရားဝတ်တက်အပြီးတွင် စာဝါကလည်းနားသောနေ့ဖြစ်၍ အချိန်အတော်ကြာအောင် ပြောဆိုဆုံးမသည်။

ရဟန်းရောသာမဏေများပါ တပါးစီ မေးမြန်းပြောဆိုဆုံးမနေရာ ကိုရင်ကြီးတပါးအလှည့်သို့ ရောက်သွားလေသည်။ ထိုကိုရင်ကြီးမှာ အခြား ရဟန်း၊ သာမဏေများကဲ့သို့ လန်းလန်းဆန်းဆန်း ရွှင်ရွှင်ပြပြ မရှိပေ။ ကုပ်ချောင်ချောင်း မှိုတေတေဖြစ်နေသည်။ စာပေပရိယတ္တိမှာလည်း ဖျင်းအလှသည်။

ဗန်းမော်ဆရာတော်က ထိုကိုရင်ကုပ်ချောင်းကြီးကို အကြောင်းပြုပြီး ကိုရင်နစ်နာစေရန် တိုက်ရိုက် ဆုံးမတော်မမူဘဲ ရွှင်ပြလာစေရန် သွယ်ဝိုက်၍ ဆုံးမလိုသောကြောင့် အောက်ပါပုံပြင်ကို ပြောဆို ဆုံးမလေသည်။

*************

ရှေးအခါက ရွာတရွာမှာ ကြက်၊မွေးမြူရေးသမားတယောက် ရှိလေသည်။ ထိုကြက်မွေးမြူရေး သမားသည် သားဖောက်ခြင်း၊

www.myanmarcupid.net

အစာကျွေးခြင်း၊ ကြက်များ၏ ကျန်းမာရေးကို အထူးဂရုစိုက်ခြင်း စသည်ဖြင့် နေ့စဉ်ပင် ပြုလုပ်နေရပေသည်။

တနေ့တွင် ကြက်မတကောင်မှ ပေါက်သည့် သားပေါက်ကလေး ရှစ်ကောင်တည်းမှ တကောင်သော ကြက်သားပေါက်ကလေးမှာ အခြားကြက်ပေါက် ၇–ကောင်ကဲ့သို့ လန်းဆန်းမှုမရှိသည်ကို တွေ့ရလေသည်။ ကြက်ပေါက် ၇–ကောင်မှာကား လန်းဆန်းလှပြီး ကြက်မကြီးဝပ်နေသည့် ကျောပေါ်သို့ ခုန်လိုက်တက်လိုက် လုပ်နေသည်ကို ၄င်းမိခင်ကြက်မကြီးက အစာရှိရာကို နှုတ်သီးဖြင့် ညွှန်ပြပြီး " ကွတ်ကွတ်၊ ကွတ်ကွတ် " ဟူသော အသံပြုရာသို့ ကြက်ပေါက်ကလေး ၇–ကောင်က ဝိုင်းအုံ၍ "ပိညုပ်" သံရောထွေးလျက် အစာကောက်နေကြသည်ကို၄င်း မြင်ရ၍ ကြက်မွေးမြူသူမှာ ရွှင်ပြလှသည်။ တကောင်သော ကြက်ကလေးမှာကား ဟိုနားကျန်လိုက် သည်နားကျန်လိုက်နှင့် အခြားကြက်ကလေးများကဲ့သို့ မရွှင်ပြ မပီပြင်ဘဲ ကုပ်ချောင်ချောင်း ကလေးသာ ဖြစ်နေသည်။

သို့သော် မွေးမြူသူမှာ ထိုကြက်ကုပ်ကလေးကို အထူးဂရုစိုက်၍ ကျွေးမွေးသည်။ ကျန်းမာရေးကိုပြုပြင်သည်။

ထိုကြက်မွေးမြူသူသည် ရက်ကလေး အတော်ရလာပြီး ဖြစ်သည့်အတိုင်း ကြက်ကုပ်ကလေးမှအပ အခြားကြက်ကလေး များကား မြီးကောင်ပေါက်ပြီး ရောင်းလောက်လာ၍ ရောင်းချလိုက်လေသည်။

သို့သော် ထိုကြက်ကုပ်ကလေးမှာကား ရောင်းချသည့်အထဲတွင် မပါရှိဘဲ ကျန်နေပေသည်။ အထူး ဂရုတစိုက်လည်း ပြုပြင်နေသည်။ ကြက်ကလေးကားအနည်းငယ်ကြီးပြင်းလာရုံမှအပ ကုပ်ချောင်း ချောင်း ဖြစ်နေဆဲပင် ရှိသေးသည်။ သို့သော် ထိုသူမှာ ကြက်ကုပ်ကလေး၏ အသွင်ပြောင်းလဲမှုကို သာအစဉ် ရှေးရှုနေသူဖြစ်သည်။

www.myanmarcupid.net

မိတ်ဆွေတယောက် အိမ်ရောက်လာတိုင်း ကြက်ကုပ်ကလေး၏ အသွင်ပြောင်းလဲမှုကို ကြွံကြွံဖန်ဖန် ရှာပြီးပြောလေ့ရှိသည်။ တနေ့ မိတ်ဆွေတယောက် အိမ်လာလည်ရာတွင်...

"ဘယ်နှယ်လဲမိတ်ဆွေ ကျနော့် ကြက်ကလေး ကြည့်ရတာ ထူးခြားမလာဘူးလား။ အတက်ကလေးတွေတော့ အတော် ထွက်နေပြီဗျ၊ ကျနော်တော့ တိုက်ကြက်အစစ် ဖြစ်လိမ့်မယ် လို့တော့ထင်တယ်ဗျ" ဟုမွေးမြူသူက ပြောဆိုရာ အလည်ရောက်ရှိလာသည့် မိတ်ဆွေကလည်း....

"ခင်ဗျား ကြက် စွန်မယ်ဗျ၊ ကြက်ကလေးက အစအနရှိပါတယ် " ဟု ရေလာမြောင်းပေး ပြောဆိုလိုက်လေသည်။ ကြက်မွေးသူလည်း သဘောတွေ့သွားသည်။

များမကြာမီ အခြားရွာတရွာမှ ကြက်သမားတဦးနှင့် ကြက်တိုက်ရန် အစီအစဉ် ပြုလုပ်ကြတော့သည်။ မည်သူကမြှောက်ထားသည်မသိ ကြက်တိုက်ပွဲမှာ လောင်းကြေး တဘက်နှင့်တဘက် အတော်များကြသည်။ ကြက်ကုပ်ကလေးမွေးမြူသူမှာ မိမိကြက်အား မုချအနိုင်ရမည်ဟု ယူဆကာ ရှိသမျှစည်းစိမ်နှင့်တကွ အိမ်ပါထည့်၍ လောင်းကြေးထည့်သွင်းလိုက်သည်။

ကြက်တိုက်ပွဲကား စကြပြီ၊ လူများမှာလည်း တဘက်နှင့်တဘက် အုတ်အုတ်ကြွက်ကြွက် ဖြစ်နေသည်။ ကြက်ထိန်းများကလည်း တဘက်နှင့်တဘက်အားတက်သရော "ခွပ်လိုက်ကွချက်ကောင်းကို" ဟု အားပေးနေကြသည်။ ကြက်ကုပ်ကလေးကလည်း သူ့အစွမ်းရှိသလောက် တဘက်ရန်သူကြက်ကို ပြန်လှန်၍ ခွပ်လိုက်သည့်အခါ ပိုင်ရှင်နှင့်တကွ ဘက်တော်သားများ အားရကျေနပ်စွာ အော်ဟစ်၍ အားပေးကြသည်။

ကြက်ကုပ်ကလေးမှာ တာရှည်ပြန်၍ မခွပ်နိုင်ရှာဘဲ နောက်တချက် ရန်သူကြက်က ပြန်အခွပ်တွင် ချက်ကောင်းမိသွား၍ ကွင်းထဲမှာပင် စင်းစင်းသေသွားရှာတော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က ကိုရင်ကြီးအား.....

www.myanmarcupid.net

"မင်းလဲ ကုပ်ချောင်းချောင်း လုပ်မနေနဲ့ ကွင်းထဲရောက်မှ အစင်းသားဖြစ်နေမယ်။ ငါကတော့ ငါ့တိုက်ကထွက်ရင် ကြက်ကောင်းချည်း အောက်မေ့မှာဘဲ၊ ကြိုးစားအားထုတ်ကြပေါ့ကွာ၊ စာဟာ ကျက်ရင်ရပါတယ်" ဟု ကိုရင်ကြီးကို အကြောင်းပြု၍ အခြား တပည့် ရဟန်း၊ သာမဏေများကိုပါ သွယ်ဝိုက်၍ ဆုံးမလိုက်တော့သည်။

တပည့် ရဟန်း၊ သာမဏေများသည် ဆရာတော်အား ကန်တော့ပြီး ကျောင်းအသီးသီးသို့ ပြန်သွားကြတော့သည်။

*************

www.myanmarcupid.net



# ယော်ပါကိုတောင် မြင်နိုင်ပုံ

မင်းတုန်းမင်းတရားကြီး၏ လျှောက်ထားချက်အရ ရှမ်းကလေးကျွန်းဆရာတော်သည် ရဟန်း၊ သာမဏေတို့အား (သာမဏသာရုပ္ပ) မတင့်တယ်မဖွယ်ရာသည့် နေလွဲသောအခါ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အခါမဲ့ရပ်ထဲရွာထဲမှာ ထီးဆောင်း၍၎င်း၊ ဘိနပ်စီး၍၎င်း သွားခြင်းတို့ကို တားမြစ်သည့် အမိန့်ပြန်တမ်း (ဗန်းမော်ဆရာတော် ကန့်ကွက်ခဲ့သည့်) ပြန်တမ်းတခုကို ထုတ်ဆင့်ခဲ့လေသည်။ သုဓမ္မာဆရာတော် များကလည်း အတည်ပြုပြီးဖြစ်သည်။

ထိုအမိန့်ပြန်တမ်းအရ ဘုရင်မင်းမြတ်က ခန့်ထားသည့် မဟာဒဏ်ဝန်နှင့် မဟာဒဏ်စာရေးတို့က မန္တလေး လေးပြင်လေးရပ်ရှိကျောင်းတိုက်များသို့ သွားရောက်ပြီး ကြပ်မတ်ကွပ်ကဲရသည်။

အမိန့်ပြန်တမ်းအရ အပြစ်တွေ့ရှိပါက တိုက်တာရှိဦးစီးနာယက ဆရာတော်များနှင့် တိုက်အုပ် တိုက်ကြပ် ဆရာတော်များသို့ လျှောက်ထား၍ အပြစ်ပေးတန် ပေးရသည်။

www.myanmarcupid.net

မဟာဒဏ်ဝန်နှင့် မဟာဒဏ်စာရေးတို့သည် တာဝန်အရ ဒက္ခိဏာရာမ ဘုရားကြီးတိုက်သို့ ရောက်ရှိသွားကြသည်။ တာဝန်အရတိုက်တွင်းရှိ ကျောင်းအသီးသီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထိုအခါ ရဟန်းတော်တပါး ကျောင်းခန်းတခုအတွင်းဝယ် ဆေးလိပ် သောက်နေသည်ကို တွေ့ရတော့သည်။

မဟာဒဏ်ဝန်နှင့် စာရေးတို့က ထိုရဟန်းငယ်အား စည်းကမ်းအရ ဘုရားကြီးတိုက် ဆရာတော်ထံ သွားရောက် လျှောက်ထားကြသည်။

ထိုအခါ ဘုရားကြီးတိုက်ဆရာတော်က "မင်းတို့ဟာ မြို့ထဲ ရွာထဲမှာ စည်းကမ်း ကျော်လွန်နေတဲ့ ကိုယ်တော်တွေ၊ ထီးထမ်း လမ်းလျှောက်နဲ့ ဟော့ဟော့ရမ်းရမ်း ရင်ဘောင်တန်းပြီး လူ့အသွင် ဘမ်းပြသွားနေတဲ့ ကိုယ်တော်တွေ၊ သည်ကိုယ်တော်မျိုးတွေကို သွားရှာပြီး လျှောက်ထားမှပေါ့၊ အခုတော့ မင်းတို့ဟာ ကျောင်းခန်းထဲ ဝင်ကြည့်ရင် "ငယ်ပါကိုတောင် မြင်ရလိမ့်အုံးမယ်ကွ" ဟု ပြောလိုက်လေသည်။

မဟာဒဏ်ဝန်နှင့် ဝန်စာရေးတို့လည်း အသာလှည့်၍ ကန်တော့ပြီး ကျောင်းအောက်သို့ ဆင်းခဲ့ရတော့သည်။

မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်မှာလည်း ဗန်းမော်ဆရာတော်ကဲ့သို့ပင် မဟုတ်လျှင်မခံ မမှန်လျှင် မလုပ်တတ်သည့် ရဲရဲတောက် ဆရာတော်တပါးသာ ဖြစ်ခဲ့လေသည်။

*************

www.myanmarcupid.net



# မှားရှုံသာမှား ဆက်မမိုက်နဲ့

ဗန်းမော်ဆရာတော်၏ တပည့် သာမဏေများစွာတို့ အနက်မှ ရှင်ကဝိဆိုသော သာမဏေသည် ရဟန်းတက်မှာလား၊ လူထွက်မှာလားဟု မဝေခွဲနိုင်ဘဲ လွန်ဆွဲပြီး စိတ်ကစားနေသည်။ ကိုရင်ကဝိသည် အစပထမက ရဟန်းတက်ဘို့ရန် ဆုံးဖြတ်ထားသူ ဖြစ်သည်။ သို့ကြောင့်လည်း သဒ္ဒါ၊ သင်္ဂြိုလ်နှင့်တကွ ဒွေး၊ မာတိကာ စသော အခြေပြု ပရိယတ် စာပေများကို သင်ယူတတ်မြောက်ထားပြီး ဖြစ်နေသည်။ သီတင်းသုံးဘော်များကလည်း ရှင်ကဝိ စာကြိုးစားသည်ဟုပင် အသိအမှတ်ပြုထားကြသည်။

သို့သော် ရှင်ကဝိစိတ်ထဲတွင် နေ့တမျိုး ညတမျိုး ပြောင်းလဲနေသည့် စိတ်အစဉ်ကို မည်သူမျှ အကဲမခတ်မိကြပေ။ ရှင်ကဝိမှာ စာတက်ချိန်၊ ဆွမ်းခံချိန် တို့ကို မှန်မှန်ပင် ပြုလုပ်နေသောကြောင့် ဖြစ်သည်။ ရှင်ကဝိမှာ သာသနာဘက်မှာ အားနည်းချက်တွေ ပေါ် ထွက်နေသည်။ ရွာကမိအိုဖအိုများကို မြင်လာသည်။ လူထွက်ပြီး လုပ်ကျွေးချင နေသည်။ သာသနာတော်မှာ ပို၍အားနည်း ချက်ဖြစ်ပေါ်နေသော အကြောင်းကား ငယ်ရီးစား မထွေးခင်၏ မျက်နှာရိပ်အစဉ်များ သူသင်အံနေသည့်

www.myanmarcupid.net

စာရွက်တွေပေါ်မှာ ထင်မြင်နေသည်။ ဧကသီကို ခြေနှစ်ဘက်ဖြင့်ဖိပြီး ခေါင်းမြီးတင်းလောက်အောင် ခြုံ၍အိပ်သည့် အခါတိုင်းလည်း မထွေးခင်၏မျက်နှာရိပ်တွေ တရစ်ဝဲဝဲသာ ဖြစ်ပေါ်နေရသည်။

ရှင်ကဝိသည် ဆရာတော်ထံ လူဝတ်လဲရန် တကြိမ် နှစ်ကြိမ်တိုင် လျှောက်ထားသည်။ ခွင့်မရခဲ့ပေ။ သည်တကြိမ် လျှောက်ရင်တော့ ခွင့်ရလဲထွက်၊ မရလဲထွက်မည်ဟု ရှင်ကဝိက ဆုံးဖြတ်ထားလေသည်။

"သာသနာဘောင်နေရတာ စိတ်ချမ်းသာပါတယ်ကွာ ဘာလို့ ထွက်ချင်ရတာလဲ" ဟုဆရာတော်ကမေးသည်။

"မှန်ပါ၊ မိအိုဖအိုများ လုပ်ကျွေးချင်လို့ပါဘုရား" ဟု ရှင်ကဝိက လျှောက်ထားလေသည်။ "ရှေးလူဆိုတာ သူ့ကံနဲ့ သူချည့်ဘဲကွ မထွက်ဘဲနေနိုင်ရင် အကောင်းဆုံးဘဲ" ဟုဆရာတော်ထံမှ နောက်ဆုံး တတိယအကြိမ် လျှောက်ထားရာတွင်ပြောလိုက်သည်။

ရှင်ကဝိမှာ ဆုံးဖြတ်ထားသည့်အတိုင်း အခြား သီတင်းသုံးဘော်များက အတန်တန်တားကြသော်လည်း နောက်ဆုံးတွင် လူဝတ်လဲကာ အိမ်ပြန်ခဲ့တော့သည်။

ရှင်ကဝိတဖြစ်လဲ မောင်ကျော်မြင့်မှာ ရွာသို့ရောက်သည့်အချိန်တွင် မိဘနှစ်ပါးနှင့်တကွ ဆွေမျိုး သားချင်း ငယ်ငယ်ကရောင်းရင်းတွေနဲ့ တရုံးရုံးတပြုံးပြုံးဖြစ်ကာ မောင်ကျော်မြင့်အဘို့ အပျော်ဆုံး နေ့များ ဖြစ်နေပေသည်။

ခြောက်လလောက်အကြာမှာ ငယ်ရီးစား မထွေးခင်နှင့်ပင် အကြောင်းဆုံရသည်။ မောင်ကျော်မြင့်သည် မထွေးခင်နှင့် ငြားစရက်တွေ အချိန်တွေမှာ မထွေးခင်မျက်နှာကို အမြဲ ကြည့်နေချင်သည်။ ကြားကလေသွေး ဝေးတယ်ဆိုတာ မှန်သည်ဟု မောင်ကျော်မြင့်က ယူဆနေသည်။ မောင်ကျော်မြင့်က ဇာတ်မင်းသားဦးစိန်ကတုံးကြီး၏ သစ္စာထား နှစ်ပါးသွားသီချင်းကို သွားသတိရသည်။ ဦးစိန်ကတုံးက

www.myanmarcupid.net

သူ့မယားလောက်လှတာ ဗမာပြည်မြို့ရွာအနှံ့လိုက်ရှာလိုက်တာ မတွေ့ရသည့် အကြောင်းကို ဆိုသည်။

နတ်ပြည်တကာ စေ့ခဲ့ပါပေ့၊ ဘယ်ပြည်ဘယ်ရွာ မတွေ့ခဲ့ပါဘူး၊

အိုးစည်ထဲဝင်ကာ အလုံတံခါး ပိတ်ပြီးတော့ ခင်ကညာအနိတ်နဲ့

ထမင်းမစားဘဲ စက်တော်ခေါ် စို့လဗျာ.......

ဟူသော ဦးစိန်ကတုံးကြီး၏ သီချင်းအတိုင်း မောင်ကျော်မြင့် ငြားစမထွေးခင်ကို ဆိုဆိုပြနေသည်။

မောင်ကျော်မြင့်သည် အိမ်ထောင်သက် လေးနှစ်ထဲရောက်ရှိလာ၍ သူကသည့်ဇာတ် မိုးလင်းပိုင်းဘက်သို့ ရောက်လာပြီကို သိနေပြီဖြစ်သည်။ သူထင်ခဲ့သလို မပျော်နိုင်ရှာတော့၊ ဃရာဝါသ ဗဟုကိစ္စ အိမ်ထောင်သားမွေးမှုသည် အလွန်အမှုပွေကြောင်း သူ့နဖူးကို အရိုက်ခံရပြီဖြစ်သည်။ ဃရာဝါသ အတိသမ္ဗာဓ လူ့ဘောင်မှာ အလွန်ကျဉ်းမြောင်းကြောင်းကို ဗန်းမော်ကျောင်းထွက်ပီပီ သိလာရသည်။

မကြာမီပင် မောင်ကျော်မြင့်သည် သူ၏ဆရာတော်ကို အလွန်သတိရလာသည်နှင့် မန္တလေးမြို့ရှိ ဗန်းမော်ဆရာတော်ထံ အပူဇော် အကန်တော့သွားသည်။

" ဟော့... ဘယ်သူလဲကွ "

" ကဝိပါဘုရား "

"အေး... မင်းအခုမှဘဲ လာနိုင်တော့တယ်နော်၊ ဘယ်နှယ်လဲ တော်တော်လေး ဒုက္ခတွေ့ပြီ မို့လား " ဟု ဆရာတော်ကမေးသည်။

"မှန်ပါ... တော်တော်လေးဒုက္ခရောက်နေပါပြီဘုရား၊ အခုမှပဲ မှားမှန်း သိပါတော့တယ် ဘုရား" ဟု မောင်ကျော်မြင့်က ဇာတ်စုံ လျှောက်ပြတော့သည်။

www.myanmarcupid.net

"အေး... မှားမှန်းသိရင်တော့ ဆက်မမိုက်နဲ့ပေါ့ကွာ " ဟု ဆိုပြီး တပည့်ရှင်ကဝိလူထွက်အား အောက်ပါပုံပြင်ကို ပြောဆိုဆုံးမတော့သည်။

*************

ရှေးကရွာတရွာမှာ မောင်ရုပ်ဆိုးဆိုသော လူငယ်တယောက် အိမ်ထောင်ကျနေသည်။ သူ့ဇနီးမှာ သူ့ယောက္ခမများ၏ တဦးတည်းသောသမီးဖြစ်သည်။ မောင်ရုပ်ဆိုးဆိုသလောက် ခေါင်းက အလွန်ကြီးပြီး ခန္ဓာကိုယ်ကသေးနေ၍ အထက်အောက်မလိုက်ဘဲ အလွန်ကြည့်ဆိုးသည်။ သို့သော် သူ့၏ဇနီးက လူကြီးက သနားစရာကြီးပဲဟုဆိုပြီး အလွန်ကြင်နာသည်။

ရုပ်ဆိုး၏ယောက္ခမများကတော့ ရုပ်ဆိုးအပေါ် ကြည့်မရ၊ ဒီလိုနေပုံထိုင်ပုံမျိုးနဲ့တော့ လူမွေး မပေါက်၊ ဒီအလုပ်မျိုးနဲ့ လူစမပြောင်ဟု ခဏခဏသမီးကိုပြောရင်း ရုပ်ဆိုးကြားလောက်အောင် ပြောပြောနေသည်။ တနေ့သော် ယောက္ခမအထီးကြီးက စာချိုး၍ သမက်ရုပ်ဆိုးမြင်လောက်သော နေရာတွင်ချထားသည်။ ရုပ်ဆိုး၏အသွင်အပြင်နှင့် မုတ်ဆိပ်မွေးပေါ်ကြောင်း စာချိုးတွင် ထည့်ရေးသည်။

ကိုယ်ကကြီးလို့ ခေါင်းကသေး၊

မုတ်ဆိပ်မွေးကလည်းထူသေး၏၊

လူမိုက်ဟူသတည်း။ ။

ဤစာချိုးကို ရုပ်ဆိုးတွေ့၍ ကောက်ဖတ်သည်။ ယောက္ခမရေးသည်ဟု သူမအောက်မေ့၊ ရုပ်ဆိုးက သူ့အတွက် နက်သိကြားတွေက သတိပေးသည်အနေနှင့် "ရွှေပေလွှာ" ချထားခြင်းသာ ဖြစ်သည်ဟု သူက ယူဆသည်။

မောင်ရုပ်ဆိုးသည် ရွှေပေလွှာက သတိပေးသည်ဟု ယူဆပြီး သူ၏မုတ်ဆိတ်များကို မီးစယူ၍ရှို့ တော့သည်။ မုတ်ဆိပ်မွေးကဆက်၍

www.myanmarcupid.net

ခေါင်းကဆံပင်အထိ ကူးပြောင်းလောင်ကျွမ်း သွားတော့သည်။ မောင်ရုပ်ဆိုးမနေနိုင်တော့ဘဲ ခုန်ပေါက်ပြေး နေတော့သည်။ ဇနီးနှင့် ယောက္ခမများပါ အရူးယားဖါးယားဖြစ်ကာ တရပ်လုံးတရွာလုံး သိသွား၍ လူအများစုကာ လူမိုက်ဘဲဟု ပြောဆိုနေကြတော့ သည်။

ဗန်းမော်ဆရာတော်သည် တပည့်ရှင်ကဝိလူထွက်အား ဤပုံကိုပြောပြ၍ "မင်းလဲမှားရုံတွင်မှား ဆက်မမိုက်နဲ့ပေါ့ကွာ၊ သာသနာ့ဘောင်မှာ မနေနိုင်ဘဲ လူဝတ်လဲ၍မှားတာမှားပါစေတော့... ဆက်ပြီး ဒုစရိုက်မှုတွေ မမှားစေနဲ့၊ ဆံပင်ကို မီးဆက်မလောင်စေနဲ့" ဟု ပြောဆိုဆုံးမလိုက်လေသည်။ တပည့်လူထွက်လည်း အဆုံးအမ နာယူပြီး ရွာသို့ပြန်သွားတော့သည်။

*************

www.myanmarcupid.net



# ဖိုးသူတော်ပုတီးစိတ်သလို

မင်းတုန်းမင်းတရားကြီးသည် တိုင်းရေးပြည်ရေးနှင့်တကွ သာသနာရေး၊ ဘာသာရေးတို့ကို အထူး ဦးစားပေးသည့်အတိုင်း ဆရာတော် သံဃာတော်များကို မကြာမကြာ နန်းတော်သို့ပင့်၍

"သာဟတ္တိက" ကိုယ်ထိလက်ရောက် ဆွမ်းကပ်ခြင်း၊ လှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းခြင်းအမှုတို့ကို ပြုလုပ်လေ့ရှိသည်။

မင်းတုန်းမင်းကြီးသည် ဇန်းမော်ဆရာတော်အပါအဝင် ဆရာတော်၊ သံဃာတော်များအား နန်းတော်သို့ပင့်၍ ဆွမ်းကပ်လေသည်။ မင်းတုန်းမင်းကြီးသည် ဆရာတော် သံဃာတော်များနှင့် အလ္လာပ၊ သလ္လာပ စကားများကို အပြန်အလှန် ပြောဆိုလျှောက်ထားနေသည်။

ဤတွင် ဇန်းမော်ဆရာတော်က "တကာတော် ရေမြေ့ရှင် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရဲ့လား၊ ရှစ်ပါးသီလ၊ ကိုးပါးသီလများကိုကော ဥပုသ်သီတင်း လပြည့် လကွယ်ရက်များတွင် စောင့်ထိန်းနိုင်ရဲ့လား" ဟု မေးလေသည်။

www.myanmarcupid.net

“မှန်ပါ... ငါးပါးသီလကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲပါတယ်ဘုရား.... ရှစ်ပါးသီလ၊ ကိုးပါးသီလများကိုလည်း ရှစ်ရက်သီတင်း လပြည့်၊ လကွယ်ရက်များတွင် စောင့်ပါတယ်ဘုရား” ဟု မင်းတရားကြီးက လျှောက်ထားသည်။

“ဒါဖြင့် တကာတော်ရေမြွေရှင် ပုတီးများကောစိပ်ရဲ့လား” ဟုမေးသည်။ “မှန်ပါ စိပ်ပါတယ် ဘုရား” ဟုပင် လျှောက်သည်။

တကာတော်ရေမြွေရှင် အရင်က “ဖိုးသူတော် ပုတီးစိပ်သလိုလဲ ဖြစ်နေအုံးမယ်” ပြောပြီး အောက်ပါ ပုံပြင်ကို ပြောပြသည်။

*************

ရှေးက ရွာတရွာကလူများမှာ ဗုဒ္ဓဘာသာကို အထူးလေးစား ယုံကြည်သည့်အတိုင်း ဝါတွင်းသီတင်း နေ့များတွင် ရွာဦးကျောင်းသို့သွားရောက်၍ သီလခံယူခြင်း၊ တရားဘာဝနာများကို ဆွေးနွေး မေးမြန်းခြင်း များကို အမြဲပြုလုပ်လေ့ရှိသည်။

ညနေဘက်တွင် ကျောင်းအနီးရှိ ဥပုသ်ဇရပ်ပေါ်မှာ အမြဲလိုလို ပုတီးစိပ်ကြလေသည်။ ဖိုးသူတော် တယောက်ကလည်း ထိုဥပုသ်ဇရပ်အနီးရှိ သစ်ပင်ကြီးတပင်အောက်မှာ အမြဲထိုင်၍ ပုတီးစိပ်လေ့ ရှိသည်။

ဖိုးသူတော်စိပ်သောပုတီးမှာ အခြားသူများစိပ်သော ပုတီးကဲ့သို့ ၁၀၈လုံး၊ ၃၂လုံး၊ ၉လုံးမရှိပေ။ ၃လုံးသာရှိသည်။ ဖိုးသူတော်ပုတီးစိပ်နေသည်မှာ ပါးစပ်မှ နှုံပွနှုံပွနှင့် အလွန်မြန်ဆန်လှသည်။ ဇရပ်ပေါ်မှ ဥပုသ်သည်များပင် အတော်စိတ်ဝင်စားနေပေသည်။

ဖိုးသူတော်၏ ပုတီးစိပ်နည်းကို မေးမြန်းပြီး နည်းယူလိုသော ဇရပ်ပေါ်မှ ဥပုသ်သည်များမှာ ဦးသူတော်ကိုအားနာ၍ မမေးဖြစ်ခဲ့ပေ။ လာမည့် သီတင်းရောက်ရင် မေးမှဘဲဟု အားတင်းထားသော ဥပုသ်သည်များမှာ သီတင်းနေ့ကို စောင့်နေကြသည်။

www.myanmarcupid.net

သီတင်းနေ့ရောက်သည့်တွင် ဖိုးသူတော်သည် အခါတိုင်းလိုပင် ပုတီးကိုသွက်သွက်စိပ်နေသည်။ ထိုနေ့တွင် ဥပုသ်သည် တဦးက ဦးသူတော်ကိုမေးသည်။

"ဘယ့်နှယ်... ဦးသူတော် ပုတီးစိပ်တာမြန်လှချည်လား နည်းကောင်းလေးဘာလေးရှိရင်ပေးပါအုံး ဦးသူတော်က ဘုန်းကြီးနဲ့နီးလို့ နည်းကောင်းရလိမ့်မယ်" ဟု ဥပုသ်သည်တဦးက ဦးသူတော်ကို မေးသည်။

ဦးသူတော်က "ခင်ဗျားတို့ ဘုန်းကြီးပြောတုံးကတော့ မှတ်မထားဘူး၊ အခုမှမေးနေကြ" ဟု ပြန်ပြောသည်။ "ပြောပြစမ်းပါ ဦးသူတော်ရဲ့" ဟု ထပ်မေးသောအခါ "မှတ်ထား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကို ပထမတော့ တလုံးစီချစိပ်ရတယ်၊ နောက်တော့ (၄င်းနည်း) (၄င်းနည်း) (၄င်းနည်း)ဆိုပြီး မြန်မြန်စိပ်ကြပေါ့" ဟု ပြောလေရာ ဇရပ်ပေါ်ရှိ ဥပုသ်သည်များမှာ ရယ်မောကြလေသည်။

ဤတွင် ဗန်းမော်ဆရာတော်က "တကာတော်ရေမြွေရှင်လဲ ဦးသူတော် ပုတီးစိပ်သလို (၄င်းနည်း) (၄င်းနည်း) နဲ့များ စိပ်နေသလားလို့" ဟု ပြောကြားလေရာ ဘုရင်မင်းမြတ်လည်း များစွာသဘောကျ၍ ရယ်မောနေတော့သည်။

*************

www.myanmarcupid.net



# မုန့်ဆိုးမအိမ်ပေါ်က သူခိုးအကြောင်း

ဗန်းမော်ဆရာတော်သည် သဒ္ဒါ၊ စာဝါချရာတွင် အလွန်ကျော်ကြားလှသောကြောင့် စာတက်၊ စာနာ ရဟန်း သာမဏေ ပရိတ်သတ်မှာ သဒ္ဒါ၊ စာဝါချရာ၌ ၃၀၀ထက်မနည်း အမြဲရှိနေသည်ချည့်သာ များသည်။ စာချရာမှာ နေ့ဝါ၊ ညဝါ နှစ်မျိုးရှိရာ၊ နေ့ဝါအတွက် ဆွမ်းစားပြီးစ ၁၂–နာရီခွဲနှင့် တချက်အတွင်းမှာ စာချလေ့ချထရှိသည်။ ညဝါမှာ ညဘုရားဝတ်တက်ပြီးမှစ၍ ၉–နာရီ ၉နာရီခွဲအထိ အလျဉ်းသင့်သလို ချသည်။

ဗန်းမော်ဆရာတော် သဒ္ဒါ၊ စာဝါချသည့်အချိန်မှာ နေ့ဆွမ်းစားပြီးစ ၁၂နာရီခွဲ အချိန်ဖြစ်သည်။ ဆရာတော်သည် သဒ္ဒါဘက်ဆိုင်ရာ ရူပသိဒ္ဓိနျာသ၊ နိဒ္ဒေသ ကျမ်းများအရ အဓိပ္ပါယ်သဘာဝတို့ကို အချက်ပိုင်ပိုင် အကွက်မိမိ ပြောဆိုနေပေသည်။

စာတက် ကိုယ်တော်အချို့မှာ ဆွမ်းစားပြီးစ အချိန်ဖြစ်၍ အီလယ်လယ်၊ အစ်တောက်တောက်ဖြစ်ကာ ထိုင်းမှိုင်းပြီး၊ စာထဲ စိတ်မဝင်စားနိုင်တော့ဘဲ ငိုက်မျည်းနေကြသည်။ ဗန်းမော်ဆရာတော်က ငိုက်မျည်းနေကြသည့် ကိုယ်တော်တွေကို ကြည့်ပြီး၊ “မောင်ပဉ္စင်းတို့ဟာ အစောကြီးရှိသေး

www.myanmarcupid.net

ငိုက်နေလိုက်ကြတာ” ဟုပြောရင်းက အငိုက်ပြေစေရန် တပ်လှန့်လို၍ ရယ်ရွှင်ဘွယ်ရာအောက်ပါ ပုံပြင်ကို ပြောပြတော့သည်။

*************

ရှေးကရွာတရွာမှာ လင်သေဆုံးပြီးနောက် ပစ္စည်းဥစ္စာနှင့် ကြွယ်ဝချမ်းသာသည့် မုဆိုးမတဦး ရှိသည်။ မုဆိုးမမှာ ပိုးချင်သူမရှား၊ ခိုးချင်သူမရှားဖြစ်နေသည်။ နေ့စဉ်လိုလိုပင် သူခိုးများက ချောင်းမြောင်းကြသည်။ မုဆိုးမကလည်း ညစဉ်ညတိုင်းပင် အအိပ်အနေနည်းပြီး သတိကြီးစွာထားသည်။ ခိုးလိုသူများကလည်း ချောင်းရမြောင်းရသည့် ရက်ပေါင်း၊ ညပေါင်းမနည်းတော့ပေ။ အခွင့်သာသည့်ညပင် မတွေ့နိုင်အောင် ဖြစ်နေသည်။ တနေ့တွင် ချောင်းရမြောင်းရဖန်များသော် သူခိုးတယောက်က အကြံပေါ်လာသည်။ အကြံပေါ်လာသည့်အတိုင်း နေဝင်ဖြိုးဖျ မှောင်ရီပြိုးစအချိန်တွင် ထိုမုဆိုးမ၏ အိမ်ပေါ်သို့တက်ပြီး ထုပ်ပေါ်မှာ ပုန်းနေသည်။ မကြာမီပင် မုဆိုးမက အိမ်ထဲဝင်ရောက်ရာတွင် ထုပ်ပေါ်ပုန်းနေသူကို တွေ့ရတော့သည်။ ဤတွင်မုဆိုးမက အိမ်နီးနားချင်းများကို “သူခိုး... သူခိုး ” ဟုအော်ဟစ်၍ အကူအညီ တောင်းသည်။ ထုပ်ပေါ်ပုန်းနေသူမှာ မုဆိုးမမြင်စကပင် အောက်သို့အတင်းဆင်း၍ ပြေးတော့ရာ အိမ်နီးနားချင်းတို့မှာ မမှီလိုက်ကြတော့ပေ။ လူအများကလည်း “သူခိုးကစောလှချည်လား” ဟု ပြောဆိုဝေဘန်နေကြသည်။

ဗန်းမော်ဆရာတော်က “အခုလဲ မောင်ပဥ္စင်းတို့ဟာ အစောကြီးရှိသေး ငိုက်နေကြရသလား” ဟု ပြောလိုက်သဖြင့် စာတက်နေသည့် ကိုယ်တော်တွေမှာ တသောသော ရယ်မောနေကြတော့သည်။

www.myanmarcupid.net

ဤသို့ပင် ရှေးဆရာတော်ကြီးများသည် ကာမဘုံသားတွေအလိုက် စရိုက်ကြည့်ပြီး ပြောဆို၍ ဗုဒ္ဓ၏ ကျမ်းစာများကို မပျောက်ပျက်နိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်းသာဖြစ်ပေသည်။

*************

www.myanmarcupid.net



# ငါ့မကြိုက်နဲ့

ဗန်းမော်ဆရာတော်သည် မင်းတုန်းဘုရင်မင်းမြတ်၏ နန်းတော်သို့ ဆွမ်းစားရန် ရောက်ခဲ့ပြန်လေပြီ။ မင်းတရားကလည်း မကြာမကြာပင့်၍ ဆွမ်းကပ်သည်။ ဗန်းမော်ဆရာတော်ကလည်း နန်းတော် ဆွမ်းစားရောက်တိုင်း တကာတော်မင်းမြတ်ကို ပုံပြင်လက်ဆောင်တခု အမြဲပေးခဲ့သည်။ ယခုအကြိမ် ဘုရင်မင်းမြတ်က ဆရာတော်ကို လျှောက်ထားသည်မှာ....

"ဆရာတော်ဘုရား မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်နိုင်သည့် တရားဓမ္မများ ဟောကြားတော်မူပါဘုရား" ဟု လျှောက်ထား တောင်းပန်လေသည်။

ထိုအခါ ဗန်းမော်ဆရာတော်ထံ အောက်ပါ ပုံပြင်ဖြင့် ဟောကြားတော်မူလေသည်။

*************

ရှေးကရွာတရွာတွင် တောင်သူလုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင်နှင့် ကြိုးကြိုးစားစား လုပ်ဆောင်နေသည့် တောင်သူဦးကြီး တယောက်ရှိလေသည်။ ထိုသူမှာ တောင်သူလုပ်ငန်းတွင် အလွန်အဆင်ပြေပြီး ပဲ၊ ပြောင်း၊ နှမ်း၊ စပါး စသော သီးနှံများမှာ ထင်သည်ထက်ပို၍ပို၍ ထွက်နေသည်။ ထိုတောင်သူကြီးမှာ ငွေပိုငွေလျှံတွေ အတော်ရရှိလာ၍ "စီးပွားအတက်မြန်လျှင် အပျက်မြန်တက်သည်" ဟူသော ရှေးသူဟောင်းတို့၏

www.myanmarcupid.net

အယူအဆကို ခံယူထားသူပီပီ ကုသိုလ်ကောင်းမှုတခုခု လုပ်မှတော်မည်ဟု ယုံကြည်နေပေသည်။

သို့အတွက် ထိုတောင်သူကြီးမှာ မိမိတို့ရွာဦးမှာ ကျောင်းတကျောင်းဆောက်လုပ်ပြီး ဘုန်းကြီးတပါးအား လှူဒါန်းထားလေသည်။ နေ့စဉ်ပင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးကိုလည်း တာဝန်ယူ၍ လှူဒါန်းသည်။

ထိုတောင်သူကြီးတွင် အလိုလိုက်ထားသည့် တဦးတည်းသော သမီးတယောက်ရှိလေသည်။ နေ့စဉ်ပင် ကိုးကွယ်ထားသည့် ကျောင်းသို့ ဆွမ်းအုပ်ပို့ရန် မိဘနှစ်ပါးက တာဝန်ပေးထားသည်။ ကျောင်းသို့ ဆွမ်းအုပ်ပို့ရောက်တိုင်း ဘုန်းကြီးကို မေးခွန်းတခု အမြဲမေးသည်။

"ဒီကျောင်း ဘယ်သူ့ကျောင်းလဲဘုရား့"

ဟု ကျောင်းတကာ၏သမီးကလေးက မေးသည်။

"နင့်မိဘများက ငါ့ကိုရေစက်ချ လှူထားတာပဲ၊ ငါ့ကျောင်းပေါ့ဟ" ဟု ဘုန်းကြီးက ဖြေသည်။ ကျောင်းတကာ၏ သမီးကလေးသည် ဆွမ်းပို့ရောက်တိုင်း မေးခွန်းတခုကိုအမြဲမေးသည်။ ဘုန်းကြီးကလည်း အရွယ်ရောက်စဖြစ်နေသော ကျောင်းတကာ၏သမီးကို စကားတာရှည် မပြောလို၊ "ဣတ္ထိ မိသော ကုတောသီလံ" မိန်းမနှင့်နီးစပ်သော ရဟန်း သီလမရှိနိုင်ဟူသော နီတိစကားအရ ကျောင်းအမသမီးနှင့် နီးနီးစပ်စပ် တာရှည်မနေလိုပေ။

ကျောင်းအမ သမီးကလေးသည် နောက်တနေ့ ကျောင်းသို့ ဆွမ်းအုပ်ပို့ ရောက်ပြန်သည်တွင် ဘုန်းကြီးအား မေးပြန်သည်။

"ဘုန်းကြီး ဒီသင်္ကန်းတွေက ဘယ်သူ့သင်္ကန်းတွေလဲ"

"ငါ ဝတ်နေတာတွေ ငါ့သင်္ကန်းတွေပေါ့ဟ"

"ဒီသပိတ်ကကော"

www.myanmarcupid.net

"သပိတ်လဲ ငါ့သပိတ်ပေါ့ "

ဘုန်းကြီးက "တော်တော်စပ်စုတဲ့ ကလေးမပဲ၊ မြန်မြန်ပြန်ရင်ကောင်းမယ်" ဟု အောက်မေ့နေ စဉ်မှာပင် ကလေးမက ဆက်၍...

"ဒါဖြင့်ရင် ဒီကျောင်းဝိုင်းထဲက အပင်တွေကကော"ဟု မေးပြန်လေသည်။

"ငါ့ကျောင်းဝိုင်းထဲရှိတဲ့အပင်တွေ ငါ့အပင်တွေပေါ့ဟ"ဟု ဘုန်းကြီးက ပြန်ဖြေလိုက်သည်တွင်...

"ဒါဖြင့် ငါ့မကြိုက်နဲ့ပေါ့"

ဟု ခပ်ဆတ်ဆတ်ပြောဆိုပြီး လှယ်ထားသော ဆွမ်းအုပ်ကို အသာခေါင်းပေါ် ပင့်ရွက်ကာ အိမ်သို့ ပြန်ခဲ့လေသည်။

ဘုန်းကြီးကား (ငါ့မကြိုက်နဲ့ပေါ့) ဟူသော ကျောင်းအမသမီး၏ စကားကို စဉ်းစားကာ ငေးကျန်နေရစ်သည်။ ဘုန်းကြီးကား စဉ်းစားရကြပ်နေသည်။ ငါလဲ အတက်နိုင်ဆုံး မနီးစပ် အောင်ရှောင်သည်။ သည်ကြားထဲ (ငါ့မကြိုက်နဲ့လို့) ပြော၍ သွားသည်။

ထိုနေ့ ညဥ့်နက်သည်အထိ အိပ်မပျော်တော့ပေ။ နံနက်ပြုကျင့်နေကြ တံမြက်လှည်းခြင်းစသော ဝတ်များလည်း ပျက်၍နေသည်။ ဆွမ်းစား၍လည်းမရ၊ အိပ်၍လည်းမပျော်နိုင်၊ သစ်ရွက်မှိုက်တွေ ကလည်း ကျောင်းဝိုင်းထဲတွင် တသောသော ဖြစ်နေပေသည်။ ထိုအကြောင်းစုံဖြစ်ရပ်များကို ကျောင်းရှိ ကပ္ပိယကြီးက ရိပ်မိသည်။ ဘုန်းကြီးကလည်း ကျောင်းအမကြီးသမီးက ရိတိတိပြော သွားကြောင်း မချန်ဘဲ ကပ္ပိယကြီးအား ပြောပြသည်။ ဘုန်းကြီးက သူ့ရာဂစိတ်ဖြင့် ကလေးမအပေါ် သဘောမထားကြောင်းလည်း ပြောပြသည်။

www.myanmarcupid.net

ကပ္ပိယကြီးက ဒီကိစ္စကို ကျောင်းတကာ ကျောင်းအမတို့နှင့်ရှင်းမှ ဖြစ်မည်ဟုယူဆပြီး ကျောင်းတကာနှင့် တွေ့ဆုံရှင်းသည်။ အဖြစ်စုံပြောပြသည်။ ကျောင်းတကာက သမီးကိစ္စ မိခင်နှင့်သာ ဆိုင်သည်ဆိုပြီး သူ့ဇနီးအား အဖြစ်စုံပြောပြသည်။ မိခင်က သမီးကို ချော့တခါ ငေါက်တလှည့်မေးသည်။

"အို... အမေကလဲ ကျမက ဘုန်းကြီးကို တရားပြခဲ့တာပါ"

"အံမယ်... ကြီးကြီးကျယ်ကျယ် ညည်းကလား ဘုန်းကြီးပြန်ပြီး တရားပြခဲ့တာ ဘာတရားတွေများ ပြခဲ့သလဲ" ဟု မိခင်က မေးလေသည်။

"ဒီလိုပါ အမေရယ်... ဘုန်းကြီးက ဒီကျောင်းဘယ်သူ့ကျောင်းလဲလို့ မေးရင် ငါ့ကျောင်း၊ ဒီသပိတ် ဘယ်သူ့သပိတ်လဲ မေးရင် ငါ့သပိတ်၊ ဒီသင်္ကန်း ဘယ်သူ့သင်္ကန်းလဲလို့မေးရင် ငါ့သင်္ကန်း ဒီလိုချည့် တငါငါ ငါနေတာနဲ့ ကျမက (ငါ့မကြိုက်နဲ့ပေါ့) လို့ ငါစွဲ၊ အတ္တစွဲ၊ သက္ကာယစွဲတွေ မရှိနဲ့လို့ ပြောခဲ့တာပါ အမေရယ်"

ဟု သမီးဖြစ်သူက တရားကြောင်းနှင့်ပြောပြတော့မှ အားလုံး သဘောပေါက်ကြပြီး ကျောင်းသို့သွားရောက် ရှင်းပြကြသည်။ ဘုန်းကြီးကလည်း အကြောင်းစုံရှင်းပြတော့ (ဟုတ်ပေသားဘဲ) ဟု ဝန်ခံသည့်သဘောဖြင့် ပြုံးရွှင်တော်မူလေသည်။

"အခုလဲ... တကာတော်ရေမြေ့ရှင်မှာ ငါ့စည်းစိမ်၊ ငါ့နန်းတော်၊ ငါ့မိဖုရား၊ ငါ့အဆွေအရံဆိုတဲ့ ငါစွဲ၊ အတ္တစွဲ၊ သက္ကာယစွဲ ပြုတ်အောင်ဖြုတ်ပေါ့၊ ဒါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်မှာ" ဟု ဗန်းမော်ဆရာတော်က မင်းတုန်းမင်းကြီးအား မိန့်ကြားလေရာ မင်းကြီးမှာ များစွာ နှစ်ခြိုက်၍ သဘောတွေ့ သွားပြန်လေသည်။

*************

www.myanmarcupid.net



# ဥဒက–ဗက ပုံပြင်

ဗန်းမော်ဆရာတော်သည် စစ်ကိုင်းပိတောက်ချောင်ဘက်နေစဉ် (တိသရဏေန) ကို (တိသယဏေန)ဟု "ရ" ကောက်သံရွတ်ဆိုရမည့်နေရာတွင် "ယ" ပက်လက်သံချည့် ရွတ်ဆိုနေသော "ရ" ကောက်သံ၊ "ယ" ပက်လက်သံမကွဲသည့် ဦးပဥ္စင်းကြီးဦးကဲနှင့် ပတ်သတ်၍ ဗန်းမော်ဆရာတော်က ဘုရားရှင်လက်ထက် ပုံပြင်ရော ခေတ်ပုံပြင်ပါ ဦးကဲအား ပြောဆိုဆုံးမလေသည်။

အမှာ။ ဦးကဲနှင့်ပတ်သတ်၍ စာချိုးပုံကို ရှေ့ကရေးခဲ့ပြီးဖြစ်သည်။

*************

ဗန်းမော်ဆရာတော်သည် ဦးပဥ္စင်းကြီးဦးကဲအားကြည့်၍ "ဦးပဥ္စင်းကြီး အနက်မှားလျှင် ပါဠိမှားတက်သည်။ ပါဠိမှားလျှင်လည်း အနက်မှားတက်တာဘဲ၊ အနက်မှားလျှင် အကျင့်မှား၊ အကျင့်မှားတော့ လမ်းမှန်သည့် လိုရာခရီး မရောက်တော့ဘဲ ဆင့်ပွားဆင့်ပွား အမှားတွေချည့် ဖြစ်ကုန် တက်တယ်" ဟု ပြောပြလေသည်။

www.myanmarcupid.net

ဘုရားရှင်လက်ထက်က အသက်ကြီးမှ ရဟန်းပြုလာသည့် ဦးပဥ္စင်းကြီးတပါးရှိသည်။ ထိုဦးပဥ္စင်းကြီးအား မြတ်စွာဘုရားက ရေအိုင်တခုကိုကြည့်၍ ရေကသိုဏ်းရှုရန် "ဥဒယဗ္ဗယ" ကမ္မဋ္ဌာန်း ကို ပေးလေသည်။ ထိုဦးပဥ္စင်းက ရေအိုင်တခုအနီး သွားရောက်ပြီး ရေ၏ဖြစ်ပုံ ပျက်ပုံ နိမိတ်အာရုံကိုယူ၍ ပထမပွက်ထလာသည့် ရေလှိုင်းကလေးတွေကြည့်ကာ "ဖြစ်ပေါ်" နေသည်ဟုလည်းကောင်း၊ နေဝန်း ဝိုင်းစက်နေသည့် ရေလှိုင်းကလေးများ တဖြေးဖြေး ပျောက်ကွယ် ပျက်ချုပ်သွားသည်ကိုလည်းကောင်း၊ "ဥဒယဗ္ဗယ– ဥဒယဗ္ဗယ" ဟု မှန်မှန်ပင်ရှုခိုင်းသည်။

ထိုဦးပဥ္စင်းကြီးမှာ ရေကသိုဏ်းရှုနေစဉ်မှာပင် ရေအိုင်အနီးသို့ ဗျိုင်းတကောင်လာနားသည်ကို မြင်တွေ့ရတော့သည်။ ဦးပဥ္စင်းကြီးမှာ ဗျိုင်းကိုမြင်ပြီး၊ စိတ်အာရုံပြောင်း၍ "ဥဒက–ဗက၊ ဥဒက–ဗက" ဟု ရွတ်ဆိုလေတော့သည်။ စောစောက ဥဒယဗ္ဗယ ကိုမေ့သွားပေပြီ။ (ဥဒက= ရေ+ ဗက=ဗျိုင်း ) ရေဗျိုင်း ဖြစ်သွားရသည်။ ထိုရဟန်းကြီးမှာ တော်တော်နှင့်တရားမပေါက်နိုင်သဖြင့် မြတ်စွာဘုရားက "ငါ့ရှင် အဘယ်သို့ နှလုံးသွင်းသနည်းဟု မေးတော်မူမှ ဥဒက–ဗက" ဟုနှလုံးသွင်းကြောင်း သိရတော့သည်။ မြတ်စွာဘုရားက (အနက်သဘောကို အက္ခရာတို့ဖြင့် ကောင်းစွာပိုင်းခြားမှတ်သားရမည်)ဟု ထိုဦးပဥ္စင်းကြီးအား ဟောပြတော်မူလေသည်။

ဤတွင် ဗန်းမော်ဆရာတော်က ဦးပဥ္စင်းကြီးဦးကဲအား အနက်သဘော မှန်ကန်ရန်၊ ပါဠိကို မှန်မှန်ကန်ကန်၊ ပီပီသသ၊ တစ်တစ်ခွခွ ရွတ်ဖတ်နိုင်ရန် အရေးကြီးပုံတို့ကို ပြောပြလေသည်။ မြတ်စွာဘုရားရှင်က "အတ္ထော အက္ခရသညာတော" ဟု ဟောတော်မူခဲ့ပုံကို အကျယ်တဝင့်ရှင်းပြသည်။

အတ္ထော၊ အနက်သဘောသည်၊ အက္ခရသညာတော၊ အက္ခရာပါဌ်ပါဠိတို့ဖြင့် ကောင်းစွာသိအပ် မှတ်အပ်သည်၊ ဟောတိဖြစ်၏။ ဟုလည်း ဆိုလိုသည်။ သညာတောမှာ သံရှေးရှိသော ညာဓါတ်၊ တ–ပစ္စည်း၊

www.myanmarcupid.net

ကံဟော ကိတ်ကြိယာဖြစ်၍ "အတွော" ဟူသော ကံဟောပုဒ်ကိုလည်းကောင်း၊ အက္ခရအညာတော ဟူသော ကိတ်ကြိယာကို လည်းကောင်း၊ ကတ္တားအနက်ပေးပြီး ဟောတိဟူသော အာချာတ်ကြိယာပုဒ် ထည့်စွက်၍ အနက်ပေးရကြောင်းတို့ကို ဗန်းမော်ဆရာတော်က ပြောပြသည်။ ထို့ကြောင့်ပင် နိယံဆရာတို့က .....

"ကံဟောမှန်ဘိ ကိတ်ကြိယာ၊ နောက်မှတပါး အာချာတ်သွားက၊ ကတ္တားတဖန် ဖြစ်တုံပြန်၊ ချင်းကံ ၄င်းကတ္တားတည်း"။

ဟုစပ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း ပြောပြလေသည်။

"အခုတော့ ဦးပဥ္စင်းကြီးဟာ ပီအောင်မှ မရွတ်နိုင်ဘဲကိုး၊ တိသရဏနဲ့ တိသယဏက အဓိပ္ပါယ် အနက်သဘောခြားနားတယ်၊ တိ–သချာ်က သုံးခု၊ သုံးပါး ဟောတယ်၊ သရဏ–က အောက်မေ့ခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း အနက်ကိုဟောတယ်၊ (သယန) ဟုမှားရွတ်လျှင် အိပ်ခြင်းအနက်ဟောတယ်၊ တိသယန ဆိုလျှင် ၃– ကြိမ်၊ ၃ခါ အိပ်နေခြင်းဖြစ်သွားမှာပေါ့၊ ခုတော့ ဦးပဥ္စင်းကြီးဟာ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုဘဲ၊ ခွေးအမြီးကောက်ကို ကျည်တောက်ထဲ စွပ်ကြည့်ပါလား စွပ်ခိုက်ဖြောင့်တန်းတာဘဲ၊ ကျည်တောက်ချွတ်ရင် ကောက်မြဲကောက်တာဘဲ၊ အခုတော့ သင်ကြားတုံး မှန်အောင်ရွတ်နိုင်တယ် ပြီးမှားတာဘဲ၊ စသည်ဖြင့် ဗန်းမော်ဆရာတော်က ပြောဆိုဆုံးမပြီးနောက်၊ ပြီးတော့ ဦးပဥ္စင်းကြီးဟာ ရုပ်သေးဇာတ်ဆရာမောင်ဟိန်း ဘီလူးကြိမ်း ကြိမ်းသလို " ဖြစ်နေကြောင်းလည်း ဆက်၍ ပြောပြလေသည်။

*************

www.myanmarcupid.net



# မောင်ဟိန်း ဘီလူးကြိမ်းသလိုပုံပြင်

ရှေးကရွာတရွာမှာ မောင်ဟိန်းဆိုသောသူသည် ရုပ်သေးစင်ထောင်၍ ရုပ်သေးဇာတ်ကိုကပြလေသည်။ ထိုမောင်ဟိန်းသည် ရုပ်သေးရုပ်ထုလုပ်သည့် ပန်းပုအတတ်တွင်လည်းကောင်း၊ ဇာတ်နိပါတ်ရာဇဝင်၊ မဟာဝင်စသည့် ဇာတ်လမ်း ဇာတ်ကွက် ဖန်တီးရာတွင် လည်းကောင်း၊ နိုင်နင်းကျွမ်းကျင်လှသည်။ ဇာတ်လမ်းဝင်သီချင်း ရေးစပ်ခြင်းနှင့်တကွ၊ ဆက်တင် အခမ်းအနား ပြင်ဆင် မွမ်းမံခြင်းတို့ကို သေတ္တာမှောက် လုပ်နိုင်သူဖြစ်၍ ကိုယ်ပိုင်ထောင်ထားသည့် ရုပ်သေးစင်တွင် ကိုယ်တိုင်ဇာတ်ဆရာ အဖြစ် ခံယူထားသူလည်း ဖြစ်သည်။

တနေ့ မြို့မကျတောမကသော မြို့ဆင်ခြေဖုံးရွာကြီးတရွာတွင် မောင်ဟိန်းက သူ့ရုပ်သေးဇာတ်ကို ကပြလေသည်။ ထိုနေ့ညက ပြသည့်ဇာတ်မှာ ဝိဇယကုမ္မာဇာတ်တွင် ဘီလူးမင်းအခဏ်းက တာဝန်ယူ သရုပ်ဆောင်ရသည်။ စောစောပိုင်းတွင် ကြိုတင်စီစဉ်ပြုလုပ်ရသည့် လုပ်ငန်းမှန်သမျှ အပြီးလုပ်ကိုင်ထားလေသည်။ ညွှန်ကြားစရာ

www.myanmarcupid.net

ပြောစရာအားလုံးကို အပြီးစီစဉ်၍ "ငါတော့ အိပ်အုံးမယ်ကွာ ငါ့အခဏ်းနီးမှနှိုး" ဟု လက်ထောက်လုပ်သူကို ညွှန်ကြားပြီး ရုပ်သေးဇာတ်စင် နောက်ပိုင်းတွင် အိပ်နေလေသည်။

ဝိဇယဇာတ်ကို အစဉ်အတိုင်း ကပြကြလေသည်။ သူ့လူ၊ သူ့အရုပ်၊ သူ့အခဏ်းနှင့်သူ့ချည့်ဖြစ်ကြ၍ မောင်ဟိန်းမှာ ရုပ်သေးစင်၏နောက်ပိုင်းတွင် အိပ်ကောင်းလျှက်ရှိနေသည်။

မောင်ဟိန်း၏ ဘီလူးခဏ်းကားရောက်ပါပေပြီ။ "ဆရာ... ဆရာ့ အခဏ်းရောက်ပြီ" ဟု လက်ထောက်လုပ်သူက မောင်ဟိန်းကို လှုပ်နှိုးသည်။ မောင်ဟိန်း အိပ်မှုံစုံမွှားနှင့် ပြာပြာသလဲ အိပ်ယာမှထ၍ ရုပ်သေးစင်လက်တန်းမှာ ချိတ်ဆွဲထားသည့် သိကြားရုပ်ကို ဘီလူးရုပ်ထင်ပြီး လက်တန်းအတွင်းမှနေ၍ ပရိသတ်ရှေ့သို့ ဆွဲထွက်လိုက်သည်။ သိကြားရုပ် ပရိသတ်ရှေ့ရောက်သည်နှင့် တပြိုင်နက် မောင်ဟိန်းပါးစပ်မှ "လက်ာဒီပ အမည်ရသည့်၊ ပြည်မခရိုင် ပိုင်ဆိုင်စိုးနင်း ငါဟဲ့ဘီလူး" ဟု ငါ့ဟဲ့ဘီလူးမင်း ဟူသော အသံချရာတွင်မာကျော ဟိန်းဟောက်သည့်အသံနှင့် သိကြားရုပ်ကို ဘီလူးဟိန်းသံနှင့် လှုပ်၍ဆိုလိုက်ရာ၊ ရုပ်သေးစင်ရှေ့ရှိ ကလေးရော လူကြီးပါ "ဝါး" ကနဲ ရယ်လိုက်ကြပြီး၊ "သိကြားရုပ်ကြီးဟေ့" ဟု တဆက်တည်းအော်၍ ရယ်လိုက်ကြလေသည်။

ဇာတ်ဆရာမောင်ဟိန်းသည် သူ့အခဏ်းရောက်၍သာ ဆွဲထွက်လိုက်ရသည်။ ဘီလူးရုပ်မှန်း သိကြားရုပ်မှန်း အိပ်ချင်မူးတူးဖြစ်၍ အသေအချာကြည့်မနေနိုင်ဘဲ ထွက်ရခြင်းဖြစ်သည်။ ပရိသတ်က သိကြားရုပ်ကြီးဟု အော်မှ သိကြားရုပ်ကြီးမှန်း သိရတော့သည်။ သို့သော် သူသည် ဇာတ်ဆရာဖြစ်သည့်အတိုင်း သိကြားရုပ်ကို ဘီလူးရုပ် မပြောင်းတော့ဘဲ ဣန္ဒြေနှင့်ပင်အသာနေ၍ ဟန်မပျက် ဘီလူးကြိမ်းကို ပြန်ကြိမ်းသည်။ "ငါဟဲ့ ဘီလူးမင်း" နေရာတွင် "ငါဟဲ့ ဘီကြား" ဟု ပြန်ကြိမ်းလိုက်တော့သည်။ ပရိသတ်မှာ သိကြားရုပ်ကြီးကို ဘီကြားဟုဆို၍ ယောင်ဝါးဝါးနှင့်ပင် ငြိမ်နေလိုက်ကြရလေသည်။

www.myanmarcupid.net

ဤတွင် ဗန်းမော်ဆရာတော်က ဦးပဥ္စင်းကြီးအား "ကိုယ်တော်ကြီးဟာ အခုလဲ ဘီကြားဖြစ်နေ အုံးမနော် သတိထားဆိုမှပေါ့" ဟု ပြောကြားလိုက်ရာ၊ တပည့်ရဟန်းသာမဏေများမှာ များစွာ သဘောကျကြလေတော့သည်။

*************

www.myanmarcupid.net



# အဖေနဲ့သား ရန်များရတော့မလို

ကြည်ညိုသူ ကိုးကွယ်သူပေါများသည့် ဗန်းမော်ဆရာတော်မှာ အခက်ကြုံပွဲတခု ဆုံရလေသည်။

တနေ့တွင် တကာတယောက်ကျောင်းသို့ ရောက်လာပြီး "ဆရာတော်ဘုရား လာမည့်ဥပုသ်နေ့မှာ ဆရာတော်နှင့်တကွ သံဃာကုန်တပည့်တော်အိမ်သို့ ဆွမ်းအလှူခံ ကြွပါဘုရား" ဟု လျှောက်ထားသည်။ ဆရာတော်လည်း စာချရင်းဖြင့် လက်ခံလိုက်သည်။

နောက်တနေ့ဆရာတော်စာချနေစဉ်မှာပင် တကာတယောက် ရောက်လာပြန်သည်။ ဆရာတော်အား ဆွမ်းစားပင့်ရန်ပင်ဖြစ်သည်။ ဆရာတော်ဘုရား လာမည့် သီတင်းနေ့မှာ ဆရာတော်နှင့်တကွ သံဃာကုန် တပည့်တော်အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား ဟု လျှောက်ထားသည်။ ဆရာတော်က လက်ခံတော်မူပြန်သည်။

ဥပုသ်နေ့နံနက်တွင် ဆရာတော်အား ဆွမ်းဘုဉ်းပေးပင့်ကြရန် တကာနှစ်ယောက် မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ ဆရာတော်သည် တကာနှစ်ယောက် ဆင့်ကဲ၊ ဆင့်ကဲ

www.myanmarcupid.net

ဆွမ်းစားလာပင့်ကြတော့မှပင် တနေ့တည်း၊ တချိန်တည်း ဆွမ်းတကာနှစ်ဦး လက်ခံထားမိကြောင်း သိတော့သည်။

"တကာတော်တို့ အခုမှခက်ကြပြီ၊ ဘုန်းကြီးလဲ အမှတ်တမဲ့ တကာနှစ်ဦး လက်ခံမိတာဘဲ၊ ရှေးက သားအဖနှစ်ယောက်ကို ရန်တိုက်သလိုတော့ ဖြစ်ကြပြီ၊ အရင်ပင့်တဲ့တကာက အရုဏ်ဆွမ်း နောက်ပင့်တဲ့တကာက နေ့ဆွမ်း ဒီလိုဘဲလုပ်ကြတာပေါ့" ဟု မိန့်တော်မူလေသည်။

"သားအဖနှစ်ယောက်ကို ရန်တိုက်ပေးသလိုဆိုတာ အမိန့်ရှိပါအုံး ဘုရား" ဟု တကာတယောက်က လျှောက်ထား၍ အောက်ပါ သားအဖနှစ်ယောက် အကြောင်းကိုဆရာတော်ကပြောပြလေသည်။

*************

ရှေးကရွာတရွာမှ သားအဖနှစ်ယောက် တောင်သူလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ဖခင်ဖြစ်သူက လုပ်ငန်းဆောင်တာ အားလုံးကို စေ့စပ်အောင် ဆောင်ရွက်သလောက် သားဖြစ်သူမှာ ဖခင်ခြေရာကို မနင်းနိုင်ဘဲ ပျင်း၍သာ နေသည်။ သားဖြစ်သူမှာ ဖခင်၏လုပ်ငန်းကို ကူညီရမှန်းမသိ၊ အိပ်လိုက်စားလိုက်၊ သူငယ်ချင်းများနှင့် အပျော်ထွက်လိုက်နှင့်သာ အချိန်ကို ကုန်စေသည်။ မြတ်ရိတ်လဲမကူ၊ နွားကျောင်း နွားယူလည်း မထောက်ပံ့၊ အခန့်သားသာနေသည်။ မိခင်ကပြောလည်း သဘောမတွေ့ ခေါင်းခါ၍သာနေသည်။ ဖခင်ဖြစ်သူက တနေ့သိရမပေါ့ဟု အောက်မေ့ခဲ့သည်။

သို့သော် ရက်များ၍လစား၊ လများ၍နှစ်ကုန်ပြီး သည်လိုနှင့်ပင် နှစ်တွေများခဲ့ရသည်။ နောက်တော့ ဖခင်ဖြစ်သူက ဖွင့်ရတော့သည်။ "သား... မင်း အလုပ်ကလေးဘာကလေးများ ကူလုပ်အုံး အရွယ်ကလဲ မငယ်တော့ဘူး၊ လူ့လောကထဲနေရင် အိမ်ထောင်ရက်သား ကျရအုံးမှာ အိမ်ထောင်ကျမှ မယားကနားရွက်ဆွဲ အလှည့်ခံနေရမယ်၊ ပြီးတော့ အမိ၊ အဖတို့ကို

www.myanmarcupid.net


လုပ်ကျွေးမွေးမြူရခြင်းဆိုတဲ့ မင်္ဂလာတရားကလဲ ရှိသေးတယ်” ဟု ဖခင်ဖြစ်သူက ရယ်ရွှမ်း ပတ်ရွှမ်း ပြောလိုက်ရာ.... သားဖြစ်သူက “အမယ်... အမယ်... ခင်ဗျားကြီးက ပုတ္တဒါရဿ သင်္ဂဟော သား၊ မယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းဆိုတဲ့ မင်္ဂလာကတော့ ဘယ်သွားထားမှာလဲ” ဟုပြန်ဖြေလိုက်လေသည်။

ထိုအခါ ဖခင်ဖြစ်သူမှာ “တို့သားအဖ ရန်တိုက်ပေးတဲ့ မင်္ဂလာတရားတွေပါလား” ဟု ရေရွတ် ပြောဆိုနေတော့သည်။

ဗန်းမော်ဆရာတော်က ဆွမ်းစားပင့်သည့် တကာနှစ်ဦးအား “အခုလဲ တကာတို့နှစ်ယောက်အား ရန်တိုက်ပေးတဲ့ ဆွမ်းစား ဖြစ်နေပါပေါ့လား” ဟု မိန့်ဆိုလိုက်သည်။ တကာနှစ်ယောက်လည်း ဆရာတော်စီစဉ်သည့်အတိုင်း သဘောကျကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း အသီးအသီး တာဝန်ယူသွားကြတော့သည်။

*************

www.myanmarcupid.net



# လမင်းကို သက်သေတည် ပုံပြင်

ဗန်းမော်ဆရာတော်သည် ဥပုသ်နေ့ ညဥ့်ဘက်များတွင် ဝတ်ဖြည့်ကြသည့် တပည့်၊ ရဟန်း၊ သာမဏေများကို မှတ်သားဘွယ်ရာ ပုံပြင်တခုခုကို ပြောပြသော အလေ့ရှိသည်။

ဥပုသ်နေ့ညတညတွင် တပည့်များက ဝတ်ဖြည့်ကြစဉ် "မကောင်းမှု အကုသိုလ်ကံဆိုတာ တန်ပြန်ဒဏ်ခတ်စမြဲဘဲ၊ လူ့အရိပ်ဟာ လူ့နောက်က တကောက်ကောက် လိုက်ပါနေသလိုဘဲ၊ လူက အရိပ်တခုခုအောက် ဝင်ရောက်နေတုံးသာ လူ့အရိပ်မမြင်တာ၊ နေပူထဲထွက်တာနဲ့ တပြိုင်နက် လူ့အရိပ်ပါလာတာ မြင်ရတာဘဲ၊ အကုသိုလ်ကံ တခုခုဟာလဲ ဒီအတိုင်းဘဲ စသည်ဖြင့် တပည့်များအား ပြောရင်းဟောရင်း အောက်ပါပုံပြင်ကို ပြောပြလေသည်။

*************

ရှေးကရွာတရွာမှာ သူငယ်ချင်းနှစ်ယောက်ရှိလေသည်။ ထိုသူငယ်ချင်းနှစ်ဦးမှာ တဦးအပေါ်တဦး ညာတာထောက်ထားပြီး အလွန်ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ကြပေသည်။ တနေ့တွင်

www.myanmarcupid.net

ညှိနှိုင်းတိုင်ပင်ကြပြီး အရင်းအနှီးအတူထုတ်ကာ အရပ်တပါးသို့ ကူးသန်းရောင်းဝယ်ရန် သွားကြသည်။ တနှစ်ကျော်မျှ မိမိတို့ရွာသို့ ပြန်မလာကြဘဲ အခြားတရပ်မှ တခြားအရပ်သို့ ခေါက်တုန့် ခေါက်ပြန် ကူးသန်းရောင်းဝယ်ပြုလုပ်ကြသည်။

အမြတ်ပစ္စည်းများလည်း အတော်ကလေးရရှိလာကြပြီဖြစ်၍ နှစ်ဦးသဘောတူ အိမ်ပြန်ကြရန် ဆုံးဖြတ်ကြသည်။ နှစ်ဦးသဘောတူ ဆုံးဖြတ်ပြီး အိမ်သို့အတူပြန်လာကြရာ လမ်းခရီးအကြားတွင် တောနက်ကြီးတခုအတွင်းသို့ ရောက်ရှိကြသည်။ လပြည့်နေ့တနေ့ဖြစ်၍ တိမ်လွှာ တိမ်ရိပ်များ ကင်းစင်ပြီး လမင်းကြီးကလည်း အလွန်ကြည်လင် တောက်ပနေသည်။ ထိုအချိန်တွင် အကောက် ကြံလိုသည့် သူငယ်ချင်းက ကျန်သူငယ်ချင်းတယောက်၏ လက်နှစ်ဘက်ကို ဖြတ်ကနဲ လက်ပြန် ချုပ်ပြီး တုတ်နှောင်ကာ "ကဲ… သူငယ်ချင်း ငါမင်းကို သတ်ရလိမ့်မယ်" ဟု ပါလာသည့် ခရီးဆောင် ဓါးရှည်နှင့် တအားလွှဲ၍ ခုတ်မည်အပြုတွင် "ဟာ… သူငယ်ချင်းဘယ်လိုလုပ်လိုက်တာလဲ ပါလာတဲ့ငွေတွေ ငါတပြားမှ မယူဘူး၊ မင်း ငါ့အသက်ကိုတော့ချမ်းသာပေးပါ" ဟု ပြော လိုက်ရာ "ဘယ်ဖြစ်မလဲ ပစ္စည်းယူလူသတ်မှ အစပျောက်မှာပေါ့" ဟု ပြောဆိုသည်

"ဒီလိုဆိုလဲ သတ်ပေါ့ကွာ " ဟု ထိန်ထိန်သာနေသည့် လမင်းကြီးကိုကြည့်ကာ "ငါ့သူငယ်ချင်း ငါ့ကို လသာတိုင်း သတိရပါစေ၊ ငါ့မှာကယ်မဲ့သူမရှိ၊ ငါ့အဖြစ်ကို လမင်းကြီးသာ သိပါတယ်၊ လမင်းကြီးကိုသာ သက်သေတည်ပါတယ်" ဟု ပြောရင်း လည်ကုပ်ကိုထိုး၍ပေးလိုက်သည်။ "လောဘော အတ္တံနဇာနာတိ၊ လောဘဖုံးအုပ် ထိုသူယုတ်ကား ကြောင်းကျိုးမမြင် မဆင်ချင်တည့်" ဟူသောစကားအတိုင်း မယားအား ငွေများများပြချင်၍ လောဘဖုံးလွှမ်းနေသည့် သူငယ်ချင်းသည် ချစ်လှစွာသော သူငယ်ချင်းအား တောနက်ကြီးထဲအရောက် လမင်းကြီးအောက်ဝယ် ရက်စက်စွာ သတ်ဖြတ်၍ အိမ်သို့ပြန်ခဲ့လေသည်။

www.myanmarcupid.net

အိမ်သို့ရောက်သည်တွင် မယားကို ငွေထုပ်အပ်လိုက်သည်။ အတူသွားပြီး အတူမရောက်သည့် သူငယ်ချင်း၏ဇနီးနှင့် မိဘဆွေမျိုးများက မေးသည်။ "တော့သူငယ်ချင်းကြီးကတော့ ဘယ်နေရစ်ခဲ့တုံး၊ အတူသွားအတူလာကြပြီး ပါအောင် မခေါ်ခဲ့ဘဲကိုး" ဟု အသတ်ခံရသူ၏ဇနီးက မေးသည်။

"အိုဗျာ... ပြောမပြောချင်ဘူး ရေအလာသန်နေပါတယ် ပြောရက်နဲ့ ချောင်းထဲကို အိမ်ရောက်ချင်ဇောနဲ့ အတင်းဖြတ်ကူးလို့ ရေထဲပါသွားတာ ကျုပ်လဲအသာကြည့်နေရတော့တာဘဲ" ဟု ယုံလောက်အောင် ပြောပြသည်။ အသတ်ခံရသူဇနီးနှင့် မိဘဆွေမျိုးများလည်း မျက်ရည်စများ တွေတွေကျဆင်းကာ မိမိတို့အိမ်သို့ ပြန်သွားကြသည်။

ငွေစများရရှိလာသည့် သူယုတ်မာနှင့် ဇနီးသားသမီးတို့မှာ ပျော်ရွှင်မဆုံးရှိနေသည်။ မတရားရရှိထားသည့် ငွေစကလည်း ရင်းနှီးလိုက် စားလိုက်နှင့် လုံးပါးပါးနေပေပြီ။ လမင်းကြီးထိန်ထိန် သာနေသည့် ညတညတွင် အိမ်ဦးကြမ်းပြင်ပေါ်မှာ လက်ဘက်ရည်ကြမ်းအိုးနှင့် သူယုတ်မာသူငယ်ချင်းက ဇိမ်ခံနေလေသည်။ လမင်းကြီးကြည့်လိုက် လက်ဘက်ရည်ကြမ်း သောက်လိုက် နှင့် ပြုလုပ်နေရာမှ "လကြီးကလည်း သာလိုက်တာ" ဟု ပါးစပ်က အသံထွက်သွားလေသည်။

တံဆက်မြိတ်အောက်တွင် ကလေးသိပ်နေသည့် မယားက "တော်ဘာပြောတယ်... လကြီးသာ လိုက်တာ ဟုတ်လား၊ လသာတော့ ဘာဖြစ်သလဲပြော" ဟု မေးလိုက်သည်။

"လသာတော့ ဘာမှမဖြစ်ပါဘူးဟ"

"အံမယ်... အံမယ်... လသာတော့ ဖြစ်မှာပါဘဲ၊ ကုန်ရောင်းကုန်ဝယ် သွားတုံးက မိန်းမတယောက်နဲ့ ဖြစ်ခဲ့မှာပေါ့၊ အဲဒါ လသာတယ် ဖြစ်နေတာပေါ့" နို့တိုက်လက်စကလေးကို အသာထားပြီး ဆံပင်ဖားယားနှင့် လက်တဘက်ထောက်ကာ ငေါက်ဆတ်ဆတ် မေးနေတော့သည်။

www.myanmarcupid.net

လင်သူယုတ်မာမှာလည်း မည်သို့မျှ အဖြေမရှာတတ်တော့သည့် အဆုံးတွင် မယားအနားသို့သွား၍ နားနားကပ်ပြီး တိုးတိုးကလေး "နင်ဘယ်သူ့မှ မပြောနဲ့၊ ငါအဲဒီလို လသာတဲ့ ညတညမှာ ဟိုအကောင်ကိုသတ်ပြီး ငွေတွေယူလာတာ၊ သူက အသတ်ခံရခါနီး လမင်းကြီးကို သက်သေတည်သွားတာ သတိရလို့" ဟု ပြောလိုက်လေသည်။ မယားကလည်း ဘာမှမပြောတော့ဘဲ ကလေးကို နို့ဆက်တိုက်တော့သည်။

သို့နှင့် သုံးနှစ်မျှကြာသောအခါ လင်မယားစကားများကြပြီး လင်သူယုတ်မာက မယားကို တအား ရိုက်နေသည်။ မယားက "အမယ်လေး လာကြပါအုံးတော်တို့၊ ဒီလူက တကယ်သတ်မှာပါ လာကြပါ၊ လာကြပါ၊ ဟိုတုံးက သူ့သူငယ်ချင်းကိုတောင်သတ်ပြီး ငွေတွေယူလာတာပါ" ဟု အော်ဟစ်အကူအညီ တောင်းလိုက်မိရာ လူသတ်တရားခံမှန်းအရပ်က သိသွားတော့သည်။ နောက် သူယုတ်မာ လင်ယောကျာ်း လူသတ်တရားခံအဖြစ် အဖမ်းခံရတော့သည်။

ဗန်းမော်ဆရာတော်က ဤအဖြစ်အပျက်ပုံပြင်ကို တပည့်များအား ပြောပြရင်း လိမ်သောသူဟာ အလိမ်မပေါ်ခင်သာ နာမည်ကောင်း ရတာဘဲ၊ အကုသိုလ်ကံဟာလဲ တနေ့အကျိုးပေးတာဘဲ၊ ဆိတ်ကွယ်ရာမရှိဘူး၊ မကောင်းကြံရင် မကောင်းဒဏ်ခံရကြောင်း ပြောပြ၍ တပည့်များမှာ ကောင်းစွာမှတ်သားကြရတော့သည်။

*************

www.myanmarcupid.net



# ရွဝံကြယ် တောင်ဘက်ရွှေ့သွားပြီ

ရွာတရွာရှိ သူငယ်ချင်းနှစ်ယောက်တို့သည် မြင့်မိုရ်တောင်ကို တဦးက "အခေါင်းရှိသည်" တယောက်က "သပိတ်ကြီးနှင့်တူသည်" ဟု တယောက်နှင့်တယောက် အလုအငြင်းဖြစ်နေကြသည်။

ပထမသူငယ်ချင်းက မြင့်မိုရ်တောင်သည် အခေါင်းရှိသည်ဟု ပြောသည်။ ဒုတိယသူငယ်ချင်းက မြင့်မိုရ်တောင်သည် သပိတ်နှင့်တူသည်ဟုပြောသည်။ "မင်းကဘယ်ကျမ်း ဘယ်စာကို အကိုးအကားထောက်ပြီး မြင့်မိုရ်တောင်အခေါင်းရှိတာလဲ" ဟုမေးသည်။ နောက်တယောက်က "မင်းကကော ဘယ်ကျမ်းထောက်ပြီး သပိတ်နှင့်တူရတာလဲ" ဟု အပြန်အလှန် မေးကြ ငြင်းကြသည်။

"ကဲ... ဒို့နှစ်ယောက် ဒီလိုငြင်းနေလို့တော့ အဖြေမှန်မထွက်ဘူး၊ ကျမ်းတတ် အကျော်တပါးဖြစ်တဲ့ ဗန်းမော်ဆရာတော်ထံ သွားပြီး အဆုံးအဖြတ်ခံယူမယ်" ဟုနှစ်ယောက်သားတိုင်ပင်ပြီး ဗန်းမော်ဆရာတော်ထံ သွားရောက်ကြသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် ဆရာတော်ထံ ရောက်ကြပြီး သေချာစွာကန်တော့၍ တယောက်က မြင့်မိုရ်တောင် အခေါင်းရှိကြောင်း၊

www.myanmarcupid.net

တဦးက မြင့်မိုရ်တောင် သပိတ်နှင့်တူကြောင်း ငြင်းကြသည်ကို ဆရာတော်အား အစုံအလင်လျှောက်ထားကြသည်။

ဆရာတော်က "မင်းတို့တော့ ရှေးက မြေးအဖိုးနှစ်ယောက်နှင့် တူနေပြီ" ဟု မိန့်ကြားလေသည်။ "မြေးအဖိုးနှစ်ယောက်နှင့် တူပုံ အမိန့်ရှိပါအုံး ဘုရား" ဟု လျှောက်ထားကြသည်။

*************

ဤတွင် ဆရာတော်က ရှေးက ရွာတရွာမှာ မြေးအဖိုးနှစ်ယောက်သည် အိမ်ကြမ်းပြင်လသာသာတွင် အနင်းခံရင်း စကားပြောနေကြသည်။ မြေးလုပ်သူကအဖိုးကို နင်းပေးရင်း တိမ်လွှာတိမ်ရိပ် ကင်းစင်နေသည့် မိုးကောင်းကင်ကို ကြည့်လျှက်မေးသည်။

"အဖိုး၊ အဖိုးရှုဝံကြယ်ဆိုတာ ဘယ်ကြယ်ကိုခေါ်တာလဲဗျ" ဟု မေးသည်။ ရှုဝံကြယ်ဘယ်မှာ ရှိတယ်ဆိုတာ အတိအကျမသိသော အနင်းခံနေသည့်အဖိုးက "ရှုဝံကြယ်ဆိုတာ... ဟိုတောင်ဘက်က ပြောင်ပြောင်... ပြောင်ပြောင်နဲ့ကြယ်ကြီးဟာ ရှုဝံကြယ်လို့ခေါ်သကွ" ဟု ဦးခေါင်းတောင် ဘက်စောင်းရင်း ပြောလိုက်လေသည်။

ကြားဘူးနားဝရှိသော မြေးလုပ်သူက အဖိုး (မြောက်မှာရှုဝံ တောင်မှာတငါကွန်) လို့ကြားဘူးပါတယ် အဖိုးရဲ့ ပြောလိုက်သည်တွင် အဖိုးလုပ်သူက "အမယ်... ငါ့မြေးနှယ် ရှုဝံကြယ် တောင်ဘက်ပြောင်းသွားတာ မကြာသေးဘူးကွဲ့ လေးငါးရက်ဘဲ ရှိသေးတယ်၊ အဲဒါဘယ်သူမှ မသိသေးဘူး၊ သူများတွေကြားသွားမယ် တိတ်တိတ်နေ" ဟု ရှုဝံကြယ် ဘယ်မှာရှိတယ်ဆိုတာ အတိအကျ မသိသောအဖိုးက မြေးဖြစ်သူကို ယောင်ဝါးဝါး ပြောပြလေသည်။

ဤတွင်ဗန်းမော်ဆရာတော်က "မြင့်မိုရ်တောင် အခေါင်းရှိတယ်ဆိုတာ ဘယ်သူမှ မသိသေးဘူး တိတ်တိတ်နေကြ" ဟု မိန့်ကြားလိုက်ရာ

www.myanmarcupid.net

သူငယ်ချင်းနှစ်ယောက်တို့မှာ ရယ်မောကြရင်း “မှန်ပါဘုရား” ဟုလျှောက်ထားကြပြီး ပြန်လာခဲ့ကြတော့သည်။

*************

www.myanmarcupid.net



# တယောက်တည်း တဲ့အောင်နေ

ဇန်းမော်ဆရာတော်သည် မြို့ထည်းတွင် ဆွမ်းစား၊ ကွမ်းစား၊ ဒုမင်္ဂလ၊ သုမင်္ဂလမှစ၍ အမြဲလိုလိုချည့် တရားဟော ဓမ္မကထိက အဖြစ်ပြုလုပ်ရသည်။ တရားဟောအဖြစ် ကျတိုင်းလည်း စာချ၊ စာသင် တဘက်က မပျက်ရအောင် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင်ပင် ဟောပြလေ့ရှိသည်။ ဤသို့သော ဇန်းမော်ဆရာတော်၏ အလေ့အထကို တကာ၊ တကာမ အများစုက သိကြပြီးဖြစ်သည်။

တနေ့ ဆွမ်းစားပွဲတခုသို့ ကြွရောက်တော်မူလာကြသည့် သံဃာတော်အများမှာဇန်းမော်ဆရာတော်သည် သက်တော်၊ ဝါတော် အကြီးဆုံးဖြစ်သည်ကို အရိပ်အကဲသိသည့် တကာတယောက်က သိသည်။ ဆရာတော်ပင် တရားဟောဓမ္မကထိက ဖြစ်ဦးမည်မှာ သေချာသည်ဟုလဲတွက်မိသည်။ ဆရာတော် သံဃာတော်များ၏ ဗုဒ္ဓထုံးစံမှာ ထေရ်စဉ်အလိုက် သိက္ခာဝါအကြီးဆုံး ပုဂ္ဂိုလ်၏ အဆုံးအဖြတ်ကိုနာခံရသည်။ ထေရ်အကြီးဆုံးပုဂ္ဂိုလ်က အမိန့်ပေးမှသာ အောက်ထေရ်ငယ်များက တာဝန်ယူရသည်။ ယခုတရားပွဲတွင်လည်း ဆရာတော်သည် မည်သည့်ထေရ်ငယ်ကိုမျှ မလွှဲ၊ သူကိုယ်တိုင်ပင် တရားဟောမည်ဖြစ်သည်။

ထိုအကြောင်းကို အတက်သိနေသော တကာတယောက်က ထိုနေ့တရားပွဲမှာလည်း ဆရာတော်သည် တရားတိုတိုဟောမှာဘဲဟု တွက်မိသည်။ ထိုတကာက တိုတိုဟောနေကြ ဆရာတော်အား

www.myanmarcupid.net

"ဆရာတော်ဘုရား ဒီနေ့ တရားတိုတို ဟောတော်မူပါဘုရား" ဟု လျှောက်လေသည်။ ဆွမ်းတကာ မဟုတ်သော်လည်း ဆွမ်းတကာနှင့်လည်းရင်းနှီး ဆရာတော်နှင့်လည်းရင်းနှီးသော တကာဖြစ်သည်။ ဆရာတော်ကလည်း ဆွမ်းဘုဉ်းပေးပြီးစ လက်ဘက်ရည်အချိုပွဲ ဘုဉ်းပေးနေဆဲမှာပင် ထိုတကာအား၊ "အင်းပေါ့လကွာ " ဟု အသံရှည်ဆွဲ၍ ကတိပေးလိုက်သည်။

လက်ဘက်ရည်အချိုပွဲ ဘုဉ်းပေးပြီးနောက် ဆရာတော်သည် အစီအစဉ်အတိုင်း သီလပေးခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း အမှုတို့ကို ပြုလုပ်သည်။ ပြီးတာနှင့်တပြိုင်နက် တရားဟောကြားရာတွင် "တကာတို့ ကိုယ်တယောက်ထဲ တဲ့အောင်နေကြ" ဟု အတိုနည်းဟောပြီး အဘိဓမ္မာသတ်လိုက်သည်။ တိုတိုဟောရန်လျှောက်ထားသည့်တကာလည်း မျက်စိမျက်နှာ ပျက်သွားသည်။ ဆွမ်းတကာလည်း မျက်လုံးပြူးသွားသည်။ တိုတိုဟောရန် လျှောက်ထားသည့်တကာက ဆွမ်းတကာအား မျက်နှာသာအောင် မိမိလည်းတာဝန်ပြန်ကျေအောင် ချက်ခြင်းပင် ဣန္ဒြေမပျက် ဟန်ဆောင်၍ ဆရာတော်အား မေးလိုက်သည်။

"ဆရာတော်ဘုရား တယောက်ထဲ တဲ့အောင်နေ" ဆိုတာ တိုလွန်းသောကြောင့် တပည့်တော်များ အတွေးတိမ်ပြီး ဉာဏ်မေးမှိန်သူများဖြစ်၍ အကျယ်တဝင့် ရှင်းလင်းမိန့်ကြားတော်မူပါအုံးဘုရားဟု ဟောရန် လျှောက်ထားမိသည့် တကာကဆက်၍ လျှောက်သည်။

"အေးလကွယ်... မင်းတို့က တိုတိုကြိုက်တယ်ဆိုလားလို့ တိုတိုဟောလိုက်ရတာ၊ ဒီလိုဆိုလဲ ဆက်ဟောရအုံးမှာပေါ့ကွာ" ဟု မိန့်တော်မူလိုက်သည်။ ထိုအခါမှာပင် ဆွမ်းတကာလည်းပြုံးနိုင် လျှောက်ထားမိသည့် တကာလည်း ရယ်နိုင်ကြရတော့သည်။ ဆရာတော်သည် စောစောက အကျဉ်း သခေ်ပအားဖြင့် ဟောထားသည့် "ကိုယ်တယောက်ထဲ

www.myanmarcupid.net

တဲ့အောင်နေ” ဟူသောစကား ရပ်ကိုပင် အကျယ် ဝိတ္ထာရချဲ့၍ ဟောပြတော်မူလေသည်။

“ကိုယ်တယောက်ထဲ တဲ့အောင်နေကြ” ဆိုတာ တခြားမဟုတ်ဘူးတကာတို့ရဲ့၊ မိမိတို့ ကိုယ်ခန္ဓာ အတွင်းမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်အမိုက်တရားတွေနဲ့ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း အချိန်ရှိသမျှ အမြဲတန်း တိုက်နေကြရတယ်၊ ဝီထိစဉ် အဘိဓမ္မာ သဘောနဲ့ပြောရရင် ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ ခဏငယ်တိုင်း ခဏငယ်တိုင်းမှာ မိမိတို့ ခန္ဓာကိုယ်ထဲတွင် ဒီတရားတွေ ရှိနေတယ်။ “အေး… မင်းတို့ အိပ်ပျော်နေခိုက် ခေါ်တဲ့ ဘဝင်ကျနေခိုက်၊ အခိုက်အတန့်ကလေးသာ ဒီတရားတွေမလာတာ နဲနဲသက်သာရာရတာ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ် ဟိတ်တရား ၃–ပါးဟာ အတော်ကြောက်စရာကောင်းတဲ့ တရား ၃ပါးဖြစ်တယ်၊ လောဘစိတ် ပြင်းထန်လာရင် ဘာမှ အကြောင်းအကျိုး ဆက်စပ်မမြင်နိုင်တော့ဘူး၊ ထင်မိထင်ရာကို စွတ်ထင်တက်တယ်၊ ဒေါသ၊ မောဟ တို့လဲ ဒီအတိုင်းဘဲ၊ ဒါကြောင့် “လောဘော၊ အတ္တံနဇာနာတိ၊ ဒေါသော အတ္တံ၊ နဇာ နာတိ၊ မောဟော အတ္တံ နဇာ နာတိ” လို့ဟောခဲ့တာဘဲ လောဘော၊ ရသင့်သည့် အခွင့်အရေးထက်ပိုကဲ၍ တလိုချင်ထဲလိုချင်နေတဲ့ လောဘ အမိုက်တရားသည် အတ္တံ အကြောင်းအကျိုး ဆက်စပ်မှုကို၊ နဇာနာတိ၊ မသိနိုင်တော့၊ ဒေါသ၊ မောဟ တွေမှာလဲ ဒီအတိုင်းဘဲ….။ အေး…အဲဒီ အကုသိုလ် အမိုက်တရားတွေ မိမိတို့ ကိုယ်ခန္ဓာပေါ်မှာ မလာနိုင် မရောက်နိုင်အောင် ကြိုးစားကြရမယ်၊ အကုသလ ပဟာန– အကုသိုလ် ပယ်နိုင်အောင် ကြိုးစားကြရမယ်၊ သမ္မပ္ပဓာန် တရားလေးပါးဟာ အရေးကြီးသပေါ့ကွယ်၊ ဖြစ်ပြီးနေတဲ့ အကုသိုလ်တရားတွေ ပယ်နိုင်အောင် ကြိုးစားရမယ်၊ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ ခန္ဓာကိုယ်ထဲ ရောက်မလာနိုင်အောင် မဖြစ်ပေါ်နိုင်အောင်ကြိုးစားရမယ်၊ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင် အားထုတ်ရမယ်၊

www.myanmarcupid.net

ဖြစ်ပြီးသားကုသိုလ်ကျတော့ ထပ်တလဲလဲ ပွားများကြိုးစားရမယ်၊ သတိထားကြ၊ ဒါကြောင့်....

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊

အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊

အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊

ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော။

လို့ဟောခဲ့တာဘဲ၊ စသည်ဖြင့် ဇန်းမော်ဆရာတော်သည် တရားတောင်းသောတကာနှင့်တကွ ဆွမ်းတကာရော ရောက်လာသမျှ တရားနာပရိတ်သတ်တွေပါ ကျေနပ်လောက်အောင် အကျယ်တဝင့် ဟောပြလိုက်လေသည်။

ဤတွင်မှာ ဆွမ်းတကာရော ရောက်လာသမျှ တရားနာ ပရိတ်သတ်တွေပါ အားရကျေနပ်သွားကြ တော့သည်။

ဇန်းမော်ဆရာတော်သည် မကြာမီပင် ဆွမ်းကျွေးပွဲတခုတွင် တရားမဟောဘဲ ကျောင်းသို့ ပြန်ကြွခဲ့လေသည်။ အဖြစ်မှာ ဆွမ်းတကာတဦး၏ဆွမ်းကျွေး အလှူပွဲတခုတွင် ပုဗ္ဗကရဏခေါ်တဲ့ ရှေးဦးစွာ ပြုလုပ်ရသည့် ဆွမ်းအကပ်ခံ၍ ဆွမ်းဘုဉ်းပေးခြင်း၊ လက်ဘက်ရည်အချိုပွဲ ဘုဉ်းပေးခြင်း၊ သီလပေးခြင်း၊ ပရိတ်ရွတ်ခြင်းအမှုတို့ကို ပြုမြဲပြုလုပ်ပြီးနောက် တဆက်တည်းပင် "ကဲ ဒီနေ့တော့ ဆရာတော် တရားနာဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါပါလိမ့်မယ်၊ မနာဘူးသေးတဲ့သူတွေလဲ ပါမှာပါဘဲ၊ အဲဒါ နာဘူး၊ ကြားဘူးသူများကတဆင့် မနာရဘူးသေးတဲ့ ပုဂ္ဂိုလ်တွေကို ပြောလိုက် ကြ၊ ဟောလိုက်ကြ" ဟုပြောဆိုပြီး တဆက်တည်းပင်.....

သဗ္ဗ သတ္တာနံ ဒေမ၊

သဗ္ဗ သတ္တာနံ ဘာဇေမ၊

www.myanmarcupid.net

ဟုရေစက်ပါ တခါတည်းချ၍ ကျောင်းသို့ ပြန်ကြွသွားလေသည်။ ဆွမ်းတကာနှင့် တရားနာ ပရိတ်သတ် များမှာလည်း ဆရာတော်အား ချစ်၊ ကြောက်၊ ရှိသေဖြစ်၍ ကျန်ရစ်ခဲ့ကြတော့သည်။

*************

www.myanmarcupid.net



# ပျင်းရှိသာပျင်း မဖျင်းနဲ့

ဗန်းမော်ဆရာတော်သည် တပည့်များအား မကြာမကြာပင် ပုံပြင်များဖြင့် တန်ဆာဆင်ကာ ပြောပြလေ့ရှိသည်။ နေရာတိုင်းတွင် ဆရာတော်က ပုံပြင်မသုံးပေ။ ဆရာတော်သည် တပည့်ရဟန်း သာမဏေများအပေါ်တွင် အလွန်ငဲ့ညှာတော်မူသည်။ အခံရခက်သည့် တိုက်ရိုက်ဆုံးမသည့်နည်းကို မသုံး၊ သွယ်ဝိုက်၍၄င်း၊ နည်းပရိယာယ် ဆင်၍၄င်း၊ ပြောဆိုဆုံးမလေ့ရှိသည်။ အခါအခွင့်သင့်၍ စပ်မိသည့်အချိန် ပုံပြင်နှင့် တင်စားရမည့် အခါများတွင်သာလျှင် ပုံပြင်ကိုသုံး၍ ဆုံးမတက်သည်။ နောက်ဆုံး မည်သို့မျှ နားမဝင် သဘောမပေါက်မှသာ တိုက်ရိုက်ဆုံးမတက်လေသည်။

ဆရာတော်၏ တပည့်ရဟန်း၊ သာမဏေ အများအပြားတွင် အလွန်ပျင်းယိလှသည့် ကိုရင်ကြီးတပါးရှိသည်။ ထိုကိုရင်ကြီးမှာ သေနာသန အသုံးအဆောင် ကျင့်ဝတ်များကိုလည်း ပြည့်စုံ အောင်မလုပ်လို၊ ဆွမ်းခံလိုက်၊ စားလိုက်၊ အိပ်လိုက်၊ ရေချိုးလိုက်နှင့်သာ အများအားဖြင့် အချိန်ကို ကုန်စေသည်။

ဆရာတော်သည် ထိုကိုရင်ကြီးအားရိပ်၍၄င်း၊ သွယ်ဝိုက်၍၄င်း၊ အခြားသော တပည့်ရဟန်း သာမဏေများအား ပြောရင်း ဆုံးမရင်းဖြင့်သာ

www.myanmarcupid.net

ဆုံးမလေသည်။ ထိုကိုရင်ကြီးမှာ အသွင်မပြောင်း၊ အကြောင်းမထူးဘဲ ဖြစ်မြဲဖြစ်နေသည်။ ဆရာတော်သည် ကြာလျှင် ဒီကိုရင်ကြီးကြောင့် အခြားတပည့်များ ပျက်စီးကုန်လိမ့်မည့်ဟု တွေးတောမိလာသည်။ သို့နှင့်ဆရာတော်သည် ထိုကိုရင်ကြီးပါစုံ၍ အခြားတပည့်များအား တိုက်ရိုက်လည်း အကျုံးဝင် ပုံပြင်လည်းဆောင်ရာ ကျအောင် အောက်ပါပုံပြင်ဖြင့် ပြောဆိုဆုံးမလေသည်။

*************

ရှေးကရွာတရွာမှာ အလွန်အပျင်းထူလှသော လူငယ်တယောက် ရှိသည်။ မိဘများ၏ အဆုံးအမစကားများကိုလည်း နားမထောင် ထင်မိထင်ရာ ပြောဆိုလုပ်ကိုင်တက်သူဖြစ်သည်။ အိမ်အလုပ်ဆို၍ မည်သို့မျှ ကူညီဖော်မရဘဲ အပေါင်းအသင်း သူငယ်ချင်းများနှင့်သာ အချိန်ကုန်စေသည်။ ရောက်လယ်လိုက်၊ အိမ်ပြန်ရောက်လျှင် ရေချိုးလိုက်၊ စားလိုက်နှင့်သာ လုပ်နေလေသည်။ မိဘ များခိုင်းသည်ကို မနာယူ၊ ဆင်ခြေဆင်လက် အမျိုးမျိုးတက်၍သာ နေတက်သည်။ ကိုယ်နှင့် မဆိုင်သော မဆီမဆိုင်စကားများကိုသာ ပေါက်တက်ကရ ပြောဆို၍သာနေတက်သည်။

တရွာလုံးကလည်း သူ့ကိုယ်နာမည် မခေါ်ကြတော့၊ အပျင်းနာမည် ရနေသောကြောင့် ငပျင်းဟုပင် ခေါ်တွင်၍ နေကြသည်။ ငပျင်းကား အသွင်မပြောင်းပေ။ ပျင်းမြဲပျင်းလျှက်ပင် ရှိနေသည်။ တရွာလုံးကလည်း ငပျင်းကို အော့ကြောလန်သည်။ အထူးသဖြင့် ရွာ၏အထက်တန်းကျသော ဥစ္စာပစ္စည်းပေါများသည့် မိဘများ၏ကွမ်းတောင်ကိုင် သမီးများနှင့် အလတ်တန်းစား မိန်းကလေးများ ငပျင်းနှင့်တန်းတူ အမျိုးသမီးများက နှာခေါင်းရှုံ့ကြသည်။

သို့သော် ငပျင်းကား "လူနေချုံကြား၊ စိတ်နေဘုံဖျား" ဖြစ်သည်။ လူက နတ်ကတော် လုပ်ချင်ပြီး အဝတ်က စုတ်နေသူဖြစ်သည်။ ရွာ၏အလှဆုံး အချောဆုံး အပြောအဆို အနေအထိုင် အကျစ်လစ် အသိမ်မွေ့ဆုံးဟု



www.myanmarcupid.net

တနယ်လုံးကသိနေသည့် ဥစ္စာပစ္စည်းပေါများသူ၏ သမီးကိုမှ သူကပိုးပမ်းနေသည်။ ရွာသူရွာသားများနှင့်တကွ ငပျင်း၏အပေါင်းအသင်းများကလည်း ထိုကလေးမလေးအား ငပျင်းပိုးနေကြောင်းသိသည်။ ငပျင်းအပေါင်းအသင်းများက “မင်းက အနူလက်နဲ့ ရွှေခွက်နှိုက်လို့ဘယ်ရမလဲကွ၊ ဒို့တောင် အနားမကပ်ရဲဘဲနဲ့” ဟု ပြောင်လှောင်၍ ငပျင်းအားပြောကြသည်။ ငပျင်းကားမဖြုံ၊ ပြုံး၍ရယ်၍သာ “အေးပေါ့လကွာ ပြေးလေတဲ့ ရွှေယုန် နေကုန်တော့ သိပါလိမ့်မယ်၊ ပျံလေတဲ့ ငှက်ခါး နားတော့ သိပါလိမ့်မယ်၊ လမ်းဆုံးတော့ ရွာတော့မှာပါဘဲကွာ” ဟု ပြန်ပြောလိုက်သည်။

ငပျင်းကား သူရည်မှန်းပိုးပန်းနေသည့် ရွာ၏အလှထိပ်ခေါင်ကို ရနိုင်ရန် နည်းလမ်းကို အမြဲကြံဆောင် စဉ်းစားနေတော့သည်။ တနေ့တရက်မျှ သတိမချ အမြဲစဉ်းစားသည်။ အမြဲတွေးတောသည်။

အပေါင်းအသင်း ရောင်းရင်းတွေနှင့် ပြောဆိုနေရပေမည့် ငပျင်းကား သူရည်မှန်းချက်ကိုသာ စိတ်က ရောက်နေသည်။ ငပျင်းကား အရွယ်ကလည်း သိုးမှုံထစအရွယ်ဖြစ်၍ ရည်းစားစိတ် ငယ်ထိပ်ရောက်သူဖြစ်သည်။ သူပို၍ကြောက်သည်မှာ သူက အောက်တန်းလွှာဖြစ်သည့်အပြင် ပျင်းဟု တရွာလုံးက အခေါ်ခံရသူ၊ သူရည်မှန်းထားသူက အထက်တန်းလွှာ ပိုက်ဆံပေါသူ၏ သမီးချောကွမ်းတောင်ကိုင်၊ ကွာချင်တိုင်းကွာ၊ ခြားချင်တိုင်းခြားနေ၍ သူမရလိုက်ဘဲနေမည်ကို အလွန်တွေးတော ပူပန်နေသူဖြစ်သည်။

ငပျင်း၏ အကြံကားရလာလေပြီ။ ရွာ၏အနီးတွင် ကြီးကျယ်၍ ကြည်ညိုဖွယ်ရာရှိသော မြေပေါက်စေတီတဆူရှိသည်။ ထို မြေပေါက်စေတီကြီး၏ ရှေ့၌ တန်းဆောင်းတခုအတွင်းတွင် အုတ်သရိုးဖြင့်ပြုလုပ်ထားသည့် တင်ပလ္လင်ခွေ ရုပ်ပွားတော် တဆူရှိသည်။ ဘာသာရေးကို အထူး လေးစားသည့် ရွာဖြစ်သည့်အတိုင်း ထိုရုပ်ပွားတော်ရှေ့တွင် ဘုရားပန်းအိုးများ ပန်းအပြည့်နှင့် နေရာထိုင်ခင်းများ

www.myanmarcupid.net

အမြဲရှိသည်။ ရွာသူရွာသားများမှာ ပန်းကပ်လှူခြင်း၊ ဆွမ်းတော်ကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်းများကို မကြာမကြာ ပြုလုပ်လေ့ရှိသည်။

ငပျင်းသည် လူသူလေးပါး ပြတ်လတ်သည့် အချိန်များမှာ သံတရွှင်း ကောင်းကောင်းတခုနှင့် တောင်းတလုံးကိုယူပြီး ထိုရုပ်ပွားတော်ရှိရာသို့ သွားရောက်၍ လူတကိုယ်စာဝင်နိုင်ရုံ အပေါက်ကို ဖောက်၍ အတွင်းမှ လိုင်ခေါင်းကလေး လုပ်ထားသည်။ အုတ်စအုတ်နများ မကြွင်းမကျန်ရအောင် အထူးသတိထားလုပ်သည်။ ခတ်ဝိုင်းဝိုင်းဖြစ်အောင် တူးယူထားသည့် အုတ်သရိုးကလေးများနှင့် ရုပ်ပွားတော်၏အပေါက်ကို ပြန်ပိတ်ခဲ့ပြီး အိမ်သို့ပြန်ခဲ့သည်။

ငပျင်းက နောက်တနေ့ မည်သူ ဘုရားသို့သွား၍ ဆွမ်းကပ်သနည်း၊ ပန်းဘယ်သူလှည်း စသည်ဖြင့်တွေး၍ ရွာထဲမှာ အကဲခတ်နေသည်။ သူပိုးပန်းနေသူလေး၏မိခင်မှာ ဆွမ်းပွဲနှင့် ပန်းများပြင်ဆင်နေသည်ကို သူတွေ့ရတော့သည်။ သို့နှင့်ငပျင်းက ရုပ်ပွားတော်သို့ အရင်ဦးအောင် သွားနှင့်ပြီး သူလုပ်ထားသည့် သူလိုင်ခေါင်းကလေးထဲဝင်၍ ပုန်းအောင်းနေသည်။ သူပိုးပန်းနေသူ လေး၏မိခင်မှာ ရုပ်ပွားတော်ရှေ့ရောက်လာပြီး ပန်းများကပ်လှူ၍ ဆွမ်းများကပ်နေသည်။ နောက်အသာအယာ ကျုံ့ကျုံ့ရှုံ့ရှုံ့ ထိုင်၍ ပါလာသည့် တဘက်ကလေး ပုခုံးပေါ်တင်ပြီး ဦးချ ကန်တော့သည်။ နောက်သူတက်သည့် ဘုရားရှိခိုးများနှင့် သမ္ဗုဒ္ဓေဂါထာတော်ကို အသံမတိုးမကျယ် ရွတ်ဆိုပြီးနောက် အသံပျောက်သွားပြီး လက်အုပ်ကလေး အသာချီရင်း ပါးစပ်မှ အသံမထွက်ဘဲ ဆုတောင်းနေသည်။ ထိုအချင်းအရာအားလုံးကို ရုပ်ပွားတော်၏ လိုင်ခေါင်းအတွင်း ပုန်းအောင်းနေသည့် ငပျင်းက အတက်သိသည်။ သူပိုးပန်းသူ၏မိခင် ဆုတောင်းပြီး ဦးကုန်းချမည်ဟု အထင်တွင် ငပျင်းက လိုင်ခေါင်းအတွင်းမှနေ၍...

"ခင်ဗျားသမီး ငပျင်းနဲ့ပေးစားလိုက်"

www.myanmarcupid.net

ဟု တည်ကြည်သည့်လေသံနှင့် ပြောလိုက်သည်။ သူပိုးပန်းသူ၏မိခင်မှာ အနည်းငယ်တော့ တွန့်သွားသေးသည်။ သို့သော် ဟန်မပျက်ဘဲ ဦးအသာချပြီး ဆွမ်းအုပ်ယူကာ အနီးရှိ ပလ္လင်ပေါ်သို့ ဆွမ်းများ၊ ရေများကို စွန့်ခဲ့ပြီး အိမ်သို့ ပြန်လာခဲ့လေသည်။

လမ်းတလျှောက်လုံးတွင်လည်း "ဒီကောင်နဲ့ မပေးစားရင်ကော ဘာများဖြစ်မှာပါလိမ့်" ဟု တွေးရင်း အိမ်သို့ပြန်ခဲ့လေသည်။ အိမ်သို့ရောက်လျှင်ရောက်ချင်းပင် လင်ဖြစ်သူအား ပြောပြလေ တော့သည်။

"ကျုပ်ဘုရားသွားပြီး ဆွမ်းတော်တင် ဘုရားရှိခိုးအပြီးမှာ ခင်ဗျားသမီး ငပျင်းနဲ့ပေးစားလိုက်ဟု ဘုရားကလိုလို သည့်ပြင်တနေရာကလိုလို ပြောလိုက်တယ်။ အဲဒါ တော်ဘယ်လိုသဘောရသလဲ ပေးစားလိုက်ရအောင်နော်" ဟု ပြောလေတော့သည်။

"ဟာ... ကြံကြံဖန်ဖန် ဘယ်ဟုတ်နိုင်မလဲ ဘယ်ဖြစ်နိုင်မလဲကွ" ဟုပြောသည်။

"အေး... တော်မယုံရင် မနက်ဖြန်လိုက်ခဲ့" ဟု ပြောပြီး နောက်တနေ့တွင် လင်မယားနှစ်ယောက်စလုံး ဆွမ်းသွားတင်ကြသည်။ ဆွမ်းကပ်လှူအပြီးတွင် ယမန်နေ့ကလိုပင်...

"ခင်ဗျားတို့သမီး ငပျင်းနဲ့ပေးစားလိုက် မပေးစားရင်တော့ ခေါင်းမိုးကြိုးပစ်ခံရလိမ့်မယ်"

ဟု လှိုင်ခေါင်းအတွင်းမှ နေ၍ ငပျင်းက ပြောလိုက်ပြန်သည်။ ဤတွင်ဇနီးဖြစ်သူက "တော်... ပေးစားလိုက် မပေးစားလို့တော့ မဖြစ်ဘူး၊ နတ်တွေသိကြားတွေက ပြောတာဖြစ်မှာဘဲ၊ တော်တော်ကြာတော့ ခေါင်းမိုးကြိုး အပစ်ခံနေရလိမ့်မယ်" ဟု လင်ဖြစ်သူအားပြောလိုက်ရာ...

"အေးကွာ... ငပျင်းအသံနဲ့တော့ နဲနဲတော့တူသား၊ သို့ပေမဲ့ မင်းသဘောပါဘဲကွာ၊ ပေးစားရင်လဲ ပေးစားလိုက်ပေါ့" ဟု ပြောပြလိုက်တော့သည်။ ငပျင်းလည်း သူပိုးပန်းနေသူကို ရသွားသည်။

www.myanmarcupid.net

အခုလည်း မင်းတို့ ပျင်းရှိတင်ပျင်းကြ မဖျင်းကြနှင့်ဟု ဗန်းမော်ဆရာတော်က တပည့်များအား ပြောပြလိုက်တော့သည်။

*************

www.myanmarcupid.net



# အမိုက်တရား ဟောကြားတော်မူခြင်း

ဗန်းမော်ဆရာတော်၏ တပည့် ကိုရင်တပါးသည် မြို့တွင်းသို့ ဆွမ်းခံကြွရင်းဖြင့် မန်ကျည်းရွက်နုကို ခူးယူနေလေသည်။ ထိုသို့ ကိုရင်က ခူးယူနေသည်ကို မန်ကျည်းပင်ပိုင်ရှင်၏သား ဆရာတူ တပည့်ကျောင်းသားက မခူးရန်တားမြစ်လေသည်။ ကိုရင်ကလည်း ဆက်၍ပင် ခူးနေသည်။ ကျောင်းသားမှာ ကိုရင်နှင့်သက်တူရွယ်တူမျှ ဖြစ်နေ၍ ကိုရင်ကို ပြန်လှန်ပြီး နပမ်းလုံးသတ်နေလေသည်။ ကျောင်းသားမှာ ကိုရင်၏ဒဏ်ကြောင့် တော်တော်လေး အနာတရ ဖြစ်သွားရသည်။ ကျောင်းသားမှာ မခံမရပ်နိုင်၍ ကျောင်းအရောက်တွင် ဆရာတော်အား လျှောက်ထားလိုက်သည်။

ဆရာတော်က စစ်ဆေးမေးမြန်းပြီး...

"ကိုရင်ဖြစ်ရက်နှင့် မြို့တွင်းမှာ သင်္ကန်းတွေ ဖို့ရို့ဖါးယားနဲ့ လူမြင်မကောင်း၊ သူမြင်မကောင်း ကျောင်းသားနဲ့ဖက်၍ သတ်ပုတ်ရပါမည်လား"

ဟု ကြိမ်းမောင်း၍ ကိုရင်အား တအားလွှဲရိုက်ဟန်ဖြင့် ဆရာတော်က ရိုက်လိုက်သည်။ ကိုရင်မှာ ရိုက်ချက်မနာပေ၊ ညှာ၍ရိုက်သည်ကို ကျောင်းသားက ရိပ်မိသည်။

www.myanmarcupid.net

"ဆရာတော်ဘုရား... တပည့်တော်ကို ကိုရင်ကရိုက်လို့ အနာခံရသလောက် ကိုရင်ကို ဆရာတော်က နာအောင်ရိုက်ပါဘုရား"

ဟု ကျောင်းသားက လျှောက်လိုက်သောအခါ၊ ဆရာတော်က

"အေး... မင်းတို့နှစ်ယောက်ဟာ ဘုံကျော်ဆရာတော်နဲ့ ခင်မကန်ဆရာတော်နှစ်ပါးလို ဖြစ်နေပြီ" ဟု မိန့်ကြားလိုက်သည်။

ဘုံကျော်ဆရာတော်မှာ အလွန် တမာရွက်ကြိုက်သော ဆရာတော်ဖြစ်သည်။ သူ၏ကျောင်းဝိုင်းအတွင်းမှာ တမာပင်များကို ပြုစုယုယထားသည်။ အရွက်များနုလာသည့်အချိန်တွင်၎င်း၊ အရွက်မနုသေးသည့်အချိန်တွင်၎င်း၊ မည်သူမျှ "အရွက်မခူးရ၊ အကိုင်းမချိုးရ" ဟု သတ်မှတ်ထားသည်။ တမာရွက်နုချိန်တွင် တမာပင်ကို အထူးဂရုစိုက်သည်။

တနေ့ ခင်မကန်ကျောင်းတိုက်မှ ကျောင်းသားလေး ၂ယောက်သည် ဘုံကျော်ဆရာတော် ပြုပြင်ထားသည့် တမာပင်ပေါ်တက်၍ တမာရွက်ခူးနေကြလေသည်။ ဘုံကျော်ဆရာတော်၏ ကျောင်းသားများမြင်၍ တမာပင်ပေါ်တက်၍ တမာရွက်ခူးနေကြောင်းကို ဆရာတော်အား လျှောက်ထားကြသည်။ ဘုံကျော်ဆရာတော်သည် စိတ်အလွန်ဆိုးပြီး "ခေါ်လိုက်စမ်းကွာ" ဟု ပြော၍ တမာရွက်ခူးနေသည့် ကျောင်းသားလေးများခေါ်၍ ဆရာတော်ထံ ပို့လိုက်သည်။

"မင်းတို့ တယ်မိုက်တဲ့ကောင်တွေပါလား၊ ဘယ်ကျောင်းကလဲကွ၊ တမာရွက်မခူးရဘူးဆိုတာ မသိဘူးလား" ဟု ဘုံကျော်ဆရာတော်က မေးသည်။

"မှန်ပါ... တပည့်တော်တို့ ခင်မကန်တိုက်ကပါဘုရား၊ တမာရွက်မခူးရဘူးဆိုတာလဲ မသိပါဘုရား" ဟု ကျောင်းသားကလေးများက လျှောက်ထားကြလေသည်။

www.myanmarcupid.net

"အေး... မင်းတို့လဲ မိုက်တာဘဲ၊ မင်းတို့ကိုဆုံးမတဲ့ မင်းတို့ဆရာလဲ မိုက်တာဘဲ၊ မင်းတို့ဆရာ သွားခေါ်ချေ" ဟု ကျောင်းသားလေးများအား ပြန်လွှတ်လိုက်သည်။ ကျောင်းသားလေးများမှာ ဦးချ၍ ပြန်ခဲ့ရသည်။

ခင်မကန်ကျောင်းပြန်အရောက်တွင် ကျောင်းသားများက ဆရာတော်အား ဖြစ်ကြောင်းကုန်စင် လျှောက်ထားကြပြီးနောက် "ဆရာတော်ကို ဘုံကျော်ဆရာတော်က အခေါ်ခိုင်းပါသည် ဘုရား" ဟု လျှောက်ထားလိုက်ကြသည်။

ထိုအခါ ခင်မကန်ဆရာတော်မှာ ဘုံကျော်ဆရာတော်ထက် ဝါတော်ငယ်သည်ဖြစ်၍ အမိန့်ကို မလွန်ဆန်ဝံ့ဘဲ "အေးပေါ့လကွာ သွားတာပေါ့" ဟုဆိုပြီး ဘုံကျော်ဆရာတော်ထံ သွားရောက် ကြတော့သည်။

ဘုံကျော်ဆရာတော်ထံသို့အရောက်တွင် ဆရာတော်က "မင်း ကျောင်းသားတွေကို တမာရွက် မခူးရန် မတားမြစ်မဆုံးမတဲ့အတွက် မင်းလဲမိုက်တာဘဲ" ဟု မိန့်တော်မူလိုက်ရာ၊ ခင်မကန် ဆရာတော်က "မှန်လှပါဘုရား၊ အန္ဓဘူတော အယံလောကောဟု ဆိုသမို့လား ဘုရား" ဟု လျှောက်ထားလိုက်ရာ၊ ဘုံကျော်ဆရာတော်က ...

"အော... ဟုတ်ပေသားဘဲ၊ ငါလဲ မိုက်ရာကျနေပါပေါ့လား" ဆိုပြီး ပြုံးရွှင်နေလေတော့သည်။

(အမှာ... အန္ဓဘူတော အယံလောကော ဟူသည်မှာ၊ အယံလောကော... ဤလောက နေသူဟူသမျှသည်၊ အန္ဓဘူတော... အမိုက်တိုက်ဖြစ်၍သာလျှင်ဖြစ်၏။ ဤလောကရှိ ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှသည် အမိုက်တွေသာဖြစ်၏ဟု ဆိုလိုသည်။ ဆရာတော်နှစ်ပါး မှာ သိပြီး ဖြစ်နေကြ၍ ပြုံးတော်မူကြခြင်းဖြစ်သည်။ )

ဤတွင် ဗန်းမော်ဆရာတော်က အခုလည်း မင်းတို့နှစ်ယောက်ဟာ ဘုံကျော်ဆရာတော်နှင့် ခင်မကန်ဆရာတော် နှစ်ပါးလိုဘဲ

www.myanmarcupid.net

"အားလုံးအမိုက်တွေဘဲ၊ မင်းမိုက်လို့ ကိုရင်မိုက်တာ၊ ကိုရင်မိုက်လို့ မင်းလဲမိုက်တာ၊ အကုန်လုံး အမိုက်ချည့်ဘဲ" ဟု ပြောပြလေတော့သည်။

*************

www.myanmarcupid.net



# မိုးဗေဒင်ကောင်အကြောင်း

ဗန်းမော်ဆရာတော်သည် မန္တလေးမြို့သို့ ရှမ်းတောင်သူတွေ အရောင်းအဝယ်လာကြသည်ကို မြင်တွေ့နေရ၍ တပည့်များအား ရိုးသားလှသည့် ရှမ်းလူမျိုး တယောက်အကြောင်းကို ပြောပြလေတော့သည်။

တပည့်ကိုရင် ကျောင်းသားများနှင့် ဆုံမိသည့် တနေရာတွင် ဆရာတော်က မေးလေသည်။ မင်းတို့ ငယ်ငယ်က ရွာမှာ မိုးဦး၊ လေဦးအချိန်တွင် သစ်ခေါင်းများမှင့်၊ အိမ်ခေါင်မိုးများမှင့်၊ "တောက်တဲ့ အော်သံ ကြားဘူးကြသလား၊ အကောင်ကိုကော မြင်ဘူးကြသလား" ဟုမေးသည်။

"မှန်ပါ... မြင်ဘူးပါတယ်ဘုရား၊ တပည့်တော်တို့ အိမ်နားက မန်ကျည်းပင်ခေါင်းကြီးထဲမှာ တောက်တဲ့တွေ အလွန်ပေါပါတယ်ဘုရား့" ဟုခတ်သွက်သွက် ကျောင်းသားတယောက်က လျှောက်ထားသည်။

"အေး... ဒါဖြင့် တောက်တဲ့အော်တော့ ခလေးတွေက ဘယ်လိုလုပ်ပြီး နောက်ကလိုက်ဆိုသလဲ" ဟု ထပ်မေးပြန်သည်။

"မှန်ပါ... ခလေးတွေက တောက်တဲ့အော်တိုင်း နောက်ကလိုက်ပြီး မိုးလား၊ လေလားနဲ့ ဆိုကြပါ တယ်ဘုရား" ဟု လျှောက်ထားကြသည်။

www.myanmarcupid.net

"အေး... နောက်ကလိုက်ဆိုလို့ မိုးနဲ့အဆုံးသတ်ရင် ဒီနှစ်မိုးများလိမ့်မယ်၊ လေနဲ့အဆုံးသတ်ရင် ဒီနှစ် လေများလိမ့်မယ်လို့ ဒီလို အယူရှိခဲ့တယ်မို့လား" ဟု ဆရာတော်က မေးပြော ပြောပြလေသည်။

အေး... အခုလဲ ငါမန္တလေးမှာ ရှမ်းတွေမြင်လို့ ယခင်က ရှမ်းရိုးတယောက်ကို သွားသတိရလို့ပြောတာ၊ အဲဒီရှမ်းရိုးတယောက်ဟာ ဗမာပြည်လာပြီး အခုလိုဘဲ အရောင်းအဝယ် လုပ်တာပါဘဲ၊ ဗမာပြည်ရောက်တော့ ဗမာအသိမိတ်ဆွေ အိမ်တအိမ်မှာဘဲ တည်းခိုပါတယ်၊ မိုးဦးကျအချိန်ကလဲ ဖြစ်တော့ မိုးရိပ်တွေက အုံ့ပျက်၊ အုံ့ပျက်လုပ်လိုက်၊ လေကလေးကလဲ ခတ်ကြမ်းကြမ်းတိုက်လိုက်နဲ့ပေါ့၊ အဲဒီအချိန်မှာ အနီးရှိ သစ်ခေါင်းတခုထဲမှ တောက်တဲ့တကောင်က တောက်တဲ့–တောက်တဲ့နဲ့ အော်ဒါပါဘဲ၊ အဲဒီအော်သံနောက်က ခလေးတွေက တခွန်းချင်းလိုက်ပြီး၊ မိုးလား၊ လေလားနဲ့ လိုက်ဆိုကြတာပါဘဲ၊ မိုးနဲ့အဆုံးသတ်တဲ့အခါဆိုရင် ခလေးတွေဟာ လက်ခုတ်ကလေးတွေကိုယ်စီတီးပြီး၊ "ဟေး... မိုးရွာလိမ့်မယ်ကွ" လို့ ပြိုင်တူအော်ကြတယ်၊ လေနဲ့အဆုံးသတ်တဲ့ အခါလဲ "ဟေး... လေတိုက်လိမ့်မယ်ကွ" လက်ခုတ်တီး၍ ပြိုင်တူပင် အော်ကြတယ်။ ခလေးတွေအော်တဲ့အတိုင်းလဲ မိုးနဲ့အဆုံးသတ်သည့်နေ့ဖြစ်ရင် မိုးတကယ်ရွာတယ်၊ လေနဲ့အဆုံးသတ်သည့်နေ့ဆိုလျှင် လေတကယ်တိုက်တယ်၊ အကြောင်းတိုက်ဆိုင် နေတာလားတော့ မပြောတတ်ဘူး။

အဲဒီအချိန်မှာ ဗမာအသိမိတ်ဆွေအိမ်သို့ လာရောက်တည်းခိုနေတဲ့ ရှမ်းတယောက်ရှိတယ်၊ ဒီရှမ်းလူမျိုးက "ဟာ... ဒီတောက်တဲ့–တောက်တဲ့နဲ့အော်တဲ့အကောင်ဟာ မိုးတော်တော်မှန်တဲ့ အကောင်ပဲဗျ" ဟု အိမ်ရှင် အသိမိတ်ဆွေအား ပြောပြလေတယ်၊ "အဲဒီ မိုးမှန်ကောင် တောက်တဲ့ကို ကျုပ်ပြန်ရင်တော့ ယူမှာဘဲ၊ ရှမ်းပြည်ရောက်ရင် မိုးဗေဒင်ဟောစားမယ်" လို့ အိမ်ရှင်မိတ်ဆွေ ကိုပြောပြတယ်၊ ဒီအခါ အိမ်ရှင်မိတ်ဆွေကလည်း အမှတ်မထင် ယူတာပေါ့ဗျာလို့ ပြောလိုက်မိ တယ်။

www.myanmarcupid.net

ရှမ်းလူမျိုးမိတ်ဆွေက "ကဲ… ကျနော် ရှမ်းပြည်ပြန်တော့မယ်၊ မိုးဗေဒင် တောက်တဲ့ကိုဖမ်းပေးပါ" လို့ တောင်းတော့ အိမ်ရှင်အသိမိတ်ဆွေမှာ အားတုံ့အားနာနဲ့ မည်သို့မျှ ပြန်၍ အဖြေမပေးတော့ ဘဲ ယက်မအကြားက "အိမ်မြှောင်တကောင်" ကို ရှမ်းအသိမိတ်ဆွေအား ဖမ်းပေးလိုက်တော့တယ်။

အိမ်ရှင်မှာလည်း အမှတ်မထင် ဝန်ခံခဲ့မိသည်လည်းတကြောင်း တောက်တဲ့ကို ဖမ်းယူရမှာလည်း အလွန်တာဝန်လေးသည်လည်း တကြောင်း၊ ဤအကြောင်းများကြောင့် အိမ်မြှောင်ကိုဖမ်းပေးလိုက် ခြင်းဖြစ်သည်။ တောက်တဲ့မှာ လူကိုကပ်မိလျှင် ခွါမရဘဲ ကိုက်လျှင်လည်း ဆေးမမှီပေ။

ထိုရှမ်းလူမျိုးမိတ်ဆွေမှာ မိုးဗေဒင်ကောင်ခေါ် တောက်တဲ့ဟု ယူဆပြီး၊ ရှမ်းပြည်သို့ တယုတယ ယူဆောင်သွားလေသည်။ ရှမ်းပြည်ရှိ မိမိအိမ်သို့ ပြန်ရောက်လိုက်သည်တွင် ရှမ်းအသိ ဆွေမျိုး မိတ်သင်္ဂဟများ လာရောက်မေးမြန်းကြလေသည်။ ဗမာပြည်မှ ယူဆောင်လာသည့် မိုးဗေဒင် ကောင်ခေါ် တောက်တဲ့ဟု ယူဆထားသော အိမ်မြှောင်ငယ်ကလေးကိုလည်း လာသမျှ အသိမိတ်ဆွေတို့အား တပြပြနှင့် "မိုးဗေဒင် အလွန်မှန်တဲ့အကောင် ကြီးလာရင် တောက်တဲ့၊ တောက်တဲ့နဲ့ မြည်လိမ့်မယ်၊ အဲဒီအခါ ခလေးတွေက နောက်ကလိုက်ပြီး တခွန်းချင်း "မိုးလား၊ လေလားနဲ့လိုက်ဆိုရမှာ မိုးအဆုံးသတ်လျှင် မိုးရွာတာဘဲကွ၊ လေအဆုံးသတ်လျှင် လေတိုက်တာဘဲကွ၊ မိုးလေအလွန်မှန်တဲ့ အကောင်" ဟု ရှမ်းဘာသာနှင့် တပြုံးပြုံး ပြောပြနေတော့ သည်။ အများကလည်း ယုံကြည်နေပေသည်။

နောက် မိတ်ဆွေများအိမ်သို့ လာရောက်လည်ပတ်ကြသောအခါ မိုးဗေဒင်ကောင်ခေါ် တောက်တဲ့ ဟု ယူဆထားသည့် အိမ်မြှောင်ကလေးမှာ "ကျွတ်ကျွတ်၊ ကျွတ်ကျွတ်" နှင့် စုတ်ထိုးလေတော့သည်။ ထိုအခါအိမ်သို့ အလည်လာရောက်ကြသည့် သူငယ်ချင်းမိတ်ဆွေများက "မင်း မိုးဗေဒင် ကောင်လေးက… တောက်တဲ့၊ တောက်တဲ့နဲ့ မြီမယ်ပြောပြီး၊ အခု ကျွတ်ကျွတ်၊ ကျွတ်ကျွတ် နဲ့ ဘာကြောင့် မြီနေရတာလဲ" ဟု မေးလိုက်ရာ၊ "မိုးဗေဒင်ကောင်လေးက ငယ်သေးလို့ပါကွ" ဟု ပြန်ပြောလိုက်တော့သည်။

www.myanmarcupid.net

ဤတွင် ဗန်းမော်ဆရာတော်က တပည့်များအား ရှမ်းလူမျိုးများ ရိုးကြောင်းနှင့် "မင်းတို့လဲ အိမ်မြှောင်လိုဘဲ ငယ်ကြသေးလို့ပါ ကြီးပြင်းလာကြတဲ့အခါ တောက်တဲ့လို မြီးလာနိုင်ကြပါလိမ့်မယ်" ဟု ရယ်မောဘွယ်ရာ ပြောပြလိုက်တော့သည်။

*************

www.myanmarcupid.net



# သတ်ပုံမှားလို့ သက်သာပေတော့

ဗန်းမော်ဆရာတော်သည် စာချစာပို့ အချိန်မှလွဲသည့် အချိန်များတွင်လည်း ကိုရင်၊ ကျောင်းသားများနှင့်အတူ ကျောင်းတိုက်သန့်ရှင်းရေးများ ကိုယ်တိုင် စီမံခန့်ခွဲလေ့ရှိသည်။ ဆရာတော်ကိုယ်တိုင် စီမံခြင်းမှာ ကိုယ်လက် ကျန်းမာရေးကို အဓိကထား၍ဖြစ်သည်။ ဆရာတော်ကကျောင်းသားလေး တယောက်အား ပူလောင်သည့် မီးကျီခဲကို ညှပ်ယူပြီး နေရာရွှေ့ရန် မီးညှပ်တခုကို အယူခိုင်းလိုက်သည်။ မီးဖိုဟောင်းကို ပြင်ဆင်လို၍ ရေနွေးအိုး စသည်ကို ခဏတည်နိုင်ရန်အတွက် မီးဖိုဟောင်းမှ မီးကျီခဲကို ရွှေ့ယူခြင်းဖြစ်သည်။

ဆရာတော်က မီးညှပ် အယူခိုင်းလိုက်သည့် ကျောင်းသားမှာ မီးညှပ်ကိုရှာမတွေ့နိုင်ဘဲဖြစ်နေသည်။ ထိုကျောင်းသား၏ စိတ်ထဲတွင်လည်း ဆရာတော်က ငါ့ကို မီးညှပ်အယူခိုင်းတာ ဧကန် မီးဖိုဟောင်းမှ မီးခဲတွေ ညှပ်ပြီးယူရန်ဖြစ်မှာဘဲဟု တွေးမိသည်။ ထိုသို့ တွေးမိသည့်အတိုင်း ကျောင်းသားက မီးကျီခဲကို ညှပ်ယူနိုင်မည့် ကပ်ကျေးကြီးတလက်ကို ဆရာတော်အား ကပ်လိုက် သည်။

ဆရာတော်က ပြုံးတော်မူ၍ "အေး... မီးကျီခဲ ညှပ်ယူလို့ရသေးလို့ပေါ့ကွာ" ဟုပြောရင်း မင်းတော့



www.myanmarcupid.net

ဘုရားကြီးကျောင်းတိုက်က မီးအိမ်ပျံလွှတ်တဲ့ ကိုယ်တော်လို၊ မိုးကုတ်ကို မိုးရပ်ဖြစ်သွားသလိုပါဘဲဟု ပြောပြတော့သည်။

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော်ထံသို့ မိုးကုတ်မြို့မှ ဦးပဥ္စင်းလေးတပါးသည် စာပေကျမ်းဂန်များကို သင်ယူနေသည်။ ထိုဦးပဥ္စင်းလေးမှာ ဘုရားကြီးတိုက်တွင် မိုးကုတ်မြို့မှ ဆောက်လုပ်လှူဒါန်းထားသော မိုးကုတ်ကျောင်းမှာပင် သီတင်းသုံးလေသည်။ ထို ဦးပဥ္စင်းလေးမှာ မီးအိမ်ပျံ အချိုးအလွှတ် အလွန်ဝါသနာကြီးသည်။ ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ကြွဲရုပ်၊ လူရုပ် စသည်တို့ကို အချိုးအဆစ် ကျကျချိုးတက်သည်။ ထိုဦးပဥ္စင်းလေးမှာ သီတင်းကျွတ် အခါဖြစ်၍ ဆင်ရုပ် မီးအိမ်ပျံကြီးကို အကျအနချိုး၍ နေ့ခင်းဆွမ်းစားပြီး ၁၂နာရီခွဲ လောက်တွင် လွှတ်တင်လိုက်သည်။ ထိုဆင်ရုပ် မီးအိမ်ပျံကြီးတွင် “ဘုရားကြီးတိုက် မိုးဂုပ်ကျောင်း” ဟု စာဆွဲလိုက်သည်။

ထိုဆင်ရုပ်ကြီးမှာ မှိုင်းခံထားသည့် မီးခိုးအရှိန်ဖြင့် မန္တလေးမြို့ပေါ်တွင် ရွေ့လျားကာ တရစ်ဝဲဝဲ ဘယ်ယိမ်းညာနွဲ့ဖြစ်နေသည်။ မီးခိုးမှိုင်းအရှိန် လျော့စပြုနေသော ဆင်ရုပ်ကြီးမှာ ဘုရင့်နန်းတော် ဘက်သို့ တူရှုနေလေပြီ။ တဖြေးဖြေးနှင့် ဆင်ရုပ်မီးအိမ်ပျံကြီး နန်းတော်ကြီးပေါ်သို့ ရောက်ရှိလာပေပြီ။ နန်းတွင်းသူ နန်းတွင်းသားများမှာ ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းနင်း ဖြစ်နေကြသည်။ ဆင်ရုပ်မီးအိမ်ပျံကြီးကား နန်းတော်ဆောင်တခု အပေါ်သို့ ကျရောက်လာတော့သည်။ နန်းတွင်းသူ နန်းတွင်းသားများနှင့်တကွ မင်းချင်းယောကျာ်းတို့မှာ ရေးကြီးသုတ်ပြာပင် နန်းတော်ဆောင် မီးမလောင်စေရန် ထိုဆင်ရုပ်ကြီးကို ချိတ်များဖြင့်ဆွဲချ ထိုးချကြတော့သည်။ ဆင်ရုပ်ကြီး အောက်သို့ ကျလာရာတွင် စာတစောင်တွေ့ရသည်။ ထိုစာမှာ “ဘုရားကြီးတိုက် မိုးဂုပ်ကျောင်း” ဟူ၍ ဖြစ်သည်။

အုတ်အုတ်ကြွက်ကြွက် ဖြစ်နေ၍ မင်းတုန်းမင်းကြီးက မေးတော်မူသည်။ နန်းတွင်းသူ နန်းတွင်းသားများက ဘုရင်မင်းမြတ်အား အကြောင်းစုံရှင်း၍ သံတော်ဦးတင်ကြသည်။

www.myanmarcupid.net

ထိုအခါ ဘုရင်ကြီးမှာ ငါ့နန်းတော် မီးလောင်အောင်ပြုလုပ်သည်ဟု အယူရှိပြီး အမျက်တော် အလွန်ရှတော်မူလေသည်။

မင်းချင်းယောကျာ်းတို့အား စေလွှတ်တော်မူ၍ "ထိုဘုရားကြီးတိုက် မိုးရပ်ကျောင်းမှ မီးအိမ်ပုံလွှတ်သူကို ရှေ့တော်သို့သို့သွင်းစေ" ဟု အမိန့်တော် မှတ်လိုက်သည်။

မင်းချင်းယောကျာ်းတို့လည်း ဘုရားကြီးတိုက်သို့ သွားရောက်ကြပြီး ဆရာတော်အား အကျိုး အကြောင်းနှင့်တကွ ဘုရင့်အမိန့်တော်ကိုပါ လျှောက်ထားလိုက်ကြသည်။

ထိုအခါ ဆရာတော်က "ဒို့တိုက်မှာတော့ မိုးကုတ်ကျောင်းသာရှိတယ်၊ မိုးရပ်ကျောင်းတော့ မရှိဘူး" ဟု မိန့်တော်မူသည်။ အမှန်ဖြစ်နေသည်မှာ မိုးကုတ်ကျောင်းဟု ရေးမှန်းဖြစ်မည့် ကကြီး တချောင်းငင်တသတ် မကုတ်ဘဲ သံမှန်ရေးဖြစ်သည့် ဂငယ်တချောင်းငင် ပသတ်ဂုပ်၍ ဂ–ငယ် နှင့် တချောင်းငင် ဆက်သွားပြီး ရကောက်တသတ်ရပ် ဖြစ်သွားခြင်းပင်ဖြစ်ပေသည်။

မင်းချင်းတို့က ရတ်နှင့် ရပ် အသံတူ လျှောက်ခြင်းဖြစ်သည်။

ဤတွင် ဘုရားကြီးတိုက် ဆရာတော်က အမိန့်တော်နှင့်လွှတ်သည့် မင်းယောကျာ်းတို့အား ဘုရင်မင်းမြတ်ထံသို့ အောက်ပါ စာတစောင်ကို ပေးလိုက်သည်။

ဆရာတော် သိစေအပ်ပါသည် တကာတော် ရေမြေ့ရှင်၊ ဆရာတော်၏ ကျောင်းမှာ မိုးကုတ် ကျောင်းသာ ရှိပါသည်။ မိုးရပ်ကျောင်းမရှိပါ။ တကာတော် ပိုင်ဆိုင်သည့် ကျေးလက်ခရိုင် မြို့ရွာ များတွင်လည်း မိုးမိတ်၊ မိုးနဲ၊ မိုးဗြဲ၊ မိုးကုတ်မြို့များသာရှိပါသည်။ မိုးရပ်မရှိပါ။ မိုးရပ်အမှန်မှာ တာဝတိံသာဘုံဖျား အရပ်များကိုသာ ဆိုလိုဟန်ရှိပါသည်။ ထိုကြောင့်ဘုရင်မင်းမြတ်အား ဆက်သသည့် သဘောဖြင့် လူမင်းဘုန်းကြီး၍

www.myanmarcupid.net

နတ်မင်းများ မနေနိုင်ဘဲ မိုးရပ်မှ ဆက်သခြင်းပင်ဖြစ်ပါ လိမ့်မည် တကာတော်။

ဟု ဘုရားကြီးတိုက်ဆရာတော်က မင်းတုန်းမင်းကြီးထံ စာတစောင်ပါးလိုက်သည်။ ဘုရင်မင်းမြတ် ဖတ်ကြည့်၍ သိရှိတော်မူပြီး အမျက်တော်ရှနေရာမှ ပြေပျောက်တော် မူသွားလေသည်။

ထို အဖြစ်အပျက်ကို ဗန်းမော်ဆရာတော်က တပည့်များအား ပြောပြရင်း "မင်းလဲ မီးကျီခဲကို ညုပ်လို့ရသေးလို့ပေါ့ကွာ" ဟု မိန့်တော်မူလိုက်သည်။

*************

www.myanmarcupid.net



# အစေ့ကြီးတဲ့ အုန်းသီး

ဗန်းမော်ဆရာတော်သည် မင်းနှင့်တကွ ဆင်းရဲသူ၊ ဆင်းရဲသားမကျန် ကိုးကွယ်ခံရသည့် ဆရာတော်တပါး ဖြစ်သည့်အလျောက် ဆွမ်းစားကွမ်းစား အလှူအတန်းများ ပြတ်သည်ဟူ၍ အလွန်မရှိလှပေ။ ရက်ခြားလျှင် တရက်၊ နှစ်ရက်ထက်ပို၍ မခြားပေ။ တခါတရံ နေ့စဉ်ရက်ဆက်ပင် ရှိနေတက်သည်။ ဆရာတော်သည် နံနက်ခင်း စာဝါပျက်မှာကိုလည်း အလွန်စိုးရိမ်တော်မူသည်။ တိုက်အုပ်တိုက်ကြက် များကိုလည်း တခါတရံ လွှဲလိုက်သည်လည်း ရှိသည်။ ထိုအခါ တကာများက ကျေနပ်နှစ်သိမ့်ဟန် မရှိကြပေ။ ထိုသဘောကို လိုက်လျောသည့်အနေဖြင့်သာ ကိုယ်တိုင် လိုက်ပါရသည်ချည့်များသည်။

ဆရာတော်သည် ဘုန်းကံ အလွန်ကြီးသောကြောင့် ဆရာတော်၏ ကြက်သရေခန်းတွင်းမှာ အုန်း၊ ငှက်ပျော စသည်တို့ဖြင့် အမြဲပင် ပြည့်လျှံနေတက်သည်။ ကြက်သရေခန်းတွင်းရှိ အုန်း၊ ငှက်ပျော ဘောဇဉ် စသည်တို့ကို ကျောင်းတိုက်ရှိ တပည့်ရဟန်း သာမဏေ ကျောင်းသားတို့အား နေ့စဉ်ပင် ခွဲခြမ်းစိတ်ဖြာ၍ စားသုံးစေသည်။ ဝိနည်းသိက္ခာပုဒ်အရ သိုမှီးသိမ်းဆီးခြင်း ခေါ်သည့် "သန္နိဓိကာရက" သိက္ခာပုဒ်ကိုလည်း

www.myanmarcupid.net

အထူးလေးစားတော်မူသည်။ ကြက်သရေခန်းစိုး ကိုရင် ကျောင်းသားများက အလိုက်သိပြီး သိုမှီးသိမ်းဆီးထားမှသာ "တပည့်လိမ္မာ–ဆရာအာပတ်လွတ်" တခါတရံ ဖြစ်ရသည်။

တနေ့ လက်ဘက်ရည်အချိုပွဲတွင် ခန်းစိုးကိုရင်ကြီးက အုန်းဆံများနှင့် အုန်းရည်များကပ်ထားသည်ကို ဆရာတော်တွေ့ရသည်။ ထိုအခါ ဆရာတော်က ခန်းစိုးကိုရင်ကြီးအား ညွှန်ကြားသည်။ "ဒီနေ့ ကျောင်းသားတွေ၊ ကိုရင်တွေအားလုံး အုန်းသီးများကိုခွဲ၍ မျှမျှတတစားကြရန်" ညွှန်ကြား လေသည်။

သာမဏေများမှာ နေ့စဉ်လိုပင် စားကြရ၍ အလွန်ဝမ်းမသာလှသော်လည်း ကျောင်းသားများမှာ အလွန်ရွှင်မြူး၍ နှစ်ထောင်းအားရရှိလှသည်။ ခန်းစိုးကိုရင်ကြီးက ကျောင်းသားကြီးများကို အုန်းသီးများယူကြရန် ပြောသည်။ ကျောင်းသားကြီးများလည်း အုန်းသီးများကိုပွေ့၍ခွဲရမည့်နေရာသို့ ယူသွားကြသည်။ ခန်းစိုးကိုရင်ကြီးရောက်မလာခိုက် ကိုရင်ငယ်များနှင့် ကျောင်းသားကြီးများမှာ ဓါးများကိုင်၍ အုန်းသီးများကို ခွဲကြစိပ်ကြသည်။ အခွံမှိုက်တွေ ဗလပွေနှင့် အုန်းရည်တွေ အောက်သို့ ဖိတ်စင်ကျနေသည်။ ခန်းစိုးကိုရင်ကြီး ရောက်လာပြီး အခြားကိုရင် ကျောင်းသားကြီး များကို ဆူတော့သည်။

ထိုအဖြစ်အပျက်ကို လက်ဘက်ရည် ဘုဉ်းပေးနေသည့် ဆရာတော်က မြင်သည်၊ ကြားသည်။ ကျောင်းသားများ စားပြီးချိန်မှာ ဆရာတော်က ကျောင်းသားအားလုံးနှင့် ကိုရင်များပါ လက်ဘက်ရည်ဝိုင်းရှေ့သို့ တန်းစီစေ၍ ထိုင်စေသည်။ ကိုရင် ကျောင်းသားအားလုံး စီတန်းထိုင် ပြီးသည်နှင့် တပြိုင်နက်... "မင်းတို့တော့ ရှမ်းတွေ အုန်းသီးစားသလို ဖြစ်ကဘီ" ဆိုပြီးလျှင် အောက်ပါပုံပြင်ကို ပြောပြတော့သည်။

*************



www.myanmarcupid.net

လွန်ခဲ့တဲ့ ၄နှစ်၊ ၅နှစ်လောက်ကဘဲ တောင်ရိုးပေါ်က ရှမ်းဟာ မြင်းတွေ၊ လားတွေနဲ့ သူတို့ဆီမှာ ရှိတဲ့ လက်ဘက်စို၊ လက်ဘက်ခြောက်၊ သစ်စေး၊ ထင်းရှုးဆီ၊ လိမ္မော်သီး၊ သစ်တော်သီးစသည် တို့ကိုတင်ပြီး မန္တလေးကိုလာရောင်းကြသည်။ မန္တလေးမှ သူတို့အလိုရှိသည့် ပစ္စည်းများကိုလည်း ဝယ်ယူကြသည်။ သူတို့ပါလာသည့် ပစ္စည်းများကို ရောင်းချပြီးနောက် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများကို တလှည့်စီလိုက်၍ ဖူးမျှော်ကြသည်။ သူတို့ချထားသည့်စခန်းမှာ ကျန်ရစ်ကြသည့် ရှမ်းများက မြင်းများ၊ လားများကို အစာကျွေးနှင့်ကြရသည်။

အချို့ရှမ်းများက ဘုရားဖူးကြပြီးနောက် ဈေးချိုသို့လှည့်၍ လိုအပ်ရာရာကို ဝယ်ခြမ်းကြသည်။ ရှမ်းတို့မှာ ဈေးချိုမှ ငါးပိနှင့်ဆားကို အဓိကထားဝယ်ကြသည်။ ဈေးချိုထဲမှာ လှည့်ပတ်ဝယ်ကြရင်းဖြင့် အုန်းသီးရောင်းသော ဆိုင်နားသို့ ရောက်သွားကြသည်။

“ဒီအသီးကြီးက ဘာသီးကြီးလဲ” ဟု ဗမာလို မပီကလာ၊ ပီကလာနှင့် ဆိုင်ရှင်ကိုမေးသည်။

ဗမာဆိုင်ရှင်က… “ဗမာအုန်းသီးဆိုတာ ဒီအသီးကြီးပေါ့၊ သိပ်စားကောင်းတာဘဲ ဝယ်ကြပါ” ဟု ပြုံးပြုံးရွှင်ရွှင် ပြောလိုက်သည်။ ထိုအခါ ရှမ်းကြီးက လိမ္မော်သီး၊ သစ်တော်သီးတွေထက် အဆပေါင်းများစွာ ကြီးနေသည့် အုန်းသီးကြီးကို ကိုင်ကြည့်ရင်း… “ဒီလောက်ကြီးတဲ့အသီးကြီး စားလို့ကောင်းပါ့မလား” ဟုမေးပြန်လေသည်။

ဗမာဆိုင်ရှင်က သူ့အကွက်ဝင်သွားပြီးဖြစ်၍ “အဲဒါပေါ့ ဗမာဘုရင်မင်းမြတ်နဲ့ ဘုန်းကြီးတွေပါ ကြိုက်လွန်းလို့ ဘုန်းကြီးကြိုက် မင်းကြိုက် တော်သုံးမင်းသုံး အသီးကြီးလို့ ခေါ်တယ်။ ပီးတော့ ဘုန်းကြီးကန်တော့ပွဲတို့ နတ်ပွဲတို့လဲ လုပ်ရတယ်” ဟု ဖေါ်ရွှေစွာ ပြောပြရင်း ထိုင်ကြပါအုံးဟုလည်း ပြောလိုက်သည်။ “မထိုင်တော့ဘူးလေ စခန်းမှာလဲ လူတွေကျန်သေးတယ်” ဟု ပြောပြီး ရှမ်းဘာသာဖြင့် သူတို့ချင်း

www.myanmarcupid.net

ဒီအသီးကြီးဝယ်ရအောင်ကွ တိုင်ပင်ကြသည်။ နောက်ရှမ်းကြီးတွေ ဗမာဆိုင်ရှင်ထံမှ အုန်းသီး ငါးလုံးဝယ်ယူသွားကြသည်။

စခန်းပြန်အရောက်တွင် အကြောင်းစုံ အတွေ့အကြုံတွေပြောကြ၊ ထမင်းစားကြနှင့် ရယ်မောနေကြသည်။ ကျန်လူများလည်း ဘုရားဖူးကြ၊ ဈေးဝယ်ကြပြုလုပ်ကြပြီးနောက်၊ မိမိတို့၏ မောတို့ဌာနီ ရှမ်းရွှေပြည်သို့ လား၊ မြည်း ကိုယ်စီနှင့် ပြန်ကြလေသည်။

စခန်းချနေကျနေရာအရောက်တွင် လား၊ မြည်း ကျောကုန်းပေါ်မှ ပလိုင်းတွေကိုအောက်ချကြပြီး၊ လား၊ မြည်းတွေကို အစာစားစေသည်။ ပလိုင်းတွေကို သစ်ပင်ကြီးတွေမှာ တချို့ ချိတ်ထားပြီး၊ ထမင်းဟင်း ချက်ကြ၊ ပြုတ်ကြ ပြုလုပ်နေကြသည်။ ရှမ်းအုပ်စု ခေါင်းဆောင်လုပ်သူက "ဟေး... ဗမာရှင်ဘုရင်စားတဲ့ အသီးကြီး ခွဲစားရအောင်" ဟု ပြောလိုက်သည်။ ခေါင်းဆောင် ရှမ်းကြီးက သူကိုယ်တိုင်ပင်ခွဲသည်။ အုန်းညှာတွေခုတ်ပယ်ပြီး အခွံတွေရသလို ဖြဲယူပြီး စုပုံထားသည်။ ခွဲပြီးပြီဟေ့ စားကြရအောင်ဆိုပြီး စုပုံထားသည့်အခွံတွေကို တယောက်စီ ကောက်ကောက်ပြီး စားကြသည်။ အရသာမတွေ့ကြ၊ ဖန်တွတွဖြစ်နေကြပြီး ဝါးမရ၊ မျိုမရဖြစ်နေကြသည်။ ထိုအခါ ရှမ်းခေါင်းဆောင်လုပ်သူက "ဟေ့... ဗမာမင်းနဲ့ ဘုန်းကြီးတွေစားတယ် ကြိုက်တယ်ဆိုလို့သာ စားရတယ်၊ ကောင်းလဲမကောင်းဘူးဟေ့" ဟု ဆိုပြီး အတွင်းမှ အဆံနှင့် အရေပါသော အုန်းမှုတ်လုံးကြီးကို ကိုင်ကြည့်ပြီး၊ "အသားကသာ စားမကောင်းတာ အစေ့ကကြီး လိုက်တာလွန်ရော" ဟု အုန်းဆံကို လွှင့်ပစ်လိုက်လေသည်။

ဤတွင် ဗန်းမော်ဆရာတော်က "အခုလဲ မင်းတို့ဟာ အဲဒီရှမ်းကြီးလောက်မဆိုးတာ တမယ်ဘဲ၊ သူများလုပ်တာကို ကြည့်ထား၊ မှတ်ထားကြမှပေါ့ကွဲ့" ဟု ပြောဆိုဆုံးမလေသည်။

ဤတွင် နှုတ်ရဲ၊ လျှာရဲ လက်စွဲတော်ကိုရင်ကြီးက "ဆရာတော် ရှမ်းတွေကလဲ ဒီလောက်တောင် အ–ရသလားဘုရား" ဟု

www.myanmarcupid.net

လျှောက်ထားလေသည်။ "အေး.... ရှမ်းတွေဟာ အလွန်ရိုးတယ်ကွ၊ သူတို့ ရတက်သမျှနဲ့ တင်းတိမ်ရောင့်ရဲတယ်၊ ချွေတာတယ်၊ ဗမာတွေလို အသုံးအဖြုန်းမကြီးကြဘူး၊ လှူတဲ့တန်းတဲ့အခါကြတော့ အတော်လှူကြတန်းကြတယ်၊ ဘုရားတရားကို သိပ်ယုံကြည် လေးစားကြတာ သူတို့ဆီက ဘုရား၊ ကျောင်း၊ တန်ဆောင်းတွေဟာ ထိန်လို့ တောက်လို့ ချည့်ဘဲ ကွ" ဟု ပြောဆို ဆုံးမလေတော့သည်။

*************

www.myanmarcupid.net



# ထုံးကွင်းပြောင်းမှတ် အရပ်လွှဲသလိုပုံပြင်

ဗန်းမော်ဆရာတော်သည် ယခင်ရက်အနည်းငယ်က ဆွမ်းကျွေးတခုတွင် သီလပေးရေစက်ချပြီး နောက် အလှူ့ရှင်များက တရားဟောလိမ့်မည်ဟု မြှော်လင့်နေရာ၊ ဆရာတော်က တရားမဟောတော့ဘဲ (အရင်ဟောနေကြ တရားတွေထဲက မှတ်မိသူတွေက မမှတ်မိသူတွေကို တဆင့် ဟောလိုက်ကြတော့) ဟု ပြောပြောဆိုဆို ထ၍ ကျောင်းသို့ပြန်ကြွခဲ့လေသည်။ အလှူ့တကာ များမှာ အံ့အားသင့်၍ ကျန်ခဲ့ရလေသည်။

ယခုတဖန် မြို့တွင်း တကာတဦးအိမ်မှ ဆွမ်းကျွေးပွဲတခုနှင့် ဆုံရပြန်ပေပြီ။ ထိုအခါ ဆွမ်းတကာနှင့်တကွ မိတ်တွေသင်္ဂဟများက ယခင်ဆွမ်းကျွေးတခုတွင် ဆရာတော်တရားမဟောဘဲ ကျောင်းသို့ ပြန်ကြွခဲ့ဘူးသည်။ ယခုလည်း တရားမဟောဘဲ ပြန်ကြွအုံးမယ်ဟု မိတ်ဆွေများက လက်တို့ထား ကြသည်။

ဆွမ်းကပ်အပြီးတွင် ဆွမ်းတကာကလျှောက်သည်။

"ဆရာတော်ဘုရား ယခင် ဆွမ်းကျွေးတခုမှာ ဆရာတော် တရားမဟောဘဲ ကျောင်းပြန်ကြွသွား သည်။ ဟောနေကျ တရားထဲမှ

www.myanmarcupid.net

မှတ်မိသူတွေက မမှတ်မိသူတွေကို တဆင့်ဟောလိုက်ကြဟု လည်း မှာသွားကြောင်း ကြားသိရပါသည်ဘုရား... ယခု တပည့်တော်၏ ဆွမ်းကျွေးမှာတော့ ဆရာတော် ကိုယ်တိုင် တရားချီးမြှင့်ပါမည့် အကြောင်း လျှောက်ထားအပ်ပါသည်ဘုရား"

ဟု ဆွမ်းတကာက လျှောက်ထားလိုက်တော့သည်။

ထိုအခါ ဆရာတော်က...

"အေး... မင်းတို့တော့ ထုံးကွင်းတဲ့ဘက်ကိုချည့် အရှေ့ဘက် ထင်နေကြပြီ ထင်တယ်"

ဟု မိန့်ဆိုလိုက်လေသည်။

ဆွမ်းတကာက...

"မှန်ပါ... ထုံးကွင်းတဲ့ဘက် အရှေ့ဘက်ဆိုတာ အစိပ္ပါယ်နားမလည်ပါဘုရား... ရှင်းပြတော်မူပါအုံး ဘုရား"

ဟု လျှောက်ထားသည်။ ဇန်းမော်ဆရာတော်က အောက်ပါအတိုင်း ရှင်းပြတော်မူသည်။

*************

တခါက ရွာတရွာမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးပါးတောင်မသိသော လူတယောက် ရှိသည်။ ထို တောင်မြောက်လေးပါး မသိသည့်သူမှာ မိဘ၏ ဓနရှိန် အနည်းအကျဉ်းရှိသည်ဖြစ်၍ အရွယ်ရောက်ချိန်မှာ အိမ်ထောင်ရက်သား ကျခဲ့လေသည်။

ထိုသူမှာ မိဘအရှိန်နှင့်ဆက်၍ အိမ်တဆောင် မီးတပြောင်ခွဲကာ တောင်ယာအလုပ်ကို လုပ်ကိုင်ပြီး၊ နို့စားနွားမများလည်း မွေးထားသည်။ နွားနို့များညှစ်ယူပြီး အိမ်ကမိန်းမကရောင်းသည်။ အချို့ကို ခဲ၍ရောင်းသည်။ လင်ယောကျ်ားဖြစ်သူက တောသို့သွား၍ ထွန်ခြင်း၊ မျိုးကြဲခြင်းများကို ပြုလုပ်နေသည်။ နေ့ခင်းဘက်တွင် နို့စားနွားမများနှင့်တကွ ခိုင်းနွားများကို

www.myanmarcupid.net

ထိန်းကျောင်းရသည်။ ထိုသူလုပ်ကိုင်သည့် လုပ်ခင်းကိုင်တာ လယ်ယာချောင်းမြောင်းများမှာ ရွာ၏အနောက်ဘက်တွင်သာ အရှိများလေသည်။

ထိုသူမှာ တောင်၊ မြောက် လေးပါးပင် မမှတ်မိသောကြောင့် ယာနားနီး၊ လယ်နားနီးလုပ်ဘက်ချင်း နီးသူများနှင့်သာ သွားလာရသည်။ တခါတရံ တူသားနောင်မယ်များကို ခေါ်၍ သွားရ သည်။ တနေ့တရက်မဟုတ်ဘဲ နေ့ရက်တွေများလာသည့်အခါ အတူသွားလာ နေရသည့်သူများမှာ စိတ်ညစ်လာကြတော့သည်။ မယားလုပ်သူက အခြားလူတွေ စိတ်မပါတော့ဘဲ အားနာ၍သာ အဖေါ်လိုက်နေရကြောင်းကို သိသဖြင့်…

"တော်… အနောက်ဘက်ယာတောချည့် သွားသွားကျောင်းနေရတာ မြက်လဲရှိမှာမဟုတ်တော့ဘူး၊ နက်ဖြန်ခါ အရှေ့ဘက် သွားကျောင်းရမယ်၊ ဦးကြီးအေးတို့ ယာတောဘေးမှာ မြက်လဲပေါတယ်၊ စားကျက်လဲကျယ်တယ်" ဟု မယားဖြစ်သူက ပြောလေသည်။

လင်ဖြစ်သူက….

"အရှေ့ဘက်ဆိုတာ ငါမသိဘူး" ဟု ပြောသည်။

ထိုအခါ မယားဖြစ်သူက…

"တော်မှတ်သာထား နက်ဖြန်ခါကျရင် နွားတင်းကုတ် တိုင်မှာ ထုံကွင်းထားမယ်၊ အဲဒီ ထုံးကွင်း ထားတဲ့ဘက်ကို ကြည့်ပြီး နွားကျောင်းရမယ်"

ဟု ပြောလိုက်သည်။ နောက်နေ့တွင် လင်ဖြစ်သူမှာ ထုံးကွင်းကိုကြည့်၍ နွားတွေလွှတ်ပြီးကျောင်းသည်။ ရွာပြင်အရောက်တွင် တွေ့သောအဖေါ်ကို မေးမြန်း၍ ကျောင်းရမည့်နေရာအရောက် သွားကျောင်းရသည်။ ဒီလိုချည့် နေ့စဉ်နေ့တိုင်း ထုံးကွင်းမှတ်၊ နွားလွှတ်၊ အဖေါ်ရှာ နွားကျောင်းနှင့် ရက်တွေများခဲ့ရသည်။ စားကျက်တခုတည်းတွင် ထပ်တလဲလဲ နွားကျောင်းနေရ၍ မယားဖြစ်သူက မြက်ကုန်လောက်မှန်း အိမ်ကနေ၍ သိသည်။

www.myanmarcupid.net

မယားဖြစ်သူသည် သူ့လင်ယောကျာ်းကို အရှေ့ရပ်ဆိုသည်ကို မှတ်မိ၊ မမှတ်သိလို၍တကြောင်း၊ မမှတ်မိဘဲ ထုံးကွင်းရှိရာကို ကြည့်၍ နွားလွှတ်လျှင်လည်း ရယ်ချင်၍တကြောင်း၊ မယားဖြစ်သူက ထုံးကွင်းကို အနောက်ဘက်တင်းကုပ်တိုင်သို့ ပြောင်း၍ မှတ်သားထားလိုက်သည်။ လင်ဖြစ်သူမှာ ထုံးကွင်းကိုကြည့်၍ နွားတွေလွှတ်နေတော့သည်။

မယားက...

"တော် ဒီနေ့ဘယ်ဘက်သွားပြီး နွားကျောင်းမလဲ" ဟု မေးသောအခါ...

"ငါ အရှေ့ဘက်သွားကျောင်းမှာပေါ့" ဟုဖြေသည်။

ထိုအခါ မယားက...

"တော် တော်တော်အ–တဲ့လူဘဲ၊ အရှေ့၊ အနောက်၊ တောင် အခုထိ မမှတ်မိသေးဘူး၊ တော်နဲ့တော့ ကျုပ်ခက်ပါတယ်၊ ဒီလောက်တောင် အ– နေရသလား တော်ရင်လဲ အိမ်ကနေပြီး ကလေးမွေးနေ ပါလား"

ဟု ရယ်သွမ်းသွေး၍ ခတ်ငေါက်ငေါက်ကလေး ပြောလိုက်ရာ လင်ဖြစ်သူမှာ....

"ငါလဲ နင့်ထုံးမှတ်အတိုင်းတော့ ကြည့်သွားနေတာဘဲ၊ အရှေ့၊ အနောက် မှတ်စရာလိုသေး သလား"

ဟုပြန်ပြောသည်။

ထိုအခါ မယားက "တော် ဒီလောက်ကလေးတောင် မမှတ်မိတော့ဘူးလား၊ ထုံးကွင်းကိုသာ အားကိုးနေလို့ တော်ခက်တာပေါ့၊ အံ့ပါရဲ့တော် ကျုပ်ဖြင့် သေတောင်သေလိုက်ချင်ဘီ"

ဟုပြောလိုက်တော့သည်။ လင်ကတခါ...

"အေးပေါ့ဟာ... ထုံးကွင်းကိုချည့် ကြည့်မှတ်နေလို့ အရှေ့အရပ်ဆိုတာ မမှတ်မိတာပေါ့ဟာ"

www.myanmarcupid.net

ဟု ပြန်ပြောလေတော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က “အခုလဲ တကာတို့ဟာ ထုံးကွင်းလေးတွေဘက်ချည့် မှတ်နေလို့ ဘယ်ဖြစ်မလဲ၊ ဉာဏ်လေးများလဲကူပြီး၊ မှတ်ကြသားကြမှပေါ့၊ တရားဓမ္မဟောပြရာမှာလည်း ထုံးကွင်းမှတ်သည့်ဘက်ချည့် လုပ်၍မရဘူး၊ ထုံးကွင်းမှတ်ပြောင်း၍ အရပ်လွဲသလို၊ ဟောသခိုက် ကြား၊ သိရပြီး နေရာဌာန ပြောင်းလိုက်တာနဲ့ မေ့ကြတော့တာဘဲနော်” ဟု ပြောဆိုဆုံးမတော့သည်။

*************

www.myanmarcupid.net



# ချော့ဉ်သယ် မိအေးလို့ ဖြစ်မှာစိုးလို့

ဇန်းမော်ဆရာတော်၏ ကျောင်းတိုက်မှာ ဥပုသ်နေ့များတွင် ဥပုသ်သီတင်းစောင့်သုံးသူ၊ သီလဆောက်တည်သူများမှာ အများအပြား ရှိနေသည်ချည့်ဖြစ်သည်။

ဥပုသ်နေ့တနေ့တွင် အခါတိုင်း ဥပုသ်နေ့များကဲသို့ပင် ဥပုသ်သည်များမှာ ဆရာတော်ထံမှာ သီလခံယူကြသည်။ သီလခံယူပြီးနောက် ဆရာတော်က ဒါနကထာ၊ သီလကထာများကို အကျဉ်းမျှ လောက်ဟောသည်။ ဆရာတော်သည် တရားဟောရာ၊ ရေစက်ချရာများတွင် တိုတိုနှင့်လိုရင်းရောက်အောင် ဟောပြလေ့ရှိသည်။ ဆရာတော်က....

ဒါနတော ဘောဂဝါ၊ သီလတော မမုဒါ၊ ဟောတိ သုခိတာ

ဒါနကြောင့် စည်းစိမ်ဥစ္စာတိုးတက်ကြွယ်ဝပုံ၊ သီလကြောင့် ဝမ်းမြောက်ဝမ်းသာနှင့် ချမ်းသာသုခ ရရှိပုံတို့ကို အကျဉ်းချုံး၍ ဟောပြသည်။

စိတ္တံ ဒမေထ မေဓာဝီ၊

စိတ္တံ ဒန္တံ သုခါဝဟံ

www.myanmarcupid.net

စိတ်ကိုယဉ်ကျေးအောင် ဆုံးမရမယ်၊ စိတ်ယဉ်ကျေးအောင် ဆုံးမထားမှ ချမ်းသာကို ရှက်ဆောင် နိုင်ကြောင်းတို့ကို အကျဉ်းမျှ တောပြပြီးနောက် အဘိဓမ္မာကို အကျဉ်း ဆုံးသတ်လိုက်သည်။ ဆရာတော်က "ကဲ… အာရုံပြုကြ၊ အာရုံပြုကြ" ဟုပြောပြီး မောင်းထောင်ချိုင့်ပေါ်မှ ရေခွက် နီးဖလားအနီကို လှမ်းဆွဲလိုက်သည်။

ရင်းလည်းရင်းနီးပြီး ရေစက်ခွက်လည်းကိုင်ထားသည့် တကာတယောက်က ဆရာတော် ရေသောက်နေစဉ် "ဆရာတော်… ဒီနေ့ ရေစက်တော့ ရှည်ရှည်ချပါဘုရား" ဟု လျှောက်ထား လိုက်သည်။

ရေသုံးဆောင်ပြီးသော ဆရာတော်က "အေး… ငါက မင်းတို့ သီလယူတဲ့လူတွေထဲမှာ ချောဦသယ် မိအေးများ ပါနေမလားလို့ အတိုချုံး ချုံးပြီး ဟောရ၊ ပြောရတာ၊ ဘုန်းကြီးဘက်ကလဲ ဒီနေ့တော့ အချိန်ရပါတယ်။ ရှည်ရှည်ကြိုက်ရင် ရှည်ရှည်ဟောမှာပေါ့" ဟု မိန့်လိုက်လေသည်။

"မှန်ပါ… ချောဦသယ် မိအေးပါနေမလားလို့" ဆိုတာ တပည့်တော်များနားမရှင်း၍ ရှင်းလင်းမိန့် ကြားပါအုံးဘုရား" ဟု ထိုတကာကပင် ဆက်၍ လျှောက်ထားသောကြောင့် ဆရာတော်က အောက်ပါပုံပြင်ကို ဆက်လက် မိန့်ကြားတော်မူသည်။

*************

ရှေးကရွာတရွာမှာ ချောဦလုပ်၍ ရောင်းစားသူ ချောဦသယ် မိအေးရယ်လို့ရှိတယ်။ ချောဦတောင်း ခေါင်းပေါ်တင်ပြီး နေ့စဉ်ပင် ရွာစဉ်လျှောက်ရောင်းရသည်။ အရောင်းမသွားခင် အိမ်တွင် ကျန်ရစ်မည့် လင်နှင့်သားသမီးများစားရန် ထမင်းဟင်းကိုလည်း ချက်ခဲ့ရသေးသည်။ မိအေးကတော့ ရောက်လေရာရွာမှာ ကြုံသလို အသိအကျွမ်းများ အိမ်တွင် စားသောက်ရသည်။ ညနေစာကို မိအေးပြန်ရောက်မှ ချက်ရသည်။ မိအေးကား ချောဦရောင်းသွားရပေမဲ့ နို့စို့အရွယ် ကလေးငယ်ရှိနေ၍ စိတ်ကတော့ မဖြောင့်ပေ။ မိအေး အချိန်နှင့်မရောက်သောအခါတွင် ကလေးငယ်မှာ



www.myanmarcupid.net

နို့အင်မတန် ဆာလောင်နေ၍ အမျှင်ရှည်ငိုနေတက်လေသည်။ ကလေးငိုချင်းရှည် ငိုနေစဉ် လင်ဖြစ်သူ အလုပ်ခွင်မှ ပြန်လာ၍ ကြုံနေလျှင် မိအေး အဆူအကြိမ်း ခံရတက်သည်။ "ဒီကောင်မ ကလေးနို့ဆာတက်မှန်း ငိုမှန်းမသိဘူးလား၊ ချော့ကုန်ကုန်၊ မကုန်ကုန် အချိန်တန် ရောက်အောင် ပြန်မလာဘူး" ဟု ဆူတက်ပြီး ကလေးအား ပွေ့ချီချော့မော့ကာ "ရော့... နင့်ဒွေးလေး နို့ကို သွားတိုက်" ဟု ကလေးထိန်း သမီးအကြီးအား ပေးလေ့ရှိသည်။

မိအေး ရွာစဉ်လျှောက်၍ ချော့ရောင်းသည်။ တရွာဝင် တရွာထွက်နှင့် လှည့်လည်ရောင်းချနေသည်။ တရွာနှင့်တရွာ ငါးရတွင်း (မိုင်ဝက်ခန့်) ဝေးသည်။ ရွာတရွာအဝင်တွင် စည်တော်သံနှင့် ဗျောသံ၊ ဗုံသံတို့ကို မိအေးကြားရသည်။ ထိုအခါမှ မိအေးမှာ မနေ့ကအိမ်မှ ကိုထွန်းတင်၊ မကျော့ တို့အလှူဘိတ်စာရထားသည်ကို သတိရတော့သည်။ ဒီအခါမှ မိအေးက "အင်း... ဒီကောင်မ အလှူဝင်ကူပြီး ထမင်းစားအုံးမှဘဲ" ဟု တွေးမိသည်။ တောကျေးလက်တို့၏ဓလေ့မှာ သာရေး၊ နာရေးတွေမှာ ၂–ကျပ်၊ ၅ကျပ် စသည်ဖြင့် ဆွေမျိုး မိတ်သင်္ဂဟများက ကူညီထောက်ပံ့ကြလေ့ ရှိကြလေသည်။

ချော့သယ်မိအေးမှာ အလှူ့အမမိကျော့နှင့်လည်း ခင်မင်ရင်းနှီးသူ ဖြစ်သည်။ ချော့တောင်းကို အခြားရင်းနှီးသည့် အိမ်မှာထားခဲ့ပြီး အလှူ့အမမိကျော့တို့ မဏ္ဍာပ်သို့ သွားသည်။ မိအေး၏ အဝတ်အစားများမှာ အိမ်နေသည်ထက် အနည်းငယ် သန့်ရှင်းစင်ကြယ်သော်လည်း ကပ်ကပ်သပ်သပ် ချွေတာပြီး ဝယ်ထားရသည်။ အလှူ့အတန်းရှိမှသာလျှင် ဝတ်သောအဝတ်အစား မဟုတ်၍ အနည်းငယ်တော့ ကျုံ့သည်။ သို့သော် မိအေးက ဈေးရောင်းရင်းလည်းဖြစ်၊ ရင်းနှီးသူချင်းလည်းဖြစ်၍ အားမငယ်လှပေ။

www.myanmarcupid.net

မိကျော့တို့မဏ္ဍာပ်သို့သွား၍ အလှူ့အမမိကျော့နှင့် ပထမ တွေ့ဆုံသည်။ မိကျော့က...

"ကောင်မ အလှူလိုက် သက်သက်ဘဲမို့လား" ဟု မေးသည်။

မိအေးက "ဘုရားဖူးရင်း ကြွက်တူးရင်းပေါ့အေ" ဟုဖြေသည်။

"ဒါဖြင့် ညည်းချောဉ်ရောင်းရင်းဘဲနဲ့ဘဲတူတယ်"

"အေး... ညည်းထမင်း များများစား၊ ပြီးတော့ ဒို့အလှူမှာ ဒီကနေ့ မုံရွာက တရားဟော ဓမ္မကထိကဆရာတော်တပါးကို အလှူတကာ ကိုအဝှာကြီးက အထူးပင့်ထားတယ်၊ အဲဒါ ညည်းတရားနာပြီးမှ ပြန်နော်"

ဟု အလှူ့အမ မိကျော့က အလှူတွင်း စိတ်များနေရင်းက ပြောသည်။

ချောဉ်သယ်မိအေးကလည်း မိကျော့ပြောတာ မှန်သည်။ ငါဆက်ဈေးဆက်ရောင်းနေလို့တော့ မတော်သေးဘူး၊ တရားနာပြီးမှဘဲ ဆက်ရောင်းတော့မည်ဟု တွေးရင်း ဆုံးဖြတ်မိတော့သည်။

အလှူတကာမှာ တရားဟော ဓမ္မကထိကကို အထူးပင့်ထားသည်ဖြစ်၍ တရားစောစောနာရန် သံဃာစင်ပေါ်ရှိ ဦးမင်းသားချင်းလည်းဖြစ်၊ ရွာကြက်သရေဆောင် ကျောင်းတကာတယောက်လည်းဖြစ်သူကို အလှူတကာက ဘုန်းကြီးပင့်ဘို့ သတိပေးသည်။

ထိုကျောင်းတကာက "နေပါအုံးကွ စောပါသေးတယ် ဘုန်းကြီးတွေ အခုမှ ဆွမ်းစားပြီးစ ကျိန်းတုံးရှိကြအုံးမှာပါ" ဟုပြောလေသည်။

"မစောတော့ဘူးဗျ သံဃာစင် ပြင်ခင်းအုံး၊ ကန်တော့ပွဲတွေ ဆင်အုံးနဲ့ တနာရီကျော်သွားမှာဘဲ" ဟု ပြောသည်။

ကျောင်းတကာက "အေးပါကွာ" ဟုပင် အဖြေပေးလိုက်ရတော့သည်။

မကြာမီပင် သံဃာတော်တွေ ကြွလာပါပြီ။ တရားနာပရိသတ်မှာလည်း ဓမ္မကထိကအကျော် ဖြစ်သဖြင့် မဏ္ဍာပ်နှင့် အပြည့်အလျှံ ဖြစ်နေသည်။

www.myanmarcupid.net

ချော့သယ် မိအေးလည်း အလှူတကာ အလှူအမတို့နှင့် သိပ်မကွာလှသော ၄–၅ယောက်ခြားနေရာတွင် နေရာယူထားသည်။

တရားဟော ဓမ္မကထိကဆရာတော်သည် မဟောထေရ်ကြီး၏ အမိန့်ကိုနာခံပြီး တရားဟောပလ္လင် ပေါ်သို့ ကြွလာပေပြီ။ တရားနာပရိသတ်များမှာ ဦးတခါကုန်းချ၍ ကန်တော့ကြပြန်သည်။

တရားဟော ဓမ္မကထိက သီလပေးခြင်း၊ သံဃာတော်များ ပရိတ်ရွတ်ဖတ်ခြင်း၊ အလှူသက်န်း ကပ်လှူခြင်းတို့ ပြီးဆုံးသည့်နောက်၊ ဓမ္မကထိကဆရာတော်က ဘုရားပင့်၍ တရားကို စဟောလေသည်။ တရားနာ ပရိသတ်များမှာ အတော်ငြိမ်သက်၍ နေသည်။ ဓမ္မကထိကမှာ အသံကောင်း ရုပ်ချော၍ ပရိတ်သတ်များမှာ တရားစဉ်နောက်သို့ မျောပါနေကြသည်။ တရားဟော ပုဂ္ဂိုလ်မှာ “ရာဟုလာ အမွေတောင်းခန်း” ကို ပိုင်ပိုင်နိုင်နိုင် ဟောနေသည်။ မြတ်စွာဘုရား ကပိလဝတ်ရွှေနန်းတော်သို့ ပြန်အကြွတွင် ယသော်မောင် နန်းရွှေစင်က မြတ်စွာဘုရား ကျေးဇူးသိတက်လျှင် သူ့၏အဆောင်ခန်းထဲ ကြွလာလိမ့်မည်ဟု မှုပုံနွဲ့ပုံ ဘုရားရှင် ယသော်ဓရာ အခန်းတွင်း ကြွရောက်သည်နှင့် တပြိုင်နက် သလွန်ညောင်စောင်းမှ တအားပစ်ဆင်းပြီး ဘုရားရှင်၏ ခြေဖမိုးတော် အပေါ်မှ ဆံပင်များ ဖားယားဖြန့်ကျပြီး ယသော်ဓရာ မျက်နှာနှင့်အပ်ကာ မျက်ရည်တွေတွေဆင်း၍ ငိုပွဲဆင်ပုံ၊ ၆–နှစ်ကျော် ပစ်မှန်းသွားတဲ့ ဘုရားရှင်ကို မျက်ရည်နှင့်မျက်ခွက်မပြတ်ခဲ့ပုံတို့ကို ယသော်ဓရာက ငိုကြွေးမြည်းတမ်းပြီး လျှောက်ထားပုံတို့ကို ပရိသတ်များမှာ စိတ်အာရုံနောက်က လိုက်နေကြသည်။

ချော့သယ်မိအေးကား တရားနောက် အာရုံရောက်သော်လည်း အစဉ်အမြဲမရောက်နိုင်ရှာပေ။ ချော့ကလည်း ရောင်းမကုန်သေး၊ အိမ်ကျန်နေသည့် ကလေးကလည်း နို့စို့ဖြစ်သဖြင့် စိတ်ကမအေးဘဲ “တရားကလည်းကောင်း ဘုန်းကြီးကလဲ တရားမဆုံးနိုင်” ဟု စိတ်ထဲမှ အောက်မေ့သည်။ မိအေးကား တရားဟောနောက်ပိုင်းတွင် ရှေ့ပိုင်းလောက် စိတ်မဝင်စားနိုင်တော့ဘဲ ချော့သာစိတ်က လျှောက်ရောင်းနေတော့သည်။

www.myanmarcupid.net

တရားဟော ဓမ္မကထိက တရားကို အဆုံးသတ်ပြီး "ဟူ၍ ဆုတောင်းကြကုန်" ဟု အဘိဓမ္မာကို တပါတည်း သတ်လိုက်သည်နှင့် တရားနာ ပရိသတ်များမှာ ကန်တော့ကြသည်။ မိအေးစိတ်ကတော့ တရားထဲလုံးလုံးမရှိတော့ အိမ်ကျန်နေသည့်ကလေးနှင့် ချစ်သာ အာရုံရောက်နေတော့သည်။

အလှူတကာအား ရေစက်ခွက်အနီးမှာထားပြီး ဓမ္မကထကဆရာတော် ရေစက်ချရာသို့ အာရုံစူးစိုက်နေသည့် ဓမ္မကထိကက တကာကြီး ရေစက်ခွက်ကိုင်တော့ဟု သတိပေးပြီး ဆရာတော်က ဆက်ရေစက်ချသည်။ ဓမ္မကထိက ဆရာတော်၏ ရေစက်ချသံ ဆုံးသည်နှင့် တပြိုင်နက် အလှူ့တကာက အမျှ… အမျှ… အမျှ ယူတော်မူကြပါခင်ဗျားဟု သုံးကြိမ်ခေါ်ပြီးသည့် အချိန်တွင် တရားနာ ပရိသတ်အားလုံးက သာဓု… သာဓု… သာဓု ဟု တပြိုင်တည်း ခေါ်လိုက်ကြသည်။

ချစ်သယ်မိအေးကလည်း သာဓုထဲ စိတ်မရောက်ဘဲ ပရိသတ်များ ခေါ်ဆိုလိုက်သည့် သာဓုသံများကို လွှမ်းအုပ်လျက် "ကျုပ် ချစ်ကလေးလဲ ဝယ်ကြပါအုံးတော်ရို့" ဟု ကျယ်လောင်စွာ အော်လိုက်မိတော့သည်။

ပရိသတ်များ ကြောင်၍သွားကြသည်။ မိအေးကား ရှက်ပြုံးပြုံးလျှက် ဓမ္မကထိကကလဲ တရားဟောကောင်း၊ ချစ်ကောင်းကြောင်းလဲ အော်လိုက်ရတာဘဲ ပြောတော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က အခုလဲ "မင်းတို့ ဥပုသ်သည်တွေထဲ ချစ်သယ်မိအေးများပါနေမလား" ဟု ပြောဆိုမိန့်ကြားလေသည်။

*************

www.myanmarcupid.net



# သူများအပြစ်ကိုချည့် မကြည့်နဲ့

ဗန်းမော်ဆရာတော်နှင့်တကွ အခြားဆရာတော်များပါ ပြောလေ့ပြောထရှိပြီး အများသိရှိမှတ်မိနေသည့် ပုံပြင်တခုပင်ဖြစ်သည်။ ထိုပုံပြင်ကို ကျောင်းသား၊ ကိုရင်များအား....

"မင်းတို့ သူများချည့် အပြစ်တင်၍မဖြစ်၊ ကိုယ့်ဟာကိုယ်လဲ ပြန်ကြည့်ရတယ်"

ဟု ပြောဆိုဆုံးမရာတွင် အောက်ပါပုံပြင်ကို ဆရာတော်က ပြောပြလေသည်။

*************

ရှေးကရွာတရွာတွင် ဖိုးသူတော်တပါးသည် တရားဓမ္မကို အနည်းငယ်ကျင့်ကြံအားထုတ်ပြီး နေလေ့ရှိပေသည်။ ရွာသူရွာသားများထံတွင် အလှူခံလိုက်ရသည့်အခါ စားလိုက်၊ အလှူခံမရသောအခါ ယာခင်း၊ ချောင်းခင်းသွား၍ လူတွေ့လျှင် အလှူခံပြီး လူမတွေ့လျှင် လစ်၍ စားသုံးတက်သည့် အလေ့ရှိသည်။



www.myanmarcupid.net

တနေ့သော် ဖိုးသူတော်သည် အလျူခံ၍ မရသည့်အခါနှင့် ကြုံနေ၍ သူထိုင်သည့် ကျောင်းသင်္ခမ်းနှင့် မနီးမဝေး၌ရှိသော ပြောင်းဖူခင်းသို့သွားရောက်ပြီး ပြောင်းဖူးများကို ချိုးယူ၍ ပါလာသည့် အိတ်တွင်းသို့ တဖူးပြီးတဖူး ထည့်သွင်းနေလေသည်။ ဖိုးသူတော်က အချို့ ပြောင်းဖူးများကို ချိုးမယူမီ စမ်းကြည့်သည်။ အစေ့၊ အခွံတင်း၍ ရင့်မည်ထင်ရသော အဖူးများကိုယူသည်။ စိတ်မသင်္ကာသော အဖူးများကို ဖြဲ၍ကြည့်ရာ အများအားဖြင့် ဖိုးသကြံခေါ် အစေ့ကြဲများသာ တွေ့နေရသည်။ ဖိုးသူတော်သည် ယာခင်းရှင် မရောက်ခင်ဖြစ်၍ ခတ်သွက်သွက် ချိုးယူနေခြင်း ဖြစ်သည်။

ယာခင်းရှင်တွေမြင်သွားက ဦးသူတော် လောဘကြီးလှချေလားဟု ဆိုမှာလည်းတွေး၍ ကြောက်နေသည်။ ဦးသူတော်က ချိုးပြီးသား လွယ်အိတ်တွင်းမှ ပြောင်းဖူးတွေကို ကြည့်ရင်းဖြင့်...

"ပြောင်းဖူးခင်းရှင်နှယ်ကွာ၊ ပြောင်းဖူးတောင် အောင်အောင်မြင်မြင် အစေ့ကြပ်ကြပ်ဖြစ်အောင် မကြံနိုင် မစိုက်နိုင်ဘဲကိုး၊ ငါသူတော် လုပ်နေလို့ ငါလိုကောင် လုပ်ပြလိုက်ချင်စမ်း၊ နည်းလမ်းမှ မသိဘဲနဲ့ ဒီကောင်တွေ၊ မိုးဦးကျကျခြင်း ထွန်စိပ်ခေါ်တဲ့ခုနစ်သွား ငါးသွားပူးတွေနဲ့ နာနာတိုက်ပစ်ရတယ်၊ ပထမဆုံးမိုးရွာရွာပြီးပြီးချင်း နေအပူမှာ မြေကြွနေတယ်၊ နောက်တမိုး မလိုက်ခင် မြေကျော မစေ့သေးဘူး၊ အဲဒီအချိန်မှာ ၃-သွား၊ ၄-သွားတို့နဲ့ အစပ်များများရအောင် နာနာထွန်ရတယ်၊ မှုံနေအောင်ထွန်နိုင်လေ ကောင်းလေဘဲ၊ မင်းတို့ခေတ်ရောက်မှ ထယ်တွေ ဘာတွေသုံးနေတာ၊ ငါတို့လုပ်ခဲ့တုံးက ထွန်နဲ့ချည့်ဘဲ၊ ထွန်ရေးကျေနပ်လောက်ပြီဆိုတော့ မိုးအဝင်အထွက်ကြည့်ပြီး စိုက်လိုကစိုက်၊ ကြဲလိုကကြဲ အပင်အရက် ၂၀-သားလောက်မှာ ငါးသွားကြဲထွန်ကို ထွန်သွားသေးသေးတက်ပြီး ခတ်ချွေချွေနှစ်စပ် မှုံးရတယ်၊ ဒီလိုမှုံးလိုက်တော့မှ အပင်ရင်းတွေမှာ ထွန်ရေးရောက်ပြီး လဲနေတဲ့အပင်တွေလဲ ကုံးကွထတယ်၊ အဲဒါမှ ပြောင်းဖူးကြီးတွေ အဖူးလဲသန်၊

www.myanmarcupid.net

အစေ့လဲအောင်မြင်တယ် ငါလုပ်ပြလိုက်ချင်တယ်ကွာ” ဟု ဦးသူတော် တယောက်ထဲ ပြောနေတုံးမှာပင် ပြောင်းဖူးခင်းရှင်က ပုန်းကွယ်နေရာမှ ထလာတော့သည်။

“ဘယ့်နှယ်... ဦးသူတော် ခေတ်သစ်စိုက်ပျိုးရေး နည်းပြဆရာတွေထက်တောင် ပိုပိုင်နေပါလား၊ ပြန်ပြောစမ်းပါအုံးဗျ အခုနပုန်းနေရာကမို့လို့ မကြားတကြား ဖြစ်နေတယ်၊ မလောက်မငှဖြစ်နေရင်လဲ ထပ်ချိုးအုံးပေါ့” ဟု ယာခင်းရှင်က ဦးသူတော်အား ပြောလိုက်ရာ...

“အေး... ငါဒီနေ့တော့ အချိန်လဲမရတော့ဘူး၊ နေလဲမြင့်လှဘီ ဒီကရောက်မှ ကျောင်းမှာ ပြုတ်စားရမှာ၊ အခုန ငါ့စိတ်ထဲရှိတာတွေ အတွေ့အကြုံတွေလိုချင်၊ သိချင်ရင်တော့ ခဲတံနဲ့ စာအုပ်ယူပြီး ငါ့ဆီလာပြီး မွန်းမံသင်တန်းတက်လှည့်ပေါ့” ဟု ဦးသူတော်က ပြောလိုက်သည်။

“အမှန်ကတော့ ဦးသူတော်ရေ စိုက်ပျိုးရေး နည်းစနစ်တွေ ကောင်းနေပေမဲ့ မိုးကအရေးကြီးတယ်ဗျ၊ အနှံထွက်စထဲက မိုးကမရွာတာ အခုထိပဲဆိုပါတော့၊ အနှံထွက်စဟာ မိုးအလွန်အရေးကြီးတယ်ဗျ၊ အခု အောက်မှာကြည့်စမ်းပါအုံး မြေကြီးတွေဟာ ပတ်ကြားအက်နေတာဘဲ” ဟု ယာခင်းရှင်က ပြောသည်။

“အေး.... ဟုတ်သားဟ မြေကြီးတွေ ပတ်ကြားအတ်လို့ ပြောင်းဖူးတွေ မသန်တာလဲ ပြောရော မြေကြီးကလဲ မြေကြီးဘဲ ဘာကြောင့်များ ဒီလောက်အက်ရပါလိမ့်”

“ဦးသူတော် ကျုပ်မြေကြီးကို အပြစ်မဆိုနဲ့လေ၊ ကျုပ်အက်ချင်လို့အက်ရတာမဟုတ်ဘူး၊ မိုးမှမရွာဘဲ မိုးရွာချရင် ကျုပ်မြေကြီးက အက်ပါဆိုလို့မအက်ဘူး၊ မိုးကိုသာ အပြစ်ဆိုတော့” ဟု မြေကြီးက ဦးသူတော်အား ဖြေလိုက်သည်။

www.myanmarcupid.net

ဦးသူတော်သည် မိုးကိုမော့ကြည့်နေသည်။ "မိုးကလည်း အဟုတ်သားဟ မိုးရိပ်မိုးသားဆို ကြက်မတဝပ်စာတောင်မရှိဘူး၊ ပင်လယ်ကမ်းခြေနဲ့နီးတဲ့ မဟုတ်တဲ့ရွာတွေမှာသာ ရွာရွာနေတယ်"

"အေး... ငါ့မိုးကိုလာပြီး အပြစ်မဆိုလေနဲ့ ဦးသူတော်၊ ဦးသူတော်တို့လူ့ပြည်မှာ အုပ်စိုးတဲ့မင်းက မင်းကျင့်တရား ဆယ်ပါးနဲ့ပြည့်စုံမှ မိုးကရွာတာ၊ ကျုပ်မိုးကို အပြစ်မဆိုပါလေနဲ့၊ မင်းကိုသာ သွားဆိုချေ" ဟု မိုးကပြောလိုက်သည်။

ဦးသူတော်က "အင်း.... ဒါလဲဟုတ်မှာဘဲ" ဟု ဆိုပြီး အုပ်စိုးသည့်မင်းထံ သွားရောက်သည်။ ဦးသူတော်က ဘုရင်မင်းထံရောက်သည်တွင် ဖြစ်ကြောင်းရယ်မှကုန်စင် အစုံအလင် ရှင်းပြတော့ သည်။ ထို့နောက် ဘုရင်မင်းကြီးက ဦးသူတော်ကိုပြန်၍မေးသည်။

"နေစမ်းပါအုံး ဦးသူတော် မိုးမရွာတာ ဘယ်သွားကြည့်လို့ သိရတာလဲ" ဟု မင်းကြီးကမေးသည်။ ဦးသူတော်က "ကျွန်ုပ် သူများပြောင်းဖူးခင်း သွားပြီး ချိုးမိတာကနေပြီး မိုးမရွာမှန်း သိခဲ့တာဘဲ" ဟု ဖြေသည်။ ထိုအခါ ဘုရင်ကြီးက "အေး... ဦးသူတော် ကိုယ်တိုင်ကမှ သူတော်ကောင်းလုပ်နေပြီး မကျင့်ဘဲကိုး၊ သူများမျက်ချေးချည့်ကြည့်လို့မရဘူး၊ ကိုယ့်ကိုယ်ကိုလဲ ပြန်ကြည့်အုံးပေါ့" ဟု ဘုရင်ကြီးက ပြောလိုက်တော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က တပည့်များအား "မင်းတို့လဲ သူများအပြစ်ကို အရင်မကြည့်နဲ့ ကိုယ့်အပြစ်ကိုလဲ ကြည့်ရတယ်" ဟု မိန့်တော်မူလိုက်သည်။

*************

www.myanmarcupid.net



# တူရွင်းစောက်ဟင်းခါး

ဇန်းမော်ဆရာတော်သည် နေရာမရွေး၊ အချိန်မရွေး၊ စကားစပ်ဆိုက်လာရာကို စကားပုံ တခုခုဖြင့်သော်၎င်း၊ ပုံပြင်တခုခု ဖြင့်သော်၎င်း၊ ဥပမာ–ဥပမေယျတို့ဖြင့်၎င်း၊ တကာ၊ တကာမများကို ဖြစ်စေ၊ ကျောင်းရှိ တပည့်များကိုဖြစ်စေ၊ ပြောပြတက်သော အလေ့ရှိသည်။

တကာ၊ တကာမများကို ပြောပြရာ၌ ပီပြင်ထင်ရှားစေလို၍ဖြစ်သည်။ တပည့် ရဟန်း သာမဏေများ ကို ပြောပြရာ၌ ပီပြင်ထင်ရှားစေလို၍ မဟုတ်မှုဘဲ စကားအရာ လိမ္မာကျွမ်းကျင်စေလို၍တကြောင်း၊ နောင်တချိန်ဆရာလုပ်၍ ဟောပြောပြသရာ၌ ပုံကိုနှိုင်းခိုင်းတက်ခြင်း၊ စကားတန်ဆာ ဆင်တက်ခြင်း၊ စသည်တို့ကို တက်သိရန် ခမ္မကထိက သင်တန်းပေးလို၍တကြောင်း၊ ပုံပြင်များကို ဆရာတော် ပြောပြခြင်းဖြစ်သည်။

(အမှာစကားရပ်။ ။ ဤနေရာ၌ ဥပမာ–ဥပမေယျ ဟူသော စကားလုံးများ ပါရှိလာပေသည်။ မည်သည့်အရာကို ဥပမာ၊ မည်သည့်အရာကို ဥပမေယျ ဟုခေါ် သည်ကို သိဘို့လိုလာပါသည်။ ဥပမာ–

www.myanmarcupid.net

ဥပမေယျ စသည့်လေးမျိုးကို အတ္တနောမတိ မိမိဉာဏ်မှီသမျှ ခွဲခြားပြလိုပေသည်။)

ဥပမာ–ဥပမေယျ ဟူသောစကားများကို အများနှုတ်ဖျားမှာ ပြောဆိုနေကြ စကားရိုး အသွင်ဆောင်နေပေသည်။ အမှန်မှာ "လွယ်မယောင်ယောင်နှင့် ခက်၊ တိမ်မယောင်ယောင်နှင့်နက်" ဆိုသည့်စကားများကဲ့သို့ လွယ်သလိုလိုနှင့်ခက်ရပြီ၊ တိမ်သလိုလိုနှင့် နက်သည့်စကားများဖြစ်ပါသည်။

ဥပမာ–ဥပမာန–ဥပမေယျ၊ ဥပမာ ဇောတက ဟု လေးမျိုးခွဲရပါသည်။ ထိုလေးမျိုးတွင်

(၁) နှိုင်းယှဉ်ခြင်းကြိယာ အမူအရာကို ဥပမာ ဟု ခေါ်ပါသည်။

(၂) နှိုင်းယှဉ်ကြောင်း အရာဝတ္ထုကို ဥပမာန...

(၃) နှိုင်းယှဉ်ခံရသည်ကို ဥပမေယျ၊

(၄) ဥပမာကို ပေါ်လွင်စေသော ထွန်းပြတက်သော (ကဲ့သို့) နှင့် (ပါဠိဘာသာအားဖြင့် ကူဝ) ဟူသော နိပါတ်ပုဒ်ကို ဥပမာ ဇောတက နိပါတ်ပုဒ်ဟု လေးမျိုးခွဲရပေသည်။

မိမိချစ်သူ၏မျက်နှာဟာ လမင်းကြီးနှင့် တူလိုက်တာ ဟူသော စကားရပ်တွင် ချစ်သူ၏မျက်နှာ ကြည်လင်ခြင်း၊ လှပခြင်း အမူအရာနှင့် လမင်းကြီး၏ကြည်လင်ခြင်း၊ ကြည့်မဝနိုင်ခြင်း အမူအရာတို့ တူညီသည့် ကြိယာ အမူအရာကို ဥပမာ ဟုခေါ် သည်။

လမင်းကြီးသည် ချစ်သူမျက်နှာနှင့် အနှိုင်းယှဉ်ခံရကြောင်းဖြစ်၍ ဥပမာန ဟု ခေါ် သည်။

မိမိချစ်သူ၏ မျက်နှာသည် လမင်းကြီးနှင့် အနှိုင်းယှဉ်ခံရ၍ ဥပမေယျ ဟု ခေါ်သည်။

www.myanmarcupid.net

နှင့်တူသော၊ ကဲ့သို့သော စကားများသည် (သို့မဟုတ်) နှိုင်းယှဉ်ခြင်း အမှုအရာများကို ပေါ်လွင်စေသော၊ ထင်ရှားစေသော၊ ထွန်းပြတက်သော "ကူဝ" စသော နိပါတ်ပုဒ်သည် ဥပမာ ဇောတက နိပါတ်ပုဒ်ဟု ခေါ် သည်။

ဥပမာ–ဥပမေယျ စသော လေးချက်ကို ဤမျှနှင့်ပင် အတ္တနောမတိ ခွဲပြလိုက်ရခြင်းဖြစ်ပါသည်။)

ဗန်းမော်ဆရာတော်၏ စောက်ချင်းတူပုံကို ဆက်ကြပါဦးစို့။ တနေ့ ဆရာတော်သည် အမှတ်မထင်ပင် အနီးရှိ ကျောင်းသား တယောက်အား ကပ်ကျေးအယူခိုင်းလိုက်သည်။ ထိုကျောင်းသားကလည်း ညှပ်လို့တော့ရမှာပဲဟု တွေးပြီး မီးညှပ်ကြီးကို ယူလာပြန်သည်။ ဤတွင် ဆရာတော်က ညှပ်၍ရတာခြင်းတော့ အတူသားပဲ မင်းဟာ ငါးကြင်းစောက်နှင့် တူရွင်းစောက်၊ စောက်ချင်း တူသလို ဖြစ်နေပြီဟု အောက်ပါပုံပြင်ကို ပြောပြတော့သည်။

ရှေးက ရွာတရွာမှာ လင်မယားနှစ်ယောက်ရှိတယ်။ လင်ဖြစ်သူမှာ အလွန်ရိုး၊ အလွန်အပြီး သတိလည်း အလွန်မေ့တက်သူဖြစ်သည်။ ဘာမဆိုပြီးမြောက်အောင်မလုပ်နိုင်ဘဲ တပိုင်းတစ တန်းလန်းချည့်ပင် ဖြစ်ဖြစ်နေသည်။ ထိုလူရိုးမှာ မိန်းမကလည်း ကိုယ်ဝန်အရင့်အမာ နေ့စေ့လစေ့ ဖြစ်နေ၍ ဘယ်အလုပ်မျိုးမဆို ပိုပြီးအရေးကြီးနေသည်။ မိန်းမမျက်နှာမြင်လျှင် သားယောကျ်ားလေးပင်ဖွားမည်လား၊ မိန်းကလေးပင် ဖွားမည်လားဟု တွေး၍လည်း ပျော်နေသည်။ စိတ်ထဲက သားယောကျ်ားလေး မွေးဖွားပြီး သားကိုချော့နေမိသည်။ တွေးရင်းလည်း အတွေးလွန်ပြီး ပြုံးမိသည်။ ထိုအခါ ဇနီးဖြစ်သူက...

"တော် ဘာတွေးပြုံးနေတာလဲ၊ ထင်းတို့ဘာတို့ အဆင်သင့် လုပ်ထားနော်" ဟု ပြောလိုက်သည့်အခါတွင် "အေးပါဟ" ဟု ပြုံးရွှင်စွာ ဝန်ခံတက်သည်။ ဇနီးဖြစ်သူမှာ သားဦး ယောကျ်ားလေးကို မွေးဖွားတော့သည်။ လင်လူရိုး၊ လူအမှာ ပြာပြာသလဲဖြစ်နေသည်။ ရေနွေးအိုး

www.myanmarcupid.net

အမြန်တည်နိုင်ရန်၊ မီးဖိုဆင်ခြင်း၊ ထင်းသယ်ယူခြင်း တို့ကို အရေးတကြီးပင် ပြုလုပ်နေသည်။ လက်သယ် အဒေါ်ကြီးလည်း သူလုပ်စရာရှိသည်တို့ကို အရေးတယူပင် ပြုစုနေသည်။ ဇနီး၏မိခင်နှင့် ဆွေမျိုးမိန်းမဖေါ်များလည်း အလုပ်ရှုပ်နေသော အချိန်ဖြစ်သည်။ ဒီလိုနှင့်ပင် နေဝင်သွားပြီး ညဘက်သို့ရောက်ခဲ့ရသည်။

နောက်တနေ့နံနက်တွင် မီးနေခန်းမီးဖိုတွင် မီးလှုံနေသောဇနီးဖြစ်သူက လင်ဖြစ်သူလူရိုးကြီးအား လှမ်း၍ပြောသည်။ "တော်ဒီနေ့မနက် ကြောင်ပန်းရွက်နှင့် ငါးကြင်းစောက် သွားရှာရမယ်၊ အဲဒါ ဟင်းခါးချက်သောက်မှ ခလေးနို့များများ စို့ရမယ်" ဟု လက်သယ်အဒေါ်ကြီးက ပြောသွားကြောင်းနှင့် လင်ဖြစ်သူအား ခိုင်းလိုက်သည်။ ဇနီးဖြစ်သူက ကြောင်ပန်းရွက်က ချောင်းအဆင်းက စည်းရိုးမှာရှိတယ်၊ ငါးကြင်းစောက်က ဦးကြီးဆရာအိမ်မှာ မေးကြည့်ဟု မှာလိုက်သေးသည်။

လင်လူရိုးက မှာသည့်အတိုင်း သွားရှာသည်။ ချောင်းအဆင်းစည်းရိုးက ကြောင်ပန်းရွက်တော့ မမှားဘဲရခဲ့သည်။ ငါးကြင်းစောက်ကို တမင်မေ့မှာစိုး၍ လမ်းသွားရင်းပင် တတွတ်တွတ် မြီခဲ့ရသည်။ သို့သော် ခလုတ်တိုက်မိပြီး မေ့ပျောက်ခဲ့ရသည်။ ငါးကြင်းစောက်အစား တူရွှင်းစောက်ရောက်ခဲ့ရသည်။ ကြောင်ပန်းရွက်နှင့် တူရွှင်းစောက်ယူဆောင်ပြီး အိမ်သို့ပြန်လာကာ မိန်းမမပြတော့ဘဲ ဟင်းခါးအမြန်ချက်သည်။ ချက်ပြီးသည်နှင့် တပြိုက်နက် မီးနေခန်းမှ ဇနီးသည်အား ထည့်ကျွေးသည်။ ဇနီးဖြစ်သူက "တော့ ဟင်းခါးကလဲ ချိုလဲမချိုဘူး ဘာစော်ကြီးနံမှန်းလဲမစိဘူး၊ သံစော်ကြီးလိုလိုဘဲ၊ တော့ဟင်းအိုး ယူခဲ့စမ်းပါအုံး" ဟု ခိုင်းလိုက်သည်။

လင်ဖြစ်သူက ချက်ခြင်းပင်ထ၍ ယူပေးသည်။ "အမယ်လေး... အမယ်လေး ဒီမှာတူရွှင်းစောက်ကြီးပါလား၊ ဒါကြောင့် သံစော်ကြီးနံတာကိုး၊ တော်သလောက်တောင် အ ရသလား၊ အ ကြီးစွဲကြီးရဲ့" ဟု ဇနီးဖြစ်သူက မျက်နှာမသာမယာ ငိုသံပါနှင့် ပြောလိုက်လေသည်။ လင်ဖြစ်သူက

www.myanmarcupid.net

"စောက်ချင်းတူလို့ လွဲတာဟေ့" ဟု ပြောလိုက်တော့သည်။ မယားဖြစ်သူက တဖန် "စောက်စောက်ချင်း တူ၊ တူနိုင်ရန်ကော" ဟု မျက်စောင်းကလေးခဲ၍ ငေါက်လိုက်သေးသည်။ လင်ရိုး လင်အ ဖြစ်သူမှ ပြုံးဖြဲဖြဲသာလုပ်၍ နေရတော့သည်။

အခုလဲ မင်းတို့ ညှပ်ချင်းတော့တူပါရဲ့ ဟု ဗန်းမော်ဆရာတော်က တပည့်များအား မိန့်တော်မူလိုက်သည်။

*************

www.myanmarcupid.net



# အံ့ပါရဲ့ကွာ

ဗန်းမော်ဆရာတော်သည် စိတ်ကောင်းစေတနာ အမှန်ထားရှိတက်ရန် အရေးကြီးကြောင်း ဆုံးမလေ့ရှိသည်။ လူလူ၊ ဘုန်းကြီးဘုန်ကြီး၊ ကျောင်းသားကျောင်းသား၊ ယောနိသောမနသီကာရ ခေါ် နှလုံးသွင်းသင့်တင့်အောင် နေတက် ထိုင်တက်၊ ပြောတက်ဘို့လိုကြောင်းတို့ကို ဆရာတော်က တပည့်များအား မိန့်ကြားလေ့ရှိသည်။

ဆရာတော်က ကျောင်းသား ကိုရင်များနှင့် လုပ်ကိုင်ပြောဆိုရင်းပင် အောက်ပါအဖြစ်အပျက်တခုကို စကားညှပ်၍ ပြောလိုက်လေသည်။

*************

ရှေးအခါက ရွာတရွာမှာဘုန်းကြီးတပါးကျောင်းထိုင်သည်။ ထိုဘုန်းကြီးမှာ တကာ၊ တကာမ အကိုးကွယ်အဆည်းကပ်နည်း၍ ကျောင်းသားများကို ကျောင်းမှာမထားကြပေ။ ရွာသူရွာသားတို့မှာ ဘုန်းကြီး၏ စာပေသင်ကြားမှု ပေါ့ဆသောကြောင့် မိမိတို့၏ သားသမီးများကို အခြားဘုန်းကြီးကျောင်းသို့ သွားရောက် ထားကြသည်။

www.myanmarcupid.net

ထိုဘုန်းကံနည်းလှသည့် ဘုန်းကြီးကျောင်းတွင် မရှောင်သာသော မိဘကထား၍ သာဂိဆိုသော ကျောင်းသားတဦးသာ ရှိလေသည်။ ဘုန်းကြီးနှင့် ကျောင်းသားမှာ နေ့စဉ်ပင် ရွာတွင်းသို့ ကျောင်းတံခါးပိတ်ပြီး ဆွမ်းခံထွက်ရသည်။ အိမ်စဉ်လျှောက်၍ ဆွမ်းခံကြွရာ အချို့အိမ်မှ ဆွမ်းချည့်လောင်းသည်။ တချို့အိမ်က ပဲပြုတ်၊ တအိမ်က ငါးပိရေ၊ နောက်တအိမ်က တို့စရာ ဟင်းရွက်ပြုတ် လောင်းကြ၍ ဘုန်းကြီးနှင့် ကျောင်းသား သာဂိမှာ စိတ်မရွှင်လန်းကြပေ။ တအိမ်က လောင်းလှူလိုက်တိုင်း ဆွမ်းဟင်းကို အကဲခတ် ကြည့်ကြသည်မှာ တမောတပမ်းပင် ဖြစ်နေကြသည်။ အလိုလိုက အကြည်ညိုနည်းပြီးဖြစ်၍လည်း အိမ်တိုင်းက ဆွမ်းဟင်းကို မလောင်းကြခြင်းဖြစ်သည်။

ရွာနှံ့ခါနီး နောက်ဆုံးအိမ်တအိမ်ကသာ စေတနာထားပြီး ဝက်သားဟင်းတခွက်ကို လောင်းလှူ လိုက်သည်။ ထိုသို့ လောင်းလှူလိုက်သည်တွင် ဘုန်းကြီးနှင့်ကျောင်းသားမှာ အထူးဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

ကျောင်းသို့ပြန်ရောက်ကြသောအခါ ဘုန်းကြီးက ရေမိုးချိုးပြီး တပည့်မောင်သာဂိက ပန်းကန်များဆေးကျော၍ ဆွမ်းပြင်ရပေသည်။ ဆွမ်းပြင်ဆင်ပြီးသောအခါ သီးသန့် ဆွမ်းတော်တင်ပွဲတွင် ရွာထဲမှနောက်ဆုံး လောင်းလှူလိုက်သည့် ဝက်သားဟင်းတခွက်လုံးကို ထည့်၍ကပ်လိုက်သည်။

ဘုန်းကြီးကား ရေချိုးပြီး ဆွမ်းစားပွဲတွင် အကပ်ခံသည်။ နောက်လက်များဆေးပြီး ဆွမ်းစားဇလုံသို့ လက်နှိုက်လျှက် နောက်ဆုံးလောင်းသည့် ဝက်သားဟင်းခွက်ကို မျက်စောင်းထိုး၍ ရှာနေသည်။ ပဲပြုတ်၊ ငါးပိရေ၊ ဟင်းရွက်ပြုတ်တို့သာ တွေးနေရသည်။ ဘုန်းကြီးမှာ ဝင်သားဟင်းကို ရှာမတွေ့တော့ပေ။

www.myanmarcupid.net

"ဧကန် ဒီကောင် သူချည်းစားရအောင် ဟင်းခွက်ကို ဝှက်ထားမှာဘဲ" ဟု တွေးမိပြီး သာဂိအား မျက်စောင်းထိုးကြည့်လျက်...

"ဟေ့ကောင်... ဝက်သားဟင်း ဘယ်ဝှက်ထားသလဲ" ဟု ဘုန်းကြီးက သာဂိကိုမေးတော့သည်။

ပထမတွင် သာဂိက မည်သို့မျှပြန်မလျှောက်ပေ။ ဘုန်းကြီးက စိတ်ဆိုးပြီး မျက်မှောင်ကြုတ်လျက်.....

"ဟေ့ကောင်... ဝက်သားဟင်းကို မင်းစားချင်လို့ ဝှက်ထားတာမို့လား" ဟု ထပ်၍မေးလေသည်။ ဤတွင် သာဂိကပြန်၍ လျှောက်တော့သည်။

"မှန်ပါ... ဒီနေ့ရတဲ့ ဟင်းခွက်တွေထဲမှာ အကောင်းဆုံး ဝက်သားဟင်းဖြစ်လို့ အမြတ်ဆုံး မြတ်စွာဘုရားကို ဆွမ်းတော်တင် လိုက်ပါတယ်ဘုရား" ဟု လျှောက်ထားလိုက်တော့သည်။

ဘုန်းကြီးမှာ စိတ်ဆိုးနေရာမှ စိတ်မဆိုးနိုင်ရှာတော့ဘဲ ပြုံးမိမတက်ဖြစ်ကာ ဣန္ဒြေဆည်နေရသည်။ "အာဂကောင်ဘဲ ဒီကောင် တော်တော်ဝိနည်းရှောင်တဲ့ကောင်ဘဲ" ဟုလည်း တွေးမိလေသည်။ ဘုန်းကြီးသည် စိတ်မပါ့တပါနှင့် ဆွမ်းကို ဆက်စားနေပေသည်။ သာဂိသည် မချင့်မရဲနှင့်ပင် သူ့ဆရာဘုန်းကြီးကို ကြည့်တချက် မကြည့်သာ ဖြစ်နေရသည်။ ဘုန်းကြီးကား မချိသွားဖြဲကြည့်ကာ "မင်းအသက်ကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်တောင် စေတနာကောင်းတာ ငါတော့အုံပါရဲ့ကွာ" ဟုလက်မှ ကိုင်ထားသည့် ဇွန်းကို ပဲပြုတ်ခွက်ထဲသို့ ထည့်လိုက်တော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က တပည့်များအား ပြောပြသည်မှာ "အေး... လူဘဲဖြစ်ဖြစ်၊ ဘုန်းကြီးဘဲဖြစ်ဖြစ်၊ ကိုရင်ကျောင်းသားဘဲဖြစ်ဖြစ် စေတနာမှန်ထားဘို့ အရေးကြီးတယ်၊ ယောနိသော မနသိကာရ ခေါ်တဲ့ သင့်တင့်သော နှလုံးသားတက်ဘို့လိုတယ်" ဟု မိန့်ကြားခဲ့ပေသည်။

*************

www.myanmarcupid.net



# ကျမလင် ယောင်သုံးဆယ်

ဗန်းမော်ဆရာတော်သည် တပည့်၊ ကိုရင်၊ ကျောင်းသားများအား ဥပုသ်သီတင်းနေ့များတွင် ကျောင်း သန့်ရှင်းရေးကို ပြုလုပ်သည့်အခါများတွင် အချို့ ကိုရင်၊ ကျောင်းသားများမှာ နောက်ဖေးသွားသလိုလို အပေါ့အပါးသွားသလိုလိုနှင့် လုပ်နေသည်ကို တွေ့ရသည်။ ထိုအခါ ဆရာတော်က ဟိုချောင်ကပ်၊ သည်ချောင်ခို ပြုလုပ်နေသည့် ကျောင်းသား ကိုရင်များကို ရည်ရွယ်၍ အောက်ပါပုံပြင်တခုကို မိန့်ကြားလေသည်။

*************

ရှေးအခါက ရွာတရွာမှာ လင်မယားနှစ်ယောက်ရှိလေသည်။ မိန်းမဖြစ်သူက ချက်ချာ စေ့ငှသလောက် ယောကျာ်းဖြစ်သူမှာ ငေးတိငေးယိုင်နှင့် အမြဲမှိုင်၍ပင် နေတက်လေသည်။ ထိုအခါ မိန်းမက "တော် ဟိုလိုလို၊ သည်လိုလို လုပ်နေလို့တော့ မဖြစ်ဘူး၊ အလုပ်တခုခုကို စောက်ချလုပ်အုံး" ဟု ပြောလေသည်။ ထို လင်ယောကျာ်းမှာ လယ်ယာလုပ်ငန်းကိုလည်း ဖြောင့်ဖြောင့်တန်းတန်း မလုပ်ချင်၊

www.myanmarcupid.net

ကုန်သည်လုပ်ငန်းလည်း ယောင်ဝါးဝါး၊ တက်ထားသည့် ဗိန္ဒောဆေးပညာကလည်း မရေရာ၊ ဘာတခုကမျှ ငွေရှာ၍မလွယ်အောင် ဖြစ်နေရသည်။ ထိုသူမှာ တွေး၍ကြံသည်။ ငေး၍မှိုင်သည်။ အလုပ်တခု လုပ်မိကိုင်မိလျှင် အပြီးမသတ်နိုင်ဘဲရှိသည်။ ထို့ကြောင့် မယားက ဆူလိုက်ပြောလိုက်ခြင်းဖြစ်သည်။

ယောကျ်ားက စိတ်ဆိုးနေသည်နှင့်ကြုံလျှင် လင်မယားတကျက်ကျက် စကားများကြသည်။ စိတ်ဆိုးစရာမရှိဘဲ အေးအေး၊ ဆေးဆေး နေသည့်အခါများတွင် မယား၏ပြောစကားကို သူ့အတွေးရှိသည့်အတိုင်း ပြန်ပြောတက်သည်။

"အေးပါဟ... ငါလဲ အလုပ်တခုခုလုပ်ဘို့ကြံနေတာဘဲ၊ လူဟာ ကြံရင်းသေရမှာပေါ့၊ ငှက်ဟာပျံရင်းသေရမှာပေါ့ အကြံကောင်းလျှင်တချက်၊ အမှီကောင်းလျှင် တသက်ဆိုတဲ့ စကားတွေ နင်ကြားဘူးတယ်မဟုတ်လား၊ ငါကြံနေတာပါ၊ အလုပ်လုပ်မှာပေါ့ဟ မလုပ်ဘဲနေလို့ ဘယ်ဖြစ်မလဲ" ဟု မယားအား ပြန်၍ပြောတက်လေသည်။

"အေး... တော့ ပြောလိုက်ရင် ဒီလိုချည့် ဆင်ခြေပေးနေတာဘဲ၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတယ်ဆိုတာ တော်အသိသားနဲ့ စလယ်ဝင်အိုးတုံးက အပမ်းမကြီးဘူး။ ကျုပ်ခေါင်းနဲ့ရွက်ပြီး ဈေးရောင်းရုံနဲ့ စားနိုင်ခဲ့ရတယ်၊ အခု စလယ်ဝင်အိုးမဟုတ်တော့ဘူး၊ တနှစ်ထက်တနှစ် စားမဲ့သူတွေကများလာပြီ၊ အဲဒါ တော်သိထားဘို့ အရေးကြီးတယ်" ဟု မယားက ပြောနေရာ၊ "အေးပါဟ... ငါလဲသိပါတယ်" ဟု လေးလေးပင်ပင်ကြီး ပြန်ဖြေတက်လေသည်။

သို့ဖြင့် သာတခါ နောက်တလှည့်နှင့် လင်မယား မိသားစု နေထိုင်လာခဲ့ကြရာ၊ ရက်တွေ၊ လတွေသာ များခဲ့ရသည်။ စီးပွားဥစ္စာကား တိုးတက်မလာပေ။ ထို့ကြောင့်မယားဖြစ်သူက ညတညမှာ လင်ဖြစ်သူကို တိုင်ပင်စကား ပြောကြားလေသည်။

www.myanmarcupid.net

"နက်ဖြန်ခါကျရင် ကလေးတွေကို အမေတို့အိမ်မှာထားခဲ့ပြီး၊ မန်ကျည်းကုန်းရွာက ဦးအောင်ဘတို့အိမ်ကို သွားရအောင် ဦးအောင်ဘတို့ဆီက ဝါတွေကို တချို့တဝက်ကို ငွေလက်ငင်းနဲ့ဝယ်ပြီး တချို့ကို အကြွေးဝယ်မယ်" ဟု မယားက တိုင်ပင်စကား ပြောကြားလေသည်။ လင်ဖြစ်သူကတော့ နောက်လိုက်ဖြစ်သည့်အတိုင်း " အင်း... ကောင်းသားဘဲ" ဟု ဆေးလိပ်သောက်မပျက်ဘဲ ပြောလိုက်သည်။

နံနက်လင်းသည်နှင့်တပြိုင်နက် အားလုံးအစီအစဉ်ပြုလုပ်ပြီး လင်မယားနှစ်ယောက် ခရီးထွက်ခဲ့ကြသည်။ လင်မယားနှစ်ယောက် အိမ်မှ ထွက်လာသည့်အချိန်တွင် မိုးရိပ်မိုးသားများ ကင်းစင်နေသည်။ လမ်းခုလပ်အရောက်တွင် မိုးသည်းထန်စွာ ရွာသွန်းလေသည်။ ခရီးက သုံးပုံ နှစ်ပုံ ရောက်ရှိလာခဲ့ကြပြီဖြစ်၍ နောက်ပြန်မဆုတ်တော့ဘဲ ရှေ့သို့သာ ခရီးဆက်ခဲ့ကြသည်။ မန်ကျည်းကုန်းရွာကား လှမ်းမြင်နေရပေပြီ။ မန်ကျည်းကုန်းချောင်းသည် အနည်းငယ်ကျဉ်း၍ ရေစီးသန်နေသည်။ လင်မယားနှစ်ယောက်သည် ချောင်းရေကိုကြည့်၍ ငေးနေကြသည်။

"ချောင်းကိုဖြတ်ကူးလို့တော့ မဖြစ်ဘူးတော်ရေ့၊ ရေတွေတော်တော်များတယ်" ဟု မယားကလင်ကို ကြည့်၍ ပြောသည်။

"ချောင်းရေသိပ်သန်မှာမဟုတ်ပါဘူး၊ မိုးမိထားလို့ ချမ်းလှဘီ ဦးအောင်ဘတို့အိမ်ရောက်မှ အဝတ်အစားလဲပြီး ရေနွေးသောက်ရမှာ" ဟု ပြောပြောဆိုဆို ချောင်းကမ်းစပ်သို့ လင်ဖြစ်သူက ဆင်းသွားလေသည်။

"တော်နဲနဲစောင့်ပါအုံး၊ ခဏစောင့်လိုက်ရင် ရေကျသွားမှာပါ" ဟု ပြောသော်လည်း လင်ဖြစ်သူကားမရပေ။ ပုဆိုးလေး တမမနှင့် ချောင်းစပ်သို့သာ ဆင်းနေပေသည်။ ရေစားထား၍ ချောက်ဖြစ်သည်ကို လင်ဖြစ်သူက မသိပေ။ နှစ်တောင်ခန့် ဆင်းမိသည်နှင့် လင်ဖြစ်သူမှာ ရေထဲ မျောပါသွားတော့သည်။

www.myanmarcupid.net

မိန်းမဖြစ်သူက ကြောင်နေသေးသည်။ နောက်မှ ကြံမိကြံရာ ကယောင်ကတန်း အော်လိုက်သည်။

"ကျုပ်ယောကျာ်း ယောင်သုံးဆယ် ကယ်ကြပါအုံးတော့်ရေ၊ ကျုပ်ယောကျာ်း ယောင်သုံးဆယ် ကယ်ကြပါအုံး တော့်ရေ" ဟု မယားက ချောင်းကမ်းစပ်မှနေ၍ တအားအော်တော့သည်။

ခရီးသွားများနှင့် ယာတော၊ လယ်တောမှ ပြန်လာသူများပါ အော်သံကိုကြား၍ တအားပြေးလာကြသည်။ "သူ့ယောကျာ်း ယောင်သုံးဆယ်ဆိုတာ တယ်ထူးဆန်းပါလား၊ ဒို့တော့ ယောင်တလုံးသာရှိတယ်၊ ဘယ်လိုလူများဖြစ်၍ ယောင်ထုံး ၃၀–တောင် ထုံးရတာလဲ" ဟု တွေးကြပြီး ချောင်းရေမျောနေသူကို လူများဝိုင်း၍ ဆယ်ယူလိုက်ကြသည်။


ကုန်းပေါ်ဆယ်ယူပြီးနောက် ယောင်တလုံးတည်းသာတွေ့ရ၍ မေးကြသည်။

"ခင်ဗျား အခုနအော်တော့ ယောင်သုံးဆယ်ဆို၊ အခု ခင်ဗျားယောကျာ်းမှာ ယောင်တလုံးထဲပါလား" ဟု မေးကြသည်။

ထိုအခါ မိန်းမဖြစ်သူက "ကျုပ်ယောကျာ်း ယောင်သုံးဆယ်ဆိုတာ ဘာမှအလုပ်အကိုင် မယ်မယ်ရရ မလုပ်ဘဲ ဟိုယောင်ယောင်၊ သည်ယောင်ယောင်နေတက်လွန်းလို့ ကျုပ်က ယောင်သုံးဆယ်ကြီးလို့ ခေါ်တာပါ" ဟု ရှင်းပြလိုက်ရာ ဝိုင်းဝန်းဆယ်ပေးကြသူများမှာ တယောက်မျက်နှာ တယောက်ကြည့်ကာ "ဒို့ ဒီလိုမှန်းသိရင် ဆယ်ပေးမနေဘူးကွာ" ဟု တချို့က ပြောဆိုကြသေးသည်။

ဤပုံကို ဗန်းမော်ဆရာတော်က ပြောပြပြီး၊ "မင်းတို့လဲ ယောင်သုံးဆယ်တွေ လုပ်မနေကြနဲ့" ဟု မိန့်ကြားလိုက်ပေသည်။

www.myanmarcupid.net



# အနီးဆုံးရန်သူ ဘယ်သူလဲ

# (ပုစ္ဆာလေးရပ် အဆုံးအဖြတ်)

ဗန်းမော်ဆရာတော်သည် မင်းတုန်းမင်းကြီး၏ နန်းတော်သို့ ဆွမ်းစားရောက်သည်တွင် စကားညှပ်၍ ဟောပြလေသည်။ ထိုသို့ ဟောရခြင်းမှာ ဘုရင်းမင်းမြတ်သည် မိဖုရားပေါင်းများစွာနှင့် ထီးနန်းစည်းစိမ်ကို စိုးစံရခြင်းမှာ မိဖုရားများလျှင် များသလောက် ဦးစားပေးရမည့်သဘောကို သိစေလို၍ ဆရာတော်က မင်းတုန်းဘုရင်မင်းမြတ်အား ဟောပြခြင်းဖြစ်ပေသည်။

တကာတော်ရေမြေ့ရှင် ယခုဟောပြမည့်ပုံပြင်ကို အထူးစိတ်ဝင်စားပြီး နားထောင်ရန်ကိုပါ သတိပေး၍ အောက်ပါပုံပြင်ကို ဟောပြတော်မူလေသည်။

*************

ရှေးလွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ် အမည်ရှိသော မင်းတပါးသည် မိဖုရားပေါင်းများစွာနှင့် စိုးစံအုပ်ချုပ်

www.myanmarcupid.net

မင်းလုပ်တော်မူလေသည်။ တိုင်းရေးပြည်ရေး၊ သာသနာရေးတို့ကိုလည်း တကာတော်ရေမြေ့ရှင်ကဲ့သို့ပင် အထူးဦးစားပေး၍ လေးစားသော မင်းတပါးပင်ဖြစ်ပေသည်။

ညီလာခံလွှတ်သဘင်များကိုလည်း အပတ်စဉ်ပင် ကျင်းပလေ့ ရှိပေသည်။ လွှတ်သဘင် ညီလာခံများ နားသည့်ရက်များတွင် ဘုရင်ဗြဟ္မဒတ်မင်းသည် ဆင်းရဲသားအသွင်ဆောင်၍ မိမိအုပ်စိုးသည့် ကျေးလက်နယ်ပယ်များသို့ဆင်းပြီး လေ့လာတက်လေသည်။ ဗြဟ္မဒတ်မင်းမှာ နယ်တနယ်မှတနယ်၊ ကျေးလက်တရွာမှ ကျေးလက်တရွာသို့ ဆင်းရဲသား ဟန်ဆောင်၍ သွားလာလေရာ၊ ရွာတရွာ၏အနီးရှိ အဘိုးကြီး–အဘွားကြီး နှစ်ဦးသာရှိသော လယ်ယာလုပ်ကိုင်စားသည့် တဲသို့ ရောက်ရှိသွားပေသည်။

ထိုတဲရှင် အဘိုးကြီးမှာ ဆင်းရဲသားဟန်ဆောင်လာသည့် ဗြဟ္မဒတ်မင်းဧည့်သည်ကို ဝတ္တရားကျေရုံမျှ ပြုစုလုပ်ကျွေးပြီး ထိုအဘိုးကြီးမှာ ယာတောတွင် လုပ်စရာရှိသည့်အလုပ်များကို မနားတန်းပြုလုပ်နေပေသည်။ အဘွားကြီးကလည်း တဲမှာ လုပ်စရာချက်စရာများကို လုပ်ကိုင်ရင်း ဟန်ဆောင်ဘုရင်အား ဧည့်ခံစကား ပြောကြားလေသည်။

ဆင်းရဲသားဟန်ဆောင်သည့် ဗြဟ္မဒတ်မင်းသည် အဘိုးကြီး အဘွားကြီးကိုကြည့်၍ သနားကြင်နာမိသည်။ ဆင်းရဲသား ဟန်ဆောင်သည့် ဘုရင်သည် သူ့ဘဝနှင့် အဘိုးကြီး–အဘွားကြီးဘဝ တို့ကို ပေါင်းစပ်ကြည့်မိသည်။ မည်သို့မျှ ပေါင်းစပ်၍မရ အကွာကြီးကွာပြီး အခြားနားကြီး ခြားနားလှသည်ကို မြင်တွေ့ရသည်။ ဟန်ဆောင်ဘုရင်သည် သူ့ဘဝကို ပြန်လှန်တွေးမိသည်။

စိမ်းလဲ့ကြည်လင်သော ကျုံးပတ်လည်၊ မြင့်မားခန့်ငြားသည့်မြို့ရိုး၊ သွယ်တန်းသောပြအိုး၊ စုလစ်မွန်းချွန်တပ်ထားသည့် ဗဟိုရ်စည်ဆောင်၊ တံခါးဗိုလ်–တံခါးမှူးများနှင့် စည်းကြပ်ထားသော တံခါးလေးမုခ်၊ လက်ရာမြောက်ဗိသုကာများနှင့် ဆောက်လုပ်ထားသည့် နန်းတော်ဆောင်များ၊

www.myanmarcupid.net

ဖလ်ခင်းမှန်ပြူတင်း တို့ဖြင့်ထွန်းလင်းတောက်ပနေသည့် ခမ်းမဆောင်များ၊ ပလ္လင်ရှစ်ခင်းတို့ဖြင့် တင့်တယ်လှသည့် ညီလာခံ ခမ်းမဆောင်၊ စိန်ကျောက်ပတ္တမြားတို့ဖြင့် စီချယ်ထားပြီး အရောင်မျိုးစုံပြွန်းနေသည့် သလွန်တော်၊ မျက်နှာကျက်တွင် အနားမှ အပြာရင့်ရောင် ကွပ်ထားသည့် စိန်ကတ္တီပါ အနီရောင်ကြိုးဆွဲလေရဟတ်ကြီး၊ စားတော်ကဲတို့က အသားစုံတို့ဖြင့် အထူးစီမံချက်ပြုတ်ထားသည့် ပွဲတော်အုပ် စသည်ဖြင့် ဟန်ဆောင်ဘုရင်ကြီးက သူ့ဘဝ ခံစားရချက်အတွေ့အကြုံတို့ကို ပြန်၍စားမြုံ့ပြန်မိသည်။

ဟန်ဆောင်ဘုရင်ကြီးက အဘိုး၊ အဘွားတို့ စံပျော်သည့် ယာလုပ်တဲစုတ်နှင့် သူ့နန်းတော် အဆောင်အယောင်တို့ ကွာခြားလှသည်ကို ခေါင်းတဆတ်ဆတ် ငြိမ့်၍ပြုံးမိသည်။ ကြိုးဆွဲရဟတ်လေကိုသာ ရှူရှိုက်ရပြီး တပြည်ထောင်လုံး ထိန်းချုပ်ရသည့် မင်းအလုပ်က စိတ်ရှုပ်ရလွန်းသည်။ ပကတိတိုက်ခတ်လာသည့်လေကို ရှူရှိုက်၍ ကိုယ်လက်လှုပ်ရှားသော အအုပ်ချုပ်ခံ တောင်ယာလုပ်သူများက ကြည်နူးလိမ့်မည်ဟုလည်း ဟန်ဆောင်ဘုရင်ကြီးက သူ့၏လေ့လာရေးခရီးတွင် နှလုံးသားဝယ် မှတ်တမ်းတင်လိုက်သည်။

ဆင်းရဲသားဟန်ဆောင်ဘုရင်ကြီးက အဘွားအို၏ ဧည့်ခံစကားများကို နားထောင်လိုက် သူ့အတွေးစဉ် ရေယာဉ်ကြော၌ မျောလိုက်နှင့် ဖြစ်နေစဉ်မှာပင် လုပ်ငန်းခွင်မှ တဲတွင်းသို့ ပြန်ဝင်လာသည့် အဘိုးကြီးအား မြင်လိုက်ရသည်။

"ဘယ့်နှယ်အဘိုး.... စားမဲ့၊ သောက်မဲ့ လူလဲမရှိဘဲနဲ့ အလုပ်တွေတယ်လုပ်ရပါ ကလား၊ အဘိုးတို့အရွယ်ဆိုရင် သားထောက်သမီးခံတွေကို လွှဲထားပြီး ကျောင်းကန်ဘုရားသွား၍ ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းရမဲ့ အရွယ်တွေဖြစ်နေကြပြီ။"

www.myanmarcupid.net

ဟု ဟန်ဆောင်ဘုရင်ကြီးက အလုပ်ခွင်မှပြန်လာပြီး ထိုင်၍ ချွေးသုတ်နေသော အဘိုးအား ပြောလိုက်သည်။

အဘိုးက "ဟုတ်တော့လဲဟုတ်တာပေါ့ အမောင်ရယ်၊ သားသမီးတွေကလဲ သူတို့မိုးနဲ့သူတို့ လောင်နေကြတာ၊ ဒို့မှာက ဒို့နှစ်ဝမ်းနှစ်ခါးထဲမဟုတ်ဘူး အမောင်ရဲ့၊ ခိုးမှုကြီးကိုလဲ ပေးရတယ်၊ အာဂန္တုဧည့်ကိုလဲ ကျွေးရတယ်၊ သမုဒ္ဒရာထည်း ကိုလဲ ပစ်ရတယ်၊ ရန်သူကိုလဲကျွေးရတယ်" ဟု ပြန်ပြောလိုက်သည်။

ဆင်းရဲသားဟန်ဆောင်ဘုရင်သည် အဘိုးကြီးပြောသော စကားများကို စဉ်းစားရင်း နားထောင်မိသည်။ အဘိုးစကားများကား ဆန်းပြားထူးထွေလှသည်။ ငါသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော်လည်း အဘိုးစကားကို နားမလည်ပါလားဟု တွေးမိသည်။

"ဘယ်နှယ့်အဘိုး... အဘိုးစကားတွေကျွန်တော်နားမလည်ပါလား ခိုးမှုကြီးကိုလဲ ပေးရတယ်၊ အာဂန္တုဧည့်ကိုလဲ ကျွေးရတယ်၊ သမုဒ္ဒရာထဲကိုလဲ ပစ်ရတယ်၊ ရန်သူကိုလဲကျွေးရတယ်၊ ဆိုတာတွေ ကျွန်တော်နားမလည်ပါလား၊ အဲဒါ တဆိတ်လောက် ရှင်းပြစမ်းပါအုံး" ဟု ဆင်းရဲသားဟန်ဆောင် ဘုရင်က အဘိုးအားမေးလေသည်။

"အေးပေါ့လကွယ်... ဒို့လဲ ငယ်ငယ်က လူကြီးသူမတွေ ပြောစကားမှတ်ခဲ့ရတာပါဘဲ ပြောပြသေးတာပေါ့ အမောင်"

"ဟုတ်ကဲ့ပါအဘိုး"

"အေးအေး နားထောင်ပေါ့ အမောင်၊ ခိုးမှုကြီးကိုလဲပေးရတယ်ဆိုတာက၊ တို့တိုင်းသူပြည်သားတွေရဲ့ အိုးအိမ်နဲ့ စည်းစိမ်ဥစ္စာတွေကို ဒါးပြ၊ သူခိုး၊ ရန်သူမျိုးတို့က မလုမယက် မဖျက်ဆီးနိုင်အောင် ကာကွယ်စောင့်ရှောက်ပေးတဲ့ တိုင်းပြည်အရှင်ဘုရင် မင်းမြတ်တို့အား အခွန်ဘဏ္ဍာ ဆက်သရခြင်းကိုဆိုလိုတယ် အမောင်ရဲ့"

www.myanmarcupid.net

"ရန်သူမျိုးတို့ မဖျက်ဆီးနိုင်အောင် ကာကွယ်စောင့်ရှောက်ပေးသူကို အဘယ့်ကြောင့်ခိုးမှုုးလို့ ခေါ်ရပါသလဲ အဘိုး"

"ဆင်းရဲသားများ နဖူးကချွေး ခြေမကျအောင် ရှာဖွေရရှိတဲ့အထဲက၊ ခိုးသား၊ ဒါးပြတို့လက်ထဲ မရောက်ရအောင် ကြိုတင်အခွန်ငွေ ဆက်သရတာကြောင့် ခိုးမှုုးကြီးလို့ခေါ်ကြတာ ထင်ပါရဲ့"

"ဟုတ်ကဲ့ခင်ဗျား... အာဂန္တုဧည့်သည်ကို ကျွေးရတယ်ဆိုတာ ဆက်ပြောပါအုံး အဘိုး"

"အေး... အဲဒါက လူ့လောကီသဘာဝ မိဘတွေက မွေးကျွေးနေရတဲ့ သားသမီးတွေဆိုတာက အမှန်စင်စစ်တော့ ဧည့်သည်တွေဘဲ၊ သူတို့အရွယ်မရောက်ခင် အိမ်ထောင်မကျခင်သာ မိဘတို့အိမ်မှာ တည်းခိုကြတာ၊ အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျကြရင် မိဘအိမ်က ခွဲသွားတာကများတယ်၊ အဲဒီအာဂန္တု သား၊ သမီးဧည့်သည်တွေကို ကျွေးရတယ်လို့ဆိုတာပါ အမောင်ရဲ့"

"ဟုတ်ကဲ့... နောက် သမုဒ္ဒရာထဲပစ်ရတယ်ဆိုတာကော ရှင်းပြပါအုံး အဘိုး"

"အေးအေး... အဲဒါက သမုဒ္ဒရာ ဝမ်းတထွာတဲ့ကွဲ့၊ ချောင်းကြီး၊ ချောင်းငယ် အသွယ်သွယ်တို့မှ စီးဆင်းလာတဲ့ ရေမှန်သမျှ ပင်လယ် သမုဒ္ဒရာထဲ ရောက်တာချည့်ဘဲ၊ အဲဒီ ရောက်သမျှ ရေ၊ ပင်လယ်သမုဒ္ဒရာက မဆန့်မရှိဘူးကွဲ့၊ ဆန့်တာချည့်ဘဲ၊ အေး... ဝမ်းကလဲ ဒီအတိုင်းဘဲ၊ နေ့စဉ် မနက်တထပ်၊ မိုးချုပ်တထပ်၊ နောက်ကြားညပ်၍ မုန့်ပဲသရေစာ၊ အဲဒါတွေ နေ့တိုင်း ဆန့်နေတာချည့်ဘဲကွဲ့၊ အဲဒါကြောင့် ဝမ်းခေါင်းနဲ့တူတဲ့ သမုဒ္ဒရာထဲ ပစ်ရတယ်လို့ ဆိုလိုတာပါ အမောင်"

"ဟုတ်ကဲ့အဘိုး သုံးမျိုးနားလည်ပါပြီ၊ ရန်သူကိုကျွေးတယ်ဆိုတာ ကျန်သေးတယ် အဘိုး၊ အဲဒါ ဆက်ပြောပြပါအုံး"

www.myanmarcupid.net

"အေးအေး... ဟုတ်သားဘဲ အဲဒါက ပိုအရေးကြီးတယ် အမောင် ရန်သူကိုကျွေးရတယ်ဆိုတာ ကိုယ်နဲ့အမြဲအတူ ချစ်သွေးမြူသည့် အိမ်သူသက်ထား ဇနီးမယားအား ပြုစုကျွေးမွေးရခြင်းကို ရန်သူကို ကျွေးရတယ်လို့ ဆိုတာ အမောင်၊ အမောင်စဉ်းစားကြည့်လေ ရန်သူ ဟုတ်လား၊ မဟုတ်လား အမောင်အိမ်ထောင်နဲ့ဆို ပိုသိမှာပေါ့၊ စိတ်တူကိုယ်တူဆိုပြီး ကြည်ဖြူစွာယူထားကြပေမဲ့ မိမိရဲ့ အသက်စည်းစိမ်ကို အများဆုံး အန္တရယ်ပေးနိုင်တာဟာ မိမိရဲ့ ဇနီးမယားဘဲ၊ မိမိဇနီးမယားဟာ အနီးဆုံးရန်သူဘဲ၊ ဒါ့ကြောင့် ရန်သူကို ကျွေးရတယ်ဆိုတာဟာ မိမိရဲ့ဇနီးမယားကို ကျွေးရခြင်းဘဲ" ဟု နှုတ်ခမ်းတွေ အတွင်းဝင်နေသည့် အဘိုးကြီးက မပီတချက် ပီတချက်နှင့် ဆင်းရဲသားဟန်ဆောင်သည့် ဘုရင်ကြီး အားပြောပြနေတော့သည်။

ဆင်းရဲသားဟန်ဆောင်ဘုရင်သည် ပြုံး၍နားထောင်ပြီး၊ "အဘိုး... ကျွန်တော် အဘိုးပြောပြ၍ အားလုံးနားလည်သွားပါပြီ၊ ကျေးဇူးလဲတင်ပါတယ်၊ ကျွန်တော်ဟာ တခြားသူမဟုတ်ပါဘူးအဘိုး၊ ကျွန်တော်ဟာ တခြားသူမဟုတ်ပါဘူးအဘိုး၊ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းမြတ်ပင် ဖြစ်ပါတယ် အဘိုး"

"ဟေ.... ဟုတ်လား ဘုရင်ဆိုပါကလား၊ အမယ်ကြီးရဲ့" အဘိုးကြီးသည် အမယ်ကြီးအားကြည့်၍ ခတ်ရွံ့ရွံ့ပြောလိုက်သည်။

"ဟုတ်ပါတယ် အဘိုး၊ ကျွန်တော်ဟာ ဗာရာဏသီပြည့်ရှင် ဘုရင်တပါးပါဘဲ၊ အဘိုးစောစောက ပြောခဲ့သောစကားများကို မည်သူတဦးတယောက်ကိုမျှ မပြောပါနဲ့၊ အကယ်၍ ပြောကြားခဲ့ပါလျှင် အသက်ကိုအဆုံးစီရင်မည်" ဟု အမိန့်တော်ချမှတ်ခဲ့ပြီး၊ မိမိနန်းတော်သို့ ပြန်ခဲ့တော့သည်။

ဗြဟ္မဒတ်မင်းသည် အဘိုးကြီးပြောသော စကားများသည် အလွန်မှတ်သားဘွယ်ရာကောင်းလှ၍ နက်လည်းနက်နဲ ခက်ခဲလှသည်။

www.myanmarcupid.net

နန်းတော်မှ ပညာရှိသုခမိန်များပင် သိနိုင်ရန်ခက်သည်ဟု တွေးရင်းပြန်လာရာ၊ နန်းတော်သို့ မကြာမီပြန်ရောက်တော့သည်။

ဗြဟ္မဒတ်မင်းကြီး နန်းတော်သို့ပြန်ရောက်ပြီး၊ နောက်တနေ့ ညီလာခံတွင် မှူးကြီးမတ်ရာများအား အဘိုးကြီးပြောကြားလိုက်သည့် စကားလေးရပ်ကို ပုစ္ဆာထုတ်၍ မေးလိုက်သည်။

ညီလာခံရှိ ပညာရှိသုခမိန်များနှင့် မှူးကြီးမတ်ရာများ တုတ်တုတ်မျှ မလှုပ်ကြ၊ မင်းကြီးက လက်ဝဲလက်ယာစောင်းငဲ့၍ ကြည့်သည်။ အတန်ငယ်ကြာအောင် စောင့်သည်။ မည်သည့် မှူးမတ်များကမှ မဖြေနိုင်ဘဲ ရှိကြတော့သည်။

"အေး... မောင်မင်းတို့ အခုညီလာခံတွင်းမှာ မည်သူမျှ မဖြေနိုင်ဘဲ ရှိနေသည်။ ဖြေနိုင်ရန် နောက်(၇)ရက် စဉ်းစားရန် အခွင့်ပေးမည်" ဟု ပြောပြီး ညီလာခံသဘင်ကို ရုပ်သိမ်းလိုက်လေသည်။

နန်းတွင်းရှိသုခမိန်များ မှူးကြီး၊ မတ်ကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်နှင့် အတန်တန်စဉ်းစားကြသည်။ မည်သို့မျှ အဖြေမတွေ့သေးဘဲ ရှိနေကြသည်။ အမတ်တဦးမှာမူ ဟိုစဉ်းစား၊ ဒီစဉ်းစားရင်း ဘုရင်ကြီးနောက်နားက သူကိုယ်တိုင် ဆင်းရဲသားဟန်ဆောင်ပြီး တောကျေးလက်တွေမှာ ခရီးလှည့်လည်ခဲ့သည်။ ဘုရင်ကြီး ခရီးလှည့်လည်ရင်းမှ ရရှိလာသည့် စကားများပင် ဖြစ်တန်ရာဟု တွေးမိတော့သည်။

ထိုသို့တွေးမိသည့်အမတ်က ဘုရင်ကြီး ခရီးဆန့်ရာတလျှောက်သို့ လိုက်လံ၍ စုံစမ်းသည်။ စုံစမ်းရှာဖွေရင်းမှ အဘိုးကြီး၊ အဘွားကြီး ယာလုပ်တဲသို့ ရောက်ခဲ့သည်။

ထိုအမတ်က အဘိုးကြီးအားမေးသည်။ အဘိုးကြီးမပြောပေ။ နောက်ထပ်၍မေးသည်။ အဘိုးကြီးက မည်သို့မျှမပြောဘဲ နေသည်။

www.myanmarcupid.net

ဤတွင် အမတ်ကြီးစိတ်ပျက်ပြီး အဘွားကြီးတော့ သိမှာဘဲဟု တွေးပြီး အဘွားကြီးအား အသပြာ ၁၀၀၀ ဝ ပေး၍ မေးတော့သည်။ ထိုအခါမှ အမတ်မှာ ဘုရင်မင်းမြတ်မေးသည့် ပုစ္ဆာ၏ အဖြေမှန်ကို ရလိုက်တော့သည်။

ထိုအမတ် နန်းတော်သို့ ပြန်ရောက်ပြီး နောက်တနေ့ ညီလာခံသဘင်တွင် အဖြေမှန်ရခဲ့သောအမတ်က အောင်သပြေအကမ်းခံရသည့် စစ်သူကြီး၏ စိတ်ထားမျိုးကဲ့သို့ ဘုရင်မင်းမြတ်အား ခါးဆန့်၍ ဖြေကြားလိုက်သည်။

ထိုအခါ ဘုရင်မင်းမြတ်က စဉ်စားတော်မူသည်။ "ဧကန် သည်အမတ် အဖြေမှန်တက်ရင် ယခင်ညီလာခံမှာ ငါမေးစဉ်ကပင် ဖြေနိုင်ရမည်။ ယခုမူ သူစုံစမ်းလာ၍သာ ဖြစ်ရမည်" ဟု စဉ်းစားတော်မူပြီး....

"သင်အမတ်သည် သည်အဖြေမှန်ကို မိမိကိုယ်ကို ဉာဏ်နှင့်ဖြေဆိုသည်မဟုတ်၊ ကိုယ်ပိုင်ဉာဏ်နှင့်ဖြေလျှင် ယခင်ညီလာခံမှာ ငါမေးမြန်းစဉ်ကပင် သင်ဖြေရမည်။ သင်သည် အဖြေမှန်ပြောပေးသူကို ရှေ့တော်သို့သွင်းရမည်။ ရှေ့တော်သို့မသွင်းနိုင်က ရာထူးမှ နုတ်ပယ်မည်" ဟု အမိန့်တော် မှတ်လိုက်သည်။

ထိုအမတ်သည် စိတ်လက်မအီမသာဖြစ်ပြီး မိမိအား အဖြေပြောလိုက်သည့် အဘိုးအဘွားတို့ထံသွား၍ အဘိုးအဘွားတို့အား နန်းတော်သို့ ခေါ်ဆောင်ခဲ့တော့သည်။

နောက်တနေ့ ညီလာခံတွင် အဘိုးအဘွားတို့အား ဘုရင့်ရှေ့တော်သို့ ခစားစေသည်။

"ဘယ်နှယ်လဲအဘိုး ကျွန်တော် အမိန့်မှတ်ခဲ့တာကို မနာခံပါလား၊ မင်းတို့ မျက်စောင်းအကြောင်း မရွေးဘူး၊ နဂါးတို့ မျက်စောင်းသာ အကြောင်းရွေးတာ၊ ထွေးပြီး တံတွေးမြိုလေ့မရှိဘူး၊ မင်းတို့သာ ဧကဝစန် တခွန်းတည်းသော စကားကိုသာဆိုတယ်၊ ဒွိဟစန် နှစ်တန်စကား မရှိကြဘူး၊



www.myanmarcupid.net

အသက်တချောင်း မနှစ်မြောဘဲကိုး” ဟု ဘုရင်မင်းမြတ်က ခတ်ဆတ်ဆတ်မေးလိုက်ရာ....

အဘိုးကြီးက “မှန်လှပါ... ဘုရား ကျွန်တော်မျိုး မပြောလိုက်မိရိုးအမှန်ပါဘုရား” ဟု ဝပ်နေရာမှာ ခါးဆန့်ပြီး လက်အုပ်ချီကာ သံတော်ဦးတင်လိုက်သည်။

“ဘယ်မှာ... အဘိုးကြီး အဖြေပေးလိုက်လို့ ရှေ့တော်ဘဲ ရောက်နေပြီးဟာ၊ ဘာငြင်းကွယ် နေရသေးတာလဲ” ဟု ဘုရင်က ထပ်၍ မေးလိုက်သည်။

“မှန်လှပါ... သတ်ရင်လဲသေ၊ ထားရင်လဲနေရမှာပါ၊ ဘုရား ကျွန်တော်မျိုးကတော့ မပြောပါ။ ဘုရားကျွန်တော်မျိုးရဲ့ မယားကပြောလိုက်ခြင်းပါဘုရား”

“အံမယ်... ကိုယ့်မယားကိုမှ မနိုင်တော့ဘူးလား။ မယားပြောရင်လဲ လင်ပြောတာဘဲ၊ လင်ပြောလဲ မယားပြောတာဘဲ၊ လင်နှင့် မယားနှစ်ကိုယ့်တစိတ် အတူတူဘဲ အဲဒါ အမိန့်မနာခံတာဘဲ” ဟု ဘုရင်မင်းမြတ်က ပြောလိုက်ရာ....

“မှန်လှပါ... ရွှေဉာဏ်ရှင် ဆင်ခြင်တော်မူပါ ဘုရား၊ ကျွန်တော်မျိုး ပြောကြားခဲ့တဲ့ စကားလေးရပ်ထဲမှာ ရန်သူမယားကိုလဲ ကျွေးရတယ်ဆိုခြင်းကြောင့် အခု ဘုရားကျွန်တော်မျိုးလဲ ကြည်ဖြူစွာ ပေါင်းသင်းလာသည့် မယားဟာ ကျွန်တော်မျိုးရဲ့အသက် စည်းစိမ်ကို ငွေအသပြာတထောင်နဲ့ လဲလိုက်တဲ့အတွက် ရန်သူကို လုပ်ကျွေးရခြင်း ဖြစ်ကြောင်း ထင်ရှားနေပါပြီဘုရား၊ ရွှေဉာဏ်တော်ကူဖွင့်၍ သတိမူသင့်ကြောင်းပါဘုရား” ဟု အဘိုးကြီးက သံတော်ဦး တင်လိုက်တော့သည်။

www.myanmarcupid.net

ဤတွင် ဘုရင်မင်းမြတ် အမျက်တော်ရှနေရာမှ ပြေပျောက်တော်မူသွားပြီး အဘိုးအဘွား လင်မယားနှစ်ယောက်တို့အား ဆုလာဘ်များ ပေးသနားလိုက်သည်။

မှူးကြီးမတ်ရာများနှင့်တကွ နန်းတွင်းသူ နန်းတွင်းသား အားလုံးကိုလည်း ရန်သူမယားကို ကြည်ဖြူစွာထား၍ အလိုလိုက်ရမည့်အကြောင်း ဩဝါဒပေး၍ ညီလာခံ ရုပ်သိမ်းလိုက်တော့သည်။

ဤတွင်ဗန်းမော်ဆရာတော်က "တကာတော် ရေမြေ့ရှင် ဒီစကားလေးရပ်အရ မိဖုရားတွေများတော့ ရန်သူတွေ ဝိုင်းဝိုင်း လယ်နေမှာပေါ့" ဟု ရယ်မော၍ မိန့်တော်မူလိုက်ရာ မင်းတုန်းမင်းကြီးမှာ ပြုံး၍သာ နေရတော့လေသည်။

*************

www.myanmarcupid.net



# အလောသုံးဆယ်

ဗန်းမော်ဆရာတော်ထံသို့ ချမ်းမြသာစည်ရပ်မှ တကာတယောက်က ပြဿနာတခု အလွန်မေးချင်နေ၍ အိမ်သို့ပင့်ပြီး ဆွမ်းကပ်တော်မူလေသည်။

ဆွမ်းကပ်လှူသည့်နေ့တွင် ထိုတကာက ဆွမ်းဘောဇဉ် အချိုအချဉ်တို့ကိုစီစဉ်ကာ ကပ်လှူပြီးနောက် ဗန်းမော်ဆရာတော်အား မိမိပြဿနာ ဖြစ်နေသည်ကို လျှောက်ထားရန် အာရုံပြုနေသည်။

တရားနာပရိသတ်များလည်း အတော်စုံညီနေပေပြီ။ တရားနာပြီး ရောက်လာသည့်ပရိသတ်တို့အား အဆင်သင့်ကျွေးနိုင်ရန် ဝေယျာဝစ္စသမားတို့ကလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

ဆွမ်းကတာက ဗန်းမော်ဆရာတော်ကိုသာ အာရုံစူးစိုက် ဖူးမြော်နေသည်။ ဆရာတော်သည် အချိုပွဲဘုဉ်းပေးနေရာ ခံ့စွန်းမှ လက်သုတ်ပုဝါကို အသာလှမ်းကိုင်နေပေပြီ။ ဆွမ်းတကာသည် ပရိသတ်စုံညီပြီး တရားပွဲစ သွားလျှင် သူလျှောက်ထားချင်နေသည့် ပြဿနာကို မလျှောက်လိုက်ရမှာ အလွန်စိုးရိမ်နေပေသည်။

ထို့ကြောင့် မဝံ့မရဲ စွန့်၍ လျှောက်လိုက်ရတော့သည်။

"ဆရာတော်ဘုရား.... တပည့်တော်မှာ သိလိုသောအချက်တခု ရှိနေပါသည်ဘုရား၊ အဲဒါ တခြားမဟုတ်ပါဘူးဘုရား၊ အများစုပြောဆိုနေကြ

www.myanmarcupid.net

စကားတွေထဲက "အလောသုံးဆယ်" ဆိုတဲ့ စကားအဓိပ္ပါယ်ကို မသိပါ၍ ဆရာတော် အမိန့်ရှိတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်က "နားထောင်ပေါ့ကွာ၊ အဲဒီစကားဟာ တခြားဟုတ်ပါရိုးလား၊ ကျမ်းဂန်စကားတခုဘဲ၊ ဘယ်ကျမ်းဂန်လဲလို့ မေးရင် ကိုရင်လေးတွေ အခြေခံအဖြစ် သင်နေကြတဲ့ "အဘိဓမ္မတ္ထသင်္ဂဟ-အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်း အဋ္ဌကထာကျမ်း" ဆိုတာပေါ့၊ အဲဒီကျမ်းမှာ ဘယ်လိုဆိုထားသလဲဆိုရင် လူတွေမှာ "မရဏာသန္နကာလ" ခေါ်တဲ့ သေခါနီးအချိန်မှာ ဇောငါးချက်သာ စောနိုင်တယ်၊ ဘာကြောင့် ငါးချက်သာစောနိုင်သလဲဆိုရင် အခါတိုင်း ရိုးရိုးဖြစ်စဉ်မှာ ဇောခုနစ်ချက်စေရိုး ထုံးစံရှိတယ်။ သေခါနီးကာလဆိုတော့ အချိန်က ကောင်းကောင်းမရဘူး။ ဝေဒနာကလဲ ပြင်းပြင်းထန်ထန် ခံစားနေရတယ်၊ လူသေခါနီး ဖြစ်နေကြတာတွေကို တွေ့ဘူး၊ မြင်ဘူးကြပါလိမ့်မယ်၊ ပြင်းပြင်းထန်ထန် ဝေဒနာခံစားနေပုံတွေကို မြင်ဘူးကြပါလိမ့်မယ်။ လှုပ်ရှားနေတဲ့ လက်ခြေတွေ ခွေကျသွားတာတွေမြင်ရပြီး အဲဒီမှာ ဆန့်သောလက်မကွေးမီ၊ ကွေးသောလက်မဆန့်မီဆိုတာ ထင်ထင်ရှားရှား တွေ့ရလိမ့်မယ်၊ မျက်နက်ဝန်းအကြည်ဓါတ်တွေ လုံးဝမရှိတော့ဘဲ အပြာချည့်ဖြစ်နေတာတွေ၊ နားရွက်တွေ ထူကုန်တာတွေ၊ အသံအ လာတာတွေ၊ အဲဒါတွေအားလုံး တွေ့ကြ၊ မြင်ကြ သိကြပါလိမ့်မယ်။

အဲဒီဇောငါးချက်မှာ အစဇော တချက်၊ အဆုံးဇောတချက် ဆိုတာ နုတ်ပယ်လိုက်ရင် အလယ်ဇော သုံးဇောသာ မကျန်ဘူးလား၊ အဲဒီ "အလယ်သုံးဇော" ကို အစွဲပြုပြီး "အလောသုံးဆယ်" ရယ်လို့ ဖြစ်လာတာပေါ့ တကာရဲ့" ဟု မိန့်လိုက်သည်။

အဲဒီမှာ လူတွေ အရေးတကြီး အလျှင်စလို ပြုလုပ်ရတဲ့ အမှုကိစ္စတွေကို "မင်းနှယ် အလောသုံးဆယ် မလုပ်စမ်းပါနဲ့" လို့ ပြောစမှတ် ပြုကြတာပေါ့ တကာတို့ရဲ့။

www.myanmarcupid.net

ကဲ...ကဲ... နေမြင့်နေကြလိမ့်မယ်၊ ပရိတ်ရွတ်၊ တရားဟော ရေစက်ချနဲ့ ကျန်သေးတယ်၊ "အလောသုံးဆယ် အလယ်သုံးဆော" ဆိုတာ မှတ်မိကြရောပေါ့။

"မှန်ပါ... တပည့်တော် အခုမှဘဲ သဘောကျပါတော့တယ်ဘုရား၊ တော်တော်များများ ပညာရှိများထံ မေးမြန်းဘူးပါတယ်ဘုရား" ဟု လျှောက်ထားပြီး ရေစက်ချပါရန် အစီအစဉ်များကို ပြုလုပ်ကြတော့သည်။

*************

www.myanmarcupid.net



# နင့်စိတ်ကူးကြောင့် ငါ့ကျောအောင့်တယ်

ဗန်းမော်ဆရာတော်သည် ညဘက်စာဝါချပြီးချိန်များတွင် ဝတ်ဖြည့်လေ့ရှိသည်။ ညစာဝါကို ၉–နာရီနောက်ဆုံးထား၍ချပြီး ၁၀–နာရီခွဲလောက်တွင် ပြီးလေ့ရှိသည်။

နောက်ဆုံး ည၉–နာရီခွဲ စာဝါတွင် မပါသော တူအရင်း လည်းဖြစ်သည့် ရှင်ဝါသဝကို ၁၁–နာရီခန့်မှာ ခေါ်၍ ဝတ်ဖြည့် ခိုင်းလေသည်။ ဝတ်ဖြည့်ဆိုသည်မှာ တပည့်ဖြစ်သူက တတောင်ဖြင့် ကျော၊ ပေါင်၊ ခြေသလုံးတို့ကို ထောက်ပေးနေခြင်းဖြစ်သည်။

ဆရာတော်က စပ်မိစပ်ရာ ပုံတိုပတ်စပြောလိုက်၊ တပည့် (တူ) ရှင်ဝါသဝက ကျိတ်ပေးလိုက်နှင့် အချိန်အတန် ကြာသွားလေတော့သည်။

တူဖြစ်သူ ရှင်ဝါသဝသည် ဆရာတော်၏ပုံတိုပတ်စပြောရာကို တခါတရံ မှန်ပါဘုရား... တင်ပါဘုရားဟု ကျိတ်ပေးနေရင်း လိုက်ပေးသည်။ တခါတရံ ပုံပြောရာဘို့ စိတ်မရောက်ဘဲ၊ ရွာမှ မိဘ၊ ဆွေမျိုးများထံသို့

www.myanmarcupid.net

စိတ်ရောက်နေသည်။ ဆရာတော်ပြောသည့် စကားများကို စိတ်မဝင်စားဘဲ သူအများဆုံး စိတ်ရောက်နေသည်ကတော့ သူ၏ငယ်ရည်းစားထံပင်ဖြစ်သည်။ ငယ်ရည်းစားက "ကိုရင်... ဒီတဝါဟာ နောက်ဆုံးစောင့်ခြင်းဘဲ" ဟု ရှာလည်ရောက်စဉ်ပင် ပြောလိုက်သည့်စကားကို နားထဲမှမထွက်ဘဲ ရှိနေသည်။

ရှင်ဝါသဝသည် တခါတရံသာ တင်ပါ့ဘုရား၊ မှန်ပါ့ဘုရားလိုက်မိ၍၊ တခါတရံ တတောင်ကိုတနေရာထည်း ထောက်ပြီး ငိုင်တွေးနေတက်သည်။ ဆရာတော်ကသူ၏ ပြောလက်စပုံတို့ဆုံးသွား၍ ရှင်ဝါသဝ၏ တက်ပြီးစာဝါတည်းမှ ခက်နိုးရာရာကို ကောက်၍ ကောက်၍ မေးနေတော့သည်။ ရှင်ဝါသဝ ဖြေနိုင်သည်လည်းရှိသည်။ မဖြေနိုင်သည်ကသာများသည်။ မင်းဟာ စာအကြိုးစားနဲသည်ဟု ဆရာတော်ကပြောလျှင် ငြိမ်၍သာနေတက်သည်။

ဆရာတော်သည် မေးလိုက်ပြောလိုက်လုပ်နေရာမှ အနည်းငယ် ကျိန်းဆက်သွားသည်။ အချိန်ကလည်း လင့်သွားပေပြီ။

ရှင်ဝါသဝစိတ်က အချိန်မလင့်သေးဘဲရှိနေသည်။ သူ၏ဆရာတော် ကျိန်းဆက်သွားသည်မှာ သူ့အဘို့ စိတ်ကူးယဉ်၍ အချိန်မလင့်နိုင်တော့ပေ။

"ကိုရင် ဒီတဝါဟာ နောက်ဆုံးစောင့်မှာဘဲ" ဟုသော စကားအရ သူဝါကျွတ်လျှင် လူထွက်ပြီး အိမ်ပြန်မည်။ နောက်ချစ်သူနှင့် အိမ်ထောင်ပြုမည်။ ရိုးရာအလုပ်များဖြစ်သည့် တောင်ယာလုပ်ငန်းကို အချိန်ပြည့်လုပ်နေသည်။ မိုးကလည်းကောင်း နှမ်း၊ ဝါ၊ ပဲ၊ ပြောင်းတို့ကလည်း အထွက်ကောင်း အရောင်းသွက် ဖြစ်နေသည်။

သားဦးယောကျာ်းကလေး မွေးဖွားပြီး အားတက်သရော အလုပ်လုပ်သည်။ ဝါသဝလူထွက် ကိုလှဝင်းအဖြစ်နှင့် သားဦးလေးကြည့်လိုက်၊ ဇနီးမျက်နှာကြည့်လိုက်နှင့် ပျော်မဆုံး ဖြစ်နေလေသည်။

www.myanmarcupid.net

အလုပ်အကိုင်အဆင်ပြေလှပြီး ကိုယ်ပိုင်လှည်း၊ ကိုယ်ပိုင်နွားပြာ တရှဉ်းနှင့် အားတက်နေသည်။

သူသည် မန္တလေးမြို့ရှိ ဦးရီးတော် ဇန်းမော်ဆရာတော်ထံ မရောက်သည်မှာ လူထွက်လာပြီးကတည်းကဖြစ်၍ သားဦးလေးကို ပြရင်း လျှုဘွယ်ပစ္စည်းအစုံ လှည်းပေါ်တင်ပြီး မောင်းလာခဲ့ကြသည်။ မန္တလေး အမြန်ရောက်ချင်ဇောဖြင့် လမ်းရိုးအတိုင်း လှည်းကိုမမောင်းဘဲ လယ်ကွင်းတွေတည်းမှဖြတ်၍ မောင်းနေသည်။ လယ်ကန်သင်းတွေဖြတ်တိုင်း လှည်းက အလွန်ဆောင့်လှသည်။ ဇနီးက ခလေးကို အနှီးဖြင့် ထွေးရင်း လိုက်ပါခဲ့သည်။ လှည်းဆောင့်လွန်းအားကြီး၍ ထွေးထားသည့် အနှီးထဲမှ ခလေးထွက်ကျသည်ကိုပင် မသိတော့၊ ကျောင်းရောက်၍ လှည်းရပ်လိုက်တော့မှ ခလေးကျနေမှန်းကို သိရတော့သည်။ ဤတွင် ဇနီး၏ ကျောပြင်ကို ဖျောအထင်နှင့် တီးလိုက်ရာ၊ ဆရာတော်၏ ကျောပေါ်သို့ ကျိတ်နေသည့် တတောင်မှာ အတားဖိ၍ဖိ၍ ကျိတ်နေတော့သည်။

ဆရာတော်က ကျိန်းစက်နေရာမှ လန့်နိုး၍ ထ၍ထိုင်ပြီး....

"ဝါသဝ... ဒါဘာလုပ်တာလဲ" ဟု မေးသည်။ ဝါသဝ အဖြေမပေးရဲဘဲ ဖြစ်နေသည်။ ငြိမ်၍သာနေရသည်။

"ကိုရင်... မေးတာမကြားဘူးလား၊ မှန်မှန်ပြော မပြောရင် သဲဒဏ်ပေးမယ်"

ရှင်ဝါသဝက မှန်ရာလျှောက်လိုက်တာဘဲ ကောင်းပါတယ်ဟု တွေးပြီး မိမိစိတ်ကူးခဲ့မိတာတွေကို ဆရာတော်အား အကုန်ဖွင့်၍ လျှောက်ပြတော့သည်။


ဤတွင် ဆရာတော်က "နှင့်စိတ်ကူးထဲက နှင့်မိန်းမကိုရိုက်တာနဲ့ ငါ့ကျောအောင့်ရတာကိုး" ဟု ပြောပြပြီး၊ "ကဲကဲ သွားအိပ်ချေ အိပ်ချေ ဒီလောက်ဖြစ်နေမှတော့ အိပ်လဲပျော်မဲ့ကောင် မဟုတ်ပါဘူး" ဟု ကွမ်းအစ်ကြီးကို လှမ်းကိုင်လိုက်တော့သည်။

www.myanmarcupid.net

ရှင်ဝါသဝက ဆရာတော်အားတန်တော့ပြီး သူ့အိပ်ယာသို့ သွားနေတော့သည်။

*************

www.myanmarcupid.net



# နို့ထမင်းဆိုတာ ကွေးကွေးလေးပါလား

ဗန်းမော်ဆရာတော်သည် တပည့်များအား ကိုယ်ပိုင်ဉာဏ် အသုံးချတတ်ရန်နှင့် အရာရာစဉ်းစားဆင်ချင်ရန် အရေးကြီးပုံတို့ကို ပြောပြတတ်သည်။ ဆရာတော်က ကိုယ်ပိုင်ဉာဏ်နှင့်ဆုံးဖြတ်နိုင်ခွင့် မရှိသူမှာ အခြားသူပြောသမျှနှင့်သာ ယုံရတတ်ကြောင်း ပြောပြရင်း အောက်ပါပုံပြင်ကို ပြောပြလေသည်။

*************

ရှေးအခါက ရွာတရွာမှာ မျက်မမြင်နှစ်ယောက်ရှိလေသည်။ တဦးသောမျက်မမြင်မှာ အရွယ်အတော်ကြီးမှ ကျောက်ပေါက်၍ မျက်စေ့ကွယ်သွားခြင်း ဖြစ်ပေသည်။ အခြားတဦးမှာ မွေးကတည်းက မျက်စေ့မမြင်ရဘဲပါလာ၍ မွေးတွင်းပါမွေးရာပါ မျက်မမြင်ပင် ဖြစ်လေသည်။

တနေ့တွင် အရပ်ထဲမှ အလှူတခုပြုလုပ်နေသည်။ ထိုအလှူမှ နို့ထမင်းများကို ဝေယျာဝစ္စပြုလုပ်သူများက အတောင်းလာကြသည့် မျက်မမြင်နှစ်ယောက်တို့အား ပေးလိုက်လေသည်။

မျက်မမြင်နှစ်ဦးမှာ ဘဝတူချင်းဖြစ်၍ တဦးအပေါ်တဦးက အလွန်ကြင်နာကြသည်။ တယောက်စကားကို တယောက် နာခံလေသည်။

www.myanmarcupid.net

သူတို့နှစ်ယောက်မှာ ကြီးမှပေါင်းသင်းကြရသည့် မျက်မမြင် မိတ်ဆွေများ ဖြစ်သော်လည်း၊ တယောက်သဘောကို တယောက်သိကြလေသည်။

ရွာတွင်းရှိအလှူမှ တောင်း၍ရရှိလာသော နို့ထမင်းကို သူတို့စတဲချနေကျရွာအနီးရှိ သစ်ပင်ကြီးအောက်သို့ ယူသွားကြသည်။ သစ်ပင်ကြီးအောက်သို့ ရောက်ကြသည်တွင် ကြီးမှ မျက်စေ့မမြင်သူက လက်နှင့်စမ်း၍ ခွဲဝေနေသည်။ ပြီးမှ သူ့မိတ်ဆွေကို ပေးလိုက်သည်။

ထိုအခါ မွေးတွင်းပါ မျက်မမြင်ဖြစ်သူက နို့ထမင်း ခွဲဝေပေးသည့် မျက်မမြင်ဖြစ်သူကို ထိုင်စားရင်းမှ မေးနေသည်။

“နေပါအုံး... အကိုကြီးရ နို့ထမင်းဆိုတာ စားလို့တော့ တယ်ကောင်းပါလားဗျ၊ ဘယ်လိုအရောင်အဆင်းများရှိပါသလဲ” ဟုမေးသည်။

“အေးကွာ... နို့ထမင်းဆိုတာ ဖြူဖြူဖွေးဖွေး အဆင်းရောင် ရှိတယ်ကွ” ဟု ကြီးမှ မျက်မမြင်ဖြစ်သူက ဖြေလိုက်သည်။

“ဒါဖြင့် အကိုကြီး ဖြူဖြူဖွေးဖွေး အရောင်ဆိုတာ ဘယ်လိုဟာလဲဗျ” ဟု ထပ်၍မေးသည်။

“ဟ... ဖြူဖြူဖွေးဖွေး အရောင်ဆိုတာ ဗျိုင်းဘဲကွ” ဟု မျက်မမြင် အကြီးဖြစ်သူက ဖြေလိုက်သည်။

“ဗျိုင်းဆိုတာကော အကိုကြီးရာ” ဟု မွေးရာပါ မျက်မမြင်က ထပ်၍မေးပြန်လေသည်။

ထိုအခါ ကျောက်ပေါက်၍ကြီးမှမျက်စေ့ကွယ်ရသည့် အကိုကြီးက ခဏခဏ ဆင့်ဆင့်မေးနေ၍ စိတ်တိုလာသည်။ ကြာတော့ စိတ်မရှည်နိုင်တော့ဘဲ မေးသူ၏လက်ကိုဆွဲ၍ပြကာ....

“ဟော့... ဗျိုင်းဆိုတဲ့အကောင်မျိုးက ဟောဒီ မင်းတတောင်ဆစ်နဲ့ အတူတူဘဲကွ” ဟု ပြရင်း ပြောလိုက်တော့သည်။

www.myanmarcupid.net

ထိုအခါ မွေးတွင်းပါ မျက်မမြင်လုပ်သူက "အော်... လက်စသတ်တော့ နို့ထမင်းဆိုတာ တတောင်ဆစ်လိုဘဲ ကွေးကွေးလေးပါလား" ဆိုပြီး စားလက်စနို့ထမင်းများကို ဆက်လက်စားသောက်လိုက်တော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က "ကိုယ်ပိုင်ဉာဏ်မရှိ၍ အရာရာမှာယောင်ဝါးဝါးဖြစ်နေကြရင် အဲဒီမွေးရာပါ မျက်မမြင်ကဲ့သို့ စမ်းတဝါးဝါးပင် ဖြစ်နေကြလိမ့်မည်" ဟု ပြောဆိုဆုံးမလိုက်တော့သတည်း။

*************

www.myanmarcupid.net



# များများလှူမှ ကျိန်းသေရမှာ

ဗန်းမော်ဆရာတော် တရားဟောအလွန်ကောင်းသော ဆရာတော်တပါး ဖြစ်လေသည်။ ဟောကြားရာတွင်ရှင်းသည်။ ဆက်စပ်ရာမှာ ပုံပြင်ညှပ်၍ ဟောလေ့ရှိသောကြောင့် တရားနာ တကာ၊ တကာမများမှာလည်း နားဝင်မှတ်သားမိကြသည်။

တနေ့တွင် တကာတယောက်ကျောင်းသို့ရောက်လာပြီး၊ ဆရာတော်အား မြှောက်ပင့်၍ လျှောက်ထားနေသည်။ "ဆရာတော်ဘုရား... ဆရာတော်သည် အလွန်တရားဟောကောင်း၊ ပုံပြင်ပြောကောင်းလွန်းလှ၍ တပည့်တော်တို့ တကာ၊ တကာမတွေမှာ များစွာဝမ်းမြောက်ကြပါသည်ဘုရား" ဟု လျှောက်ထားလိုက်လေတော့သည်။

ထိုအခါ ဆရာတော်က "အေးပေါလကွယ်၊ ငါကတော့ များများလှူရင် တကယ်ရသည်ဆိုတဲ့ အစားထဲကတော့ မဟုတ်ဘူး တကာ" ဟု မိန့်တော်မူပြီး အောက်ပါပုံပြင်ကလေးကို ပြောပြတော့သည်။

*************

www.myanmarcupid.net

ရေးကရွာတရွာမှာ ဦးကြွယ်ဆိုသော တောထွက် ဦးပဉ္ဇင်းကြီးတပါး ကျောင်းထိုင်လျက်ရှိသည်။ ထိုဦးပဉ္ဇင်းကြီးမှာ မိမိသည် တောထွက်ဖြစ်၍ အများအရိုသေတန်မည်စိုးသောကြောင့် အနေမှန် အပြောမှန်လုပ်ရသည်။

ထိုဦးပဉ္ဇင်းကြီးကျောင်းသို့ အရပ်ထဲမှ မောင်ဖြူဆိုသော တကာတယောက်က ငါးခြောက်တပိဿာနှင့် ဆန်တစိတ် လာလှူလေသည်။ ထိုအခါ ဦးပဉ္ဇင်းကြီးက မောင်ဖြူအား ဆုပေးလိုက်သည်။ ဤငါးခြောက်တပိဿာနှင့် ဆန်တစိတ်လှူရသည့်အကျိုးအားဖြင့် သူဌေးကြီးလေးဦးတို့ကဲ့သို့ ကြွယ်ဝချမ်းသာကြပြီး၊ ဖြစ်လေရာ ဘဝတိုင်း၊ ဘဝတိုင်းမှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစားစံစားကြရပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်နိုင်ပါစေ” ဟု မောင်ဖြူအား ဆုပေးလိုက်သည်။

ထိုသို့ ဆုပေးလိုက်သည်ကို ရွာထဲမှ ဦးအောင်ဘ၏ သားကြီးဖြစ်သူ ထွန်းတင်သည် ဦးပဉ္ဇင်းကြီးဆုပေးနေသည့်အနီးတွင် ရှိနေသည်။ ထွန်းတင်မှာ ကျောင်းသားဖြစ်၍ တကြောင်း၊ ဦးပဉ္ဇင်း၏ လက်သုံးဖြစ်နေ၍ တကြောင်း၊ ဤအကြောင်းများကြောင့်ပင် အနီးအနားတွင် စောင့်ကြည့်နေရခြင်းဖြစ်သည်။

ထွန်းတင်သည် မိုးချုပ်၍အိမ်သို့ ထမင်းစားပြန်လာသည်။ ကျောင်းမှ ဦးပဉ္ဇင်းကြီးက ဦးဖြူကို ဆုပေးလိုက်သည်ကို ဖခင်အားပြောပြသည်။

“အဘရေ… ကျောင်းကဦးပဉ္ဇင်းကြီးကတော့ ဦးဖြူကို ဆုတွေပေးလိုက်တာ အများကြီးဗျို့၊ သူဌေးကြီးလေးဦးတို့ကဲ့သို့ ကြွယ်ဝချမ်းသာကြပြီး၊ ဖြစ်လေရာဘဝတိုင်းတို့တွင် လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားကြရပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့်ရနိုင်ပါစေလို့ ဆုတွေအများကြီး ပေးလိုက်တယ်အဘရေ” ဟု ကျောင်းသားထွန်းတင်က သူ၏ဖခင် ဦးအောင်ဘသို့ ပြောပြနေတော့သည်။

www.myanmarcupid.net

"ဟော့ကောင်ရ မောင်ဖြူက ဘာတွေလှူလို့တုံးကွ" ဟု ဦးအောင်ဘက သူ၏သားအား မေးလိုက်သည်။

"လှူတာကတော့ ဆန်–၄ပြည်နဲ့ ငါးခြောက်တပိဿာပါ အဘရဲ့" ဟု သားကဖြေသည်။ ဦးအောင်ဘသည် သားပြောသည့်စကားများကို စဉ်းစားရင်း နားထောင်နေသည်။ နောက်တနေ့တွင် ဦးအောင်ဘက ဆန်တတင်း၊ ငါးခြောက်ငါးပိဿာကို ထိုဦးပဥ္စင်းကြီးကျောင်းသို့ သွား၍ လှူဒါန်းလေသည်။

ထိုဦးပဥ္စင်းကြီးမှာ အခြားဆုများကိုလည်း ရအောင်မကျက်နိုင်၍ ရပြီးသား ဆုကိုသာ ဆုပေးလိုက်လေသည်။

"သူဌေးကြီးလေးဦးတို့ကဲ့သို့ ချမ်းသာ ကြွယ်ဝပြီး၊ ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့မှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားစံစားပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့်ရနိုင်ပါစေ" ဟု ဆုပေးလိုက်ပြန်သည်။

ဤတွင် ဦးအောင်ဘက "ဦးပဥ္စင်းကြီး ကိုယ်တော့် ဆုပေးက ဒါ–ဒါပါဘဲလား၊ မောင်ဖြူနဲ့အတူတူပင်ဖြစ်နေပါသည်။ တပည့်တော်က ဆန်တတင်း၊ ငါးခြောက်ငါးပိဿာ လှူထားတာဘုရား" ဟု မောင်ဖြူက လျှောက်ထားတော့သည်။

ထိုအခါ ဦးပဥ္စင်းကြီးက စဉ်းစား၍ ပြောသည်မှာ၊ "တကာကြီး.... ဟိုကောင်က သေချာပေါက်ရမှာမဟုတ်ဘူး၊ တကာကြီးကသာ များများလှူလို့ အခုနပေးခဲ့တဲ့ဆုတွေကို တကယ်မုချ ဆက်ဆက်ရမှာ" ဟု ပြောလိုက်ရာ ဦးအောင်ဘမှာများစွာသဘောကျလေတော့သည်။

ဗန်းမော်ဆရာတော်သည် ကျောင်းလာ၍ မြှောက်ပင့်သောတကာအား "ငါက မောင်အောင်ဘလို များများလှူမှ တကယ်ရတယ်ဆိုတဲ့ အစားထဲကမဟုတ်ဘူး တကာရဲ့" ဟု မိန့်ကြားလိုက်လေတော့သည်။

*************

www.myanmarcupid.net



# ငွေပါမှ မယားကကြည်သာမယ်

ဗန်းမော်ဆရာတော်ထံသို့ ပွဲစားတပည့်တဦး ရောက်ရှိလာပြီး လှူဘွယ်ဘောဇဉ်တို့ကို လှူဒါန်းလေသည်။ ထိုအခါ ဗန်းမော်ဆရာတော်က စပ်မိစပ်ရာပြောဆိုရင်းမှ စီးပွားရေး ရောင်းဝယ်မှု အဆင်ပြေရဲ့လားဟု မေးလေသည်။

"မှန်ပါ... ရာသီချိန်မဟုတ်သေး၍ အနည်းငယ်အရောင်းအဝယ် ထိုင်းနေပါသည်ဘုရား" ဟု လျှောက်ထားသည်။

ဆရာတော်က..."မင်းတို့ စီးပွားရေး အရောင်းအဝယ်ကောင်းပြီး ငွေရအောင်ရှာနိုင်မှ မယားက ကြည်ဖြူမယ်၊ ငွေရအောင်မရှာနိုင်ရင် ဌက်ဖျားမိလာတဲ့မောင်တေလိုမယားရဲ့ အကျော်အလွှားခံရမှာဘဲ" ဟု မိန့်တော်မူသည်။

ထိုအခါ တပည့်ဖြစ်သူပွဲစားက ကိုတေ၏အကြောင်း မိန့်တော်မူပါအုံး ဘုရားဟု လျှောက်သည်။

ဆရာတော်က အောက်ပါအတိုင်း မိန့်ကြားလိုက်သည်။

www.myanmarcupid.net

ရှေးကရွာတရွာမှာ မောင်တေနှင့် ဖွားခင်တို့ လင်မယားနှစ်ယောက်ရှိသည်။ မောင်တေမှာ အလွန်ပျင်း၍ အေးဆေးလှသည်။ ဖွားခင်ကချက်ချာသည်။ တနေ့လုပ်မှ တနေ့စားရသည့် လင်မယားနှစ်ဦးဖြစ်သည်။

"တော်...ဒီလို အေးဆေးနေပုံမျိုး ပျင်းပုံမျိုးနဲ့တော့ မလွယ်ဘူး၊ သူများမယားတွေမှာ ရွှေတွဲလဲ၊ ငွေတွဲလဲတွေနဲ့ချည့်ဘဲ၊ တနေ့လုပ်မှ တနေ့စားရတဲ့ဘဝမှာ ဘယ်တော့မှလဲ လူမွေးပေါက်မှာ မဟုတ်ပါဘူး" ဟု ဇနီးဖွားခင်က မြည်တွန်တောက်တီးသည်။

လင်ဖြစ်သူက မောင်တေမှာ နေ့စဉ်ရက်ဆက် တကျက်ကျက် အမြည်ခံရလွန်းအားကြီး၍ နားပူနေသည်။

"တော်... ဒီတိုင်းနေလို့ မဖြစ်ဘူး။ တခြားတရပ်တရွာကို သွားပြီး ငွေရှာမှဖြစ်မယ်"

ဟု မောင်တေအား ခဏခဏ ပြောဖန်များလာ၍ မောင်တေမှာ တရပ်တကျေးသို့ ငွေရှာထွက်တော့သည်။

မောင်တေသည် တရပ်တကျေးမှာငွေရှာနေရာ ၆-လပင် ကြာသွားခဲ့ပေပြီ။ သို့ပေမဲ့ရသမျှ ငွေတပြားမှပိုမလာဘဲ သူ့မှာ ငှက်ဖျားရောဂါပင် စွဲကပ်နေလေသည်။

မောင်တေသည် ရောဂါဒဏ် မခံနိုင်တော့၍ အိမ်သို့ပြန်လာခဲ့ရသည်။ လူအကူအညီခေါ်၍ပင် ပြန်လာခဲ့ရသည်။

မောင်တေအိမ်ပြန်အရောက်တွင် အိမ်ထဲသို့ပင်မဝင်နိုင်ရှာပေ။ အိမ်လှေခါးဆင်း အပေါက်၌ပင် လှဲ၍နေတော့သည်။ တခိုက်ခိုက်တုန်၍ ငှက်ဖျားတက်နေသည်။

www.myanmarcupid.net

ဖွားခင်က ပြာပြာသလဲမရှိပေ။ ဖွားခင်တွေးမိသည်မှာ သူငွေရှာထွက်တာ ၆–လကျော်ပင် ရှိသေးသည်။ ငွေပိုပါလာမည်မဟုတ်၊ ရောဂါပိုသာ လူတွင်ပါလာသည်ဟု တွေးမိသည်။

ဆောင့်ကာအောင့်ကာလုပ်၍ နှုတ်ခမ်းစူနေပြီး ဖွားခင်က မီးဖိုထဲဝင်လိုက် အောက်ဆင်းလိုက်နှင့် လင်ငတေအား ခြေသလုံးကကျော်၊ ပေါင်ကကျော်နှင့်ဖြစ်နေသည်။ လင်ငတေ အသာနေ၍ အောက်က အံကြိတ်နေရသည်။ တနေ့တော့ တွေ့ကြမှာပေါ့ဟု ငတေက အံကြိတ်၍ခဲထားသည်။ ဖွားခင်က တသုံသုံ တမှုံမှုံစူဆောင့်ရင်း မီးဖိုထဲ ရေနွေးအိုးတည်နေရာမှ...

"တော်... ငွေပိုမရှာနိုင်ဘဲ ရောဂါပိုရှာလာခဲ့တာ မဟုတ်ဘူးလား" ဟုမေးသည်။

"အေးပါ၊ ငါငွေပိုမရှာနိုင်ခဲ့ဘဲ ရောဂါပိုသာပါလာခဲ့တာပါ ရေနွေးမြန်မြန်ပွက်အောင် လုပ်စမ်းပါ... ချမ်းလွန်းလို့" ဟု လင်မောင်တေက အသံတုန်တုန်နှင့် ပြောနေသည်။

"အေး... သောက်မဲ့ကြဲ... သောက်မဲ့ကြဲ" ဟု မီးစကို ပင့်ထိုးရင်းမှ ပြောလိုက်သည်။

မကြာခင်ပင် မောင်တေငှက်ဖျားပျောက်ပြီး နောက်တခေါက် ငွေရှာထွက်ပြန်တော့သည်။ မောင်တေက ဒီတခါ ငွေမပါရင် အိမ်ပြန်မလာဟု အံကြိတ်၍ ခဲထားသည်။ တရပ်တရွာမှ တနှစ်မျှ ငွေရှာပြီး ငွေလည်း အတော်အတန် ရလာပြီဖြစ၍ အိမ်ပြန်ခဲ့သည်။ မောင်တေမှာ ဒီတခါ ငွေပိုသာပါသည်။ ရောဂါပိုပါမလာတော့။

သို့သော် မောင်တေမှ မယားအကြောင်းကို သိရန် ယခင်တခေါက် အိမ်အပြန်လိုပင် လူအကူအညီနှင့် ငှက်ဖျားရောဂါပြန်ပေါ်ဟန်ပြု၍ အိမ်ပြန်ခဲ့သည်။

www.myanmarcupid.net

မောင်တေအိမ်ပြန်အရောက်တွင် ယခင်ကဲ့သို့ပင် တံခါးပေါက်လမ်းမှာပင် အိပ်သည်။ ငှက်ဖျားတက်ဟန်ပြုသည်။ ဖွားခင်၏အမူအယာမှာ ယခင်ကထက်ပင် ပို၍ကြမ်းသည်၊ ရမ်းသည်၊ ယခင်ခေါက်တုန်းက ခါး၊ ပေါင်၊ ခြေသလုံး တို့ကိုသာ ကျော်လွှားသည်။ ယခုအခါ ကျောနှင့်လည့်င်းကိုပါ ကျော်နေသည်။ စူ၍ဆောင့်၍ ရေနွေးတည်သည်။

"ယောကျာ်းက အလုပ်ကောင်းလွန်း၍ ဘာမဆို ပြည့်စုံနေတာချည့်ဘဲ၊ ထင်းလဲမပူရ၊ ဆန်လဲမပူရတော့ အသာကလေး ချက်လိုက်ရုံဘဲ"

ဟု ရွဲ့၍ပြောနေသည်ကို ငှက်ဖျားတက်ဟန်ပြုနေသည့် လင်ငတေက သိသည်။ ပါလာသည့်ငွေစများကို ဝါးကျည်တောက်လုပ်ခါ ထည့်လာသည်ဖြစ်၍.....

"ထင်းဘယ်မှ ရှာမရရင် ဟောဒီ ငါယူလာတဲ့ ဝါးလုံးကိုခွဲဆိုက်"

ဟု အနီး၌ချထားသည့် ဝါးလုံးကျည်တောက်ကို မယားအနီးသို့ ပစ်ချပေးလိုက်သည်။

ဖွားခင်သည် ဝါးလုံးအတွင်းမှ ငွေစအသံများကို ကြားလိုက်မိလေသည်။ ဝါးကျည်တောက်ကို ကောက်ယူ၍ ခွဲချလိုက်သည်။ ဖွားခင်ကပြုံး၍...

"အံမယ်... ငါ့ယောကျာ်းက တကယ်အားကိုးရတာဘဲ" ဟု ပြုံးရွှင်စွာ ပြောတော့သည်။ နောက်ကပြာကရာပင်ထ၍ ရေနွေးတည်သည်။ ဖွားခင်မှာ အစစသွက်လက်၍လာတော့သည်။ ရေနွေးပွက်၍ ခပ်ပေးပြီးနောက် ဆန်ဆေးရန် အောက်အဆင့်တွင်ရှိသည့် ရေအိုးရှိရာ သွားလို၍ ထမီပြင်ဝတ်ကာ ထ၍လာသည်။ ယောကျာ်းအနီးမှာ ရပ်နေသည်။ ဖယ်ပေးပါအုံးဟု မပြောရဲပေ။

"မင်း... အောက်ဆင်းမှာ ဆင်းလေ"

"တော်က တံခါးဝ အိပ်နေတာကိုး"

www.myanmarcupid.net

“ခုနက ဒီလိုကျော်နေတာဘဲ၊ ခုလဲ ကျော်သွားပေါ့”

“ကျုပ်ကို ငရဲမပေးပါနဲ့ ဖယ်ပေးပါ”

လင်ဖြစ်သူ မောင်တေက ငှက်ဖျားတက်ဟန်ဆောင်နေရာမှ “အောင်မယ်... မိန်းမက ငွေမျက်နှာ တယ်သိပါလား” ဟု ခတ်ပြုံးပြုံးပြော၍ ထလာသည်။

ဖွားခင်က ...“သေနာကောင်ကြီး ဟန်ဆောင်နေတာကိုး” ဟု ကျောကို ထု၍ထု၍ နေတော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က “အဲဒါသာကြည့် ငါ့တပည့် မယားဆိုတာ ငွေပါမှသာ ကြည်တယ်” ဟု မိန့်ကြားလိုက်လေတော့သည်။

*************

www.myanmarcupid.net



# နိဗ္ဗာန်ကိုရောက်မှာတောင် အိမ်တခေါက်ပြန်ချင်တဲ့မောင်ဆောင်

ဗန်းမော်ဆရာတော်ဘုရားကြီးသည် နံနက်ခင်း စာဝါပြီးဆုံးသွား၍ ဆွမ်းဘုဉ်းပေးနေသည်။ ကျောင်းအောက်တွင် ဆရာတော် စာဝါပြီး၊ မပြီး ချောင်းမြောင်း၍ စောင့်နေသော တကာတယောက်သည် ဆရာတော်၏ အရိပ်အကဲခတ်နေသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးနေသည်ကို အတက်မြင်သိတော့မှ ဆရာတော်ထံ သွားရောက်၍ ကန်တော့သည်။

www.myanmarcupid.net

"ဘာကိစ္စလဲကွတကာ" ဆရာတော်က ဝတ်ပြုနေသည့် တကာကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"မှန်ပါဘုရား... တပည့်တော်သည် ဆရာတော်ထံ အထူးလျှောက်ထားရန် ရှိပါ၍ ရောက်လာရခြင်းပါဘုရား" ဟု တကာက လျှောက်သည်။

"အေး... ဆိုစမ်းပါအုံးကွ တကာရ ဘာများလဲ" ဟု အနီးရှိ ထွေးခံထဲသို့ ကွမ်းတံတွေးထွေးလိုက်ပြီး မေးလိုက်သည်။

"မှန်ပါဘုရား... တပည့်တော်သည် နိဗ္ဗာန်ကို အင်မတန်လိုချင်လှပါသဖြင့် ဆရာတော်ထံမှ နည်းကောင်းလမ်းမှန် ရလိုပါသောကြောင့် လာလျှောက်ရခြင်းပါဘုရား"

"မင်းတကယ်အမှန် နိဗ္ဗာန်ကို လိုချင်နေတာလား" ဟု ဆရာတော်က မေးသောအခါ အမှန်တကယ်လိုချင်ကြောင်း လျှောက်သည်။ ဆရာတော်က "အေးပေါ့လကွာ.... ဈေးချိုတောင်ဘက်က မောင်ဆောင်မယား နှုတ်ဆက်ချင်သေးသလို ဖြစ်နေအုံးမယ်" ဟု ဆရာတော်က မိန့်ကြားပေရာ၊ "မှန်ပါ မောင်ဆောင်မယား နှုတ်ဆက်ချင်သေးသလို ဆိုတာက ဘယ်လိုပါပဲဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က အောက်ပါပုံပြင်ကို ဟောပြလေသည်။

ဈေးချိုတော်၏ တောင်ဘက်အရပ်ထဲတွင် မောင်ဆောင်နှင့် မောင်အောင်တို့သည် အိမ်နီးနားချင်းအဖြစ်နေထိုင်ကြလေသည်။ ထိုသူနှစ်ယောက်တို့မှာ ပြောမနာ၊ ဆိုမနာ ရင်းနှီးကြသည့် မိတ်ဆွေရင်းများ ဖြစ်ကြသည်။ မောင်ဆောင်က ဘုရားတရားဘက် အတော်ကလေး ယုံကြည်လေးစားသည်။ မောင်အောင်က တွေးသည်။ မောင်ဆောင်သည် ဘုရားတရား ရတနာသုံးပါးတို့အား တကယ် နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက်ခြင်းလော၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို တကယ်မသိဘဲနှင့် မိဘများက ကိုးကွယ်၍သာဟု အစဉ်အလာ မိရိုးဖလာ

www.myanmarcupid.net

ကိုးကွယ်ခြင်းလောဟု မောင်အောင်က မောင်ဆောင်အပေါ် လေ့လာတွေးဆနေသည်။ မောင်ဆောင်ကား နေ့စဉ်မပြတ် အိမ်တော်ရာ ဘုရားသို့သွား၍ ဝတ်ပြုလေ့ရှိသည်။ တနေ့တွင် မောင်အောင်က မောင်ဆောင်ကိုမေးသည်။

"သူငယ်ချင်း... မင်းအမှန်တကယ် နိဗ္ဗာန်ကိုလိုချင်နေတာလား၊ မင်းနေ့တိုင်း အိမ်တော်ရာဘုရားကို သွားသွားပြီး ဘုရားဝတ်ပြုနေတာ ငါမြင်မြင်နေလို့ မေးတာပါ" ဟု မေးသည်။

"ဟ... မောင်အောင် ငါတကယ် နိဗ္ဗာန်လိုချင်တာပေါ့ကွ" ဟု ပြောသည်။

မောင်ဆောင်က ဖြေလိုက်သည်ကို မောင်အောင်က အမှတ်မထင် မှတ်ထားလိုက်သည်။ အခြားစကားများကိုသာ လွှဲ၍ပြောဆိုကာ နေသည်။ ရောက်တက်ရာရာ ပြောဆိုဆွေးနွေးရင်း လူချင်းခွဲလိုက်ကြသည်။

မောင်အောင်သည် အသိအငြိမ့် ဇာတ်တခုမှ နတ်ဝင်တန်ဆာတစုံကို ငှားထားသည်။ မောင်အောင် အိမ်တော်ရာဘုရားသို့ မှန်မှန် ဘုရားဝတ်ပြုခြင်း ရှိ၊ မရှိ သူအကဲခတ်သည်။ နောက်အမှန်ရက်ဆက် ဝတ်ပြုနေမှန်းသိတော့မှ နောက်တနေ့တွင် မောင်ဆောင်ဝတ်ပြုနေကြ အချိန်ထက် နာရီဝက်ခန့်စော၍ အဆင်သင့် ငှားထားသည့် နတ်ဝတ်တန်ဆာ အပြည့်အစုံကို ဝတ်ဆင်ပြီး အိမ်တော်ရာရှိရာ မောင်ဆောင်ဝတ်ပြုနေကျ ဘုရား၏ နောက်ကွယ်တွင် အသာပုန်း၍နေသည်။

မောင်ဆောင်သည် အချိန်မှန်ပင် အိမ်တော်ရာဘုရားသို့ ဝတ်ပြုသွားပေပြီ။ မောင်ဆောင် ဘုရားဝတ်ပြုပြီး ငြိမ်၍ ဆုတောင်းနေသည်။ ဦးကုန်းချလောက်ပြီး အထင်ရှိသောအခါ ဘုရားနောက်ကွယ်တွင် ပုန်းနေသည့် အယောင်ဆောင် မောင်အောင် နတ်မင်းဟန်နှင့်တွက်လာပြီး...

"အို... အမောင်လူသား သင်ဘာဆုတောင်းနေတာလဲ"

www.myanmarcupid.net

မောင်ဆောင်၏ရင်ထဲ ထိပ်ခနဲဖြစ်သွားပြီး ကိုယ်ရောင်ထင်ရှား လာပြသည့် နတ်မင်းကြီးပင်ဟု ယူဆ၍ "မှန်ပါ… ကျွန်တော်မျိုး နိဗ္ဗာန်ဆုတောင်းနေတာပါ" ဟု ဖြေလိုက်သည်။

"တကယ် နိဗ္ဗာန်ကို လိုချင်လို့လား" ဟု နတ်မင်းအသွင် ဟန်ဆောင်ထားသည့် မောင်အောင် နတ်မင်းက အသံဖျက်၍ ဆက်မေးလိုက်သည်။

"ဟုတ်ကဲ့ နတ်မင်းကြီး… ကျွန်ုပ် တကယ် နိဗ္ဗာန်ကို လိုချင်နေပါတယ်"

"နိဗ္ဗာန်ကို တကယ်လိုချင်တာဖြင့် ငါနတ်မင်း တံခိုးဣဒ္ဓိပါဒ်နဲ့ မညိုးအောင်ဖန်ဆင်း၍ သင်လူသား၏ လူဇတ်အသွင် ပျောက်စေပြီး၊ အခု ချက်ချင်းပင် ငါနဲ့တပါတည်း နိဗ္ဗာန်ကိုလိုက်ခဲ့ရမယ်"

မောင်ဆောင်သည် အသားတွေ တုန်လာမိသည်။ ဘာကိုပြောလိုက်ရမှန်း မသိအောင် ဖြစ်သွားသည်။ နောက်စိတ်ထဲမှ အကြံရလာပြီး "မယားနှုတ်ဆက်ရန်တော့ နတ်မင်းကို တောင်းပန်ဦးမှဘဲ" ဟုတွေးပြီး နတ်မင်းကြီးကို ကြည့်ကာ…

"ကျွန်ုပ် အိမ်ခဏပြန်ပြီး မယားကို နှုတ်ဆက်ပါရစေအုံး… နတ်မင်းကြီး၊ ဒီကဘဲ စောင့်နေပါ မြန်မြန်ပြန်လာခဲ့ပါမယ်" ဟု ပြောလိုက်သည်။

"အေး… သိပ်မကြာစေနဲ့ မြန်မြန်သာလာခဲ့" ဟု ခွင့်ပေးလိုက်လေသည်။

မောင်ဆောင်ကား အရှိအသေပေး၍ အိမ်ပြန်သွားသည်။ အိမ်ရောက်တော့ မယားကို အဖြစ်စုံပြောပြသည်။

"ရှင်ဟာ ကုသိုလ်ကံသိပ်ထူးတာဘဲ၊ တခါဘူးမျှ နိဗ္ဗာန်ကို တိုက်ရိုက်လာခေါ်တာ မကြားဘူးဘူး၊ ရှင်လိုက်သွားရင် ကောင်းတာပေါ့"

www.myanmarcupid.net

"အေး... နင့်မယ် ကလေးတွေ တဘက်နဲ့ ချက်ရပြုတ်ရတဲ့ တာဝန်တွေ ကြီးနေမလားလို့" မောင်ဆောင်သည် နတ်မင်းကြီးကိုထားခဲ့ပြီး မယားကိုနှုတ်ဆက်နေသည်မှာ အဆုံးအပိုင်းအခြားမရှိ ဖြစ်နေတော့လေသည်။

ဗန်းမော်ဆရာတော်က လာလျှောက်သည့်တကာအား ဤပုံပြင်ကိုပြောလိုက်ရာ "မှန်ပါ မျက်တွေ့လက်တွေ့ ကြီးတော့လဲ"

ဗန်းမော်ဆရာတော်က ဖြတ်၍ "အေး... မင်းလဲ မောင်ဆောင်လို မယားနှုတ်ဆက်နေအုံးမဲ့ကောင်လိုပါဘဲ" ဟု ပြောလိုက်တော့ လေသည်။

*************

www.myanmarcupid.net



# ရှေ့နေဆိုတော့ စကားတတ်တာကိုး

ဗန်းမော်ဆရာတော်သည် ကျောင်းတွင် အလည်ရောက်ရှိနေကြသည့် ဘုန်းကြီးဒည့်၊ လူဧည့်များနှင့် စကားစပ်မိစပ်ရာ ပြောကြရင်းမှ တခါက ဆရာတော်တပါး၏ အခက်ကြုံရပုံကို ပြောပြလေသည်။

ထိုဆရာတော်ထံသို့ မကြာမကြာရောက်ရှိပြီး ကိုးကွယ်ဆည်းကပ်နေသည့် ရှေ့နေတယောက်ရှိလေသည်။ ထိုရှေ့နေမှာ စကားကပ်၊ စကားကိုးတို့ဖြင့် အလွန်ကျွမ်းကျင် လိမ္မာပေသည်။ အမှုတခု သူ့လက်ဝယ်ရောက်ရှိတိုင်း သူသာအနိုင်ရရှိသည် ချည့်ဖြစ်သည်။ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ဖြစ်၍ ရှေးဟောင်းဓမ္မသတ်များဖြင့်သာ ပြောဆိုဆုံးဖြတ်ရခြင်းဖြစ်၍ ရှေးဟောင်းဓမ္မသတ် ဖြတ်ထုံးတို့ကို မကျွမ်းကျင်က ရှေ့နေလုပ်၍မရပေ။

ထိုရှေ့နေသည် ဆရာတော်ကို အလွန်ကြည်ညို ဆည်းကပ်သူဖြစ်၍ အနည်းငယ်အားခွင့်ရသည်နှင့် တပြိုင်နက် ဆရာတော်ထံသို့ပင် သွားရောက်လေ့ရှိသည်။

www.myanmarcupid.net

ထိုဆရာတော်နှင့် ရွှေနေမှာ အလွန်ရင်းနှီးလာကြသည်ဖြစ်၍ ဆရာနှင့်တကာ၊ တကာနှင့်ဆရာ၊ အညမညဒ္ဒန္ဒဖြစ်ကာ ပြောရဲဆိုရဲအခြေသို့ ဆိုက်ရောက်ခဲ့သည်။

တနေ့သော် ဆရာတော်ကြီးက ရွှေနေတကာအား သနားငဲ့ညှာတာသောအားဖြင့် ဓမ္မစကြာဒေသနာကို အသေအချာ ကျက်မှတ်ထားရန် တိုက်တွန်းလေသည်။ သိစရာမှန်သမျှကို ဆရာမပါဘဲနှင့် ကိုယ်တော်တိုင် ကောင်းမွန်မှန်ကန်စွာသိနိုင်သည့် "သမ္မာသမ္ဗုဒ္ဓ" မြတ်စွာဘုရားက ငါးဦးအစုရှိသည့် "ပဥ္စဝဂ္ဂီ ခေါ် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ရဟန်းတို့အား ပထမဆုံး ဟောကြားသည့် တရားတော်ဖြစ်၍ အလွန်မှတ်သားဘွယ်ရာ ရှိကြောင်းကို ရွှေနေတကာကြီးအား ဆရာတော်က ပြောပြနေတော့သည်။

ရွှေနေတကာကလည်း "မှန်လှပါဘုရား… အချိန်ရလျှင်ရသလိုကျက်ပါမည်" ဟု ကတိပေး လျှောက်ထားလေသည်။

နောက်တခေါက် ဆရာတော်ကျောင်းပြန်အရောက်တွင် ဆရာတော်က ရွှေနေတကာအား "ဘယ့်နှယ်လဲ တကာကြီး ဓမ္မစကြာ ဒေသနာကို ကျက်မှတ်ပြီးပြီလား" ဟု မေးတော်မူသည်။

ရွှေနေတကာက မကျက်မှတ်ရသေးကြောင်း လျှောက်ထားလေသည်။ ဆရာတော်ကြီးက "မင်းအားလပ်ခွင့်ရတိုင်း၊ ရတိုင်း ကျက်ရင် ရလောက်ပါပြီ" ဟု မိန့်ကြားသည်။

"မှန်ပါ၊ လူသားဆိုတော့လဲ ဗဟုကိစ္စတွေကများပါဘုရား" ဟု ပြန်၍လျှောက်သည်။ ဆရာနှင့်တကာ အပြန်အလှန် ပြောဆိုကြပြီး ရွှေနေတကာသည် အိမ်သို့ပြန်ခဲ့လေသည်။

နောက်ရက်များတွင်လည်း ရွှေနေတကာ ကျောင်းသို့ရောက်လာတိုင်း ဆရာတော်က ဓမ္မစကြာ ကျက်ပြီးပြီလား မေးသည်။ တကာက မကျက်မိသေးကြောင်း လျှောက်သည်။

www.myanmarcupid.net

ဆရာတော် အကြိမ်ပေါင်းများစွာမေးသော်လည်း ရွှေနေတကာက မကျက်မိသေးကြောင်း လျှောက်သည်။

နောက်တခေါက် ရွှေနေတကာ ကျောင်းအရောက်တွင် ဆရာတော်က မေးပြန်သည်။ သည်အခါတွင် ရွှေနေတကာက ရွှေနေရွှေရပ်ပီပီ စဉ်းစားတွေးခေါ်လာသည်။ ဓမ္မစကြာပါဠိ အနက်ကို အလွတ်သာမရဘဲ ရှိနေသည်။ သဘာဝအဓိပ္ပါယ်လိုရင်းတော့ မှတ်မိပြီးဖြစ်နေသည်။ ဆရာတော်ကြီးက သည်အကြိမ် ငါ့မေးသည်ကို ငါသည် "မကျက်ရသေးပါဘုရား" ဟု လျှောက်လျှင် စိတ်ဆိုးချေဦးမည်။ သည်တခါတော့ တမျိုးလျှောက်မှဟု တွေးမိပြီး ဆရာတော်အားပြန်၍ လျှောက်ထားလေသည်။

"မှန်လှပါဘုရား... ဆရာတော်ကလည်း ဗုဒ္ဓ ကိုယ်တော်တိုင်မဟုတ်၊ မန္တလေးမြို့ကလည်း ဗာရာဏသီမြို့မဖြစ်၊ ဆရာတော်၏ ကျောင်းကလည်း သားအပေါင်းစုံသည့် မိဂဒါဝုန်တောမဟုတ်၊ တပည့်တော်ကလည်း ပဥ္စဝဂ္ဂီငါးဦးတွင် တဦးအဖြစ်မပါဝင်၊ ဒီအကြောင်းတွေ စဉ်းစားမိတာနှင့် တပည့်တော် မကျက်ရ သေးကြောင်းပါဘုရား" ဟု လျှောက်ထားလိုက်ရာ၊ ဆရာတော်ကြီးသည် ရွှေနေတကာအား မည်သို့မျှ စကားတုံ့မပြန်နိုင်ဘဲ ရှိနေတော့သည်။

နောက်ဆရာတော်ကြီးက "အင်း... ရွှေနေဆိုတော့ တယ်စကားတက်ထားတာကိုးကွ" ဟုသာ ပြုံး၍ မိန့်တော်မူသည်။

ဤတွင် ဇန်းမော်ဆရာတော်က "အခုလဲ မင်းတို့အထဲ စကားတက်တဲ့ရွှေနေများ ပါနေမလားလို့" ဟု တပည့် လူ၊ ပရိသတ်များရှိရာသို့ လှည့်၍ မိန့်ကြားလိုက်ပေတော့သည်။

*************

www.myanmarcupid.net



# ပညာရှိမောင်ထင် ဆင်မမြင်ဘူးသလို

ဇန်းမော်ဆရာတော်၏ ထံသို့ ပြဿနာတရပ်ရောက်ရှိလာပြန်လေပြီ။ ထိုပြဿနာကို ဆရာတော် စာဝါနားချိန်ကြည့်၍ တကာတယောက် လာလျှောက်ခြင်းပင်ဖြစ်သည်။

"ဆရာတော်ဘုရား... တပည့်တော်မှာ ပြဿနာတရပ် တွေ့နေရပါတယ်ဘုရား" ဟု တကာက လျှောက်ထားသည်။ ဆရာတော်က "တကာမှတွေ့ရတဲ့ ပြဿနာပြောပြစမ်းပါအုံး" ဟု မေးလေသည်။

"မှန်ပါဘုရား... တပည့်တော်တို့ လူ့လောကီဘုံသားတွေမှာ အသက်မွေးမှုအမျိုးမျိုး လုပ်ကိုင် စားသောက်ရပါသည်ဘုရား၊ တချို့သောသူတို့မှာ လူတို့အကျိုးပြုသော လယ်ယာလုပ်ငန်းများနှင့် ကောင်းရောင်းကောင်းဝယ်များဖြင့်သာ စီးပွားရှာ၍ အကျိုးဖြစ်ထွန်းကြပါဘုရား။ အချို့သောသူတို့မှာ ကျွဲနွားများ သတ်ဖြတ်၍သော်၎င်း၊ ပျားဖွတ်၊ ငါးမြှားစသော အကုသိုလ်မှုပြု၍သော်၎င်း စီးပွားဖြစ်ထွန်းကြပါသည်ဘုရား"

"တပည့်တော်သည် အထက်ပါ အကျိုးဖြစ်ထွန်းမှု နှစ်ရပ်ကို ကြည့်ရှုဆင်ခြင်၍ တပည့်တော်၏ ဆရာဖြစ်သောသူကို မေးမြန်းပါသည်။ ဆရာခင်ဗျား... ကုသိုလ်နှင့် အကုသိုလ် မည်သည့်အရာက လူ့လောက

www.myanmarcupid.net

အကျိုးစီးပွားကို ပေးနိုင်ပါမည်နည်း" ဟု မေးရာ... ဆရာက ကုသိုလ်ဖြင့်သာ အကျိုးဖြစ်ထွန်းသည်ဟု ဖြေပါသည်ဘုရား၊ "တပည့်တော်၏ဆရာ ဖြေနည်းကို သဘောမကျ၍ ဆရာတော်ထံ ရောက်ရခြင်းပါဘုရား"

"အေး... အေး... ဆင်ကိုမမြင်ဘူးတဲ့ ပညာရှိ မောင်ထင်လိုတော့ဖြစ်ပြီ" ဟု မိန့်တော်မူလိုက်သည်။

"မှန်ပါ... ဆင်မမြင်ဘူးတဲ့ ပညာရှိမောင်ထင်အကြောင်း အမိန့်ရှိတော်မူပါဘုရား" ဟု လျှောက်ထား၍ အောက်ပါ အတိုင်း ပြောပြတော်မူလေသည်။

*************

ရှေးအခါက ရွာတရွာမှာ ပညာရှိမောင်ထင်ဆိုသူ လူတယောက်ရှိသည်။ ထိုမောင်ထင်မှာ သူ့ကိုယ်သူလည်း အလွန်အထင်ရောက်သည်။ သူသာအရာရာမှာ တက်သိကျွမ်းကျင်သည်။ ရပ်ရွာထဲမှာ အမှုကြီးငယ်ရှိလျှင်လည်း သူသာဆုံးဖြတ်ပေးရလေသည်။ လူအများကလည်း မောင်ထင်ဆုံးဖြတ်သည်ကို တသွေမတိမ်း လိုက်နာ ယုံကြည်လေသည်။ မောင်ထင်မှာ ကြက်ဆူတော မင်းမူပြီး အနူတောမှာ လူချောဖြစ်၍နေတော့သည်။

တနေ့တွင် ထိုရွာထဲမှ လူတယောက်၏လယ်ကွင်းရှိ စပါးများကို ဆင်ကဝင်ရောက်ဖျက်ဆီးလေသည်။ ထိုလယ်ရှင်မှာ ဆင်ကို မမြင်ဘူးသောကြောင့် မိမိလယ်ကွင်းရှိ စပါးများကို စားသောက်ဖျက်ဆီးနေသော သတ္တဝါသည် မည်သည့်သတ္တဝါ ဖြစ်မည်သိရအောင် ပညာရှိကြီး ဦးထင်ထံ သွားရောက်မေးမြန်းသည်။

ထိုရွာသားက အရာရာတက်သိသည်ဆိုသော ပညာရှိကြီး ဦးထင်ထံသို့သွား၍ မိမိလယ်ကွင်းထဲမှ စပါးများကို စားသောက်ဖျက်ဆီးသည့် သတ္တဝါသည် မည်သည့်သတ္တဝါ ဖြစ်ကြောင်းကို

www.myanmarcupid.net

သိလိုပါသည်။ ခြေရာကြီးတွေလဲ ကျန်နေပါသည်။ ဆရာကြီးဦးထင် လိုက်ကြည့်ပါဟုလည်း ဦးထင်အား ပြောကြားလေသည်။

ကဝိကျော်မောင်ထင်က ထိုရွာသား၏လယ်ကွင်းသို့ လိုက်၍ ကြည့်သည်။ စပါးပင်များကြေရာ စပါးစေ့များ၊ ဟိုနဲ့နဲ့ ဒီနဲ့နဲ့ ကြဲဖြန့်နေရာတို့နှင့်တကွ ဆင်ခြေရာ အစစ်ကြီးကိုပါ တွေ့ရသည်။ သို့သော် ကဝိကျော်မောင်ထင်သည် ဆင်မမြင်ဘူး၍ ဆင်ခြေရာမှန်းမသိပေ။ မောင်ထင်က ကုန်းလိုက်ကွလိုက်နှင့် အသေအချာကြည့်ပြီး "ဒီလယ်ထဲကအရာကြီးတွေဟာ စပါးခိုးရိတ်တဲ့လူတွေ ကလေးကစားတဲ့ ဇကောငယ်များကို ခြေတပ်ပြီး ခိုးယူကြတဲ့ အရာကြီးတွေဖြစ်ကြောင်း" ပြောလိုက်လေတော့သည်။

ဤတွင် လယ်ရှင်လုပ်သူက သူကိုယ်တိုင်ကလည်း ဆင်ကိုမမြင်ဘူးသူဖြစ်၍ ဆင်မမြင်ဘူးသည့် မောင်ထင်ပြောသမျှ ကျေနပ်ကာ "ဒါမှ ဒို့ဆရာကြီးဘဲ၊ ဒါကြောင့်လဲ တရွာလုံးက အားကိုးနေရတာ၊ ကြဲကြဲဖန်ဖန် ဆင်ခြင်တိုင်းထွာ၍ ပြောတက်သည့်ဆရာကြီး" ဟု ပညာရှိမောင်ထင်အား ဖြေကြား၍ ပြန်သွားကြလေသည်။

ဤတွင် ဗန်းမော်ဆရာတော်က "ခုလဲ မင်းဆရာက ကျမ်းကိုးကျမ်းကားနဲ့ မပြောဘဲ တော်သလို–ရော်သလို အလိုက်သင့် ပြောလိုက်ခြင်းမှာ မောင်ထင် ဆင်မမြင်ဘူးသလို ပြောခြင်းမျိုးသာ ဖြစ်သည်" ဟု ဆရာတော်က မိန့်ကြားလိုက်တော့သည်။

*************

www.myanmarcupid.net



# သီလခံယူတယ်ဆိုတာ နပန်းချတက်မှ

ဗန်းမော်ဆရာတော် ဘုရားကြီးသည် သီတင်းနေ့များတွင် သီလလာ၍ ဆောက်တည်သူ တကာ၊ တကာမများအား ကိုယ်တိုင် သီလပေးလေ့ ရှိသည်။

ဆရာတော်သည် သီလပေးရန် ပရိသတ်များရှေ့ရှိ သေချာစွာ ပြုပြင်ခင်းထားသည့်နေရာသို့ကြွလာပြီး တကာ၊ တကာမများအား မေးမြန်းလေသည်။ "သီလဆောက်တည်တာ မိမိတို့ကိုယ်တိုင် ဆိုတက်ကြရဲ့လား၊ ရှေ့ကနှုတ်တိုက်ချပေးရအုံးမှာလား" ဟု မေးလေသည်။

တကာ၊ တကာမများက "မှန်ပါရှေ့ကဘဲ နှုတ်တိုက်ချပေးပါဘုရား" ဟု လျှောက်ထားကြ၍ ဆရာတော်ကရှေ့မှပင်ချ၍ သီလပေးလေသည်။

တပည့် တကာ၊ တကာမများအား သီလပေးပြီးနောက် ဆရာတော်က သီလခံယူရာမှာ ဘုန်းကြီးကရှေ့ကဆိုတိုင်း နောက်ကလိုက်ဆိုတာနဲ့ နပန်းသတ်ရတဲ့ မောင်ပေါက်အကြောင်း ပုံပြင်ကို အောက်ပါအတိုင်း ပြောပြတော့သည်။

*************

www.myanmarcupid.net

ရှေးက ရွာတရွာမှာ မောင်ပေါက်နှင့် မကောက်ဆိုသည့် လင်မယားနှစ်ယောက်ရှိသည်။ မယားဖြစ်သူ မကောက်က ရတနာသုံးပါးကို လေးစားယုံကြည်သည်။ မယားမကောက်က ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သလောက် မောင်ပေါက်က ဖါသိဖာသာပင်နေသည်။ မကောက်က ဝါတွင်းမှာ သီလမကျိုးပေါက်အောင် အထူးစောင့်စီးထားသည်။

မောင်ပေါက်သည် အိမ်မှုကိစ္စအဝဝကို ခတ်မှန်မှန် ခတ်အေးအေးပင် လုပ်တက်သည်။ မကောက် သီလဆောက်တည်သည်ကို တခါဘူးမျှ အနှောင့်အယှက်မပြုခဲ့။ မိမိဖါသာ မိမိအေးအေးနေသည်။

နောက်ဆုံး သီတင်းကျွတ်ရန် တသီတင်းသာ လိုတော့သည့် သီတင်းကျွတ်လဆန်း (၈)ရက်၊ သီတင်းနေ့တွင် မယားမကောက်က လင်ဖြစ်သူ မောင်ပေါက်အား သီလဆောက်တည်ရန် တိုက်တွန်းသည်။

"ကိုပေါက်.... တော်ဒီလိုချည့်နေလို့ မဖြစ်ဘူး၊ သီလလေးဘာလေး ဆောက်တည်အုံးမှပေါ့၊ သီတင်းကျွတ်လို့ နောက်တသီတင်းဘဲ လိုတော့တယ်၊ သီလဆောက်တည်မှ ဘဝအဆက်ဆက်မှာ အသက်ရှည်သတဲ့ ကိုပေါက်ရဲ့" သီလခံယူရန် ကျောင်းသွားမည့်ဆဲဆဲ ကန်တော့ပွဲကိုင်ရင်း ပြောနေသည်။

"တော် အခုကျုပ်နဲ့ တခါတည်းရှင်လဲ လိုက်ခဲ့ပါလားတော်" အေးစက်စက်နိုင်လှသော မောင်ပေါက်အား ဆက်၍ ပြောလိုက်လေသည်။

"သီလခံယူတာမလွယ်ဘူးဟ၊ ငါက ကျောင်းကောင်းကောင်း မနေခဲ့ရလို့ မေ့ကုန်ပြီ"

"အံမယ်... လွယ်ပါတယ်တော့၊ ဘုန်းကြီးရှေ့ကဆိုတဲ့အတိုင်း နောက်ကလိုက်ဆိုတက်ရင် ပြီးတာဘဲဉစ္စာ၊ ထစမ်းပါ အဝတ်အစားလဲပြီး တခါထဲ လိုက်ခဲ့စမ်းပါတော်"

"အေးအေး... ဒီတခါတော့ နင်ချည့်ဘဲသွားယူအုံး၊ နောက်သီတင်းကျွတ်လပြည့်နေ့ကြမှ ငါလိုက်ခဲ့မယ်" ဟု

www.myanmarcupid.net

မောင်ပေါက်ပြောလိုက်သည်။ မကောက်သည် ဆက်မခေါ်တော့ဘဲ ကျောင်းသို့ ရှေ့ကသွားနှင့်ကြသည့် ဥပုသ်သည်တွေကို အမှီလိုက်၍ သွားတော့သည်။

သီတင်းကျွတ်လပြည့် အဖိတ်နေ့ညဘက်တွင် မကောက်က မောင်ပေါက်အား သတိပေးသည်။

"တော်... နက်ဖြန်ခါလပြည့်နေ့ ဥပုသ်စောင့်လိုက်ရမယ်၊ ယောကျ်ားရင့်မာကြီးလုပ်နေပြီး သီလလေးမှ မဆောက်တည်နိုင်ရင် ဘယ်ကောင်းမလဲ၊ အခုဘဝဟောင်းစွန့်ကြရလို့ ဘဝသစ်ကို ပြောင်းကြရင် တော်နဲ့ ကျုပ် ဘဝမကွာ အသက်ရှည်ရှည်နေကြရမှာ"

"အေးပါဟာ... မယားအလှကလဲ တရားပြနေလိုက်တာ နက်ဖြန်မနက် လိုက်ပါမယ်၊ သွားပါ့မယ်။"

မောင်ပေါက် အနည်းငယ်သွက်လာပြီး မယားမကောက်ကို ကတိပေးလိုက်သည်။ သို့နှင့်ပင် လပြည့်နေ့နံနက် လင်းအားကြီးအချိန်သို့ ရောက်ခဲ့သည်။ မောင်ပေါက်သည် အခါတိုင်းထက် ပိုစောပြီး ထ၍ မျက်နှာသစ်နေသည်။ နောက်ပြီး ပုဆိုးအင်္ကျီများလဲ၍ တဘက်ကိုခေါင်းပတ်ကာ ကျောင်းသို့သွားမည် အပြုတွင် မယားမကောက်က...

"ဘယ့်နှယ်ကိုပေါက် ကျောင်းသွားမှာက စောလှချည့်လား၊ ဒီအချိန်ဘယ်သူမှ ကျောင်းမသွားကြသေးဘူး၊ ကျုပ်လဲ ဆွမ်းအုပ်နဲ့ တပါတည်းသွားရအောင် မြန်မြန်ချက်နေတာဘဲ၊ ပြီးတော့ တော်လဲဘာမှ မစားရ မသောက်ရသေးဘဲနဲ့"

"ငါမဆာသေးပါဘူး ကျောင်းကပြန်မှ ထမင်းကြမ်းစားမယ်၊ သူများတွေထက်ပိုပြီး စိတ်သန့်ရှင်းအောင်လို့ ငါကျောင်းကို အရင်ရောက်အောင်သွားမှာ" ဟု မောင်ပေါက်ကထ၍ သွားတော့သည်။

မကောက်က "တော်တော် အပြောရကြပ်တဲ့လူဘဲ" ဟု သာပြော၍ ကျန်နေခဲ့တော့သည်။

www.myanmarcupid.net

မောင်ပေါက်သည် တဖြေးဖြေးနှင့်လျှောက်လာခဲ့ရာ ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းအနီးသို့ပင် ရောက်ရှိလာခဲ့ပေပြီ။ ကျောင်းဝိုင်းထဲတွင် ကျောင်းသား ကိုရင်တို့ လှုပ်ရှားနေသည်။ ကိုရင် သာမဏေအချို့ မီးတင်းကုတ်ထဲမှာ ရေနွေးအိုးတည်နေကြသည်။ ကျောင်းသားများမှာ ရွာထဲသို့ ဆွမ်းဝတ်ယူသွားရန် ကျောင်းပုရဝုဏ်ပေါက်၌ မောင်ပေါက်ကတွေ့ခဲ့သည်။ မောင်ပေါက်မှာ ရှင်သာမဏေအချို့ ဆွမ်းစားကျောင်းရေတွင်းတွင် ပန်းကန်များ ဆေးကျောနေသည်ကိုမြင်ရသည်။ ထိုအခါ မောင်ပေါက်က "ကိုရင်တို့ ဘုန်းကြီး ဘယ်မှာလဲ" ဟု မေးလေသည်။ ကိုရင်များက ဘုန်းကြီးကျောင်းပေါ်က ဆင်းမလာသေးကြောင်း ပြောပြသည်။ မောင်ပေါက်က ကျောင်းကြီးပေါ်သို့ တက်သွားလေသည်။ ဘုန်းကြီး ဆေးလိပ်သောက်နေသည်ကိုလည်း မြင်သည်။ မောင်ပေါက်သည် ဘုရားနှင့်ဘုန်းကြီးကို ဝတ်ပြု၍နေလေသည်။ ဆေးလိပ်သောက်နေသည့် ဘုန်းကြီးက မောင်ပေါက်အား မေးလေသည်။

"မောင်ပေါက် ဥပုသ်စောင့်လာသလား"

"မောင်ပေါက် ဥပုသ်စောင့်လာသလား"

"အို... ဒီကောင် ငါ့ပြောင်နေပြန်ပြီ"

"အို... ဒီကောင် ငါ့ပြောင်နေပြန်ပြီ"

"ဟဲ့... နင်ရူးများနေသလား"

"ဟဲ့... နင်ရူးများနေသလား"

"တယ်... ငါရိုက်မိပြန်တော့မယ်"

"တယ်... ငါရိုက်မိပြန်တော့မယ်"

မောင်ပေါက်သည် ဘုန်းကြီးပြောသမျှ နောက်ကလိုက်၍ ဆိုနေတော့သည်။ ဘုန်းကြီးက လိုက်ဆိုနေသည့် မောင်ပေါက်အားထ၍ နပန်းလုံးတော့သည်။ မောင်ပေါက်ကလည်း ဘုန်းကြီးကိုပြန်၍

www.myanmarcupid.net

နပန်းလုံးနေသည်။ ဤသို့ ဘုန်းကြီးနှင့်မောင်ပေါက်၊ မောင်ပေါက်နှင့်ဘုန်းကြီး ထွေးလားလုံးလားဖြစ်ကာ ဘတပြန် ကျားတပြန်၊ ဘုန်းကြီးက အောက်ကကျလိုက်၊ မောင်ပေါက် အပေါ်ကနေလိုက်၊ မောင်ပေါက်က အောက်မှကျလိုက်၊ ဘုန်းကြီးက အပေါ်ကနေလိုက် ဖြစ်နေပေတော့သည်။

အနီးတွင်လည်း မည်သည့် ကိုရင်၊ ကျောင်းသား၊ တကာ၊ တကာမ တဦးတယောက်မျှ မရှိဘဲဖြစ်နေ၍ ဖြန်ဖြေပေးမည့်သူ တဦးမျှမရှိပေ။ ဘုန်းကြီးနှင့် မောင်ပေါက် နပန်းလုံးကား မလျှော့ကြသေးပေ။ လုံးမြဲလုံးလျှက်ပင်ရှိနေသည်။

မောင်ပေါက်နှင့် ဘုန်းကြီး ဖွဲမလျှော့ဘဲ နပန်းလုံးနေကြရာ တဦးနှင့်တဦး ချွေးသံတွေ တရွဲရွဲစိုနေကြပေပြီ၊ အစာအာဟာရလည်း ဘုန်းကြီးရော မောင်ပေါက်ပါ မစားကြသေး၍ အတော်ကလေး အင်းအားကုန်ခမ်းပြီး နွမ်းနယ်၍ နေကြလေသည်။ နောက်နှစ်ဦးစလုံးပင် မောဟိုက်လာကြ၍ ကြက်များ တောင်ပံကြား ခေါင်းထိုးကြသလို အချင်းချင်း နားလိုက်ကြပေပြီ။

ဘုန်းကြီးနှင့်မောင်ပေါက် အမောလွန်ကြပြီး နားကြရာမှ မောင်ပေါက်က သူ့ခေါင်းမှ ကျနေသော တဘက်ကို အသာကောက်ယူ၍ အိမ်ပြန်ခဲ့သည်။ ဘုန်းကြီးကလည်း ကြမ်းပြင်ပေါ် ကျနေသည့် ဇကသီသင်္ကန်းကို အသာကောက်ယူကာ ပုခုံးပေါ် သို့တင်လိုက်သည်။ ဘုန်းကြီးမှာ လက်ကတော့တောင် မရှုန်နိုင်ရှာတော့ဘဲ ဖြစ်နေသည်။

"ကိုပေါက် ဘယ်နှယ်... အစောကြီး ပြန်လာရတာလဲ ကျုပ်တောင် ပြင်လို့ဆင်လို့ ပြီးကာရှိသေး၊ ထမင်းဆာလို့ ပြန်လာတားလား အခု ထည့်ပေးမယ်လေ"

www.myanmarcupid.net

မယားက အစောကြီးပြန်လာသည့် မောင်ပေါက်အား ပြောလိုက်ခြင်းဖြစ်သည်။ မောင်ပေါက်က မည်သို့မျှ မပြောနိုင်ရှာဘဲ ရေအိုးဆီသို့ သွားနေသည်။

"အေး... တော့မယ် အစောကြီးရှိသေး ဆာလှချည့်လား" ဟု မေးသည်။

မောင်ပေါက်သည် ရေသောက်ပြီး၍ ရေမှုတ်ကို ကိုင်ထားရင်ဖြင့်...

"အေး... သီလခံယူတယ်ဆိုတာ နပန်းချတက်မှကိုဟ" ဟု မယားအား ပြောပြနေတော့သည်။

ဤတွင် ဗန်းမော်ဆရာတော်က "မင်းတို့ တကာတွေထဲလဲ နပန်းချတက်တဲ့လူတွေ ပါနေအုံးမယ်" ဟု ဉပုသ်သည် ပရိသတ်ထဲမှာ ရယ်မော၍ မိန့်ကြားလိုက်လေသည်။

www.myanmarcupid.net



# နိဂုံးချုပ်ပါရစေတော့

ဇန်းမော်ဆရာတော်၏ ပုံပြင်များကား ရေး၍မကုန်နိုင်သေးပါ။ များစွာပင်ကျန်ရှိပါဦးမည်။ ကျမ်းလေးမည်စိုး၍ ဤမျှတွင်သာ ရပ်နားပါတော့မည်။

ဇန်းမော်ဆရာတော်နှင့်ပတ်သတ်၍ နိဂုံးချုပ်တွင် တင်ပြစရာများမှာကား ဇန်းမော်ဆရာတော်သည် ပညာဉာဏ်အားဖြင့် လည်း ထူးခြားသောပုဂ္ဂိုလ်ဖြစ်သည်။ ဝိနည်း ပိဋကတ် အရာတွင်လည်း ပြောင်မြောက်သည်။ သင်္ဂဇာဆရာတော်၊ အုတ်ဖိုဆရာတော်တို့ပင် ဇန်းမော်ဆရာတော်ထံ ပညာသင်ယူ ခဲ့ရဘူးသည်။ ကဗျာအရာတွင်လည်း စလေဆရာ ဦးပုညပင် ပညာယူခဲ့ရသည်။ ကဗျာ၏ ပြောင်မြောက်မှုများမှာကား ပြောဘွယ်ရာမရှိ။ ထိ၊ မိ၊ ကြမ်းတမ်း၊

www.myanmarcupid.net

နားမခံသာအောင်ပင် ပြောင်လှသည်။ ပြောဆိုရာတွင်လည်း ထိုနည်းနှင်နှင် စာသင်သားရဟန်းများမှာ ဖိန့်ဖိန့်တုံအောင်ကြောက်ကြရသည်။

ဗန်းမော်ဆရာတော်ကား ရုပ်လက္ခဏာနှင့် သဒ္ဒလက္ခဏာ အလွန်ကောင်းလှသည်။ အသံသြဇာ ပြည့်စုံလှသည်။ ဥပဓိရုပ်လည်းကောင်းလှသည်။ အသံသြဇာနှင့် ဥပဓိရုပ်မှာ ထိုခေတ်က ဗန်းမော်ဆရာတော်နှင့် မင်းတုန်းမင်းသာ ရှိကြသည်ဟုဆိုသည်။

အစားတွင်လည်း ပြောစမှတ် ဖြစ်လောက်အောင် ဆင်ဖြူတခွက်ချက်၊ စာကလေးတပိဿာ၊ ဝက်သားတပိဿာ၊ အမဲသားတပိဿာ၊ ဟင်းချိုဇလုံကြီး ၃–ဇလုံ၊ မုန့်ဆီကျော် ၃–ယှက်၊ နံ့သာပု ဌက်ပျော ၆–ဖီး၊ မန်ကျီးဖျော်ရည် ၃–ပိဿာတို့ကို တထိုင်တည်းကုန်အောင် ဘုဉ်းပေးနိုင်သည်ဟူသော မှတ်တမ်းကား အံ့ဘွယ်တည့်သာ ဖြစ်လေသည်။

အခြားမှတ်တမ်းတခုအရဆိုလျှင် ဆရာတော်သည် ဝက်သားသုံးပိဿာကို ကိုယ်တိုင်ဓါးဖြင့်ခြစ် စိတ်ရှည် လက်ရှည် အမွှေးနုတ်၍ မြေအိုးတွင်ထည့်ကာ ဖွဲမီးဖြင့်ပေါင်းပြီး စာချရင်း လဘက်ရည်ကြမ်းနှင့် တမြုံ့မြုံ့ ဘုဉ်းပေးတော်မူသည်။

အခြား ထူးခြားချက်ကား စာသင်သား သံဃာ ၁၀၀၀ ကျော်ရှိသော ကျောင်းတိုက်တွင် စာအံ စာကျက်နေကြသော ဦးပဥ္စင်းများ အသံပေါင်း ရောယှက်နေသည့်အကြားမှ စာမှားသော ဦးပဥ္စင်းများအသံကို ခွဲခြားမှတ်မိခြင်းသည်လည်း ထူးသောအကြောင်းပင် ဖြစ်သည်။

ဗန်းမော်ဆရာတော်ကား ဘာမထီဆရာတော်ပင်ဖြစ်သည်။ မည်သူ့ကိုမျှ အညွှာမပေးသော ပုဂ္ဂိုလ်လည်းဖြစ်သည်။ မှန်သည်ထင်လျှင် တွယ်တက်လွန်း၍ ဘုရင်ပင် လက်မြှောက်ခဲ့ရသော ပုဂ္ဂိုလ်ဖြစ်သည်။

www.myanmarcupid.net

## နိဂုံး

ဗန်းမော်ဆရာတော်သည် ၁၂၃၉–ခု(သက်တော် ၇၁–နှစ်) တွင် စစ်ကိုင်းဘက် ခိုတောင်တောရ၌ပင် ပျံလွန်တော်မူသည်။

မင်းတုန်းဘုရင်မှာ ၁၂၄၀–ပြည့်နှစ်တွင် နတ်ရွာစံလေသဖြင့် ဗန်းမော်ဆရာတော်နှင့် တနှစ်သာကွာလေသည်။ ဗန်းမော်ဆရာတော် စစ်ကိုင်းချောင်သို့ ပြောင်းရွှေ့စံနေပြီးနောက် မင်းတုန်းမင်းနှင့် တွေ့ခဲ့ဟန်မရှိပေ။ အကြိမ်ကြိမ်ပင့်သော်လည်း နေပြည်တော်သို့ ပြန်မကြွလာတော့ပေ။

ဆရာတော်ပြုခဲ့သော ကျမ်းများမှာ

(၁) ကထိနဝိသောဓနီကျမ်း၊

(၂) ဝိနယဓရဗဟုသုတဝိနိစ္ဆယ၊

(၃) ဝိဝတ္ထဘောဒနီကျမ်း၊

(၄) သီမဘောဒဝိဘာဝနီကျမ်း၊

(၅) အသုဘာဒဿနဝိနိစ္ဆယ၊

(၆) ဥပုသ်အဆုံးအဖြတ် တို့ဖြစ်သည်။

ဤတွင်ရွှေ့ကား ဗန်းမော်ဆရာတော်၏ ကဗျားများနှင့် ဥပမာပုံပြင်များကို လေ့လာတန်သရွေ့ ဖေါ်ပြခဲ့ပြီးဖြစ်ပါ၍ နိဂုံးအဆုံးသတ်ရပါတော့သတည်း။

www.myanmarcupid.net



ဤဗန်းမော်ဆရာတော် စာအုပ်တွင်
မြန်မာပန်းချီဆရာအကျော်အမော်ကြီးများ၏ ပန်းချီကားများကို
သရုပ်ဖော်ပန်းချီများအဖြစ် ထည့်သွင်းအသုံးပြုထားပါသည်။ ခွင့်ပြုချက်
တစုံတရာ တောင်းယူခြင်းမရှိပဲ အသုံးပြုထားသည်ကို ခွင့်လွှတ်ပါရန်
ဤနေရာမှ အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

စာလုံးအကျအပေါက်များ နှင့် အထားအသိုများ အစီအစဉ်မကျ မတော်တဆ
လွဲမှားနေသည်များရှိပါက ခွင့်လွှတ်ကြပါကုန်...။

ကျေးဇူးအထူးတင်ရှိပါသည်။


မေတ္တာဖြင့်
တွံတေး၊ စုချစ်
(www.myanmarcupid.net)
(suuchitthu.blogspot.com)


www.myanmarcupid.net

**This eBook is for the use of anyone anywhere at no cost.**

**Commercial use of this book will be at your OWN RISK!**

မြန်မာ့မျှားနတ်မောင်
COMMUNITY FORUMS

www.myanmarcupid.net

# ဗန်းမော်ဆရာတော်

၁၃ - ၀၇ - ၂၀၁၀

(ပထမအကြိမ်)

www.myanmarcupid.net

# ဗန်းမော်ဆရာတော်

